ပေါင်းကူး
စီစဉ်သည်

# ကလျာ(ဝိဇ္ဇာ/သိပ္ပံ)

ဆောင်းဆည်းခေတ

**စာမူခွင့်ပြုချက်အမှတ်**

၅၈၇/ ၂၀၀၂(၆)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၂၃၃/ ၂၀၀၃(၂)

**ထုတ်ဝေသူ**

ဦးတင့်လွင်

အမှတ် (၆၀၅)

ဩဓမ္မာလမ်း

**ပုံနှိပ်သူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်စာပေတိုက်

**ထုတ်ဝေခြင်း**

ပထမအကြိမ် ၂၀၀၃ ခုနှစ်

**မေလ**

အုပ်ရေ ၅၀၀၊ တန်ဖိုး (၃၀) ကျပ်

နွေဦးကာလ၏ ညတစ်ည။

ကျယ်ဝန်းလှသော ခြံကျယ်ကြီး၏ လေးပုံတစ်ပုံခန့်သော ထောင့်တစ်နေရာ ရေကူးကန်ဘေးလေးမှာသာ ကျင်းပသော မွေးနေ့ပွဲ။

သစ်ပင်များပေါ်မှာ ထွန်းညှိသွယ်တန်းထားသော မီးရောင်စုံများ၏ အရိပ်က မြက်ခင်းပြင်ဘေးမှ ရေကူးကန်ထဲတွင် ကျရောက် တောက်ပနေကြသည်။

မြက်ခင်းပြင်ပေါ်တွင် ဆယ်ယောက် ဝိုင်းထိုင်နိုင်သော စားပွဲဝိုင်းကြီး ဆယ်ဝိုင်း ချထား၏။

ဖိတ်ကြားထားသူက လူတစ်ရာတိတိ။ ဤမွေးနေ့ပွဲသို့ တက်ရောက်နိုင်ခြင်း ရှိမရှိ ကြိုတင်၍ လက်မှတ်ထိုး၊ အကြောင်းပြန်ကြားရသဖြင့်နိုင်ငံခြားသို့ ခရီးထွက်နေသောမိတ်ဆွေငါးဦးမှလွဲ၍ ဤပွဲသို့ ယနေ့ည ကိုးဆယ့်ငါးယောက် တိတိ တက်ရောက်ကြမည်။

မွေးနေ့ပွဲရှင်က ဥရောပဆန်စွာ ဖိတ်ကြားထားသလို တက်ရောက်သူ တော်တော်များများကလည်း ညဝတ်စုံ ဖြစ်သော အနက်ရောင်များ ဝတ်ဆင်ထားကြသည်။

တချို့က တိုက်ပုံအနက်၊ တချို့က အနောက်တိုင်းဝတ်စုံအနက်၊ အထူးသဖြင့် အမျိုးသမီးများက ဇာအနက်ရောင် ဝတ်ဆင်ထားကြသည်။ စိန်လည်ဆွဲကြီး ဖိတ်ဖိတ်တောက်နေသော အဘွားကြီးတစ်ဦးဆိုလျှင် အနက်ရောင်ဇာပဝါပင် ခြုံထားလိုက်သေးသည်။

မွေးနေ့ပွဲ ဆိုသော်လည်း ပေါက်ကွဲသံစဉ်များဖြင့် သီဆိုဟစ်ကြွေးသော လူငယ်တီးဝိုင်းမပါ၊ သီဆိုသူ မရှိ၊ ဆောင်းဘောက်စ် (Sound Box) မှတိုးတိုးသာသာလေး ပျံ့လွင့်လာသော စန္ဒရား သံလေးကိုသာ ကြားကြရသည်။

မွေးနေ့ပွဲ တက်ရောက်လာသူ အားလုံးကလည်း ပျော်ရွှင်တက်ကြွခြင်းများ၊ရယ်မောပြုံးရွှင်မှုများကိုခြံအပြင်တွင်ထားရစ်ခဲ့ကြသလို အားလုံးညှိုးမှိန်ကြေကွဲသော မျက်နှာများဖြင့်သာ။

တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်ရာမှာလည်း အပြုံးမပါ။ ကြားသာရုံ လေသံများဖြင့်သာ ပြောကြရသည်။

တချို့ကလည်း တကယ့်ကို စာနာစိတ်ကြောင့် မျက်နှာမကောင်းကြ။ အတိတ်ကာလကို သတိရနေကြသည့်မျက်နှာမျိုးနှင့်။

တချို့ကျတော့လည်း ကုမ္ပဏီပိုင်ရှင် သူဌေးကြီး "ဦးတောက်ထွန်း" နှင့် စီးပွားရေးပက်သက်ကြသဖြင့် မျက်နှာလုပ်

ချင်၍သာ လာကြရသည်။ ဘာခံစားမှုမှ မရှိကြသော်လည်း ပြုံးရွှင်မှုကို မပြရဲကြ။

တချို့ကျတော့လည်း စားပွဲဝိုင်းတွင် တင်ထားသော ကတ်ပြားလေးကို ယူ၍ ဖတ်ကြည့်ရင်း မျက်လွှာချထားကြသည်။ ထိုကတ်ပြားမှာ Menu card ဖြစ်သည်။ ယနေ့ည ကျွေးမွေး ဧည့်ခံမည့် ဟင်းလျာ ၁၂ မျိုး၏ အစီအစဉ်နှင့် ကြိုက်နှစ်သက်ရာ ယမကာက ဘားကောင်တာမှာ သီးခြားထားရှိကြောင်း ဖော်ပြထားသည့် ကတ်ချောပေါ်မှ ကွန်ပျူတာစာလုံးများ။

ထူးဆန်းသည်မှာ မွေးနေ့ပွဲလာသူအားလုံး ဘယ်သူမှ မွေးနေ့လက်ဆောင်အထုပ်များ မပါရှိကြ။

ရွှေလည်တိုင်သီချင်း တီးခတ်နေမှန်း သိသာရုံမှ လွဲ၍ စန္ဒရားလက်သံက သိပ်မကောင်းလှ။ လက်ကွက်မစိပ်လှ။

ည ခုနှစ်နာရီတိတိ ရောက်သည်နှင့် စန္ဒရားသံ ရပ်တန့်သွားပြီ . . .

"တီး . . .တောင်" ဆိုသော အသံသာသာလေး ထွက်ပေါ်သည်နှင့် တစ်ပြိုက်နက် ရေကူးကန်ထိပ်မှ သွယ်ဆင်းလာသော အဝါရောင် အုတ်လှေကားကြီး အတိုင်း ဆင်းသက်လာသော အသက် ငါးဆယ်အရွယ် "ဦးတောက်ထွန်း"။

ရှူးဖိနပ်အနက်၊ ဘောင်းဘီအနက်၊ ကုတ်အင်္ကျီအနက်နှင့် ရှပ်အင်္ကျီအဖြူပေါ်မှာ ဘိုးအနက် တပ်ဆင်ပြီး ဖြောင့်မတ်စွာ သက်ဆင်းလာကာ အားလုံးကို လက်ပြနှုတ်ဆက်သည်။

သို့သော် . . .

မွေးနေ့ပွဲ ကျင်းပသူ၏ မျက်နှာမှာလည်း ကြေကွဲရိပ်များဖြင့် မှိုင်းညို့နေ၏။

ဦးတောက်ထွန်း မြက်ခင်းပေါ် ခြေချလိုက်သည်နှင့် တချို့က မတ်တပ်ရပ်ကြသည်။ မတ်တတ်ရပ်၍ ကြိုဆိုရန် ဆန္ဒမရှိကြသော လူအချို့ကလည်းဆက်ထိုင်နေရန် မသင့်သဖြင့် ထရပ်ကြရသည်။

"ထိုင်ကြပါခင်ဗျာ၊ အခုလို အချိန်ကုန်ခံပြီး ကြွရောက်အားပေးကြတဲ့အတွက် ကျွန်တော် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်"

ထိပ်ဆုံးစားပွဲမှာ ထောင်ထားသော မိုက်ခွက်နားကပ်၍ နှုတ်ဆက် ကြိုဆိုပြီး နောက်မှာ . . .

"ကြွရောက်လာသော လူကြီးမင်းများအားလုံး သိရှိကြတဲ့အတိုင်း ဒီနေ့ဟာ ကျွန်တော့်ရဲ့ ချစ်လှစွာသော တစ်ဦးတည်းသော သမီးလေး နွေသဥ္ဇာရဲ့ မွေးနေ့ဖြစ်ပါတယ်"

ဦးတောက်ထွန်း၏ အသံက တိုးတိမ်သွားချိန်မှာ မီးမောင်းကြီးတစ်ခု ပေါ်လာပြီး စားပွဲဝိုင်းများထိပ်တွင် ခုံမြင့်နှင့် တင်ထားသော ဓာတ်ပုံအကြီးကြီး ရှိရာသို့ ဆလိုက်မီးမောင်းကြီး ထိုးပြလိုက်ရာမှာ ဆယ့်နှစ်နှစ်အရွယ် သမီးလေးက ဘော်ကြယ်များ ထိုးထားသော ပိုးဂါဝန်ဖြူနှင့် ခြေအိတ် အဖြူ၊ ရှူးဖိနပ် အဖြူလေး စီးပြီး စန္ဒရားတီးရင်း ပရိသတ်ရှိရာဘက်သို့ လှည့်၍ အားရပါးရ ရယ်နေသော ဓာတ်ပုံကြီးကို အားလုံး မြင်လိုက်ကြရသည်။

သားသမီး ရှိကြသော မိဘတိုင်းက စာနာစွာဖြင့် ရင်နင့်အောင် ခံစားလိုက်ရချိန်မှာ ဦးတောက်ထွန်း၏ စကားသံက ဖြည်းဖြည်းချင်း ထွက်ပေါ်လာသည်။

"အဲဒီပုံဟာ လွန်ခဲ့တဲ့ ဆယ်နှစ်တိတိက ခုလို ညချမ်းမှာ ရိုက်ကူးထားတဲ့ သမီးလေး နွေသဥ္ဇာရဲ့ ဆယ့်နှစ်နှစ်မြောက် မွေးနေ့ညက ပုံပဲဖြစ်ပါတယ်။ အဲဒီနေ့ အဲဒီညက ကျွန်တော့်သမီးလေးကို ကျွန်တော် နောက်ဆုံး မြင်လိုက်ရတာပါပဲ၊ အဲဒီညက စပြီး ပျောက်ဆုံးသွားခဲ့တာပါ . . ."

ဦးတောက်ထွန်းက စကားကို မဆက်နိုင်တော့သလို ခေတ္တရပ်နားလိုက်သည်။မီးဆလိုက်၏အရောင်ကြောင့်မျက်မှန်နောက်မှ မျက်ဝန်းအိမ်တွင် မျက်ရည်ကြည်များ ဝေ့တက်လာကြောင်းလည်း ရှေ့စားပွဲမှ ဧည့်သည့်များ သတိထားမိလိုက်ကြပါသည်။

"သမီးလေး တစ်နှစ်ပြည့်မွေးနေ့က စပြီး နှစ်စဉ်နှစ်တိုင်းလုပ်ခဲ့တာ မိတ်ဆွေများနဲ့ လူကြီးမင်းများ အသိပါပဲ၊ ကျွန်တော် ဘာကြောင့် မွေးနေ့ရှင် မရှိဘဲ မွေးနေ့ပွဲ ကျင်းပနေရသလဲလို့ ဆိုရင် ကျွန်တော့်သမီးလေးဟာ ဒီ မြန်မာပြည်မှာ သို့မဟုတ် ကမ္ဘာမြေရဲ့ တစ်နေရာရာမှာ သက်ရှိထင်ရှား ရှိနေဆဲပဲလို့ ကျွန်တော် ယုံကြည်လို့ပါ၊ သေသေချာချာကို ယုံကြည်လို့ပါ"

"ကျွန်တော့်ရဲ့ သမီးလေးနဲ့အတူ မွေးနေ့ပွဲ ကျင်းပခွင့်ရခဲ့တာက ဆယ့်နှစ်နှစ်၊ ခုလို သမီးလေး မပါဘဲ မွေးနေ့ပွဲ ကျင်းပခဲ့ရတာက ဆယ်နှစ် ရှိပြီမို့ ဒီနေ့ဟာ ကျွန်တော့်သမီးလေး အသက် နှစ်ဆယ့်နှစ်နှစ် ပြည့်တဲ့နေ့ပါပဲ"

ဦးတောက်ထွန်းက သူ့ရင်မှ ခံစားမှုများကို စကားလုံးအဖြစ် ပြောင်းလဲဖော်ထုတ်လိုက်ရသဖြင့် အသံလှိုင်းများ တုန်ခါလာသည်ကို သတိထားမိ၍စကားခဏရပ်၏။ အလွန်ထက်မြတ်သောသူဖြစ်၍ ခံစားမှုကို ပိတ်ဆို့ပြီး အသံမှန်ဖြစ်အောင် ကြိုးစား၍ . . .

"အားလုံးကို နောက်ဆုံးအနေနဲ့ နှုတ်ဆက်ပြောကြားချင်တာကတော့ လာမယ့်နှစ် ခုလို နွေဦးကာလ ညချမ်းမှာ သမီးလေး နွေသဥ္ဇာရဲ့ အသက် နှစ်ဆယ့်သုံးနှစ်မြောက် မွေးနေ့ကို ဒီထက် ခမ်းနားကြီးကျယ်စွာ ကျင်းပချင်ပါတယ်။

သမီးလေးကိုယ်တိုင် ပါဝင်ဆင်နွှဲခွင့်ရမယ့် မွေးနေ့မင်္ဂလာပွဲကြီး ဖြစ်လာနိုင်ပါစေလို့ အားလုံးက ဝိုင်းဝန်း ဆုတောင်းပေးကြပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျာ"

ဦးတောက်ထွန်း၏ စကားအဆုံးတွင် တချို့က ရင်ထဲမှ ဆုတောင်းရုံ၊ တချို့က –

"နောက်နှစ်ကျရင် ဒီသားအဖ ပြန်ဆုံကြပါစေရှင်"

"နှစ်ဆယ့်သုံးနှစ်မြောက် မွေးနေ့မင်္ဂလာပွဲကြီး ကျင်းပနိုင်ပါစေဗျာ"

အမျိုးသားကြီးနှစ်ဦးကတော့ ခေါင်းချင်းဆိုင်လိုက်ကြပြီး–

"ဆယ်နှစ်လုံးလုံး ပျောက်ဆုံးနေတဲ့သူ တစ်ယောက်ကို အသက်ရှင်လျက် တွေ့နိုင်ပါတော့မလား"

"ဟုတ်တယ်၊ မျှော်လင့်ချက် မရှိနိုင်တော့ဘူး"

"ဦးတောက်ထွန်းကတော့ ယုံကြည်ချက်အပြည့်နဲ့ မျှော်

လင့်နေရှာတာပဲ”

“ဒါကတော့ ဖခင်ကိုဗျာ၊ အလောင်း မတွေ့ရမချင်း သေပြီလို့ ဘယ်သူ လက်ခံနိုင်ပါ့မလဲ”

“အင်းလေ၊ ဒီလောက် ချမ်းသာပြီး သူတို့အဖြစ်ကလည်း ဆိုးလိုက်တာ”

ဧည့်သည်များသည် တခြားစကား မပြောဖြစ်ကြ။ အလွန် စိတ်ဝင်စားစရာကောင်းသော ဦးတောက်ထွန်းတို့၏ အတိတ်ဆိုး ဖြစ်ရပ်များအကြောင်းနှင့် ယခု အချိန်တွင် ဘာပဲလုပ်လုပ်၊ လုပ်သမျှ အောင်မြင်ပြီး ချမ်းသာပြီးရင်း ချမ်းသာနေသော ဦးတောက်ထွန်း၏ အကြောင်းများကိုသာ စားရင်းသောက်ရင်း ပြောဖြစ်နေကြသည်။

အဆင့်မြင့်ဟိုတယ်မှ ဟောင်ကောင်ပြန် စားဖိုမှူး၏ ထူးဆန်းသော ဟင်းလျာများက တစ်ပွဲပြီး တစ်ပွဲ လာချပေးသည်။

“ကျွန်မကတော့ ဘူးဖေးကျွေးတာ မကြိုက်ဘူး၊ ခုလို ဆာ့ဗ် (Serve) လုပ်ပေးတာပဲ ကြိုက်တယ်”

“ဘာလဲ၊ ဘူဖေးကျွေးတော့ အစားအသောက်တွေ ထ ထ ယူနေရတာ လူမြင်လို့ ဒေါ်မျိုးမျိုး အစားကြီးမှန်း လူသိမှာစိုးလို့လား”

ခင်ပွန်း၏ သူငယ်ချင်းက နောက်လိုက်၍ . . .

“အမယ်လေး အစားမကြီးတဲ့အပြင် အခုလို လိုက်စားနေရတာကိုတောင် စိတ်ညစ်သေးတာ”

“လိုက်မစားနဲ့ပေါ့ဗျ”

"မလာလို့ကောင်းမလား၊ ဦးတောက်ထွန်းစက်ရုံက ပစ္စည်းတွေ ယူရောင်းနေရတဲ့ ဥစ္စာ၊ ဒီမှာ ကိုသက်ဆွေ၊ မျိုး အခု အစားမကြီးတဲ့အပြင် အစားလျှော့စားနေတာ သိရဲ့လား၊ အဆီတွေ၊ ဆောလစ်ဒ်ဖုဒ်တွေ မစားပါဘူးနော်"

"ဟော့ကောင်၊ မင်းမိန်းမကို မော်ဒယ်လ်ဂဲ လုပ်ခိုင်းမလို့လား"

"မဟုတ်ပါဘူးကွာ၊ ပိန်မှ လှတယ်လို့ တမင်ပြောထားတာ၊ စားစရိတ် သက်သာလည်း နည်းလား"

ခင်ပွန်းသည်၏ စကားကြောင့် အားရပါးရပြုံးပြီး တစ်ခုခု ပြန်ချေမည် လုပ်နေစဉ်မှာပင် ဦးတောက်ထွန်းက တစ်စားပွဲပြီး တစ်စားပွဲ လိုက်လံ နှုတ်ဆက်နေသဖြင့် ဒေါ်မျိုးမျိုး ဘာမှ မပြောဖြစ်တော့ပေ။

အစားအစာများ တန်းစီပြင်ထားပြီး ကြိုက်သလောက် ထ, ယူ၍ စားနိုင်သော ဘူဖေး Buffet စနစ်က သိပ်ရင်းနှီးသူများအတွက် ကောင်းသော်လည်း ဧည့်စိမ်းများအတွက် သိပ် အဆင်မပြေလှ။

သို့သော် ယခုလို ဆယ်ယောက်စာ တစ်စားပွဲကို သုံးသောင်းခွဲနှင့် ဆိုလျှင်ဖြင့် ဘူဖေးကပို၍သက်သာနိုင်သည်။ တစ်ယောက်စာမှ တစ်ထောင်၊ထောင့်နှစ်ရာ၊ အများဆုံးကျမှ ထောင့်ငါးရာသာ။ ဒေါ်လာနှင့် ပေးရတာတွေလည်း ရှိပါ၏။

ဦးတာက်ထွန်းအနေနှင့် ယနေ့ည စားသောက်စရိတ် သုံးသိန်းခွဲနှင့် ယမကာဖိုး၊ အခမ်းအနားကိစ္စ၊ အလုပ်သမားစရိတ်

ပါ ကျလှ ဆယ်သိန်းမပြည့်နိုင်။ ငွေဆယ်သိန်းဆိုသည်က ဦးတောက်ထွန်းအတွက် မပြောပလောက်သော ငွေကြေးပမာဏ ဖြစ်၏။

"မမျိုး၊ အဝ, စားနော်၊ ကိုသိုက်တို့အဖွဲ့လာတာ ကျေးဇူးတင်ပါတယ်ဗျာ"

"ဟုတ်ကဲ့ပါခင်ဗျ"

"ဆရာ နေကောင်းတယ်နော်"

"လူကတော့ နေကောင်းပါတယ် ဂေါ့ဖ်ကလည်း အမြဲရိုက်တော့ ကျန်းမာရေးကောင်းပါတယ်၊ စိတ်ကတော့ စောစောက ပြောတဲ့အတိုင်းပါပဲလေ"

"နောင်နှစ်ကျရင် သမီးလေး နွေနဲ့အတူ မွေးနေ့ပွဲ ကျင်းပခွင့် ရနိုင်ပါစေလို့ တကယ်ပဲ ဆုတောင်းပါတယ်"

"သားအဖချင်း ပြန်တွေ့ပါစေလို့ မျိုးလည်း နေ့စဉ်ဆုတောင်းပေးပါ့မယ် ဆရာ"

"ကျေးဇူးပဲ၊ အားလုံးရဲ့ စေတနာနဲ့၊ ဖခင်တစ်ယောက်ရဲ့ အတုမဲ့မေတ္တာနဲ့ ကျွန်တော်တို့သားအဖ ပြန်ပြီး ဆုံကိုဆုံရဦးမှာပါ"

ဦးတောက်ထွန်း တခြားစားပွဲသို့ ကူးပြောင်းသွားပြီးမှ ရပ်ထားကြသော စားလက်စ ဟင်းပွဲများကို ဆက်လက်စားဖြစ်ကြ၏။

နောက်ဆုံး စားပွဲဝိုင်းတွင် လူဆယ်ယောက်စာ ဟင်းလျာများ ချထားသော်လည်းညေ့်သည်က ခြောက်ယောက်တည်းသာ။

ထိုစားပွဲတွင် ကိုစိုးလတ် ပါရှိသည်။

ဤစားပွဲတွင် ထိုင်နေကြသည့်အထဲမှ ဇနီးမောင်နှံ နှစ်ဦး ပါဝင်ရုံမှလွဲ၍ ကျန်လူများ တစ်ယောက်နှင့်တစ်ယောက်မသိကြ။

သို့သော် ဦးတောက်ထွန်းနှင့် သိကျွမ်းရင်းနှီးကြသူများ ဖြစ်ကြ၏။

ကိုစိုးလတ်သည်သာ ဦးတောက်ထွန်းနှင့်လည်း မသိ။ ဤနှစ်မှ ဤခြံသို့ ပထမဆုံးအကြိမ် ရောက်ဖူးခြင်းလည်းဖြစ်၏။

"အန်ကယ် နိုင်ငံခြားကုမ္ပဏီဧည့်ခံပွဲ တစ်ခုနဲ့ လာတိုက်နေလို့ မောင်စိုးလတ်ပဲ ဦးတောက်ထွန်းခြံကို သွားလိုက်ပါ"

ဟု ပြောသဖြင့် ဖိတ်စာကိုင်ပြီး ရောက်လာရခြင်း ဖြစ်သည်။ ဖိတ်စာမှာက မွေးနေ့ ညစာစားပွဲဟုသာ ပါရှိသဖြင့် အမှန်တကယ် မွေးနေ့ဟု ထင်မှတ်ကာ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ကိုစိုးလတ်သည် Blue Star ကုမ္ပဏီ လီမိတက်မှ အကြံပေး ဝန်ထမ်းတစ်ဦး ဖြစ်၏။

ကိုစိုးလတ်သည် ဥပဒေကျွမ်းကျင်ရုံမက အမှုအခင်းကိစ္စများကို သိပ်စိတ်ဝင်စားသည်။ တရားလိုများ၊ တရားခံများနှင့် ဆွေးနွေး ညှိနှိုင်းခြင်း၊ နောက်ကြောင်းရာဇဝင်များကို ခြေရာခံခြင်း စသည့် စုံထောက်လုပ်ငန်းကို အလွန်အမင်း စိတ်ပါဝင်စားသူ ဖြစ်သည်။ စုံထောက်ဇာတ်လမ်းစာအုပ်နှင့် လူသတ်မှုရုပ်ရှင်ကားများကို လက်လှမ်းမီသလောက် ကြည့်ရှုနေဆဲဖြစ်၍ ဦးတောက်ထွန်း၏ ဇာတ်လမ်းကို သူ သည့်ထက်ပို၍ သိချင်လာ

သည်။

ထိပ်ဆုံးမှာ ထောင်ထားသော ဂါဝန်လေးနှင့် ဆယ့်နှစ်နှစ်သမီးအရွယ် နွေသဉ္ဇာဆိုသူမှာ ယနေ့ နှစ်ဆယ့်နှစ်နှစ် တင်းတင်းပြည့်ခဲ့ပြီပဲ။ သူ့ထက် လေးနှစ်ကျော်မျှ ငယ်၏။

သူ့ဘေးတွင် ဦးတောက်ထွန်းနှင့် သက်တူရွယ်တူနီပါးမျှရှိသော လူကြီးတစ်ဦးကို သူမေးကြည့်တော့မည်။ ရိုင်းရာကျချင်လည်း ကျစေတော့။ သူ့ရင်တွင်းမှ သိချင်စိတ် ပြင်းပြမှုကို အားနာခြင်းက မထိန်းချုပ်နိုင်၍ . . .

"သူ့သမီးနဲ့ သူနဲ့က ဘာလို့ ကွဲသွားကြတာလဲခင်ဗျာ"

"မောင်ရင်က ဦးတောက်ထွန်းတို့နဲ့ မသိဘူးလား"

"ဟုတ်ကဲ့ မသိပါဘူးခင်ဗျာ၊ ကျွန်တော့်ရဲ့ ဘောစ့်က တခြား ဒင်နာတစ်ခုနဲ့ တိုက်နေလို့ ကျွန်တော်ကို သူ့ကိုယ်စား လွှတ်လိုက်တာပါ"

"ဘယ် ကုမ္ပဏီကပါလိမ့်"

"ဘလူးစတားပါ"

"သြော် . . . ဦးယုဆိုင်တို့ပဲ"

"ဟုတ်ကဲ့၊ ကျွန်တော် စိုးလတ်ပါ၊ ဘလူးစတားရဲ့ ဝန်ထမ်းပါ"

"ဦးက သက်ဆွေပါ၊ ဂွဒ်တေ့စ် ရက်စ်ထရောန့် ပိုင်ရှင်ပါ"

လက်ဆွဲနှုတ်ဆက်ကြသည်။

"ဦးတောက်ထွန်းတို့က ဒီမြို့ဇာတိမဟုတ်ကြဘူး၊ သူ့သမီးရဲ့ ဆယ့်နှစ်နှစ်မြောက် မွေးနေ့ပွဲကို သူ့ဇာတိမြို့မှာပဲ ကျင်းပခဲ့

တယ်။ အဲဒီပြဿနာကြီးဖြစ်ပြီးမှ ဦးတောက်ထွန်း ဒီမြို့ကို ရောက်လာခဲ့တာ"

"အဲဒီပြဿနာကြီးဆိုတာက နွေသဇ္ဈာ ပျောက်ဆုံးတာကို ပြောတာလား ခင်ဗျာ"

"ဟုတ်တယ်၊ သူ့မိန်းမဘက်က ချမ်းသာတယ်၊ ကသစ်မြိုင် မြို့မှာ နေကြပြီး မွေးနေ့ပွဲ ကျင်းပခဲ့ကြတာ၊ အဲဒီညက တပည့် တွေလည်း မောမောနဲ့ အိပ်ပျော်ပြီး ခြံတံခါးတွေလည်း မပိတ်မိ ကြဘူးတဲ့"

"ဟုတ်ကဲ့"

"အဲဒီအချိန်မှာ တယ်လီဖုန်းလာလို့ ဦးတောက်ထွန်းက ဘယ်သူ့ကိုမှ အဖော် မခေါ်ဘဲ ကားတစ်စင်းနဲ့ သူကိုယ်တိုင် မောင်းထွက်သွားတာတဲ့။

လူဆိုးတွေ သူတို့အခန်းထဲအထိ ဝင်လာပြီး ဦးတောက် ထွန်းရဲ့ ဇနီး ဒေါ်ခမ်းမွန်ကို ဓားနဲ့ထိုးသတ်ခဲ့ပြီး နွေသဇ္ဈာကို ဖမ်းဆီးခေါ်ဆောင်သွားကြတာတဲ့"

ကိုစိုးလတ် စားသောက်ဖို့ မေ့လျော့စွာ ဦးသက်ဆွေကို ငေးမောနေမိသည်။

"အဲဒီအချိန်ကစပြီး နွေသဇ္ဈာရဲ့ သတင်းအစအန ဘာမှ မရ ခဲ့ကြတာ ဒီနေ့ထက်ထိပါပဲတဲ့"

"ဦးတောက်ထွန်းနဲ့ ဒေါ်ခမ်းမွန်တို့က သိပ်ချမ်းသာကြတယ် ဆိုတော့ နွေသဇ္ဈာကို ပြန်ပေးဆွဲသွားတာလား"

"ပြန်ပေးဆိုရင် လာရွေးဖို့နေရာနဲ့ လိုချင်တဲ့ ငွေကို စာ

သို့မဟုတ် တယ်လီဖုန်းနဲ့ ပြောရမှာပေါ့နော်”

“ဒါပေါ့ခင်ဗျာ”

“အဲဒီလိုမျိုးလည်းလုံးဝမတောင်းဘူး၊ အဲဒီညကဒေါ်ခမ်းမွန် ဆွဲထားတဲ့ စိန်ဆွဲကြိုးကြီးကိုတောင် ဖြုတ်ယူမသွားကြဘူးတဲ့”

“ဒီအတိုင်းဆိုရင် ငွေလိုချင်လို့ လုပ်တာ မဟုတ်ဘဲ မိသားစု သုံးယောက်လုံးကို ဒုက္ခပေးချင်တဲ့ ရန်ငြိုးကြောင့်ပဲ ဖြစ်မယ်ထင် တယ်နော် ဦး”

“အားလုံးက အဲဒီလိုပဲ ယူဆကြတယ်။ ဦးတောက်ထွန်းက သိပ်လည်၊ သိပ်လျင်၊ သိပ်တော်တော့ သူနဲ့ စီးပွားပြိုင်ဖက်တွေ ကို ဖြုတ်ကျော်တက်သွားတာချည်းပဲလေ”

“ဟုတ်ကဲ့”

“အဲဒီလို ပြိုင်ဘက် စီးပွားရေးသမားတစ်ဦးဦးက လူငှား ပြီး သတ်ခိုင်းတယ်လို့ ထင်ကြတယ်”

“အဲဒါရော ဖြစ်နိုင်ပါသလား ဦး”

“ဖြစ်နိုင်ချေရှိတယ်လို့ပဲ ယူဆရမှာပဲပေါ့ မောင်စိုးလတ်”

“ရဲကို မတိုင်ဘူးလား၊ ရဲကရော မလိုက်ဘူးလား”

“ဘယ်နေပါ့မလဲ။ ချက်ချင်းတိုင်တာပေါ့။ ရဲကလည်း အပူ တပြင်းလိုက်ပြီး ရှာသင့်သူရှာ၊ ဖမ်းသင့်သူဖမ်း စစ်တာပ၊ ဒါပေမယ့် နွေသဥ္ဇာအကြောင်း ဘာအစအနမှ သဲလွန်စ မရခဲ့ကြ ဘူးတဲ့”

“တစ်ဖက်နိုင်ငံ အထိများ ထွက်ပြေးကြလို့လား”

“သူတို့တော့ ပြေးကောင်းပြေးမှာပေါ့။ ဒါပေမယ့် ဒီ

ဆယ်နှစ်နှစ်သမီးလေးကို ဒုက္ခခံပြီး ဘယ်ခေါ်သွားကြပါ့မလဲ”

“ဦးက နွေသဥ္စာကို သတ်ပစ်လိုက်ကြပြီလို့ ထင်လို့လား”

“သိပ်ထင်တာပေါ့၊ သိပ်ဖြစ်နိုင်တဲ့ ကိစ္စပဲလေကွယ်”

“နွေသဥ္စာကို သတ်ပြီး တစ်နေရာရာမှာ မြှုပ်ထားလိုက်တာမျိုး ဖြစ်နိုင်သလို အရွယ်ရောက်တော့မယ့် မိန်းကလေးတစ်ယောက်ကို ရောင်းစားလိုက်တာလည်း ဖြစ်နိုင်တာပဲ”

“ရောင်းစားခံရရင်တော့ နွေသဥ္စာ ပြန်ပြေးလာလို့ မရရင်တောင်မှ တစ်နည်းနည်းနဲ့ ဆက်သွယ်မယ်လို့ ယူဆရတာပဲ”

“ဆက်သွယ်ခွင့်မရတဲ့ နယ်စပ်လိုနေရာမျိုးမှာ ပိတ်လှောင်ခံနေရတာလည်း ဖြစ်နိုင်ပါတယ်”

“ဦးကတော့ အဲဒီလို မထင်ဘူး၊ တစ်ခါတည်း ကိစ္စပြတ်ပြီလို့ပဲ ယူဆတယ်”

“ဒါပေမယ့် ဦးတောက်ထွန်းကတော့ သူ့သမီးဟာ ကမ္ဘာမြေရဲ့ တစ်နေရာမှာ အသက်ရှင်လျက် ရှိနေသေးတယ်လို့ ယုံကြည်ချက်အပြည့်နဲ့ ပြောသွားတယ်နော်”

“မိဘဆိုတာကတော့ ကိုယ့်သားသမီး ကိုယ့်မျက်စိရှေ့မှာ သေသွားရင်တောင် နီးစပ်ရာ တစ်နေရာရာမှာ ပြန်ဝင်စားလာတယ်လို့ ယုံကြည်ကြတယ်လေ၊ ဒါဟာ ဖြစ်နိုင်ခြေအတော်နည်းတဲ့ ကိစ္စပါ၊ ဒါပေမယ့် အဲဒီလို ကိုယ်ချစ်ရသူဟာ အသစ်တစ်ဖန်မွေးဖွားပြီး ကိုယ့်အနားကို ပြန်လည် ရောက်ရှိလာတယ်ဆိုတဲ့ ယုံကြည်ချက်ဟာ ကိုယ့်အတွက် စိတ်ဖြေရာရခဲ့တာပေါ့၊ အခုလည်း ဦးတောက်ထွန်းဟာ သူ့သမီး အသက်ရှင်လျက်ရှိနေတယ်

ဆိုတဲ့ ယုံကြည်ချက်နဲ့ မျှော်လင့်ချက်ဟာ သူ့ရဲ့ ဆုံးရှုံးမှုပရိဒေဝ ကို တားဆီးပေး ထားနိုင်တဲ့ စိတ်ဖြေရာ တစ်ခုပါပဲ"

"ဦးကတော့ နွေသဉ္ဇာ သေဆုံးပြီလို့ ထင်တယ်ပေါ့နော်"

"လူတစ်ယောက်ဟာ ဆယ်နှစ်လုံးလုံး မြေကြီးပေါ်မှာ ဘယ်လိုလုပ်ပြီး ပျောက်နေမလဲ၊ မြေကြီးထဲရောက်သွားလို့ပဲ ဖြစ်ရမှာပေါ့၊ ပြီးတော့ နွေသဉ္ဇာဟာ နှစ်နှစ် သုံးနှစ်အရွယ်လေး ပျောက်သွားတာမှ မဟုတ်တာ၊ ခြောက်တန်းတက်နေတဲ့ ဆယ့် နှစ်နှစ် အရွယ်ပဲ၊ လိပ်စာတွေ၊ ဖုန်းနံပါတ်တွေ မှတ်မိနေမှာပဲ။ မရ ရအောင် ဆက်သွယ်မှာပေါ့၊ အသက်ရှင်လျက်ကို မရှိတော့လို့ နေမှာပါ"

ဦးသက်ဆွေ၏ စကားများက သင့်မြတ်လျော်ကန်လှပါ သော်လည်း ကိုစိုးလတ် စိတ်ထဲမှာ . . .

"နွေသဉ္ဇာ တစ်နေရာရာမှာများ ရှိနေခဲ့လျှင် . . ."

ဆိုသော စိတ်ဖြင့် ကူညီ ရှာဖွေပေးချင်လာသည်။

ဦးတောက်ထွန်းအတွက် ဆောင်ရွက်ပေးချင်တာမျိုး မဟုတ် သလို၊ နွေသဉ္ဇာကို သနားသည့်စိတ်ကြောင့်ချည်းလည်း မဟုတ် ပေ။

သူ၏ ပင်ကိုဗီဇစိတ်ကိုက ခက်ခဲမှုတစ်ခုခုကို ဖြေရှင်း ချင်စိတ် ရှိနေ၍ ဖြစ်၏။ အထူးသဖြင့် အခုလို မှုခင်းကိစ္စများ ကို ပိုမို၍ သူ ဝါသနာပါသည်။

ညှော်ခံပွဲ ပြီးစ လူတွေ နှုတ်ဆက်ကြ၊ တချို့ ကားတွေ ထွက်ခွာနေကြချိန်မှာ ကိုစိုးလတ်သည် ရေကူးကန်ထိပ်နားမှာ

စားပွဲမြင့်နှင့်ထောင်ထားသော ဆယ့်နှစ်နှစ်အရွယ် နွေသဥ္ဇာ၏ ဓာတ်ပုံကြီး ရှိရာသို့ လျှောက်လာခဲ့ပြီး သေသေချာချာ ကြည့်သည်။

မီးဆလိုက်နှင့် ထိုးထားသော နှစ်ပေ× သုံးပေခန့် အရွယ် ဓာတ်ပုံအကြီးကြီးကို ထင်ထင်ရှားရှား မြင်သာသည်။

ထိုအချိန်မှာလည်း နွေသဥ္ဇာ၏ လက်သံဖြစ်သော ရွှေလည်တိုင် သီချင်း တီးလုံးသံလေးက တိုးတိတ်ညင်သာစွာ ထွက်ပေါ်နေသည်မှာ တမ်းတလွမ်းဆွတ်ချင်စရာ ကောင်းလှပေသည်။

ယခုအချိန်တွင် အသက်နှစ်ဆယ့်နှစ်နှစ်အရွယ်သို့ ရောက်ရှိနေမည်ဖြစ်သော အမျိုးသမီးတစ်ယောက်၏ ပုံပန်းသဏ္ဌာန်နှင့် ယခု ကိုစိုးလတ်ရှေ့တွင် မြင်နေရသော ဆယ့်နှစ်နှစ်အရွယ် ကလေးမလေးတစ်ယောက်၏ အသွင်သဏ္ဌာန်တို့ချင်းက ဘယ်လိုမှ ဆက်စပ်၍ မရနိုင်လောက်အောင်ကွာခြားနေမည်ဖြစ်ကြောင်းလည်း ကိုစိုးလတ် တွေးမိ၏။

သို့သော် မျက်နှာတွင် ထင်ရှားသော အမှတ်အသားတစ်ခုခုကို တွေ့လိုတွေ့ငြား ရှာဖွေသော်လည်း မျက်နှာလေးတစ်ခုလုံးရှင်းသန့် ချောပြောင်နေသည်။ ဘာအမှတ်အသားမှ မတွေ့ရ။

စုံထောက်ဉာဏ် အတတ်ပညာရှိသူတို့၏ အရည်အချင်းတစ်ခုဖြစ်သော "မျက်စိလျင်ခြင်း" ကြောင့် မျက်ခုံးကောင်းလှသော ကောင်မလေး၏ ဝဲဘက်မျက်ခုံးထူထူများကြားထဲတွင် အညိုရောင်မှဲ့တစ်လုံးကို မြင်လိုက်ရသဖြင့် ထိုမျက်ခုံးနေရာကို လက်ညှိုးဖြင့်ထောက်ကြည့်ရင်း သူ ဝမ်းသာသွားသည်။

သည်သဲလွန်စကြောင့် နွေသဥ္ဇာကို သူ အခုချက်ချင်းပင် ရှာဖွေတွေ့ရှိတော့မလိုလို အားတက်သွားသည့်အတွက် သူ၏ ဆန္ဒစောလွန်းနေသေးကြောင်း သူ့ဘာသာသတိရပြီး ပြုံးလိုက်မိသည်။

“သမီးလေးကို တွေ့ဖူးခဲ့တယ်လို့ ထင်လို့လား”

သူ့နောက်နားမှ ကပ်၍ မေးလိုက်သော ဦးတောက်ထွန်း၏အသံကြောင့် သူ ဖျတ်ခနဲ လှည့်ကြည့်ဖြစ်၏။

“မတွေ့ဖူးပါဘူး ခင်ဗျာ၊ ကျွန်တော် စိတ်မကောင်းလို့၊ သနားလို့ လာကြည့်တာပါ”

“ဒီနေ့ကြွလာတဲ့ ဧည့်သည်ထဲကပဲ ထင်ပါတယ်နော်”

“ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော်က ဦးယုဆိုင်ရဲ့ ဝန်ထမ်းပါ။ ဒီနေ့ညနေ အရေးပေါ်ကိစ္စတစ်ခု ပေါ်လာလို့ ကျွန်တော့်ကို သူ့ကိုယ်စား လွှတ်လိုက်တာပါ”

“သူ့ကိုယ်စားဆိုတော့ ဘာတာဝန်များ ယူထားရပါလိမ့်”

“ကျွန်တော်က ဥပဒေအကြံပေးပါ”

ဦးတောက်ထွန်းက မျက်မှောင်ကြုံ့လိုက်ပြီးမှ . . .

“ဘာအမှုကိစ္စအတွက်လဲ”

“လောလောဆယ် ဘာအမှုမှ မရှိသေးပါဘူး”

“ဩော် . . .”

“ပြဿနာဖြစ်လာရင် ဥပဒေဘောင်အတွင်းက ဖြေရှင်းလို့ရတဲ့ အကြံဉာဏ်ပေးဖို့ပါ”

“ကောင်းတာပေါ့ကွယ်၊ ဦးတောင် တစ်ခါမှ မစဉ်းစားခဲ့

မိဘူး။ အရေးကြုံလာရင် အားကိုးရတာပေါ့၊ ဒါပေမယ့် ခုချိန်အထိတော့ ဘာအမှုအခင်းမှလည်း မဖြစ်ဖူးသေးဘူး၊ ဦးရဲ့ဝန်ထမ်းတွေနဲ့ တစ်ခါမှ ပြဿနာ မတက်ဖူးဘူး"

"ဟုတ်ကဲ့၊ ဦးအနေနဲ့တော့ ကျွန်တော့်လို ဝန်ထမ်းတစ်ယောက် မလိုအပ်ပါဘူး"

"နိုး နိုး၊ ဒီလိုပြောတာ မဟုတ်ဘူး၊ ဒီလို ဝန်ထမ်းမျိုးရှိသင့်ပါတယ်။ ဦးယုဆိုင်က သိပ် အိုင်ဒီယာကောင်းတဲ့လူပဲ"

သည်နေ့သည် ဦးတောက်ထွန်းအတွက် ကြေကွဲမဆုံးနိုင်သော အမှတ်တရနေ့ ဖြစ်ပါလျက် သူ့ကို ပြုံးရွှင်အားနာစွာပြောကြားလာသော ဦးတောက်ထွန်းကို ကိုစိုးလတ် လေးစားသွားသည်။

"ဒါကြောင့်လည်း စီးပွားရေးနယ်ပယ်နဲ့ ကုမ္ပဏီလီမိတက်လောကမှာ ဦးတောက်ထွန်းဆိုသော အမည်က ထွန်းတောက်နေတာပဲပေါ့" ဟု ကိုစိုးလတ် မှတ်ချက်ချမိ၏။

"ကျွန်တော် စိတ်မကောင်းပါဘူး ခင်ဗျာ။ ဦးရဲ့ သမီးလးနဲ့ဦးတို့ အမြန်ဆုံး ဆုံတွေ့ကြပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်"

"ဦးအတွက် ဒီထက်ကောင်းတဲ့ ဆုတောင်းမေတ္တာမျိုးမရှိနိုင်တော့ပါဘူး။ ကျေးဇူးတင်ပါတယ် မောင်စိုးလတ်"

"ကျွန်တော် ပြန်ပါဦးမယ်ခင်ဗျာ။ လိုအပ်ရင် ဆက်သွယ်ပါ။ ဘလူးစတားကုမ္ပဏီမှာ ကျွန်တော် အမြဲရှိပါတယ်"

"ကောင်းပြီ။ ဦးဆီက အကူအညီ လိုအပ်ခဲ့ရင်လည်း

ပြောပါ။ တတ်နိုင်တာဆိုရင် ကူညီပါ့မယ်။ ဥပဒေနဲ့ ငြိစွန်းတဲ့ ကိစ္စမျိုး ဖြစ်လာရင်လည်း မောင်စိုးလတ်ကို အားကိုးပါရစေ”

“ဟုတ်ကဲ့၊ ရပါတယ်ခင်ဗျာ၊ အချိန်မရွေးပါ”

အပြန်လမ်းမှာ ဦးတောက်ထွန်း၏ အကြောင်းများသာ တွေးလာဖြစ်သည်။

‘သူ့ချစ်ဇနီးနေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးနိုင်ပါ’ ဆိုသော ခံယူချက်ဖြင့် ဒီလောက် ခမ်းနားကြီးကျယ်သော ခြံဝင်းကြီးအတွင်းမှာ တစ်ယောက်တည်း နေထိုင်သည် ဆိုသော ဦးတောက်ထွန်း။

သူ၏ ချစ်လှစွာသော သူ့ရင်သွေး၊ သူ့သမီးလေးကို အဘယ်မျှ တမ်းတ မျှော်လင့်နေရှာမည် ဖြစ်ကြောင်း မြင်ရုံနှင့် သိသာပါ၏။

နည်းပေါင်းစုံ၊ ကြော်ငြာမျိုးစုံ၊ ရဲ၏ ကူညီမှု နည်းလမ်းစုံတို့ဖြင့် ရှာဖွေပါလျက် ဆယ်နှစ်လုံးလုံး ပျောက်ဆုံးနေသည် ဆိုသော နွေသဥ္ဇာ။

ဤသားအဖနှစ်ယောက်၏ အဖြစ်ဆိုးအတွင်းမှာ သူပါ ပါဝင်ရသူတစ်ယောက်ကဲ့သို့ ရင်မှာ ထိခိုက်လာခဲ့သည်။

သည့်အတွက် ကိုစိုးလတ် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

နွေသဥ္ဇာဆိုသော မိန်းကလေးကို သူ အချိန်ရသမျှ၊ သူ တတ်စွမ်းသမျှ ရှာဖွေကြည့်မည်။

နွေသဥ္ဇာသည် ဦးတောက်ထွန်း ယုံကြည်မျှော်လင့်သကဲ့သို့

ကမ္ဘာမြေတစ်နေရာရာမှာ အသက်ထင်ရှား ရှိနေသေးသလား။

သို့မဟုတ် . . .

သူမ ကွယ်လွန်ပြီဟု သတ်မှတ်ပြဋ္ဌာန်းနိုင်လောက်အောင် သူ့အလောင်း သို့မဟုတ် သူ့အရိုးစု သို့မဟုတ် သူမ သေဆုံးကြောင်း အထောက်အထား ပြည့်စုံစွာ ပြနိုင်သူ တစ်ယောက်ကို တစ်ချိန်ချိန်မှာ သူ တွေ့အောင်ရှာဖွေမည်ဟူ၍ . . .

ထိုနေ့ညမှာပင် ကိုစိုးလတ် ဆုံးဖြတ်လိုက်တော့သည်။

။ ။ ။

မြို့တော်နှင့် ဝေးလံလှသောတောင်ကုန်းမြင့်နှင့် ချိုင့်ဝှမ်းလွင်ပြင်တို့ရှိသော သာယာငြိမ်းချမ်းသည့်မြို့ငယ်လေး၏ ကောင်းကင်ပြင်မှာ . . .

ဆည်းဆာ၏အလှကို ဝါးမျိုပိတ်ဖုံးကာ ညိုမှောင်သောမိုးတိမ်များကကောင်းကင်တစ်ခွင်လုံးကို ပိုင်စိုးလွှမ်းမိုးထားသည်။

မကြာမီမှာပင် မိုးသက်လေပြင်း ကျတော့မည်။

မိုးရှေ့လေသည် အဟုန်ပြင်းစွာ တိုက်ခတ်လာနေပြီ။

သူ့နောက်မှာ မုတ်သုံလေသည် မိုးသားမိုးငွေ့များကိုဆောင်ကျဉ်းသယ်ယူ၍ ဤမြို့ကလေးပေါ်သို့ မိုးစက်မိုးပေါက်များစွာ ဖြန့်ကြဲသွန်ချပေတော့မည်။

"ခင်ဦး" သည် . . .

မိုးသားမည်းများနှင့် မိုးစက်ပွင့်များ ကျရောက်လာတော့မည့်အချိန်ကို စိုးထိတ် လန့်ကြောက်စွာ မျှော်ကြည့်နေမိသည်။

ဤမိုးလရာသီနှင့် မုတ်သုံရိုင်းများ၊ မိုးစက်မိုးပေါက်များကို ခင်ဦး ကြောက်ရွံ့ရုံမက မုန်းတီးစက်ဆုပ်ပါသည်။

ခင်ဦးသာ တန်ခိုးရှင် ဖြစ်ခဲ့ပါလျှင် အသီးအပွင့်များကို သူ့ဘာသာ သီးစေ ပွင့်စေပြီး ဤကမ္ဘာမြေကြီးမှာ "မိုးကာလ" ဆိုသော သတ်မှတ်ချိန်ကို ဖယ်ထုတ်ပစ်ချင်ပါသည်။

"ဘာဖြစ်လို့လဲ" ဟု မေးလာသူ ရှိခဲ့ပါလျှင် . . .

ဤ မိုးမှောင်ကျသော ခုလို ဆည်းဆာကာလမှာ မေမေ့ကို ခင်ဦး နောက်ဆုံး မြင်တွေ့လိုက်ရခြင်းကြောင့်ပါပင်။

မေမေသည် ခင်ဦးကို ကျောခိုင်းကာ မိုးသက်လေရိုင်းထဲသို့ တိုးဝင်သွားခဲ့သည်။ မိုးသည်းသည်းထဲမှာ မေမေ့ရုပ်သဏ္ဍာန် လုံးဝ ပျောက်ကွယ်သွားသည်အထိ ခင်ဦး ငိုကြွေးတမ်းတကာ ကျန်ရစ်ခဲ့ရသည်။

ဤမိုးသည် နွေးထွေးသော မေမေ၏ ရင်ခွင်ထဲမှ ခင်ဦးကို သူ့လက်ကြမ်းကြီးဖြင့် အကြင်နာမဲ့စွာ ဆွဲထုတ်လွှင့်ပစ်သလို ခံစားရ၍ မိုးကို ခင်ဦး သိပ်မုန်းသည်။

နွေးထွေးသော မေမေ့ရင်ခွင်နှင့် ဝေးခဲ့ရပြီးနောက်မှ လုံခြုံမှုကင်းမဲ့စွာဖြင့် ခင်ဦးဘဝတစ်လျှောက်လုံး အေးခဲစွာ နာကျင်ခဲ့ရသည်။

ဤမိုးနှင့် လေရိုင်းတို့သည် မဟာတံတိုင်းကြီးသဖွယ် မေမေနှင့် ခင်ဦးတို့နှစ်ယောက်ကို ထာဝရ ခွဲခွာစေခြင်းဖြင့် ပိုင်းခြားခဲ့လေပြီ။

ထိုသို့ ခင်ဦး မုန်းတီး ကြောက်ရွံ့ခဲ့ရသော မိုးကာလ၏ မိုးသည်းထန်နေ့များကို ကြုံခဲ့ရသည်မှာ ဆယ့်ငါးခါ ဆယ့်ငါး ကြိမ်တိတိ ရှိခဲ့ပါပြီ။

ဤ ရက်စက်မိုးသည် ခင်ဦး၏ နှလုံးသားကို အခါခါ သေဆုံးစေခဲ့သည်မှာ ကာလကြာမြင့်လှပါပြီ။

လွန်ခဲ့သော ဆယ့်ငါးနှစ်မှ ယခုလို ဆည်းဆာနှောင်းကာလ

၏ ညဥ့်ဦးယံမတိုင်ခင်မှာ မေမေသည် ငါးနှစ်သမီးလေး ခင်ဦး၏ လက်ကို ဆွဲကာ ဤ "ကသစ်နီစံအိမ်" ကြီးဆီသို့ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။

ခန့်ထည် ခိုင်မာသော နှစ်ထပ်တိုက်နီနီကြီးရှေ့မှ ထူထဲခိုင်ခံ့သော သံတံခါးကြီး၏ နောက်၊ မိုးစက်မိုးပေါက်များအောက်မှာ အကြာကြီးရပ်ပြီး အတန်တန် တောင်းပန်မှ ဤတိုက်ကြီး၏ ဆင်ဝင်အောက်သို့ ဝင်ခွင့်ရခဲ့ခြင်း ဖြစ်သည်။

"မခင်ညို၊ မိုးထဲလေထဲမှာ ဘယ်လိုဖြစ်လာတာလဲအေ၊ ဒီစံအိမ်ကြီးထဲကို ဘယ်တော့မှ မလာပါဘူးလို့ ကတိတွေအထပ်ထပ် ပေးပြီးမှ ညည်း ထွက်သွားခဲ့တာလေ"

"ဟုတ်ပါတယ် . . .၊ ဟုတ်ပါတယ် ဒေါ်ဒေါ်လေးရယ်။ ဒါပေမယ် . . ."

မေမေ့အသံတွေ တုန်နေပြီး မိုးရည်စက်နှင့် မျက်ရည်စက်တို့ ရောထွေးစီးကျနေသော မျက်နှာကို လက်ဝါးနှင့် သုတ်သပ်ချလိုက်ပြီးမှ မေမေက အားခဲအံတင်းကာ . . .

"ဒေါ်ဒေါ်လေးကို ရှိခိုးတောင်းပန်ပါရစေရှင်"

"ညည်း ဘာလိုချင်လို့လဲ"

"ဘာမှ မလိုချင်ပါဘူး၊ ပေးခဲ့ချင်တာပါ"

"ဘာ . . ."

"ဒီ . . . ဒီသမီးလေးကို လာအပ်တာပါ ဒေါ်ဒေါ်လေးရယ်"

"ဟဲ့၊ အို၊ မဟုတ်တာ၊ မဖြစ်နိုင်တာအေ၊ ရှုပ်ရှုပ်ယှက်ယှက်"

နှိမ့်ချလွန်းသော မေမေ့စကားသံ၏ အဓိပ္ပာယ်နှင့် ဟို အဒေါ်ကြီး၏ ခက်ထန်တင်းမာလွန်းသော စကားသံများကြောင့် ခင်ဦးသည် ကြောက်ရွံ့တုန်လှုပ်စွာ မေမေ့ကို တအား ဖက်ထား လိုက်မိသည်။

မိုးရေကြောင့် တစ်ကိုယ်လုံး ရွှဲစိုနေခြင်းနှင့် ကြောက်ရွံ့ ခြင်းများကြောင့် ခင်ဦး၏ ကိုယ်ခန္ဓာလေး ဆတ်ဆတ် တုန် နေသည်။

"ကျွန်မရဲ့ နှလုံးသားနဲ့ ထပ်တူချစ်ပြီး ကျွန်မရဲ့အသက်ထက် ပိုပြီး မြတ်နိုးတဲ့ ဒီသမီးလေးကို ကျွန်မ လုံးဝ မခွဲနိုင်ပါဘူး ဒေါ်ဒေါ်လေးရယ်၊ ဒါပေမယ့် အခု မခွဲလည်း နောက်ခွဲရတော့ မှာမို့ လာအပ်တာပါ"

"ဘာ . . . ဘယ်လို"

"ကျွန်မ တိုတိုပဲ ပြောပါမယ်၊ ဒေါ်ဒေါ်ကြီး ပြန်မလာခင် ကျွန်မ ဒီအိမ်က ပြန်မှ ဖြစ်မယ်ဆိုတာလည်း သိပါတယ်"

"မခင်ညို"

"ကျွန်မပဲ ပြောပါရစေ၊ ကျွန်မဟာ သိပ်နေမကောင်း ဖြစ်နေပါတယ်။ သွေးသွန်လို့ ဆေးရုံတက်ရတော့ ကျွန်မရဲ့ရောဂါ က သားအိမ်ကင်ဆာတဲ့၊ တစ်လအတွင်းတဲ့ . . ."

"အို . . ."

"ဒါကြောင့် ဒီကို ရထားတစ်တန်၊ ကားတစ်တန်နဲ့ မနည်းအားတင်းပြီး သမီးလေးကို လာအပ်တာပါ ဒေါ်ဒေါ်လေး ရယ်"

"ဒုက္ခပါပဲအေ"

"သမီးလေးဟာ ဒေါ်ဒေါ်လေးတို့ရဲ့ သွေးသားရင်းပါရှင်၊ ကျွန်မသမီးလေးကိုဘယ်သူ့ကိုမှ မပေးရက်ဘူး၊ ဘယ်သူနဲ့မှလည်း စိတ်မချဘူး။ ဒါကြောင့် . . ."

"မခင်ညိုရယ်၊ မမထိုက်အကြောင်းလည်း သိရဲ့သားနဲ့၊ တို့ရဲ့ သွေးသားဆိုပြီး ငါ လက်ခံလိုက်လို့ ဘယ်ဖြစ်ပါမှာလဲအေ"

"ဒါဖြင့်လည်း ဒေါ်ဒေါ်လေး ဘာသာပဲ ကြိုက်သလို ပြောလိုက်ပါ။ ကျွန်မ သမီးကို ထားခဲ့ပါရစေနော်။ ဒေါ်ဒေါ်လေးတို့ရဲ့ သွေးရင်းသားရင်းလေးပါရှင်၊ ကျွန်မအပေါ် ရက်စက်ခဲ့သလို သမီးလေးကို မရက်စက်ကြပါနဲ့လို့ ကျွန်မ ရှိခိုးပြီး တောင်းပန်ပါတယ်"

"ခက်လိုက်တာနော်"

"သမီး . . . သမီး၊ မေမေ့သမီးလေး၊ လိမ်လိမ်မာမာနေနော်၊ လူကြီးတွေပြောစကား နားထောင်နော်၊ သမီး . . . သမီးရယ်"

မေမေ့ကို တင်းတင်းကျပ်ကျပ် ဖက်ထားသော ခင်ဦး၏ အင်အားမဲ့ လက်ကလေးကို အေးစက်နေသော မေမေ၏လက်များဖြင့် တအားဆွဲဖယ်ပစ်လိုက်ပြီး မိုးသည်းတောထဲသို့ တစ်ဟုန်ထိုး ပြေးထွက်သွား၍ . . .

"ဟဲ့ . . . ဟဲ့ မခင်ညို၊ အမလေး၊ ဒုက္ခပါပဲအေ"

ဒေါ်ဒေါ်လေးဆိုသော မိန်းမကြီးက ကမ္ဘာပေါ်မှာ စိတ်အညစ်ဆုံးလူ ရွေးခဲ့လျှင် ပထမရမည့် မျက်နှာကြီးနှင့် ကျန်ရစ်ခဲ့ချိန်မှာ ခင်ဦးလေးက . . .

"မေမေ . . . မေမေရေ"

"သမီးကို မထားခဲ့ပါနဲ့"

"ဒီအိမ်ကြီးထဲမှာ သမီးကို မထားခဲ့ပါနဲ့"

ချောက်ချားကြောက်ရွံ့ ထိတ်လန့်ခြင်းများ ကြီးကျယ်စွာ ခံစားရင်း ခင်ဦးကြုံးအော်လိုက်သော်လည်း အသံများက မကျယ်လောင်။

တုန်ရီအက်ကွဲ တစ်ဆို့ပြီးနောက်မှ ခွေခွေလေး လဲကျသွားကြောင်းကိုသာ ခင်ဦး နောက်ဆုံး မှတ်မိလိုက်တော့သည်။

♊ ♊ ♊

"မမဦး ဘာတွေ တွေးနေလဲ"

"ဒီလိုပါပဲ"

"နောင် သတိထားမိတယ်၊ မိုးတွေရွာတိုင်း မမဦးရဲ့ မျက်နှာလေး အမြဲညိုနေတယ်။

"မျက်နှာက ညိုရုံပါ နောင်ရယ်၊ မမဦးရဲ့ ရင်ထဲက နှလုံးသား တစ်ခုလုံး ညိုမည်းဆွေးမြည့်နေတာကိုတော့ နောင်မှမမြင်ရတာ" ဆိုသော စကားကို နှုတ်က မပြော၊ နှလုံးသားဖြင့်သာ ပြောတတ်သဖြင့်"နောင်ဘုန်းတည်"မကြားသာသော်လည်း မှန်းဆတတ်စွာဖြင့် စာနာစိတ်ဖြင့် ငေးကြည့်နေရှာသည်။

"ငယ်ငယ်ကတည်းက မိုးတွေရွာရင် မမဦး သိပ်ကြောက်တာပဲဆို"

"ကြောက်ရုံဘယ်ကမလဲ၊ မနေရဲ မအိပ်ရဲတာ။ အိပ်ပျော်ပြန်ရင်လည်း အိပ်မက်ဆိုးတွေ မက်ပြီး လန့်နိုးတယ်လေ။ ပြန်မအိပ်ရဲတော့ဘူး"

ခင်ဦးက ပင့်သက်ကို ရှိုက်ထုတ်လိုက်ပြီးမှ . . .

"ဒါပေမယ့် နောင်ရယ်၊ မမဦး ဘယ်လိုပဲကြောက်ကြောက်၊ ဘယ်လောက်ပဲ မနေရဲ မအိပ်ရဲပေမယ့် မမဦး တစ်သက်လုံးနေခဲ့ရတာက တစ်ယောက်တည်းပါ"

မိုးရွာခြင်းကို ရွံ့မုန်းကြောက်ရွံ့လှပါလျက် အိမ်ထဲမှာနေ၍ မဖြစ်သေး။ မိုးရွာထဲဆင်းကာ ရာဝင်စဥ့်အိုးကြီး၏အဖုံးကိုဖွင့်၍ ရေတံလျှောက်မှ ဆင်းလာမည့်ရေကို ခံရပါဦးမည်။ ရေပြည့်လျှင် တစ်အိုး၏အဖုံးကို ပိတ်ပြီး နောက်တစ်အိုး၏ အဖုံးကို ဖွင့်ကာ မိုးရေများ ဖြည့်ရပါဦးမည်။

"မိုးရွာရင် ရေပြည့်အောင် ခံထားနော် ခင်ဦး။ ငါက မိုးရေကို ကျိုပြီးမှ တစ်နှစ်လုံး သောက်တာ"

ဤအမိန့်သည် ခင်ဦးအတွက် တစ်သက်တာ လိုက်နာရမည့် စည်းမျဥ်း ဖြစ်သည်။

ဤအိမ်တွင် အိမ်ဖော်များ ရှိပါလျက်နှင့် ခက်ခဲပင်ပန်းစေသော တာဝန်ပိုင်းကို ခင်ဦး လုပ်ဆောင်ရသည်။

နောင့်နှားမှ လှည့်ထွက်ကာ နောက်ဖေးဘက်မှ သစ်သားလှေကားရှည်ကြီးအတိုင်း ဆင်းလာပြီးစဥ့်အိုးကြီး၏အဖုံးကိုဖွင့်၍ ကျလာသော ရေများကို သွပ်ရေတံလျှောက်ဖြင့် ခံပြီး ပြန်တက်လာချိန်တွင် ခင်ဦးတစ်ကိုယ်လုံး ရွှဲရွှဲစိုလျက်။

"လှေကားရင်းမှာ ခြံထဲဆင်းရင် ဆောင်းဖို့ ခမောက်ရှိလျက်သားနဲ့ မမဦးရယ်။ ကြည့်ပါဦး တစ်ကိုယ်လုံးကို ရွှဲစိုလို့"

"နေပါစေ နောင်"

ခင်ဦးက မိုးရေစက်များကို လက်ဖြင့်ခါချရင်း နာကျည်းသော မျက်နှာဖြင့် . . .

"အလကားမိုး၊ အသုံးမကျတဲ့မိုး၊ မိုးစိုပြီး မိုးရေထဲမှာ လဲကျပြီး မေမေ့လိုပဲ သေချင်တာ၊ တစ်နှစ်မှကို သေအောင်

မလုပ်နိုင်တဲ့ မိုး”

“မမဦးကလည်းဗျာ”

“ဟုတ်တယ်နောင်ရဲ့၊ မေမေသေတာ မိုးရေတွေထဲမှာ လဲကျပြီး သေနေတာတဲ့လေ၊ မေမေ့ကို သတ်ပစ်တဲ့မိုးက ခင်ဦး ကျတော့ ဘာဖြစ်လို့ မသတ်ရဲရတာလဲ”

“မမဦးက ‘မိုးဆိုက်ကို’ ဝင်နေတာပါ၊ ဒီမှာ နောင်ပြော မယ်”

“မပြောနဲ့ သွားစမ်းပါ မမဦး တစ်ယောက်တည်း နေရ တာကိုပဲ ကြိုက်တယ်”

“နောင်လဲ ဒီအိမ်ကြီးထဲမှာ တစ်ယောက်တည်း နေရ သလိုပါပဲ မမဦးရာ၊ ဘာမှ မထူးပါဘူး”

“ထူးတာပေါ့။ နောင်က သူဌေးမကြီး ‘ဒေါ်ခင်မျိုးထိုက်’ ရဲ့ မြေးလေ၊ ဟိုတယ်ပိုင်ရှင်၊ လုပ်ငန်းရှင်ကြီးနဲ့ ကျောင်းဆရာမ ကြီးတို့ရဲ့ သားလေ၊ ခင်ဦး ဆိုတာက အိမ်ဖော်မပဲဟာ”

“အိမ်ဖော် အဆင့်တော့လည်း မဟုတ်သေးပါဘူး မမဦးရာ၊ တခြားခိုင်းစရာ ကောင်မလေးတွေလည်း ရှိနေတာပဲ။ မမဦးက ဘွားဘွားသိုက်တို့ရဲ့ အမျိုးဆို”

“ဟင်း . . . ဟင်း၊ အမျိုးတဲ့လား၊ မမဦး အဖြစ်ကို နောင် အသိပဲလေ၊ နောင်အမြင်ပဲလေ၊ တစ်အိမ်လုံးကိစ္စ မမဦးပဲ လုပ် နေရတာ၊ အလုပ်လုပ်ရတာ မကြောက်ပါဘူး၊ အနှိမ်ခံရတာကိုပဲ အသည်းနာတာပါ နောင်ရယ်”

“အင်း”

"တကယ့်ဆွေမျိုး၊ တကယ့်သွေးသားရင်းဆို ဒီလိုဘယ်ထားပါ့မလဲ"

"မဟုတ်သေးဘူး မမဦးရဲ့၊ နောင် ဆိုရင်လည်း မြေးဦးပဲလေ၊ ဒါပေမယ့် ဘယ်တော့မှ မျက်နှာကောင်းမရဘူး။ အမြဲအနှိမ်ခံရတာပဲ။ နောင်မှန်ရင် မချီးမွမ်းဘူး။ နောင်မှားရင် အဲဒီအပြစ်ကိုပဲ အမြဲ ထောက်ထောက်ပြနေတာ။ "ညီဘုန်းငယ်" ကျတော့ မှန်တာ လုပ်လည်း မှန်တယ်။ မှားတာ လုပ်လည်းမှန်တာပဲ။ တစ်အိမ်လုံးက ညီမှညီ၊ နောင်က အမြဲဘေးရောက်နေတာ"

ခင်ဦးက ဘာမှ ပြန်မပြောဖြစ်သော်လည်း ဘာကြောင့် နောင့်ကို မျက်နှာသာမပေးဘဲ ညီ့ကိုမှ အလိုလိုက်နေတာကြတာလဲဟု မကြာခဏ တွေးမိသည်။

ဤအိမ်ကြီးထဲတွင် ချမ်းသာပြီးရင်း ချမ်းသာအောင် စီးပွားရှာဖွေမှု၌ ကျွမ်းကျင်လှသော "ဒေါ်ခင်မျိုးထိုက်" က အိမ်ထောင်ဦးစီးဖြစ်သည်။

သူ့အရိပ်ကို မှီခိုနေရသော ခပ်နုံနုံ သူ၏ ညီမအရင်း "ဒေါ်ခင်မျိုးသိုက်"ရှိသည်။ ထိုအဘွားကြီးက အိမ်ထောင်ပျက်ဖြစ်၏။ သူ့မှာ သားတစ်ယောက်ရှိသည်။ သို့သော် ဖွားလေးသိုက်၏သားဘယ်မှာရှိသည်ဟူ၍ခင်ဦးတို့ သိခွင့်မရ ထိုဖွားလေးသည်လည်း ဒေါ်ခင်မျိုးထိုက်၏ အရှိန်အဝါအောက်မှာ ရွံ့ရွံ့ကြောက်ကြောက် နာခံနေရသူ ဖြစ်ကြောင်းကိုဖြင့် ခင်ဦးတို့ မြင်တွေ့ကြသည်။

ဤအဘွားကြီး၏ မျက်ဝန်းသည်လည်း တည်တည်ငြိမ်ငြိမ်မရှိ။ တစ်စုံတစ်ခုအတွက် အမြဲ ဖုံးကွယ်နေရသူ တစ်ယောက်လို သိမ်သိမ်ငယ်ငယ် ရှိလှသည်။

"နင့်ကို 'ခင်မျိုးသိုက်' လို့ မှည့်ခဲ့ဖို့ မကောင်းဘူး။ 'ခင်မျိုးမိုက်' လို့ မှည့်ခဲ့ဖို့ ကောင်းတယ်"

ဆိုသော ဖွားဖွားကြီး ဒေါ်ခင်မျိုးထိုက်၏ ဆူသံပူသံကို ကြားခဲ့ဖူးသဖြင့်ဖွားဖွားလေးသည်လည်း လျှို့ဝှက်နက်ရှိုင်းသော အတိတ်ဆိုးတစ်ခု ရှိခဲ့ပေလိမ့်မည်ဟု ခင်ဦး ထင်သည်။ ဘာရယ်ဟု မသိနိုင်၊ သိလည်း မသိချင်ပါ။

ကိုယ့်ဘဝ ကိုယ်တောင် စိတ်ကုန်နေရသည့်အချိန်မှာသူများကိစ္စကိုလည်း သိချင်စိတ် မရှိပါ။

"မမဦး၊ အဝတ်ရေစိုတွေ သွားလဲလိုက်ဦးလေ"

"နေပါစေ၊ ဒီတစ်အိုးပြည့်ရင် နောက်တစ်အိုး ဆင်းဖြည့်ရဦးမှာ"

"အအေးမိပြီး ဖျားနေပါဦးမယ် မမဦးရာ"

"သေချင်နေပါတယ်ဆိုမှ၊ သွားစမ်း နှောင်ရာ"

မိုးညို့ကတည်းက လှန်းရာမှ ရုတ်ထားသော ငါးခြောက်ဗန်းကို ကြောင်မစားရန် ကြောင်အိမ်ထဲသို့ သိမ်းလိုက်ရသည်။

"အစ်မဦး၊ အစ်ကိုနှောင် သနားပါတယ်နော်၊ ကိုညီက သူ့ဘာသာသူပဲ အမြဲကားမောင်းပြီး ထွက်သွားတယ်။ ကိုယ့်အစ်ကိုပဲ ခေါ်သွားတာ မဟုတ်ဘူး"

"ညီက လူရှုပ်ပဲ၊ နှောင်က မလိုက်ချင်လို့ နေမှာပေါ့"

"အင်းနော်၊ 'အလွမ်းပြေ' ဆိုတဲ့ စားသောက်ဆိုင်ကို ညတိုင်းသွားပြီး သီချင်းဆိုတဲ့ ကောင်မလေးတွေကို ပန်းကုံးစွပ်တာတဲ့၊ ငွေ သိပ်သုံးတာပဲနော်"

"မိတာရယ်၊ ဒါ သူတို့ကိစ္စ၊ ကိုယ့်အလုပ် ကိုယ်လုပ်၊ မီးပူတွေ တိုက်ပြီးပြီလား"

"အဟီး၊ ပြီးသေးဘူး၊ အစ်ကိုနောင်နဲ့ အစ်မဦးတို့ ဘာတွေများ ပြောနေကြလဲလို့ လာစပ်စုတာ"

"ဟင်၊ ဘာပြောတယ် တို့ကို ဘယ်လို ထင်လို့လဲ"

"ထင်ပါဘူး၊ အစ်မဦးနဲ့ အစ်ကိုနောင်က မောင်နှမ ဝမ်းကွဲပဲဟာ။ မိတာက နှစ်ယောက်လုံးကို ချစ်လည်းချစ်၊ သနားလည်းသနားလို့ပါ။ ဟို အဖွားဒေါ်ကြီးအကြောင်း ပြောနေရင်လည်း အတင်းအဖျင်း ဝင်ပြောမလို"

"မိတာ"

"ဟုတ်တယ် အစ်မဦးရဲ့။ဖွားဖွားကြီးက သိပ်လောဘကြီးပြီးတော့ သိပ်ခက်ထန်တာပဲနော်။ သူ့ယောက်ျား ရှိတုန်းကတည်းက သူ့ကို ကြောက်ရတာတဲ့။ ဟုတ်မှာပါပဲ။ ခုလည်း သူ့သားရော၊ သူ့ချွေးမရော၊ မြေးတွေရော၊ မိတာတို့ အားလုံး သူ့ကို ကြောက်နေကြရတာနော်"

"ကိုယ့်အလုပ် ကိုယ်သွားလုပ်စမ်းပါဟယ်"

မိတာက ပြတင်းမှ လှမ်းကြည့်ပြီး မပြောမဆို လှေကားထစ်အတိုင်း ပြေးဆင်းသွားပြီး နောက်တစ်အိုး မိုးရေဖြည့်သည်။ ခမောက်ဆောင်းသွားသဖြင့် သိပ်မစိုလှဘဲ ပြန်တက်လာ၏။

"မိုးရေထဲ သွားရတာ ပျော်လွန်းလို့ပါ၊ ရွာမှာဆို မိုးရွာတာနဲ့ ရေထွက်ချိုးရင်း မောင်နှမတစ်တွေ ဆော့ကြတာ သိပ်ပျော်ဖို့ကောင်းတာပဲ၊ မိတာက သီတင်းကျွတ်မှ ပြန်ရမှာ ဆိုတော့ မိုးရွာတာမှ မီပါဦးမလား မသိ"

ပန်းတိုင်ရှိသော မိတာ . . .

တစ်နှစ်တာ အလုပ်လုပ်ပြီး အိမ်ဖော်လခများကို စုကာ မိခင်နှင့် မောင်နှမများရှိရာ ရွာသို့ ပြန်ရမည့်ရက်ကို တွက်၍ မျှော်လင့်ချက် ရှိနေသော မိတာ။

ခင်ဦးမှာဖြင့် . . .

ဒီအိမ်က ဆင်းသွားဟု နှင်ချခံရလျှင်ပင် ဤကမ္ဘာမြေပေါ်မှာ ခြေချစရာ တစ်နေရာ ကျောခင်းစရာ တစ်နေရာ မရှိပါလား။

သည်အိမ်သို့ ရောက်လာသည့်ညည့်ဦး၏ ရင့်နှင့်ခါးသီးဖွယ် အဖြစ်ဆိုးကြီးကို စေ့စေ့စပ်စပ် မှတ်မိနေပါသော်လည်း . . .

သည်ရှေ့က အဖြစ်အပျက်များက အားလုံးလိုလို ဝိုးတဝါးပင်။

ခင်ဦးသည် အတိတ်ပျောက်ဆုံးနေသော မိန်းကလေး တစ်ယောက် ဖြစ်ရုံမက အနာဂတ်သို့ ထွက်ခွာရန် လမ်းများမှာလည်း သိပ်သည်းမှောင်မိုက်စွာ ပိတ်ဆို့နေပါ၏။

ခင်ဦးအတွက် ဤ"ကသစ်နီစံအိမ်ကြီး"မှ ခြေတစ်လှမ်းစာမျှ ထွက်ခွာခွင့် မရနိုင်သော အနေအထားတွင် ရှိနေရာမှ ...

ဤစံအိမ်ကြီး၏ အထူးဧည့်သည်တော်အဖြစ် ရောက်ရှိလာမည့် ဥပဒေပညာရှင် ကိုစိုးလတ်နှင့် ဆုံတွေ့ခွင့် ရရှိလိုက်ရချိန်

မှ စ၍ . . .

မှောင်မိုက် ကျဉ်းမြောင်းလွန်းသော ခင်ဦး၏ ဘဝအတွင်းသို့ မျှော်လင့်ခြင်း အလင်းရောင်များ လင်းလက်တောက်ပလာတော့မည်ဖြစ်ကြောင်း ထိုအချိန်က ခင်ဦးကိုယ်တိုင် မသိရှိမမျှော်မှန်းနိုင်ခဲ့သေးပါ။

♊ ♊ ♊

## R & R
## Ah Lwan Pyay
## Restaurant and Resort
## "အလွမ်းပြေ"
## "စားသောက်ဖွယ်ရာနှင့် အပမ်းဖြေရိပ်သာ"

မြေပြန့်မြို့၏အဆုံး တောင်ပေါ်မြေ၏အစ၊ တောင်ကုန်း တောင်ငယ်များ အဆင့်ဆင့် အနိမ့်အမြင့်များရှိရာ လှပအေးငြိမ်း သော တောင်စခန်းမြို့လေးမှာ ဖွင့်လှစ်ထားသောတည်းခိုရိပ်သာ စားသောက်ဆိုင်။

အနုပညာရှင်တစ်ယောက်၏ ဖန်တီးမှု စိတ်ကူးကို ပုံဖော် ထားသည်သို့ပင်။ အဆောက်အဦ အနိမ့်အမြင့် ပုံစံနှင့် သစ်ပင် ပန်းမန်များ အထားအသိုကအစ လှပသာယာလွန်းလှသဖြင့် မွေ့လျော် တပ်မက်ဖွယ်ရာလေး ဖြစ်နေသော အလွမ်းပြေစား သောက်ဆိုင်နှင့် သန့်ရှင်းသပ်ရပ်သော အဆင့်မြင့် တည်းခိုခန်း ငယ်များ။

အလွမ်းပြေဆိုသော်လည်း လွမ်းနေသူများအတွက် အလွမ်း မပြေရုံမက ပို၍ပင် လွမ်းစရာကောင်းသော ရိပ်သာလေး။

အလွမ်းမရှိသူတို့သည်ပင်လျှင် ဤနေရာလေးသို့ ရောက် လာသည့်အခါ တစ်စုံတစ်ယောက်ကို လွမ်းမိသလိုလို ခံစားမှု ပေးနိုင်သော နယ်မြေလေးပါ။

လက်ထပ်ပြီးစ ပျားရည်ဆမ်းခရီးထွက်လာကြသော ကြင်စဦးတို့အတွက်မူ ဤနေရာလေးမှာပင် ထာဝရနေပစ်လိုက်ချင်အောင် ဆွဲဆောင်နိုင်သော အလွမ်းပြေ။

"စခန်းမြိုင်မြို့"မှ ဤအလွမ်းပြေကို ကိုစိုးလတ် ရောက်ရှိလာချိန်က ဆောင်းနှောင်းကာလ မြူနှင်းတို့ ဝေနေချိန်။

ကသစ်နီစံအိမ်ကြီး၏ အထူးဧည့်တော်အဖြစ်နှင့် ရောက်ရှိနေပြီးနောက် သုံးရက်မြောက်သောနေ့တွင်မှ ဤနေရာလေးသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ဦးဆောင်ခေါ်လာသူက ညီဘုန်းငယ်။

သဘာဝမြေကိုက ကုန်းမြင့် ချိုင့်ဝှမ်းများရှိ၍ ဆောက်ထားသော ဘန်ဂလိုများကလည်း အနိမ့်အမြင့် အဆင့်ဆင့်ဖြစ်နေကြသည်။ တချို့ဆိုလျှင် ကသစ်ပင်၊ အင်ကြင်းပင်ကို ပတ်၍ ဆောက်ထားသဖြင့် ဘန်ဂလိုထဲမှ သစ်ပင်ကြီး ပေါက်ထွက်နေသလိုလို။

ထင်ရှူးပင်၊ စိန်ပန်းပြာနှင့် မက်မုံပင်ဝိုင်းဝိုင်းလေးများက အလွမ်းပြေ ဝဲယာရှေ့နောက်မှာ ရှိနေကြပြီး ထိုသစ်ပင်များအားလုံးမှာ ရောင်စုံမီးများ ထွန်းညှိထားသည်။

တည်းခိုခန်းများ၏ အောက်ခြေ မြေပြန့်နေရာမှာ သီဟာဠ်စေ့ပုံစံ ခပ်ကွေ့ကွေ့လေး တူး၍ ကျောက်ပြားစိမ်းများ ကပ်ထားသော ရေကန်ငယ်က ပေရှစ်ဆယ်ကျော် ရှည်သည်။ ထိုကန်၏ဘေး သစ်ပင်ပုလေးများအောက်တွင် စားပွဲဝိုင်းနှင့် ထိုင်ခုံလှလှလေး လေးခုံစီ ချထား၏။

ဆောင်းည၏ နှင်းမှုန်များအောက်မှာ သဘာဝ၏ အလှတရားကို ခံစားချင်သူများက ကြိုက်ရာခုံမှာ ထိုင်၍ တချို့လည်း ယမကာနှင့် အသားကင်၊ တချို့ကလည်း Menu Card ထဲမှ ကြိုက်ရာစားသောက်ဖွယ်ရာမှာကြားကြသည်။ ဤဥယျာဉ်မြက်ခင်းပြင်တွင် ထိုင်နေကြသူများ မှာကြားတတ်သည်က ဘီယာ၊ ယမကာမျိုးစုံနှင့် ယမကာမသောက်တတ်ကြသူများက ငါးခေါင်းဟင်းချို၊ ငါးမန်းတောင်ဟင်းချို၊ တုံရန်းဟင်းချို၊ ယိုးဒယားဟင်းချိုစသော အပူအစပ်ပါသော အရည်သောက်များ မှာကြားလေ့ရှိကြသည်။

"အပြင်စားပွဲမှာ ထိုင်မလား၊ အထဲဝင်မလား အစ်ကို"

"မင်းကြိုက်ရာတဲ့နေရာမှာ ထိုင်ပါကွာ"

"ကျွန်တော်ကတော့ တက်ကြွတဲ့ ဂီတတွေ ဆိုကြတဲ့နေရာပဲ သွားနေကျလေ။ အစ်ကိုများ နားညည်းမလားလို့ပါ"

"သိပ်ဆူညံတာတော့ အစ်ကိုက မကြိုက်လှဘူး၊ ဒါပေမယ့် ရပါတယ်။ တစ်ညတစ်ည ပန်းကုံးဖိုးပဲ ငါးထောင်တစ်သောင်းကုန်အောင် ညီက ဖြုန်းနေတယ်ဆိုတဲ့ နေရာမျိုး သွားကြည့်ကြမယ်လေ"

အသက်ချင်း ခုနစ်နှစ် ရှစ်နှစ်မျှလောက် ကွာခြားရုံဖြင့် ခေတ်၏ရေစီးကို လိုက်မမီနိုင်လောက်အောင် ခြားနားကွာဝေးသွားပြီလားမသိ။

ပွင့်ထွက်ပေါက်ကွဲသော ဆိုဟန်များဖြင့် ရောင်စုံမီးဆလိုက်များ ဖျတ်ခနဲ ဖျတ်ခနဲ ကျရောက်လာသော စင်ပေါ်မှ အဆိုရှင်

များက ခုန်ပေါက်ဟစ်ကြွေးနေကြသည်။

ကိုစိုးလတ် အနေနှင့် သိပ်မကြိုက်လှသော်လည်း အပြစ်တင်စရာ၊ အပြစ်မြင်စရာ လုံးဝမရှိပါ။ ခေတ်ဆိုသည်ကိုက ရေစီးကြောင်းပဲလေ။ တစ်သမတ်တည်းသာရပ်တန့်နေစတမ်းဆိုလျှင် စိန်ခြူးကြာညောင်လို အမျှော်စိုက်တေးဂီတနှင့်ပင် ကျေနပ်နေကြရမှာ ဖြစ်သည်။

ရှေးလူ့ရှင်တော်ကြီး ဦးကြင်ခဲက တေးရေးဆရာ ရွှေတိုင်ညွှန့်ကို မွေးဖွားပြီး ခေတ်ဟောင်းဂန္ထဝင်တေးများစွာ ရေးသားခဲ့သည်။ ဆရာကြီးရွှေတိုင်ညွှန့်က ခေတ်ပေါ်ဂန္ထဝင်တေးအဆိုရှင် ထားကို ဖွားမြင်၍ ထားက ပွင့်ထွက်ပေါက်ကွဲသံစဉ်များဖြင့် ထိပ်ဆုံးတန်းမှ အောင်မြင်နေသော စတီရီယိုတေးသံရှင် ဇော်ဝင်းထွဋ်ကို မွေးဖွားသည်။

ထို့အတူ စတီရီယိုအဆိုရှင်မလေး "သဲနုဆည်းဆာ" သည် ဇာတ်မင်းသားကြီး ဦးရွှေနန်းတင်၏ မြေးဖြစ်ပြီး တေးရေးဆရာကြီး နန်းတော်ရှေ့ဆရာတင်၏ မြစ်ဖြစ်၏။ မျိုးဆက် လေးဆက်တိုင်အောင် အဆင့်ဆင့်ပြောင်းလဲလာသော တေးဂီတကို ခေတ်ရေစီးကြောင်းအရ လက်ခံရပါမည်။ လက်ခံကြပါသည်။

သည်မှာ တစ်ခုကောင်းသည်က အဆိုတော်ကောင်မလေးများ ဘောင်းဘီဝတ်ရုံမှလွဲ၍ အင်္ကျီများအားလုံး လုံလုံခြုံခြုံဝတ်ကြသည်။ ပိုင်ရှင်၏ စည်းကမ်းဟု သိရသည်။

ဂါဝန်ရှည်ရှည်ပဲ ဝတ်ဝတ်၊ ဘောင်းဘီပဲ ဝတ်ဝတ်၊ ဝတ်ကြပါ။ ခေတ်ရေစီးကြောင်းပဲလေ။ အရေးကြီးတာကမြန်မာ့

ယဉ်ကျေးမှုကို လေးစားသောအားဖြင့် ကျောသားရင်သားများ ဖော်ပြီး မဝတ်ကြဖို့ပဲ ဖြစ်သည်ဟု ကိုစိုးလတ် တွေးမိသည်။ ဤခန်းမတွင် နားဆင်နေဆဲ . . .

"ရပြီ အစ်ကို၊ ဟိုဘက်ခန်း သွားကြမယ်"

"နေလေကွာ။ နားထောင်လို့ ကောင်းသားပဲ။ Carey ရဲ့ Emotion သီချင်းနဲ့ Modonna ရဲ့ Frogen သီချင်းတွေကို အသံထွက် ပီပီသသနဲ့ ဆိုသွားနိုင်လို့ ကောင်းပါတယ်"

"ဒီည ကျွန်တော်သဘောကျနေတဲ့ ကောင်မလေး မလာဘူးတဲ့၊ ဒါကြောင့် ပြန်ချင်တာ၊ လာ၊ သွားစို့"

ကိုစိုးလတ်က မှန်လုံခန်းမထဲမှ ထွက်လာပြီး လာလမ်းဘက် လှည့်လိုက်ရာ . . .

"လာ အစ်ကို၊ ဒီဘက်က ပြန်ထွက်မယ်"

"ပြန်တော့မလို့လား"

"ပြန်မှာက ဒီအခန်းထဲက ပြန်ထွက်မှာကို ပြောတာ အစ်ကိုရ၊ နောက်နှစ်ခန်းရှိသေးတယ်။ တစ်ခန်းက ကာရာအိုကေခန်းမ၊ ကြိုက်တဲ့သီချင်း ဝင်ဆိုလို့ရတယ်"

"ဟိုရှေ့မှာတွေ့ပြီ။ karaoke ဆိုတဲ့စာလုံးကို မီးရောင်စုံနဲ့ ဖော်ထားတယ်"

"ဟုတ်တယ်။ သွားကြမယ်"

သီချင်းများ သီဆိုနေရင်း၊ နားထောင်နေရင်း၊ စားသောက်နိုင်သလို ခန်းမကျယ်ကြီးထဲမှာလည်း စားသောက် နေကြသူတွေ ရှိသည်။ သီးသန့်ခန်း လိုချင်လျှင်လည်း ရအောင် အစအစ

ပြည့်စုံစွာ ဖန်တီးစီစဉ်ထားသော "အလွမ်းပြေ" စားသောက်ဆိုင်နှင့် အပန်းဖြေရိပ်သာလေးပါလား။

သူတို့နှစ်ယောက် လမ်းလျှောက်၍ ခန်းမကြီးဘက်သို့ ဖြတ်အသွားတွင် ကိုစိုးလတ်သည် ရုတ်တရက် ရပ်တန့်လိုက်ပြီး စန္ဒရားသံကြားရသော အခန်းရှိရာသို့ မျက်နှာမူလိုက်သည်။

ကိုစိုးလတ်၏ပုံစံက စန္ဒရားကို ခံစားချင်၍ ရပ်တန့်လိုက်ပုံနှင့်မတူ။ ကြောက်ရွံ့ချောက်ချားစရာ တစ်ခုခုနှင့်ကြုံလိုက်ရသလိုမျိုးကြီး ဖြစ်သွား၍ . . .

"ဘာဖြစ်လို့လဲအစ်ကို၊ ဒီအခန်းက ဂန္ထဝင်အခန်းပဲ ဆိုပါတော့၊ စန္ဒရားတစ်မျိုးတည်း တီးတဲ့အခန်း"

"ဝင်ကြည့်လို့ ရမလား"

"ရပါတယ်၊ လာလေ"

အခန်း၏ထောင့် မီးခပ်မှိန်မှိန်အောက်တွင် စန္ဒရားတီးခတ်နေသော အမျိုးသမီး တစ်ဦး။

"မောင်တွေးချင့်လို့ဖြင့် × × × လာသင့်ပါတယ်ထင် × × မရှင်နိုင်အထူး× × × မေ့ဘူးမောင်ရဲ့× × × ချစ်ဦး × × ခင်ခင်× × မျှော်သာမျှော် × × × ပျိုချစ်သူပေါ်မလာတော့ × × × "

"ဟာ၊ ဒါ ရွှေလည်တိုင်သီချင်း တီးနေတာပါလား"

"အဆိုမပါဘဲ စန္ဒရားသံ နားထောင်ရုံနဲ့ ဘာသီချင်းတီးနေတယ်ဆိုတာ အစ်ကိုက သိတယ်နော်၊ ဘယ်သူဆိုတာလဲ"

"တင်တင်မူဆိုတာ၊ ရေးသူက ဆရာ ရွှေပြည်အေး"

ကိုစိုးလတ်သည် လူငါးယောက်သာရှိသော အခန်းထဲမှ

ရှေ့ဆုံးထိုင်ခုံရှိရာသို့ သွားပြီး ထိုင်ရင်း ကြည့်လိုက်သည်။

အမျိုးသမီး၏ ဘေးစောင်း အနေအထားကို မြင်ရ၏။ အသက်အရွယ်ကို ခန့်မှန်း၍ မရ။

× × မြောက်လေပြန်ညှောင်းလာတော့ × သည်ဆောင်းက ဝင် × × ငယ်ပေါင်းကို × × × မကြင်နာသူက × × မမြင်လာပဲ× × ×

ဤအပိုဒ်အရောက်တွင် . . .

လွန်ခဲ့သည့်ဆယ်နှစ်က ဤသီချင်းကို ဤပုံစံအတိုင်း တီးခတ်နေသော ဦးတောက်ထွန်း၏သမီး ဆယ့်နှစ်နှစ်အရွယ် နွေသဉ္ဇာ၏ ရုပ်ပုံလွှာကို ကိုစိုးလတ် မြင်ယောင်လာသည်။

ဤရွှေလည်တိုင် သီချင်း၏ တီးကွက်များကို ဆယ့်နှစ်နှစ် အရွယ် ကောင်မလေး၏ လက်သံအဖြစ်နှင့် ကိုစိုးလတ် ဧည့်ခံပွဲညက နားဆင်ခဲ့ရပြီးပြီ။ ယခုလောက်ဖြင့် လက်ကွက်မစိပ် မညက်။

သို့သော် . . .

ဆယ့်နှစ်နှစ်မြောက် မွေးနေ့ပွဲညက ဤသီချင်းကို ဧည့်ပရိသတ်များအား မွေးနေ့ရှင်ကိုယ်တိုင် တီးခတ်ဖျော်ဖြေပြီး ထိုနေ့ညမှာပင် ထူးဆန်းစွာ ပျောက်ဆုံးသွားသော နွေသဉ္ဇာ။

ယခုအချိန်အထိ လုံးဝ အစအန ရှာမရသေးသော နွေသဉ္ဇာ။

လွန်ခဲ့သော ဆယ်နှစ်က ပျောက်ဆုံးသွားသည့် ဆယ့်နှစ်နှစ်ရွယ် ကောင်မလေးသည် ယခု အသက် နှစ်ဆယ့်နှစ်နှစ် ရှိလေမည်။

စင်မြင့်ပေါ်မှ မိန်းကလေးသည်လည်း အသက် နှစ်ဆယ်

ကျော်လောက်ပဲဟု ခန့်မှန်း၍ ရသဖြင့် . . .

"ဤအမျိုးသမီးသည် ပျောက်ဆုံးနေသော နွေသဥ္ဇာများလား" ဟု စိတ်ထဲမှ တွေးရင်း . . .

"သူက ဒီသီချင်းကို အမြဲတီးသလား ညီငယ်"

"ကျွန်တော် မသိဘူး။ ဒီအခန်းဝင်ရင် အိပ်ပျော်သွားမှာစိုးလို့ တစ်ခါမှ မဝင်ဘူး"

ကိုစိုးလတ်၏ အာရုံရော၊ အကြည့်ကိုပါ ထိုအမျိုးသမီးဆီသို့သာ ပို့ထား၏။

× ငယ်ကျွမ်းကြင်နွဲ့ × × အစဉ်ကွဲ့ × × ကြင်ဖက်တော်စစ်ပါလျှင်× အစ်ကိုရဲ့ × ကြိုလှည့်ညိုနွဲ့နွဲ့× ဆံကေရှင်

အတီးရပ်သွားသည့်အခါ လူငါးယောက် ထိုင်နေသည့်အနက်မှ သုံးယောက်က လက်ခုပ်တီးသည်။

ကျန်နှစ်ယောက်က လက်ခုပ်မတီးဘဲ စင်မြင့်ရှိရာသို့လျှောက်သွား၏။ အကြင်လင်မယား ဖြစ်ပုံရသော အသက်ငါးဆယ်ကျော်ရွယ်တွေ ဖြစ်သည်။ သူတို့ခေတ်က စွဲလမ်းခဲ့သော "ရွှေလည်တိုင်" ဖြစ်ပေမည်။

"ကျေးဇူးပဲ မလွမ်းမူရေ။ ဒီသီချင်းပဲ လာနားထောင်တာ၊ မြေးကို ကျူရှင်မှာ ဝင်ကြိုရဦးမယ်။ သွားပြီနော်"

"ဟုတ်ကဲ့ပါရှင့်"

လက်ဆွဲနှုတ်ဆက်ကြသည်။

"အားလပ်ခဲ့ရင် နက်ဖြန်လည်း ကြွခဲ့ကြပါဦးရှင့်"

"လာမယ်လေ၊ မြေးပို့ပြီး ဒီမှာ ဝင်နားထောင်၊ ပြီးတော့

ပြန်ကြို၊ လမ်းလည်းသင့်တော့ အတော်ပဲ”

“ဟုတ်ကဲ့၊ ကျွန်မရဲ့ အကြိုက်ဆုံး ရွှေလည်တိုင်သီချင်းကို စ,စချင်း အမြဲ တီးမှာပါရှင့်”

“သိတယ်လေ၊နက်ဖြန်လာခဲ့မယ်နော်၊ သွားပြီ မလွမ်းမူ”

“ဟုတ်ကဲ့ပါရှင့်၊ ကျေးဇူးပါရှင့်”

ထိုနှစ်ယောက် ထွက်သွားချိန်မှာ . . .

“ကျေးစေတမန် တီးပါကွယ်”

အသက်လေးဆယ်လောက်သာ ရှိကြသော်လည်း မြန်မာသံ စစ်စစ်ကို ချစ်ပုံရသောသူက တောင်းဆိုလိုက်သည်။

ကိုစိုးလတ်သည် သိပ်မမြင့်လှသော စန္ဒရားစင်ရှိရာသို့ ကပ်သွား၍ . . .

“မလွမ်းမူက ဒီသီချင်းကို အမြဲတီးတယ်နော်”

“ဟုတ်ကဲ့ရှင့်”

“ဘာဖြစ်လို့ တီးတာလဲ”

“ကျွန်မလည်းကြိုက်လို့၊ ပရိသတ်ကလည်း တောင်းဆိုလို့ပါရှင့်”

အမျိုးသမီး၏အသံက ခပ်ဝဲဝဲ။

“ကျွန်မ ဘာသီချင်းများ တီးရပါမလဲရှင်၊ ကျေးစေတမန်အပြီးမှာ တီးပြပါမယ်ရှင့်”

“ရပါတယ်။ ကျေးစေတမန်ပဲ နားထောင်ကြတာပေါ့”

ကိုစိုးလတ် အလိုက်သင့်ပြောရင်း အမျိုးသမီး၏ လက်ဝဲဘက် မျက်ခုံးကို စူးစူးစိုက်စိုက် ကြည့်သည်။ မိတ်ကပ်လိမ်းပြီး

မျက်ခုံးထူထူ ဆွဲထားသည့်ပြင် မီးရောင်ကလည်း မှိန်သဖြင့် ဘာမှ မမြင်သာ။

ဦးတောက်ထွန်းရဲ့ ခြံကြီးထဲမှာ တွေ့ခဲ့ရသော ဆယ့်နှစ်နှစ်သမီး နွေသဉ္ဇာရဲ့ မျက်ခုံးပေါ်မှ မှည့်ညိုညိုကို တကယ်မတွေ့ရတာလား။ ထူထဲသောအနက်ရောင်မျက်ခုံးမွေးဆွဲထားမှုကြောင့် ဖုံးအုပ်နေတာလား။

တွေဝေသော အတွေးစိတ်များဖြင့် သာယာငြိမ့်ညောင်းလှသော စန္ဒရားသံကို နားဆင်ရင်း . . .

"ဒီဟိုတယ်က ဘယ်သူပိုင်တာလဲ"

"အမျိုးသမီးတစ်ယောက် ပိုင်သလိုလို ကြားတာပဲ။ ဘယ်သူမှန်းတော့ မသိပါဘူး။ ဘာဖြစ်လို့ မေးတာလဲ"

"စိတ်ဝင်စားလို့"

"ဟာ၊ အစ်ကိုကလည်း စားသောက်ဆိုင်ပိုင်ရှင် ဆိုကတည်းက အသက်ကြီးကြီး၊ ဖက်တီးပုတ်မကြီး ဖြစ်ဖို့ ကိုးဆယ်ရာခိုင်နှုန်းပဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ။ ဒီလို လှပပြီး စွဲမက်ဖွယ်ကောင်းအောင် ဖန်တီးထားနိုင်တဲ့ နေရာလေးရဲ့ ပိုင်ရှင်ကို ချီးကျူးမိလို့ပါကွာ"

သူတို့ ဤအခန်းထဲမှာပင် စားသောက်ဖွယ်ရာများကို မှာယူစားသောက်လိုက်ကြသည်။

**R&R** အရှည်မှာ **Restaurant and Resort** ဟု အဓိပ္ပာယ်ရ၏။

"ဒီပိုင်ရှင်က အတော် စိတ်ကူးကောင်းတယ်နော်"

"ဘာဖြစ်လို့လဲ အစ်ကို"

"အေးအေးဆေးဆေး စန္ဒရားသံ နားထောင်ပြီး စားသောက်ချင်သူတွေအတွက် သီးသန့်တစ်ခန်း၊ မြူတူးတက်ကြွတဲ့ ပေါက်ကွဲသံစဉ်တွေ နားဆင်ဖို့က သီးသန့်၊ ကာရာအိုကေ ဆိုချင်သူ အတွက်က သီးခြား၊ အားလုံး အသံလုံ အခန်းတွေချည်းပဲ"

"ဟုတ်တယ်။ ဒါပေမယ့် ဒီအခန်းမှာ လူအနည်းဆုံးပဲ"

"ဂန္ထဝင်တေးဂီတနဲ့ လက်လှမ်းဝေးသွားကြပြီလေ။ ဒါပေမယ့် လူလတ်နဲ့ လူကြီးတွေအတွက်တော့ ကောင်းပါတယ်။ ဒါကြောင့် ပိုင်ရှင်ကို တွေ့ချင်တယ်"

"ပိုင်ရှင်ဘယ်သူလဲဆိုတော့ ကျွန်တော်မသိတာ အမှန်ပဲ အစ်ကို။ ဒါပေမယ့် ဘွားဘွားကြီး ခေါ်ခင်မျိုးထိုက်က ဘယ်သူ့ကိုမှ မပြောရဘူးဆိုတဲ့စကားကို ကျွန်တော်ပြောပြမယ်"

"ဟေ၊ ဘာများလဲကွာ"

ညီဘုန်းငယ်က အသံကို နှိမ့်လိုက်ပြီး . . .

"ကျွန်တော်အဘွား၊ ဒီဟိုတယ်မှာ ရှယ်ယာ တော်တော်များများ ထည့်ထားတယ်"

"ဟုတ်လား၊ ညီငယ်တို့အဘွားက အသက်ခြောက်ဆယ် တောင်ကျော်ပြီ၊ အာဂအဘွားကြီးနော်၊ စီးပွားရှာလည်းသိပ်တော်တယ်ဆို"

"ဟုတ်တယ်။ ပါးလိုက်တာလည်း လှစ်နေတာပဲ။ တစ်အိမ်

လုံးက သူ့ကို ကြောက်ရတယ်။ ကျွန်တော့်ကိုသာ သိပ်ချစ်လို့ အလိုလိုက်ထားတာ"

"အစ်ကိုသတိထားမိတယ်။ ညီဘုန်းငယ်ဆိုတဲ့ ညီငယ်ကိုသာ မျက်နှာသာပေးတာ။ နောင့်ကိုကျတော့ ဘာလို့ အလိုမလိုက်တာလဲ"

"အလို မလိုက်ရုံ မဟုတ်သေးဘူး၊ နှိမ်ထားတာ"

"ဟာ၊ သူ့မြေးကြီးပဲကွာ။ ဘာလို့ နှိမ်ထားရတာလဲ"

"ဘာလို့ဆိုတော့ အဲ၊ ဟို . . . မသိပါဘူး အစ်ကိုရာ"

သည်အကြောင်းအရာကိုဖြင့် ဖွင့်ပြော၍မဖြစ်သဖြင့် စကားရပ်လိုက်ခြင်းဖြစ်ကြောင်း သိသာလှသည်။

ဒီကောင်လေး အသက်နှစ်ဆယ်ပင် မပြည့်သေး၍ ဖုံးဖိလိမ်ညာခြင်း အတတ်ပညာများကို မကျွမ်းကျင်သေးရှာ။ လူဆိုသည်မှာအသက်ငယ်လေ၊အမှန်တရားနှင့်အတူနေတတ်ကြလေ၊ အသက်ကြီးလာသည်နှင့်အမျှ ဖုံးဖိသိုဝှက်တတ်ခြင်း၊ ကိုယ်ကျိုးအတွက် လိမ်ညာ ဖြားယောင်းသွေးဆောင်တတ်ခြင်း ဟူသော အတတ်ပညာများ ရှိလာတတ်ကြသည်။

နောင်ဘုန်းတည်ကို မွေးစားသားဟု ထင်ရလောက်အောင်လည်း မဖြစ်နိုင်ပါ။ ညီဘုန်းငယ်နှင့် "သူတို့ ညီအစ်ကိုတော်ကြသည်" ဟု မပြောဘဲနှင့် သိသာ၏။

"နောင်က ညီ့လောက် မလိမ္မာလို့ ဖြစ်မှာပေါ့ကွာ။ ဒါကြောင့် ကြီးကြီးထိုက်က ညီ့လောက် မချစ်တာ နေမှာပေါ့နော်"

"မမဦး ကပြောတော့ ညီကဆိုးတယ်။ နောင်က လိမ္မာ

တာတဲ့"

"ထားပါတော့ကွာ"

နောင်နှင့် ညီငယ်အကြောင်း ဘာမှ ဆက်မတွေး၊ ဆက်မဆွေးနွေးတော့ပါပဲနှင့် "မခင်ဦး" ဆိုသော မိန်းကလေး၏ညှိုးလျ အားငယ်သော အသွင်ကို ကိုစိုးလတ် မြင်ယောင်လာသည်။

"ဆွေမျိုးနီးစပ်ထဲက မွေးစားထားတာ"

ဟု သိရသော်လည်း မွေးစားသမီးဆိုသော အခွင့်အရေး ဘာမှ ရရှိပုံမပေါ်၊ အိမ်ဖော်မိန်းကလေးများထက်ပင် ပို၍ အလုပ်လုပ်ရရှာသော မိန်းကလေးတစ်ယောက်ဖြစ်လေသည်။

သူမ၏ ရင်ထဲမှ ဆွေးမြည့်နာကျင်နေသော ခံစားမှုကို သူမ၏ မျက်ဝန်းမှာ အမြဲ မြင်တွေ့နေခဲ့ရသည်။

အသားလေး အနည်းငယ်ညိုရုံမှ လွဲပြီး အပြစ်ဟူ၍ ထောက်ပြစရာ နေရာမရှိအောင် လှပညက်ပြေစွာ ချောမောလှသော "ခင်ဦး" ဆိုသည့် မိန်းကလေးဆီသို့ စိတ်က ပြန်ရောက်သွားချိန်မှာပင် . . .

စင်ပေါ်မှ စန္ဒရားလက်ခတ်သံရှင်က အောက်သို့ ဆင်းလာပြီးသုံးယောက်ထိုင်နေသော စားပွဲသို့သွားရောက်နှုတ်ဆက်သည်။

ယနေ့ညအဖို့ သူမ၏ စန္ဒရားလက်သံကဏ္ဍ ပြီးဆုံးသွားပြီမို့ အမျိုးသားကြီးတစ်ဦးနှင့် အမျိုးသမီးနှစ်ယောက် နှုတ်ဆက်ကာ ပြန်သွားကြသည်။ စန္ဒရားတီးသော အမျိုးသမီးက ကိုစိုးလတ်တို့ဘက် လှည့်ကာ . . .

"သုံးဆောင်ကြပါရှင့်။ လိုတာလည်းပြောပါ။ ဝိတ်တာ

(Waiter)လေးတွေ ရှိပါတယ်”

သည်မျှ ပြောဆိုပြီး စင်ဘေးရှိ တံခါးပေါက်မှ ထွက်ခွာသွားရန် သူမ ခြေလှမ်းနေဆဲမှာပင် . . .

“ဒီမှာ . . . ခဏဗျာ”

“ဩော် . . . ဟုတ်ကဲ့၊ အမိန့်ရှိပါရှင်”

“ညဘက်ပဲ တီးတယ်လား”

“ဟုတ်ကဲ့ရှင့်၊ ခုနစ်နာရီက ကိုးနာရီ အတွင်းပါ”

“အခု ကိုးနာရီ မထိုးသေးဘူးလေ”

“ကျွန်မရဲ့ တာဝန်ချိန်ပြည့်အောင် တီးပေးနိုင်ပါတယ်။ အဟဲ . . . ဒါပေမယ့် ညီညီ အိပ်ပျော်သွားမှာ စိုးလို့ပါရှင့်”

“အစ်မက အဆိုမှမပါတာ၊ အတီးချည်းပဲဆိုတော့ ဖီလင်မလာဘူးဗျ”

သူမ ပြုံး၍သာ နေသည်။

“ညဘက်ပဲ တီးမှာလား၊ နေ့လယ်စာ လာစားရင်ရောဗျာ”

“ဟုတ်ကဲ့ရှင့်၊ နေ့ခင်း တီးပေးဖို့ အစီအစဉ် မရှိပါဘူး”

“ရွှေလည်တိုင်သီချင်းရဲ့ တီးကွက်စန္ဒရားသံကို ကျွန်တော်က ထပ်ကြားချင်လို့ပါ”

“လူကြီးမင်း နားဆင်ချင်တယ်ဆိုရင် ကျွန်မ အခု တီးပြပါ့မယ်ရှင့်”

“ဟာ၊ နေပါစေတော့၊ အခု ရှစ်နာရီလေးဆယ့်ငါးမိနစ်တောင် ကျော်နေပြီ။ ကျွန်တော် နက်ဖြန် နေ့လယ်စာ စားရင်း

လာခဲ့မယ်လေ”

“နေ့လယ် တီးခတ်ဖို့တော့ အစီအစဉ် မရှိပါဘူးရှင့်၊ ဒါပေမယ့် လူကြီးမင်း ဆန္ဒရှိရင်တော့ မန်နေဂျာနဲ့ ဆွေးနွေး သွားပါရှင့်၊ မန်နေဂျာ ခွင့်ပြုရင် ကျွန်မ တီးပြပါ့မယ်”

“အင်း၊ ဒီလောက်အထိတော့လည်း မလိုပါဘူး”

ကိုစိုးလတ်က သူမ၏ မျက်နှာကို တည့်တည့်ကြည့်ပြီး မှည့်ကို ရှာသည်။ ဆယ့်နှစ်နှစ်ရွယ် ကောင်မလေး၏ မျက်နှာ နှင့် စိတ်ထဲမှ နှိုင်းယှဉ်နေမိသည်။ “မလွမ်းမူ” ဆိုသော အတီးရှင် ကမျက်လွှာအောက်ချလိုက်တော့မှ သူ စူးစိုက်စွာကြည့်နေမိသည် ကို အားနာစွာဖြင့် မျက်နှာလွှဲလိုက်ပြီးမှ . . .

“မလွမ်းမူ ရွှေလည်တိုင်သီချင်းကို ညတိုင်းတီးပါသလား”

“ဟုတ်ကဲ့ရှင့်”

“ဘာဖြစ်လို့လဲ”

“ရှင်”

“ဒီသီချင်းကို ညစဉ်ရွေးပြီး တီးတာ ဘာဖြစ်လို့လဲ၊ တစ်စုံ တစ်ခု အကြောင်းများ ရှိလို့လား”

“လူကြီးမင်းပြောတာ ကျွန်မ နားမလည်ဘူး”

“သြော် . . . ဒီလို အစ်မရာ၊ ဒီအစ်ကိုကလည်း ဒီသီချင်း ကို ကြိုက်တယ်။ အစ်ကို့ရည်းစားကြိုက်တဲ့ သီချင်းမို့”

“ဟာ၊ ဟော့ကောင်”

“နေစမ်းပါ အစ်ကိုရ။ အဲ . . . အဲဒါကြောင့် အစ်မကရော ဘာအကြောင်းကြောင့် ဒီသီချင်းကို ကြိုက်ရတာလဲလို့မေးတာဗျ၊

တောင်ပေါ်သူလို့ မပြောရဘူး မလွမ်းမူကလည်း ရိုးလိုက်တာ
လွန်ပါရောဗျာ"

"သြော် . . . အဲဒီလိုမျိုး မဟုတ်ပါဘူးရှင့်၊ ကျွန်မ ရည်းစား
လည်း မရှိဘူးရှင့်၊ ဒီရောက်ကတည်းက ရွှေလည်တိုင်သီချင်းကို
စပြီး တီးခိုင်းတာပဲ၊ အဲဒီလက်သံ နားထောင်ပြီးမှ အလုပ်ခန့်
တာပါ"

"ဘယ်သူက ခန့်တာလဲ"

"ပိုင်ရှင်သူဌေးက ဖြစ်မှာပါ"

"ပိုင်ရှင်က ဘယ်အရွယ်လောက် ရှိပြီလဲ"

"မသိပါဘူးရှင့်၊ ကျွန်မစကားပြောရတာ မန်နေဂျာနဲ့ပဲ
ပြောရတာပါ"

မလွမ်းမူ၏ မျက်နှာမှာ စိတ်ရှုပ်ထွေးရုံမက စိုးရိမ်ထိတ်
လန့်ခြင်းများပါဝင်လာကြောင်း မြင်တွေ့လိုက်ရသည်နှင့် . . .

"ဟာ၊ ဘာရယ်မဟုတ်ပါဘူး၊ ကျွန်တော်က အလွမ်းပြေ
ကို ဒီညမှ ရောက်ဖူးလို့ လျှောက်မေးနေမိတာပါ၊ နောက်နေ့
တွေလည်း ကျွန်တော် လာခဲ့ပါဦးမယ်။ အခုတော့ မလွမ်းမူ
သွားနိုင်ပါပြီ။ ကျေးဇူးပဲနော်"

"ဟုတ်ကဲ့ရှင့်၊ ကျေးဇူးတင်ပါတယ်။ ကျွန်မကို သွားခွင့်
ပြုပါဦးနော်"

"ကောင်းပါပြီဗျာ"

# ၂ ၂ ၂

ဆောင်းလရာသီ၏ တောင်ပေါ်ညကို နှင်းပွင့်နှင်းစက်တို့က လွှမ်းခြုံအုပ်မိုးထားသဖြင့် ခိုက်ခိုက်တုန်မျှ အေးစိမ့်နေသည်။

အလွမ်းပြေ အပန်းဖြေနေရာလေးမှ ကသစ်နီစံအိမ်သို့ ရောက်အောင် အတော်လေးကြာကြာ ကားမောင်းလာရသည်။ မြို့၏ အရှေ့ဘက်ထိပ်နှင့် အနောက်ဘက်ထိပ်မှာရှိကြ၍ သုံးမိုင် ကျော်ခန့် ဝေးသည်။ မြို့လေးက အေးငြိမ်း တိတ်ဆိတ်ပြီး ခြံဝင်းကျယ်ကြီးများနှင့် နေထိုင်ကြ၍ လူနေအိမ်ခြေနည်းသည်။

"ဩော် . . . အစ်ကို့ကို တစ်ခုပြောရဦးမယ်"

ကားမောင်းလာရင်း ညီဘုန်းငယ်ကပင် ဆက်၍ . . .

"ဒီ အလွမ်းပြေမှာ ဖွားဖွားကြီး ရှယ်ယာထည့်ထားတယ်လို့ ဘယ်သူကိုမှ မပြောနဲ့နော်"

"မပြောပါဘူး၊ စိတ်ချပါ၊ ဒါပေမယ့် အစုရှယ်ယာဝင်တာပဲကွာ၊ ဘာဖြစ်လို့ လူသိမခံချင်ရတာလဲ"

"မပြောတတ်ဘူး အစ်ကိုရ၊ အလွမ်းပြေကိစ္စသာ မကပါဘူး။ဖွားဖွားကြီးတို့က ဘာပဲလုပ်လုပ် လူမသိတာအကောင်း

ဆိုးတဲ့"

"အဲဒါ ဘာဖြစ်လို့တဲ့လဲ"

"အဲဒါတော့ ကျွန်တော်မသိဘူး အစ်ကို၊ ဖွားဖွားကြီးတို့ ရှယ်ယာရှင်တွေ အစည်းအဝေးလုပ်ရင် ကျွန်တော့်ကို အပြင်မှာပဲ နေခိုင်းတယ်။ အခန်းထဲ မဝင်ရဘူး"

"ဒီအလွမ်းပြေရဲ့ ရှယ်ယာရှင်ရောပါလား"

"ပါမယ်ထင်တယ်။ ဘယ်သူမှန်းတော့ ကျွန်တော်မသိဘူး။ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူးကွာ"

ညီဘုန်းငယ်က နှုတ်မလုံ၊ ပြောချင်ရာကို စွတ်ပြောတတ်သည့်ကောင်လေး။

ကိုစိုးလတ်အနေနှင့် သည့်ထက် ဆက်မေး၍မဖြစ်တော့ပါ။

သူ့ အဘွား ပိတ်ထားသည့်စကားကို ကိုစိုးလတ်အား လာပြောနေသဖြင့် ကိုစိုးလတ် စကားများလည်း သူ့အဘွားထံ ပြန်ရောက်မည်မှာသေချာ၍ နှုတ်ပိတ်နေလိုက်တာအကောင်းဆုံး။

လွန်ခဲ့သော ဆယ်နှစ်ကတည်းက ပျောက်ဆုံးသွားသည်ဆိုသော အသက် ဆယ့်နှစ်နှစ်အရွယ် နွေသဉ္ဇာနှင့် သူ၏ဖခင် သူဌေးကြီး ဦးတောက်ထွန်း . . .

နွေသဉ္ဇာအမြဲ တီးလေ့ရှိသော စန္ဒရားလက်သံ ရွှေလည်တိုင်သီချင်းကို အလွမ်းပြေမှာ ပြန်၍ ကြားခဲ့ရခြင်းနှင့် . . .

"သီးခြားစီလား၊ ဆက်စပ်မှု ရှိနေလား"

စောစောက တွေ့ခဲ့ရသော မလွမ်းမှုသည် အသက်နှစ်ဆယ်

ကျော်အရွယ်မို့ ဤသီချင်းကို နေ့စဉ် စန္ဒရား တီးခတ်သော
မလွှမ်းမှူ ဆိုသူသည် နွေသဉ္ဇာ ကိုယ်တိုင်များလား။

ဘာပဲဖြစ်ဖြစ် . . .

မလွှမ်းမှူကို နေ့ခင်းအလင်းရောင်အောက်တွင် ပြန်လည်
ဆုံတွေ့ခွင့်ရအောင် ကိုစိုးလတ် ကြိုးစားရပါဦးမည်။

ထိုနေ့ညက ကိုစိုးလတ်ကို ကသစ်နီသို့ ပြန်ပို့ပေးပြီးမှ
ညီဘုန်းငယ် နောက်တစ်ခေါက် အလွှမ်းပြေသို့ ပြန်ထွက်သွား
ကြောင်း ဘယ်သူမှ မသိလိုက်ကြပေ။

II II II

“မေမေ့ လခအားလုံး သား မယူချင်ဘူး။ ဘာမှလည်း
သုံးစရာ မရှိပါဘူး”

“ယောက်ျားလေးပဲ သားကြီးရယ်၊ သုံးစရာ မရှိတာတော့
ဘယ်ဟုတ်ပါ့မလဲ။ ဟိုကောင်ဆို ငွေကို ရေလို သုံးနေတာ။
သားလည်း သုံးပါနော်”

“မေမေ”

“ဘာလဲ သားကြီး”

“ဖွားဖွားကြီးဟာ ညီငယ်ကို သိပ်အမွှမ်းတင်ပြီး သားတို့
သားအမိကျတော့ ဘာဖြစ်လို့ ဘေးဖယ်ထားတာလဲဟင်”

သားကြီး နောင်ဘုန်းတည်ကို ကြင်နာစွာ စိုက်ကြည့်လိုက်
ပြီးမှ သက်ပြင်းကို တိတ်တိတ်ကလေးချကာ “ဒေါ်စိမ်းမြမြ”က
သား၏ ပခုံးကို ဖက်လျက် . . .

“အဘိုး အဘွားဆိုတာ ဘယ်မြေးကို ပိုတယ်။ ဘယ်မြေး
ကိုလျှော့တယ်လို့ ရွေးပြီး ချစ်တတ်ကြတာ ဓမ္မတာပဲ သား
ကြီးရယ်။ မိခင်ကသာ ညီမျှစွာ ချစ်တတ်ကြတာပါ။ အင်း . . .
ညီမျှစွာသာ ဆိုတာပါ။ ဘယ်မိဘမဆို သားဦးကိုတော့ ပိုကြ
တာချည်းပါပဲ။ မေမေက သားကြီးဘက်မှာ အမြဲရှိတယ်လေ”

"ဖေဖေကလည်း မထူးပါဘူးဗျာ"

"သားဖေဖေက အမြဲတမ်း တရားမျှတပါတယ် သားရယ်"

"ဟုတ်ပါတယ်၊ အဝတ်အစား၊ ကျောင်းလခ အားလုံး တူတူ ပေးပါတယ်။ ဒါပေမယ့် သွားရင်လာရင် သားဘယ် တုန်းက ပါရဖူးလို့လဲ"

"ဩော်၊ဒါကတော့ သားဖွားဖွားကြီးကသူချစ်တဲ့မြေးကိုပဲ ခေါ်ချင်လို့ သူတို့သုံးယောက် သွားကြတာပါ"

အလှူပွဲ၊ ဂုဏ်ပြုပွဲ၊ မင်္ဂလာပွဲက အစ သူတို့ချည်း သွား ကြပြီး သားက ကျန်ခဲ့ရတယ်"

"သားနဲ့အတူ မေမေလည်း အမြဲနေခဲ့တယ်လေ"

"ဖေဖေကိုက မတရားပါဘူးဗျာ"

"ကိုယ့်ဖခင်ကို ဒီလိုမပြောပါနဲ့ သားရယ်၊ ကိုကိုဟာ မေ မေတို့ သားတို့ရဲ့ ကျေးဇူးရှင်ပါ၊ သူ့အမေရဲ့ အရိပ် လွှမ်းနေ လွန်းလို့သာ မေမေတို့အပေါ် သိပ်ကြင်နာဟန် မပြရဲတာပါ"

"ဒီအဘွားကြီးရဲ့ စည်းမျဉ်းတွေ၊ ဩဇာတွေက လွန်ကို လွန်လွန်းပါတယ်ဗျာ"

"ဩော်၊ သားရယ် တခြားလူ မကြည့်နဲ့၊ သားရဲ့ ဘွား ဘွားလေးကိုပဲ ကြည့်၊ သူ့အစ်မကို အမြဲကြောက်နေရတာ"

ဒေါ်ခင်မျိုးသိုက်သည် သူ့အစ်မ ဒေါ်ခင်မျိုးထိုက်ကို လုံးဝမဆန့်ကျင်ဝံ့။ အမြဲလို ကြောက်ရွံ့အားငယ်နေရရှာသူ ဖြစ်သည်။

"မေမေ"

"ဟင်"

"ဘွားလေးသိုက်က မိဘပိုင်ပစ္စည်းတွေ တော်တော်များများယူပြီး သူ့ချစ်သူနောက် လိုက်ပြေးသွားတာဆို"

"ဟုတ်တယ်လေ"

"ယောကျ်ားက ဖဲသမားတဲ့၊ ပစ္စည်းတွေလည်း ဖြုန်း၊ သူ့ကိုလည်း နှိပ်စက်ပြီးမှ သေသွားတာဆို"

"ဟုတ်တယ် သားရဲ့၊ ဒီအိမ်ကြီးနဲ့ အနှစ်နှစ်ဆယ်ကျော်ခွဲသွားပြီးမှ ပြန်တက်လာရတော့ မျက်နှာငယ်ရှာတာပေါ့လေ၊ မေမေ သားအဖေနဲ့ အိမ်ထောင်မကျခင်ကတည်းက ဘွားလေးသိုက် ဒီအိမ် ပြန်ရောက်နေတာ၊ သူ့မှာ သားတစ်ယောက် ပါလာသေးတယ်"

"ဟုတ်လား၊ သားတို့နဲ့ ဦးလေးတော်မှာပေါ့နော်၊ ခုရော ဘယ်ရောက်သွားလဲ"

"တောခိုသွားသလိုလို၊ ထောင်ကျသွားသလိုလို ကြားတာပဲ၊ရှိတော့ရှိသေးတယ်၊ ဘယ်ရောက်နေမှန်းသာ မသိတာ"

"ဘွားလေးသိုက်ကရော ဘယ်ရောက်နေမှန်း မသိဘူးလား"

"သူတို့သားအမိချင်းတော့ အဆက်အသွယ် ရှိပုံရတယ်၊ ဖွားလေးသိုက်ဟာ အမြဲ လျှို့ဝှက်နေရသလိုပဲ"

"ဟုတ်တယ်နော် မေမေ၊ သူ့မျက်လုံးက ကြောင်စီစီနဲ့နော်"

"သနားပါတယ်"

"ကိုယ့်သားနဲ့ကိုယ် ဆက်သွယ်တာပဲဗျာ၊ အစ်မကို ဘာ
လို့ဒီလောက် ကြောက်စရာလိုလဲ"

"သူ့သားက မကောင်းဘူးတဲ့ သားရဲ့၊ ဒုစရိုက်သမားလို့
သားတို့ ဖွားဖွားကြီးပြောဆိုနေသံကြားဖူးတယ်၊ အိမ်က ပစ္စည်း
တွေလည်း ခိုးယူဖူးသတဲ့"

"ဩော် ဒါကြောင့် ဖွားဖွားကြီးကို ဘွားလေးသိုက်က
အမြဲကြောက်နေရတာကို"

"မေမေ"

"ဟင်"

"ဖေဖေကလည်း လုပ်ငန်းရှင်ပဲ၊ မေမေ့ရဲ့ အထက်တန်းပြ
ဆရာမ လစာကလည်း ရှိတာပဲ၊ သားတို့မိသားစု သီးခြားခွဲနေလို့
မရဘူးလားဟင်"

"မေမေ သိပ်နေချင်တာပေါ့ သားရယ်၊ ယောက္ခမ
မျက်နှာကြည့်ပြီး ကြက်သားဟင်း စားနေရမယ့်အစား ကိုယ့်
မိသားစု ကန်စွန်းရွက်ချဉ်ရည်ဟင်းနဲ့ စားပြီး ပျော်ပျော်ပါးပါး
နေချင်တာပေါ့ကွယ်"

"နေရအောင်လေ"

"မဖြစ်ဘူး၊ ဘယ်တော့မှ မဖြစ်နိုင်တော့ပါဘူး သားကြီး
ရယ် မေမေပြောပြီးပြီ၊ တောင်းပန်ပြီးပြီ၊သူ့အမေနဲ့ ခွဲလို့
မဖြစ်ဘူးတဲ့ ဒီမှာမနေနိုင်ဘူး ဆိုရင် သီးခြားနေဖို့ စီစဉ်ပေး
မယ် သူကတော့ ဒီအိမ်မှာပဲ နေခဲ့မယ်တဲ့လေ"

"ဖေဖေကလည်းဗျာ"

"အဲဒီလို ဇနီးအပေါ်မှာ မညှာတာတဲ့ ယောကျ်ားမျိုးကို မေမေစိတ်ကုန်တာကြာပါပြီ။ ဒါပေမယ့် ဒီသားလေးနှစ်ယောက် ချမ်းသာဖို့၊ ပညာတတ်ဖို့ အမွေရဖို့က ဒီ ကသစ်နီစံအိမ်ကြီး ထဲမှာနေမှ ဖြစ်မှာမို့ ကြိတ်မှိတ်နေရတာပါ သားကြီးရယ်"

"အမွေတော့ မမျှော်စမ်းပါနဲ့မေမေရာ၊ ဖွားဖွားကြီးက ညီငယ်ကိုပဲ အကုန်ပေးခဲ့မှာ သေချာပါတယ်"

"အဲဒီလိုမရဘူး သား၊ ခရစ်ယာန်ဘာသာဝင်မှ သေတမ်း စာရေးပြီး သူကြိုက်တဲ့သူကို ပေးခဲ့လို့ရမှာ"

"ဟုတ်လား"

"ဟုတ်တယ်၊ အခုနေ ဒေါ်ခင်မျိုးထိုက် သေရင် သူ့ရဲ့ တစ်ဦးတည်းသောသား၊သားတို့ရဲ့အဖေ "ဦးမောင်မောင်မြတ်ဦး" ပဲ အားလုံးရမှာ၊ အဲ၊ သူသေရင်လည်း သူ့သားနှစ်ယောက်ဖြစ် တဲ့သားတို့ အညီအမျှ ရကြမှာ"

"အဲဒါက ဘယ်ကာလထိတောင် ကြာမလဲလို့ မသိနိုင်တဲ့ ကိစ္စကြီးပါ မေမေရာ၊ အမွေလည်း မလိုချင်ဘူး။ စိတ်လည်း မညစ်ချင်ဘူး။ ကျွန်တော်တော့ ဒီအိမ်ကြီးနဲ့ ဝေးရာကိုပဲ ပြေး ချင်တယ်"

"သားရယ်၊ မေမေရင်ကွဲကျန်အောင် အဲဒီလိုတော့ ဘယ် တော့မှ မလုပ်ပါနဲ့နော်၊ ပြေးချင်းပြေးရင် တို့သားအမိနှစ်ယောက် အတူတူ ပြေးကြမယ်လေနော်။ ခုတော့ သည်းခံလိုက်ပါဦး သားရယ်၊ သားဘက်မှာ မေမေ အမြဲရှိပါတယ်နော်သား"

"အင်း၊ ဒီအိမ်ကြီးမှာ နေရတဲ့သူတွေ၊ ဖွားဖွားကြီးကို

မှီခိုနေရတဲ့သူတွေ ဘယ်သူမှ စိတ်မချမ်းသာကြပါဘူးဗျာ၊ ညီငယ်က လွဲရင်ပေါ့လေ”

မှန်ပေသည်။

ဒေါ်ခင်မျိုးထိုက်၏ ညီမ ဒေါ်ခင်မျိုးသိုက်ကလည်း သူ့အကြောင်းနှင့်သူ စိတ်ဆင်းရဲစွာ၊ မျက်နှာငယ်စွာ၊သူ့သားအတွက် လျှို့ဝှက်စွာ သည်အိမ်မှာ နေ့, နေရသည်။

ဖေဖေဆိုလျှင်လည်း နေ့ရော ညပါ၊ အလုပ်တွေပိပြီး အိမ်ပြန်ချိန်မှာ ပင်ပန်း နွမ်းလျနေရှာသည်။

မေမေနှင့် နောင်တို့သားအမိ နေထိုင်ရသည်မှာလည်း သိမ်ငယ်လှသည်။

အထူးသဖြင့် ဆွေမျိုးတော်သည် ဆိုသော “မမဦး” ၏ အဖြစ်က ပိုပြီး ရင်နာစရာ။

အိမ်ဖော်တွေ၊ ဒရိုင်ဘာတွေလည်း ဒီအဘွားကြီး၏ ဒဏ်ကိုမခံနိုင်၍ တစ်ယောက်ပြီးတစ်ယောက်ထွက်သွားကြ၍ ပြန်ခန့်လိုက်၊ ပြန်ထွက်လိုက်နှင့် ချာလပတ်လည်နေသည်။

ဒေါ်ခင်မျိုးထိုက်ဆိုသော မုဆိုးမ သူဌေးမကြီး၏ ကိုယ်ခန္ဓာသည်အသွေးအသား အကြောအရိုးဖြင့်ဖွဲ့စည်းထားဟန်မတူ။

လောဘများ၊ ဒေါသတရားများ၊ အာဃာတများ၊ မကျေနပ်နိုင်ခြင်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ရုပ်ခန္ဓာကြီးကို ဒေါ်ခင်မျိုးထိုက်ဟု ခေါ်သည်ဟုပင် နောင်ဘုန်းတည်က ကမ္ဘည်း ထိုးလိုက်ချင်သည်။

II II II

“မခင်ဦး ချက်ထားတဲ့ ဟင်းတွေက များလိုက်တာဗျာ။
သိပ်ပင်ပန်းနေမှာပေါ့”

“ကျွန်မ စေတနာနဲ့ ကျွန်မ ချက်ရတာ မဟုတ်ပါဘူး။
ဖွားဖွားကြီး ခိုင်းလို့ လုပ်ရတာပါ”

ဒေါသလည်းမရှိ၊ စေတနာလည်း မပါသော မျက်နှာ
နှင့် ခပ်တည်တည်ငြိမ်ငြိမ် ပြောပြီး သူ့အလုပ် သူလုပ်နေသော
ခင်ဦး။

ထမင်းဝိုင်းကို တစ်ချက်မှ လှည့်မကြည့်သော ခင်ဦးကို
ကိုစိုးလတ် အားရပါးရ လိုက်ကြည့်နေမိသည်။

ဘာခြယ်သမှုမှ မရှိဘဲ သဘာဝအလှတရားများအတိုင်း
ပီပီပြင်ပြင် မြင်နေရသော ခင်ဦး၏ မျက်နှာလေး။

ညိုညက်ချောပြေနေသော မျက်နှာသွယ်သွယ်ပေါ်မှာ မည်း
နက်နေသော မျက်ခုံး၊ ကော့စင်းနေသော မျက်တောင်များ
အောက်က ကြည်လဲ့နေသော မျက်ဝန်းဝိုင်းဝိုင်း ညို့ညို့လေး။

ထိပ်ဖျားချွန်နေသော နှာတံလေးက ပုံဖော်ထားသလို
ပေါ်လွင်၏။ နှုတ်ခမ်းပြည့်ပြည့် ထူထူအိအိအောက်က မေးချွန်း
ချွန်းလေး။

အသားမဖြူလှသော်လည်း မျက်နှာပြင်မှာ မှဲ့တစ်ပေါက်မရှိ၊ ဝက်ခြံရာ မတွေ့၊ ချောပြေနူညက်နေသော မျက်နှာလေးကကြည့်၍ မဝ နိုင်အောင် လှလွန်းသလောက် သူမ၏ မျက်ဝန်းဝိုင်းဝိုင်းလေးမှာ မျက်ရည်ကြည်များ အမြဲဝေ့လည်နေပြီး ညှိုးမှိန်ကြေကွဲနေသည်။ ဘယ်သောအခါမှ မပြုံးမရယ်သော သူမ၏မျက်နှာလေးကြောင့် သူမ၏ ရင်တွင်းမှ ဆွေးမြည့်နာကျင်မှု ထုထည်၏ တစ်စိတ်တစ်ဒေသကို ဖော်ပြနေကြောင်း ကိုစိုးလတ်သိ၏။

"အဲဒီဟင်းချိုက ဘာခေါ်လဲဟင်"

"စွန်ထန်"

"အဲဒီ အရွက်ကြော်ကရော"

"ဂေါ်ရခါးညွန့်"

ထမင်းစားပွဲအနီးက ခုံပေါ်တွင် လိမ္မော်သီးများ အခွံနွှာနေရာမှ ကိုစိုးလတ် မေးသမျှ ခင်ဦးက တစ်လုံးချင်းသာ ဖြေသည်။

"မခင်ဦး လက်ရာ တကယ် ကောင်းတာ၊ စွန်ထန်ဟင်းရည် ချဉ်ချဉ်စပ်စပ်ပူပူလေး သောက်ပြီး ကြက်သားကုန်းဘောင်ကြီးကြော်စားရတာ ဟိုတယ်မှာထက်တောင် ပိုကောင်းတယ်ဗျာ"

ခင်ဦး မျက်လွှာတစ်ချက် ပင့်ကြည့်ချိန်မှာ အကြည့်ချင်းဆုံ၏။

ဤကသစ်နီစံအိမ်သို့ လာရောက်ကြသော ဧည့်သည်တော်များစွာထဲမှာ ဤသူတစ်ဦးတည်းသာ ခင်ဦးကို စကားပြောကာ

ခင်ဦးလက်ရာကို ချီးကျူးဖူးသည်။

လိမ္မော်သီးပန်းကန် လာချပေးချိန်မှာ ခင်ဦး မျက်လွှာချ
ထား၏။ ပြီးတော့ မီးဖိုဘက်သို့ ဝင်ကာ ပျောက်ကွယ်သွားတော့
သည်။

"အစ်ကို စိုးလတ်က မမခင်ဦးကို သဘောကျလို့လား"

"ဟာ၊ ညီကလည်း မဟုတ်တာကွာ . . . မင်းနဲ့"

"မသိပါဘူး၊ စကားတွေ အတင်းလိုက်ပြောနေလို့"

"ဩော်၊ ဒါကတော့ ညီရာ၊ သူချက်ကျွေးတဲ့ သူ့လက်ရာ
စားရလို့ ကျေးဇူးတုံ့ပြန်တဲ့ အနေနဲ့ပါ"

"အစ်ကိုစိုးလတ် ကျေးဇူးတင်ချင်တယ်ဆိုရင် တကယ်
ထမင်းကျွေးတဲ့ ဖွားဖွားကြီးကို တင်သင့်တာပေါ့နော်၊ ဟုတ်
တယ် မဟုတ်လား နော်င်"

"မဟုတ်ဘူးကွ"

"ဘာလို့ မဟုတ်ရမှာလဲ၊ ထမင်းဟင်းချက်ဖို့ မမဦးကို
ဖွားဖွားက ငှားထားတာ"

"ဘာ ငှားထားတာလဲ၊ ငှားထားတာဆိုရင် လစာပေးရမှာ
ပေါ့။ ခုတော့ မမဦးက သက်သက် . . . "

"ကျွန်ခံနေတယ်လို့ ပြောမလို့လား"

"ညီနော်၊ ငါ မင်းကို"

"ဟာ . . . ဟာ၊ ဟော့ကောင်တွေ တော်ကြပါတော့ကွာ။
အစ်ကိုတောင်းပန်ပါတယ်။ အစ်ကိုက ဩ့သည်ပါ။ အစ်ကို့
ကြောင့် ညီအစ်ကိုချင်း ရန်ဖြစ်ရင် အစ်ကို ဘယ်ကောင်းပါ့

မလဲကွ”

“တော်ပြီဗျာ”

ညီဘုန်းငယ်က ခက်ရင်းနှင့်ဇွန်းကို ပန်းကန်ပြားပေါ် ပစ်ချပြီး ထ ထွက်သွားတော့သည်။

နောင်ဘုန်းတည်လည်း ပန်းကန်ထဲမှ ထမင်းများ မကုန်မီ စားသောက်ခြင်းကို ရပ်တန့်ပစ်လိုက်၍ . . .

“ဒုက္ခပါပဲကွာ။ အစ်ကို မခင်ဦးကို သွားပြီး စကားတွေ ပြောမိလို့”

“မဟုတ်ပါဘူး အစ်ကို၊ ဒီကောင်က သူ့အဘွား စရိုက်သွင်း ထားလို့ သိပ် ဘဝင်မြင့်ပြီး သွေးက နားထင်ရောက်နေတာ၊ အထူးသဖြင့် မမဦးအပေါ်မှာ အမြဲနှိမ်ပြီး စကားပြောတာ”

“ဒေါ်ခင်မျိုးထိုက်ကရော မခင်ဦးကို နှိမ်ထားသလား”

“နှိမ်ရုံ ဘယ်ကမလဲ အစ်ကိုရာ၊ မမဦး အလုပ်တွေသေ အောင်လုပ်ရလည်း ဘယ်တော့မှ အကောင်းမပြောဘူး။ မမဦးနဲ့ စကားပြောရင် မျက်နှာကြီးက ဘီလူးမကြီး ကျနေတာပဲ”

“ဟင်”

“မမဦးကလည်း ဘယ်ဝဋ်ကြွေးကြောင့် ဒီအိမ်ရောက်နေ ရတာလဲ မသိပါဘူးဗျာ။ သိပ်သနားစရာ ကောင်းတာပဲ”

နောင်ဘုန်းတည်နှင့်အတူ ကိုစိုးလတ်ပါ ရင်ထဲ နင့်သွား အောင် ခံစားလိုက်ရသည်။

“အေးကွာ၊ လူတစ်ယောက်၊ အထူးသဖြင့် မိန်းကလေး တစ်ယောက်ရဲ့ စိတ်ရော၊ ကိုယ်ခန္ဓာရော၊ ဘဝတစ်ခုလုံးရဲ့

လွတ်မြောက်မှုကိုပါ ချုပ်နှောင် ပိတ်ဆို့ထားတာကတော့ လူသားချင်း စာနာစိတ် ကင်းမဲ့လွန်းတယ်လို့ အစ်ကိုထင်တယ်။ လူသား တိုင်းမှာ ကိုယ်ပိုင်လွတ်လပ်ခွင့်တော့ ရှိရမှာပေါ့"

ထမင်းစားဝိုင်းဆီမှ မိမိနှင့် ပတ်သက်သော ညီ၏ တင်းမာမှု၊ နှောင်၏ ခံပြင်းမှုများနှင့် ကိုစိုးလတ်ဆိုသူ၏ . . .

"ဘဝတစ်ခုလုံးရဲ့ လွတ်မြောက်မှုကိုပါ ချုပ်နှောင်ပိတ်ဆို့ထားတာကတော့ လူသားချင်း စာနာစိတ်ကင်းမဲ့လွန်းတယ်" ဆိုသော ဧည့်သည်၏ စကားများက ခင်ဦး၏ အမှောင်ကမ္ဘာအတွင်းမှ အလင်းရောင်လေး တစ်စက္ကန့်မျှ မြင်လိုက်ရသလိုပါပြီးတော့ . . .

"လူသားတိုင်းမှာ ကိုယ်ပိုင် လွတ်ခွင့်တော့ ရှိရမှာပေါ့" တဲ့။

ခင်ဦး တစ်ခါမှ မကြားဖူးသေးသော စကား၊ တစ်ခါမှ မတွေးမိသေးသော ထွက်ပေါက်တစ်ခု။

"ကိုယ်ပိုင်လွတ်လပ်ခွင့်"

ဟုတ်ပါရဲ့။ ခင်ဦးမှာ ကိုယ်ပိုင်လွတ်လပ်ခွင့်ဆိုလို့ နောက်ဖေးချောင်က အခန်းကျဉ်းလေးထဲမှာ အိပ်စက်ရသော ညအချိန်မှ လွဲလျှင် မိုးလင်းက မိုးချုပ်အထိ . . .

"ခင်ဦး ဒါချက်လိုက်"

"ခင်ဦး ဒါ လုပ်လိုက်"

"ဧည့်သည် လာတယ်။ ကော်ဖီဖျော်ပြီး သွားပို့"

"ခြံထဲ ဆင်းပြီး ရှင်းစမ်း"

"မီးဖိုခန်းဆေး"

"အိမ်ရှေ့ကြမ်းတိုက်"

တစ်ခါတစ်ရံမျှား မိန်းကလေးတန်မဲ့ သူတို့စီးသော ကား ကြီးကိုပါ ရေဆေးရ ပြောင်အောင် သုတ်ပေးရသေးသည်။

ဘယ်မှာလဲ ကိုယ်ပိုင်လွတ်လပ်ခွင့်။

လူသားတစ်ယောက် အတွက် တစ်နေ့ကို အနည်းဆုံး နှစ်နာရီလောက်ဖြစ်ဖြစ်တော့ ကိုယ်ပိုင်လွတ်လပ်ခွင့် ရှိသင့်တာ ပေါ့။

ခင်ဦး ဝတ္ထုဖတ်ချင် ဖတ်မယ်။

ဈေးသွားပြီး အကျီစ ဝယ်ချင်ဝယ်မည်။

ဘာတာဝန်မှ မရှိ။ ဘယ်သူကမှ ခေါ်ခိုင်းခွင့် မရှိသော ကိုယ်ပိုင် လွတ်လပ်ခွင့်အရ အိပ်ရာထဲ လှဲချင်လှဲနေမည်။ အိပ် ချင် အိပ်လိုက်မည်။

"ငါ အဲဒီလို လွတ်လပ်ရေးရဖို့အတွက် ကိုစိုးလတ် ဆိုတဲ့ ဒေ့်သည့်က ငါဘက်က တိုက်ပေးမှာလား"

"အိုကွယ်၊ နောင်က လွှဲပြီး . . ."

"ဒီအိမ်မှာ ငါ့အတွက် ဘယ်သူကမှ စဉ်းစားမပေးတဲ့၊ စာနာမပေးတဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ဆိုတဲ့ မက်မောဖွယ် မျှော် လင့်ချက် တစ်ခုကို ရသင့်တယ်လို့ စာနာ နားလည်ပေးတဲ့ ကိုစိုးလတ်ဆိုတဲ့သူရယ် . . ."

ခင်ဦးသည် ဤအိမ်သို့ ဧည့်သည်မြောက်မြားစွာ လာသော် လည်း ဘယ်ဧည့်သည်မှ မျက်နှာကို မော်၍ မကြည့်ဖူးခဲ့ပါ။

"ကိုယ်နှင့် လုံးဝ မသက်ဆိုင်ပါ"

ဆိုသော အသိဖြင့် ဘယ်သူနှင့်မှ စကားမပြောဖူးခဲ့။

ယခုဖြင့်

"ကိုစိုးလတ်ဆိုတဲ့ လူတစ်ယောက် ရောက်ရှိလာခြင်းဟာ ငါ့အတွက် . . .

အလင်းရောင်ပေးနိုင်သူလား . . .

စွမ်းအားပေးနိုင်သူလား . . .

ဒါမှမဟုတ်

မှောင်ကြီးကျနေတဲ့ ငါ့ဘဝရဲ့ တံခါးတစ်ချပ်ကို ဖွင့်လှစ်ပြီး လောကကြီးနဲ့ ဆက်သွယ်ပေးနိုင်မယ့်သူများလားကွယ်"

II II II

ခင်သစ္စာသည် အလွမ်းပြေ အပန်းဖြေရိပ်သာ၏ စားသောက်ခန်းမကြီးထဲမှ ထောင့်ဆုံးစားပွဲတွင် ထိုင်ပြီးကော်ဖီသောက်လိုက်၊ စီးကရက် ဖွာလိုက်ဖြင့် ထိုင်နေရသည်ကို စိတ်မရှည်ချင်တော့။

စီးကရက်သုံးလိပ် ကုန်ပြီ။

လက်မှ နာရီကို ကြည့်လိုက်သည့်အခါမှာ ချိန်းဆိုထားသော နေ့လယ် ဆယ့်နှစ်နာရီတိတိထက် နာရီဝက်ကျော်လွန်နေပြီ။

နောက်ထပ် ဆယ့်ငါးမိနစ် ထပ်စောင့်မည်။ ဤအချိန်ထက် ကျော်သွားလို့မှ မလာလို့ကတော့ ခင်သစ္စာတို့က တ့တ့ ဘိုင့်ဘိုင်ပဲ။

သူ့ထိုက်နဲ့ သူ့ကံပဲ။

သူ့ပြဿနာ သူရှင်း။

သူ့ပြစ်ဒဏ် သူခံပဲပေါ့။

ကာကွယ်ပေးထားသော ကန့်လန့်ကာကြီးကို သူ ဆွဲယူဖွင့်လှစ်လိုက်ရုံပဲပေါ့။

စောင့်ဆိုင်းရခြင်းကြောင့် စိတ်ရှည်သည်းခံချင်သောစိတ်များ၊ တစ်စတစ်စ ပါးလျားလာခဲ့ရာမှ ဒေါသများ၊ အငြိုးအတေးများ စတင် ဖြစ်ထွန်းလာပြီးနောက်မှာ . . .

ခင်သစ္စာမျှော်လင့်နေသော သူက အတက်ချိုကွေ့စ် အနက်ရောင်ကြီးကိုဆွဲပြီး ခန်းမထဲသို့ အမြန်နှုန်းဖြင့် ပြေးမတတ်ဝင်ရောက်လာခဲ့ပါသည်။

နေ့လယ် နေ့ခင်းမို့ ခန်းမထဲတွင် လူရှင်းနေသည်။ သူဝင်လာလာချင်း ထောင့်ဆုံးစားပွဲတွင် ထိုင်နေသော ခင်သစ္စာကို သူ မြင်သည်။

"ဘယ်လိုလဲ၊ မိနစ်လေးဆယ်တိတိတောင် နောက်ကျပါလား။ ခင်သစ္စာတို့က အားနေတဲ့ မိန်းမစားမျိုး မဟုတ်ဘူးနော်။ စက္ကန့်တိုင်း ငွေဝင်အောင်ရှာနိုင်တဲ့ မိန်းမဆိုတာ သိတယ်မဟုတ်လား"

"သိပါတယ် ခင်ရယ်။ ဒီဘက်မှာလည်း ဘာတွေ ပြဿနာဖြစ်ခဲ့တယ် ဆိုတာလည်း ပြောပါရစေဦး"

"သိပါတယ်။ အစ်ကိုကြီးရဲ့ မေမေက သူ ရဖို့ဆိုရင် အဆင်ကိုချောလို့၊ သူ ပေးရဖို့ဆိုရင် ဟိုအကြောင်းပြ ဒီအကြောင်းပြ၊ ပြဿနာတွေ တက်ပြန်နဲ့၊ ဟင်း . . ."

"ဒီတစ်ခါ ပြဿနာတက်တာက မေမေ မဟုတ်ဘူး။ ကိုယ်ကိုယ်တိုင် တက်တာ ခင်သစ္စာ"

"ဘာတက်တာလဲ၊ ပြောစမ်းပါဦး"

"ကိုယ်တို့အိမ်မှာ မြို့ကြီးက ဧည့်သည်တစ်ယောက် ရောက်နေတယ်။ ဥပဒေပညာရှင်တဲ့၊ စိုးလတ်တဲ့"

"အဲဒါဘာဖြစ်လဲ။ ဘယ်ဥပဒေနဲ့မှ ခင်သစ္စာတို့ကို ချည်လို့မရဘူးနော်၊ သန့်သန့်လေး သိရဲ့လား"

"ခင့်ကို မဟုတ်ပါဘူး။ အစ်ကိုကြီးတို့ကိုလည်း သူ ချည်လို့မရပါဘူး။ ဒီနေ့မနက်ကတည်းက သွားလေရာ လိုက်ပြီး ဟိုမေး ဒီမေး လုပ်နေတော့ ခွာလို့ကို မရဘူး။ မေမေ ကိုယ်တိုင်က ဒီဇည့်သည်ကို အရေးလုပ်နေတာ၊ မောင်စိုးလတ် လိုအပ်တာ ကူညီလိုက်ပါလို့ အမိန့်ချလို့ ခက်နေတာပေါ့"

"အန်တီထိုက်က ဒီနေ့ ခင့်ကို ပေးရမယ်ဆိုတာ မသိဘူးတဲ့လား"

"သိလို့ မနေ့ကတည်းက ဘဏ်က ငွေထုတ်ထားပြီးပါပြီ၊ ဒီမှာ အဆင့်သင့်ပဲ"

ဦးမောင်မောင်မြတ်ဦးက ခင်သစ္စာ၏ ရှေ့မှ စားပွဲပေါ် သူ့အိတ်ပြားကြီးကို တင်လိုက်ပြီး 'ထောက်' ဆိုသော မြည်သံနှင့် အတူ အိတ်က ပွင့်သွား၏။

ငါးရာတန် ဘဏ်အုပ် ဆယ်အုပ်တိတိ ခင်သစ္စာ၏ရှေ့မှာ ချပေးပြီး ခင်သစ္စာက တစ်အုပ်ချင်း ကောက်ယူကာ သူ့စလင်းဘက်ကြီးထဲ ထည့်ပြီး ဇစ်ကို ဆွဲပိတ်လိုက်သည်။

အားလုံးပေါင်း ငါးသိန်း တိတိ။

"ကဲ အစ်ကိုကြီး ဘာစားမလဲ။ ခင်လည်း ဘာမှ မစားရသေးဘူး။ အစ်ကိုကြီး လာမှ အတူတူစားမလို့ တမင်စောင့်နေတာ"

စောင့်ဆိုင်းနေရချိန်က ပုပ်သိုးနေသော မျက်နှာနှင့် ခြားနားစွာ ခင်သစ္စာတို့ ပြုံးပျော်ရွှင်ပျလို့ နေပါလား။

"ဦးမောင်မောင်မြတ်ဦး" က အချိန်သိပ်မရ၍ လွယ်လွယ်ရ

သော ထမင်းကြော်နှစ်ပွဲနှင့် ဘဲပေါင်း ကြံမဆိုင်ဟင်းချိုသာ မှာလိုက်ပြီး စားဖြစ်ကြလေသည်။

"ဘယ်လိုလဲ အစ်ကိုကြီးရဲ့။ ခင်နဲ့ တွေ့တဲ့ မျက်နှာကလည်း ပုပ်ပုပ်ကြီးပါလား"

"မဟုတ်ပါဘူး၊ စိတ်ညစ်လာလို့ပါ"

"အဘွားကြီးက ဘာပြဿနာ ရှာလို့လဲ"

"ပြဿနာကို ကိုယ်က ရှာတာမဟုတ်ဘူး။ ကိုယ့်ဆီ ရောက်လာတာ"

"ဘာလဲ"

"စိုးလတ်ဆိုတဲ့ကောင် ရောက်လာလို့ပါဆိုမှပဲကွာ။ မေမေက ဒီကောင့်ကို ဘာကြောင့်များ အရေးတယူ ဆက်ဆံနေတာလည်း မသိပါဘူး။ ပြီးတော့ ပရောဂျက် တစ်ခုအတွက် ရောက်လာတာမို့ ခပ်ကြာကြာ နေဦးမှာတဲ့လေ"

"ဒါနဲ့ သူက ဥပဒေပညာရှင်ဆို၊ ပရောဂျက်နဲ့ ဘာဆိုင်လဲ"

"သူ့ရဲ့ကုမ္ပဏီက လုပ်တဲ့ သီးနှံစည်သွပ်စက်ရုံ ဆောက်တာကို လာပြီး ကြီးကြပ်ရတာတဲ့"

"ဥပဒေသမားနဲ့ ကန်ထရိုက်ကိစ္စ၊ အင်ဂျင်နီယာကိစ္စ ဘာဆိုင်လဲ"

"ဥပဒေသမားနဲ့ စည်သွပ်ဗူးစက်ရုံ ဆောက်တာတော့ တခြားစီပေါ့၊ ဒါပေမယ့် သူ့ရဲ့ဘော့စ်က ဦးယုဆိုင်၊ ဒီကိစ္စကို ကိုစိုးလတ် တာဝန်ယူ ကြီးကြပ်ဖို့ လွှတ်လိုက်တာတဲ့"

"အင်း၊ မြေဒူးရွာသွားတဲ့ဘက်မှာ နာနတ်စိုက်ခင်းတွေ

အများကြီးရှိတော့ အဲဒီမှာ နာနတ်စည်သွပ်ဗူးစက်ရုံလာတည်
မယ်လို့ ပြောနေသံကြားတာ ကြာပြီ။ ခုတော့ အစ်ကိုကြီးတို့နဲ့
ပတ်သက်နေတာကို”

“မေမေပါကွာ။ မေမေက မြို့ကြီးက ဦးယုဆိုင်တို့ဆိုရင်
တအားလေးစားတာ၊ စီးပွားဘက်ချင်းလည်း ဖြစ်တယ်လေ။
ဒါကြောင့် ကိုစိုးလတ်ဆိုတဲ့ ပုဂ္ဂိုလ်လေးကို တလေးတစား ဧည့်ခံ
အရေးပေးနေတာ”

“သူ့အတွက် အကျိုးမရှိဘဲ ဒေါ်ခင်မျိုးထိုက်က ဘာမှမလုပ်
ပါဘူး။ ဒီ ကိုစိုးလတ်ဆိုသူကို ဒီလောက် အရေးပေးနေတာဟာ
သူ့အတွက် အကျိုးတစ်စုံတစ်ရာ ရှိကိုရှိလို့နေမှာပါ”

“ဘာဖြစ်လို့လဲ”

“သူ့ ကြည့်ရတာ အမြဲမျက်စိဖွင့် နားစွင့်ထားသလိုပဲ
အရာရာကို သိချင်ပုံရတယ်။ ယောကျာ်းလေးတန်မဲ့ စပ်စုလွန်း
တယ်ကွာ”

“အစ်ကိုကြီး”

“အင်း”

“ဒီအတိုင်းဆို ဒီလူ ရိုးရိုးသားသား ရောက်လာတာမှ
ဟုတ်ရဲ့လား။ ဟိုကိစ္စကို သူများ သိချင်လို့လား”

“အင်း၊ စဉ်းစားစရာပဲ”

“ဦးယုဆိုင်က လွှတ်လိုက်တယ် ဆိုတာရော အဲဒီလူမှ

တကယ်မှ ဟုတ်ရဲ့လား၊ ရုပ်ရှင်ထဲကလို လူချင်းလဲပြီး ရောက်လာတာမျိုးလား”

“အင်း . . . ဒီလိုတော့လည်း မဖြစ်နိုင်ပါဘူး။ ဦးယုဆိုင်ကိုယ်တိုင် ဖုန်းဆက်၊ စာရေးပြီး လွှတ်လိုက်ရုံ မဟုတ်ဘူး။ ပြီးခဲ့တဲ့အပတ်က ဦးယုဆိုင်ကိုယ်တိုင် လေယာဉ်နဲ့ရောက်လာပြီး သူတို့ချင်း အိမ်မှာပဲ မေမေနဲ့အတူ ဆွေးနွေးကြတာကိုယ့်မျက်စိနဲ့ အမြင်ပဲ”

“ဒါဆိုလည်း အစ်ကိုကြီးကိုယ်တိုင်က ကိုယ့်ကိစ္စကိုယ် မလုံလို့ တခြားလူတွေကို သံသယဖြစ်နေတာနေမှာပါ”

“ဘာမှ မလုံစရာ မရှိဘူး။ ခင်နဲ့ တိတ်တိတ်လက်ထပ်ပြီး မကြာခဏ အတူနေတာကလွဲပြီး ကိုယ်တခြား ဘာမှ မဟုတ်တာ မလုပ်ဘူး”

“အစ်ကိုကြီး မလုပ်ပေမယ့် အစ်ကိုကြီးရဲ့ မေမေက ငွေရမယ်ဆိုရင် လုပ်သင့်တာရော၊ မလုပ်သင့်တာရော အကုန်လုပ်တတ်တာ အစ်ကိုကြီးလည်း အသိ ခင်လည်း အသိပဲလေ”

“ထားပါတော့ကွာ။ ထမင်းတစ်နပ် ဖြောင့်ဖြောင့် စားစမ်းပါရစေ”

“စားပြီးရင်”

“ခင်တို့အိမ် လိုက်ခဲ့မယ်လေ”

“အိမ်မလိုက်ခဲ့နဲ့။ ညီမလေး ပြန်ပြီး နေမကောင်းလို့ မေမေတို့ အလုပ်ရှုပ်နေကြတယ်”

“ခင့်ညီမလေးကလည်း အမြဲ နေမကောင်းနေတာပဲ”

"ဪ၊ ဒါကတော့ သူက မွေးကတည်းက ရောဂါသည်ကိုရှင်"

"မွေးကတည်းကတော့ မဟုတ်ပါဘူးကွာ"

"အစ်ကိုကြီးကလည်း သိရဲ့သားနဲ့၊ သူ့ရောဂါက ခုမှ ပိုပိုဆိုးလာတာ"

"ကဲပါ၊ အိမ်မလိုက်ရဘူး ဆိုလည်း ဒီအလွမ်းပြေမှာပဲ အခန်းတစ်ခန်းယူပြီး အစ်ကိုကြီး အနားယူချင်တယ်ကွယ်"

"ကောင်းသားပဲ"

"ဟိုမှာ မလွမ်းမူ မဟုတ်လား။ ဘယ်က ပြန်လာတာလဲ မသိဘူး။ ပြင်ထားတာ ကျော့လို့"

ဤခန်းမထဲမှ ဖြတ်ပြီး ဤအလွမ်းပြေရိပ်သာ အဆောက်အဦကြီးအတွင်းမှ သူ့အတွက် အခန်းငယ်လေး ပေးထားရာသို့ အသွားမှာ . . .

"ဟော . . . ဦးမောင်မောင်မြတ်ဦးနဲ့ ခင်သစ္စာတို့ပါလား။ နေကောင်းကြတယ်နော်"

"ကောင်းပါတယ်။ ဘယ်က ပြန်လာလဲ မလွမ်းမူ"

"ဈေး ခဏသွားတာရှင့်၊ လမ်းမှာ ညီဘုန်းငယ်နဲ့ ကိုစိုးလတ်တို့ ကားကြုံတာနဲ့ လိုက်ပို့ပါတယ်ရှင့်"

သူ့သားငယ်နှင့် ကိုစိုးလတ်တို့ တတွဲတွဲဖြစ်နေသည်ကိုလည်း ဦးမောင်မောင်မြတ်ဦး သဘောမကျလှသော်လည်း မပြောသာ၍ ကြည့်နေရုံသာ။

"ဆောင်းဆည်းဆာ နေကောင်းလားရှင့်"

"သူကတော့ ဒီလိုပါပဲကွယ်"

"ဘာလိုသေးလဲရှင့်"

"မလိုပါဘူး"

"ကျွန်မရဲ့အခန်းကို ပြန်တော့မယ်ရှင့်"

"ကောင်းပြီ၊ မလွမ်းမူ၊ သွား . . . သွား"

သူတို့ နှစ်ယောက်လည်း နေရာမှ ထ၍ အဆောင်များရှိရာဘက်သို့ ထွက်ခဲ့ကြသည်။

ထင်းရှူးပင် ပုပုဝိုင်းဝိုင်းလေး၏ ဘေးမှာ ခင်းထားသောကုလားထိုင်နှင့် စားပွဲရှိရာမှာ ထိုင်နေကြသော ညီဘုန်းငယ်နှင့်ကိုစိုးလတ်။ ထင်းရှူးပင် ကွယ်နေ၍ သူတို့ သူတို့ချင်း မမြင်တွေ့လိုက်ကြပေ။

သို့သော် မျက်စိလျင်သော ကိုစိုးလတ်က . . .

"ဟိုမှာ ညီငယ့်အဘိုးကြီး မဟုတ်လား။ ဘေးက ဘယ်သူလဲ"

"ခင်သစ္စာတဲ့၊ ဖေဖေ့မိတ်ဆွေပါ"

မိတ်ဆွေအဆင့်မဟုတ်မှန်း သိသာလှသော်လည်း ညီ ရှက်သွားမှာစိုး၍ ဘာမှ မပြောဖြစ်လိုက်ပါ။ ကိုစိုးလတ်က ခင်သစ္စာဆိုသော မိန်းမကိုလည်း မြင်ခွင့်ရနိုင်သမျှ မြင်ရအောင် လိုက်ကြည့်နေမိသည်။

ကားပေါ်မှာလည်း မလွမ်းမူ၏ မျက်နှာကို သူအသေအချာကြည့်ခဲ့ပြီးပြီ။

ဝဲဘက်မျက်ခုံးတွင်းမှ မှည့်ညိုကြီးတစ်လုံးရှိသော မိန်းမတစ်

ယောက်ကို သူ အသေအလဲ ရှာဖွေနေသဖြင့် မိန်းမခပ်ငယ်ငယ် နှစ်ဆယ်ကျော်အရွယ် တွေ့လေတိုင်း . . .

"နွေသဥ္ဇာများလား"

ဆိုသော မျှော်လင့်ချက်ဖြင့် မဲ့ညိုရှာဖွေရင်း အားရပါးရ လိုက်ကြည့်မိသဖြင့် မျက်စောင်းဒဏ်ခံရပေါင်းတော့ များခဲ့ပြီ။ ဘယ်တော့ ပါးရိုက်ခံရမလဲသာ မသိ။

"အဲဒီခင်သစ္စာက အသက် ဘယ်လောက်လောက်ရှိပြီလဲ၊ ဆံပင်ဆံတိုနဲ့ ပြင်ထားတာကလည်း ကျော့နေတော့ သူ့အသက် တောင် ခန့်မှန်းရ ခက်တယ်"

"မသိပါဘူး။ အဲဒီမိန်းမကို သိပ်မကြည့်မရပါဘူးဗျာ။ သူ့ ညီမလေးကတော့ ရောဂါသည်လေး။ ချောတယ်။ နာမည်က ဆောင်းဆည်းဆာ တဲ့"

"ဆောင်းဆည်းဆာ"

"ဟုတ်တယ်"

"ဘယ်အရွယ်လောက် ရှိပြီလဲ"

"ကျွန်တော်တို့လောက်ပဲ ထင်တယ်။ ဆယ့်ခုနစ် ဆယ့် ရှစ်ပေါ့။ ဘာဖြစ်လို့လဲ"

"မဖြစ်ပါဘူးကွာ"

နွေသဥ္ဇာ ရှာပုံတော်ဖွင့်နေသော ကိုစိုးလတ်အတွက် ခင် သစ္စာက နွေသဥ္ဇာရှိရမည့်အသက်ထက် ကြီးနေသလို သူမမြင်ရ သေးသော ဆောင်းဆည်းဆာက နွေသဥ္ဇာရှိရမည့် အသက်ထက် ငယ်နေပြန်သည်။ သို့သော်လည်း ပြင်ဆင်ထားသောမိန်းမတို့၏

အသက်အရွယ်က ခန့်မှန်းရ ခက်လှချေသည်။

ဤမြို့မှာ သူမိန်းကလေးသုံးယောက်နှင့် ဆုံခွင့်ရခဲ့ပြီး။ တစ်
ယောက်က သနားစရာကောင်းသော "ခင်ဦး" . . .

တစ်ယောက်က ရွှေလည်တိုင် သီချင်းကို စန္ဒရားဖြင့် တီး
ခတ်လေ့ရှိသော "မလွမ်းမူ" . . .

နောက်တစ်ယောက်မှာ စောစောက တွေ့လိုက်ရသော ခပ်
လည်လည် "ခင်သစ္စာ" . . .

နောက်တစ်ယောက်ကတော့ သူမမြင်ရ မတွေ့ရသေး ...

နာမည်လေးက စိတ်ဝင်စားစရာ၊ "ဆောင်းဆည်းဆာ"တဲ့။

II II II

ခင်ဦးသည် ဦးမောင်မောင်မြတ်ဦးနှင့် ဧည့်သည် ကိုစိုးလတ်တို့ နံနက်စာ စားဖို့အတွက် ထမင်းဝိုင်း ပြင်ပေးနေသည်။

ဤအိမ်မှာ အလုပ်နှင့်လက်နှင့် မပြတ်အောင် လုပ်နေရသော်လည်း မီးဖိုခန်း၏ စီမံမှုကဖြင့် ခင်ဦးစိတ်တိုင်းကျ စီစဉ်နိုင်ခွင့် ရှိသည်။ သည်အိမ်မှာ ငွေကိုင်၍ ဈေးဝယ်ရသူက ဒေါ်ခင်မျိုးသိုက် ဖြစ်၏။

"ဒီနေ့ မနက်စာ ဦးလေးနဲ့ မောင်စိုးလတ်တို့ စားကြမယ်"

ဟု ပြောကြားထားသဖြင့် ဦးလေးကြိုက်တတ်သော ကြက်သားကြော်၊ ခရမ်းချဉ်သီးသုတ်၊ ကြာရိုးဟင်းခါး၊ ငါးဆီပြန်၊ ဂေါ်ဖီပန်းပွင့်သနပ် စသော ဟင်းလျာများအပြင် ထမင်းစားပြီးစားဖို့ လိမ္မော်သီး၊ သဘော်သီး၊ စပျစ်သီး၊ လက်ဖက်တစ်ပွဲနှင့် ရေနွေးကြမ်းတို့ပါ အသင့်ပြင်ထားပြီးပါပြီ။

"ဟာ၊ မခင်ဦးရဲ့ ဟင်းတွေက စုံလှချည်လား"

"မစုံပါဘူး၊ ခါတိုင်း ဦးလေးစားမယ်ဆိုလည်း ဒီလောက်တော့ ပြင်ပေးနေကျပါ"

ကိုစိုးလတ်အတွက် ချက်ထားခြင်း မဟုတ်ကြောင်း ပြောလိုက်ရသည်။

"သမီးက . . . အဲ၊ ခင်ဦးက ဟင်းချက် သိပ်ကောင်းတာ မောင်စိုးလတ်ရဲ့"

ဦးမောင်မောင်မြတ်ဦးက နောင်တို့ ညီတို့ အရွယ်ဆိုရင် သား၊ ခင်ဦးတို့အရွယ်ဆိုရင် သမီးဟု ပြောနေကျဖြစ်၏။

သို့သော် ခင်ဦးကို သမီးဟု ခေါ်ခွင့်မရှိ။

"အိမ်ဖော်ကို သမီးလို့ မခေါ်နဲ့၊ ငါမကြိုက်ဘူး။ ကိုယ့်မှာလည်း သားတွေ ရှိတယ်"

အိမ်ဖော်ကို ချွေးမအဖြစ် လက်မခံနိုင်ဟူသော အပြောဖြင့် ဒေါ်ခင်မျိုးထိုက်က ဟန့်တားထားဖူး၍ ခင်ဦးကို သမီးဟု ဦးမောင်မောင်မြတ်ဦး မခေါ်ရဲတော့ပါ။

"မခင်ဦးရဲ့ လက်ရာ စားရမှာ ဒီနေ့နောက်ဆုံးပဲ ထင်ပါရဲ့"

"ဟင်၊ ပြန်တော့မလို့လား"

"မဟုတ်ပါဘူး။ အလွှမ်းပြေမှာ တစ်ခန်းယူထားပြီးပြီ။ အဲဒီမှာ ပြောင်းနေမလို့ပါ"

ခင်ဦးကို လှမ်းပြောနေသော ကိုစိုးလတ်ကို ခင်ဦး ပြန်ကြည့်ရင်း . . .

"ဒီမှာ မနေလည်း ထမင်းတော့ လာစားပေါ့"

မိမိစကား မှားသွားပြီဖြစ်ကြောင်း ဦးမောင်မောင်မြတ်ဦး၏ မျက်နှာကို ကြည့်လိုက်မိခြင်းဖြင့် ခင်ဦး သိလိုက်ရပါပြီ။

ကိုစိုးလတ်ကို အရေးပေးချင်ဟန် ဆောင်ထားကြသော်လည်း တကယ်တမ်းကျတော့ ဦးမောင်မောင်မြတ်ရော၊ ဒေါ်ခင်မျိုးထိုက်ပါ ကြိုက်နှစ်သက်ခြင်း မရှိကြောင်း ခင်ဦး သိလိုက်

ပါပြီ။

ခင်ဦးထက် စောပြီး ကိုစိုးလတ်ကလည်း သိပုံရသဖြင့်သာ
သူ အလွမ်းပြေသို့ ပြောင်းသွားမည်ဟု ဆုံးဖြတ်လိုက်ခြင်းဖြစ်
မည်။

"အလွမ်းပြေ ပြောင်းနေမယ် ဆိုပေမယ့် ကသစ်နီစံအိမ်
ကိုတော့ ရောက် ရောက်နေဦးမှာပါ။ မခင်ဦးရဲ့ လက်ရာကိုတော့
ကြုံရင် စားချင်ပါတယ်"

ခင်ဦး ပြုံးပြီး ခေါင်းညိတ်ပြလိုက်ရသည်။

အိမ်ရှင် ဦးမောင်မောင်မြတ်ဦးက ဘာမှ ဝင်၍ မပြောပါ။
မဖိတ်ကြားပါ။

ထမင်းစား စားပွဲနှင့် မလှမ်းမကမ်းနေရာတွင် စပျစ်သီးများ
ဆေးနေသောခင်ဦးကို အမျိုးသားနှစ်ယောက်က လှမ်းလှမ်းကြည့်
နေကြသည်။

ဦးမောင်မောင်မြတ်ဦးကခင်ဦးကို လှမ်းကြည့်သောအကြည့်
ထဲတွင် "အကြင်နာတွေ ပါလှချည်လား" ဟု သတိထားမိရင်း
ကိုစိုးလတ် ရင်လေးလံလာသည်။

ဤအမျိုးသားကြီးသည် ချောမောလှပစွာ ဣန္ဒြေရှိသော
ဇနီးသည် ဒေါ်စိမ်းမြမြ ရှိပါလျက်နှင့် ခင်သစ္စာဆိုသော အမျိုး
သမီးကို တိတ်တိတ်ပုန်း ပေါင်းသင်းနေသူလည်း ဖြစ်သည်။

ဤကသစ်နီစံအိမ်တွင် ခင်ဦးအတွက် ပင်ပန်းဆင်းရဲရုံမက
လုံခြုံမှုရော ရှိပါရဲ့လား ဟူသော အတွေးဖြင့် ကိုစိုးလတ် စတင်
စိုးရိမ်လာမိသည်။

ထိုအချိန်မှာပင် ကသစ်နီစံအိမ်ဝင်းအတွင်းသို့ ကားတစ်စီး ဝင်လာသည်။

ဒေါ်ခင်မျိုးထိုက်တို့ ချမ်းသာချက်က လဲန်ခရူဇာတစ်စီး၊ မာစီဒီးတစ်စီး၊ အိမ်မှာ အကြမ်းသုံးဖို့ ဟိုင်းလပ်ပစ်ကပ်တစ်စီး၊ ဗဲန်တစ်စီး၊ ဤကားလေးစီး၏ ယနေ့တန်ဖိုးကပင် သိန်း တစ်ထောင်ကျော်သည်။

"မေမေ မာစီဒီးနဲ့ ပြန်လာတာပဲ၊ မေမေ ဘယ်သွားတာလဲ ခင်ဦး"

"ခင်ဦး မသိဘူး ဦးလေး၊ သွားကြိုရမလား"

"နေပါစေ၊ ပစ္စည်းအလေးကြီးတွေ ပါရင် သယ်နေရဦးမယ်"

"ခင်ဦး လုပ်နိုင်ပါတယ် ဦးလေးရယ်"

"ခင်ဦး လုပ်နိုင်ပေမယ့် ဦးလေးမှ မကြည့်ရက်တာကွယ်"

ကိုစိုးလတ်သည် လှပကျော့ရှင်းစွာ အပြစ်ကင်းစင်နေသော ခင်ဦးကို နှမြောသလိုလို၊ စိတ်မချသလိုလို၊ ခင်ဦးအတွက် ခံပြင်းမိသလိုလို ရင်ထဲမှာ ဝေဒနာရောင်စုံတွေ တစ်ပြိုင်တည်း ဖြစ်ထွန်းလာသည်။

ထမင်းကို ဆက်လက် စားနေရသော်လည်း ရင်ထဲမှာ ဆာလောင်မှုများ ပျောက်ဆုံးသွားသလို ခံစားနေရပါ၏။

"ထမင်းစားခန်းထဲမှာ ဆိုလို့ ဝင်လာတာ"

စိန်ဆံထိုး၊ စိန်ဆွဲကြိုး၊ စိန်လက်ကောက်၊ စိန်လက်စွပ်နှင့် စိန်တစ်လုံး နားကပ်ကြီး တဝင်းဝင်းနှင့် ကြိုးကြိုးချိတ်ဝတ်ကာ

ပဝါစုံချထားသော ဒေါ်ခင်မျိုးထိုက်က ထမင်းစားခန်းအတွင်းသို့ ဝင်ရောက်လာသည်။

ယောက္ခမကြီး၏နောက်မှာ ကျောက်စိမ်းတစ်ဆင်စာသာ ဝတ်ပြီး အစိမ်းရောင် ဇင်းမယ်၊ ထိုင်းပိုးအင်္ကျီနှင့် ခပ်ရို့ရို့ကလေး ဝင်လာသူက ဒေါ်စိမ်းမြမြ။

"မေမေက အရက်ချက်စက်ရုံဖွင့်ပွဲ သွားတာလား"

"ဘီယာစက်ရုံပါ၊ မေမေက ရှယ်ယာဟိုလ်ဒါလေ၊ ဒီစက်ရုံလည်ပတ်ရင် သိန်းချီ မြတ်မှာ သေချာတယ်"

"စိမ်းမြလည်း ပါသွားတယ်လား"

"ဟုတ်ကဲ့ ကိုဦး၊ မေမေ ခေါ်လို့"

ဒီနေ့အဖို့ ဇနီးနှင့် ခင်ပွန်းသည်တို့ ယခုမှ တွေ့ကြပုံရသည်။ ဇနီးဘယ်သွားသည်၊ သူဘာလုပ်နေသည်ဟုတစ်ယောက်နှင့် တစ်ယောက် သိပုံမရကြ။ လင်နှင့်မယား ဆက်ဆံရေးက တစ်အိမ်တည်းနေပါလျက်နွေးထွေးမှု မရှိရုံမကအေးခဲစွာဝေးကွာနေပုံရသည်။

"ကိုစိုးလတ် စားကောင်းရဲ့လား၊ စားနော်"

"ကောင်းပါတယ် အန်တီထိုက်၊ အန်တီထိုက်တို့ရော စားပြီးကြပြီလား"

"ဟိုမှာ စားခဲ့ကြတယ်လေ၊ စားနော်၊ အားမနာနဲ့၊ ဟဲ့ ခင်ဦး လိုတာ လုပ်ပေးလေ"

"ဟုတ်"

"စားကြနော်၊ အန်တီထိုက် အဝတ်သွားလဲလိုက်ဦးမယ်"

တကယ်တော့ အဝတ်လဲပြီးမှ လာလည်း ဖြစ်ပါလျက် အရွယ်နှင့်မမျှအောင် ပြင်ဆင်ထားပြီး စိန်တွေဖိတ်ဖိတ်တောက် နေသည်ကို ကိုစိုးလတ်မြင်အောင် လာကြွားခြင်း ဖြစ်သည်။

"ငါ ဘယ်လောက် ချမ်းသာလဲ၊ ကြည့်စမ်း"

ဆိုသည့် မျက်နှာနှင့် လာပြခြင်းဖြစ်ကြောင်း ကိုစိုးလတ် မသိဘဲ ဘယ်နေပါ့မလဲ။

ဒေါ်ခင်မျိုးထိုက်က ကိုယ်လုံးပြည့်ပြည့်၊ ဒေါင်ကောင်း ကောင်းဟု ခေါ်ကြသော အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ မျက်နှာ ခပ်ဝိုင်းဝိုင်း၊ နှာခေါင်းခပ်ပြားပြား၊ နှုတ်ခမ်း ခပ်ထူထူနှင့် မျက်ဝန်း က အမျက်စောင်မာန်ကြီးမည့် မျက်ဝန်းမျိုး။

သူ့အတွက် အကျိုးရှိမည့်သူကိုသာ ပေါင်းသင်းပြီး၊ အကျိုး မရှိနိုင်သော မိတ်ဆွေများက ဖုန်းဆက်လျှင်ပင် ပြန်မဆက်တတ် သူပါ။

စီးပွားရေးနယ်ပယ်မှာ ပါးနပ်လိမ္မာပြီး ကွက်ကျော်မြင်တတ် သော အဘွားကြီးလည်း ဖြစ်၏။

သူမ၏ အသက် ခြောက်ဆယ့်ငါးနှစ် ပြည့်တော့မည့် မွေးနေ့ကိုလည်း တခမ်းတနား ကျင်းပမည်ဟု စီစဉ်ထားသည်။

စီးပွားရှာလို့ဖြစ်လေ၊ လောဘတက်လေ၊ ပို၍ ချမ်းသာချင် လေ ဖြစ်နေသော ဒေါ်ခင်မျိုးထိုက်ပါ။

ဤအိမ်နှင့် စီးပွားရှာဖွေမှုအားလုံး သူမ၏ အစီအစဉ်ချည်း သာဖြစ်၍ သူမ၏တစ်ဦးတည်းသောသား ဦးမောင်မောင်မြတ်ဦး က ဘာမှ မလွန်ဆန်ရဲသူ၊ သူ့နောက်လိုက်။

ဒေါ်စိမ်းမြမြက နောက်လိုက်၏ နောက်လိုက်ဖြစ်သည်။

ဤအိမ်မှာ အခွင့်အရေးအရဆုံးက ညီဘုန်းငယ် တစ်ယောက်တည်း။

ကိုစိုးလတ်က ဒေါ်ခင်မျိုးထိုက်ကို ကြည့်ပြီး တစ်ခုတော့ ချီးကျူးအားကျစရာပါ။

မြန်မာအမျိုးသမီးများအနေနှင့် အသက်ခြောက်ဆယ်ကျော် လျှင်ပင် ဘာမှ အသုံးမဝင်တော့ဘဲ သားသမီးကျွေးတာ စားကာ လူပိုအဖြစ် ခံယူတတ်ကြသည်။

ယခု ဒေါ်ခင်မျိုးထိုက် ကျပြန်တော့ အနောက်တိုင်းက အဘွားကြီးပုံစံမျိုးနှင့် သွက်လက်လှုပ်ရှားကာ စီးပွားရေးမှာ ဦး ဆောင်နေဆဲဖြစ်သည်။

ဒေါ်ခင်မျိုးထိုက် ထွက်သွားတော့မှ ဒေါ်စိမ်းမြမြက သူ့ ခင်ပွန်းနား ကပ်ကာ လေသံတိုးတိုးလေးဖြင့် . . .

"တစ်နာရီကျရင် ကျူရှင်ပြဖို့ သွားတော့မယ်နော်။ ကိုဦး ဘာခိုင်းစရာရှိသေးလဲ"

"မရှိပါဘူး၊ သွားပါ၊ စိမ်းက ကျောင်းဆရာမလုပ်ရတာ အားမရသေးဘူး မောင်စိုးလတ်ရေ၊ ကျူရှင်ပါ ပြချင်တာ ဝါသနာလေ"

ကျိကျိတက်မျှ ချမ်းသာနေသော ယောက္ခမ ရှိပါလျက် ကျောင်းဆရာမ လုပ်ရရုံမက ကျူရှင်ပါ ပြနေရသည့်အဖြစ်ကို ကာကွယ်သည့်အနေနှင့် ဦးမောင်မောင်မြတ်ဦး ပြောခြင်းဖြစ် သည်။

ထမင်းစား၍ ပြီးခါနီးဆဲဆဲ . . .

"ဖေဖေရေ၊ ဖုန်း"

ဟု ညီဘုန်းငယ်၏ အော်သံကြားလိုက်ရသဖြင့် ခက်ရင်းဇွန်းကို ချပြီး အိမ်ရှေ့ခန်းသို့ ဒေါ်စိမ်းမြမြနှင့် အတူထွက်သွားကာနီးဆဲဆဲတွင် ခင်ဦးနွား ကပ်ကာ . . .

"ပန်းကန်တွေ မဆေးနဲ့နော်၊ ကောင်မလေးတွေပဲ ဆေးပါစေ"

အဖြစ်သည်းပြနေသည်ဟု ထင်မိ၍ ဦးမောင်မောင်မြတ်ဦးကို ကိုစိုးလတ် ရှုလာသည်။

သူတို့အားလုံး ထွက်သွားကြသဖြင့် ကိုစိုးလတ်က ဇွန်းခက်ရင်းချကာ လက်ဆေးပန်းကန်နားသွားပြီး မလိုအပ်ပါဘဲနှင့် ရေဖွင့်ချပြီး လက်ဆေးရင်းက . . .

"မခင်ဦးနဲ့ ကျွန်တော် စကားအေးအေးဆေးဆေး ပြောချင်တယ်ဗျာ"

"ဘာကိစ္စလဲဟင်"

"ကျွန်တော် ဘာကြောင့် ဒီကို ရောက်လာရတယ်ဆိုတာလည်း ပြောပြချင်တယ်"

"ရှင်"

"ပြီးတော့ မခင်ဦးရဲ့ အခက်အခဲတွေကို သိခွင့်ရှိရင် သိပါရစေ"

"အခက်အခဲ၊ ခင်ဦးရဲ့ အခက်အခဲ"

"ဟုတ်ပါတယ်"

"ဟင့်အင်း၊ ဘာမှ မခက်ခဲပါဘူး၊ ဒီအလုပ်တွေက လုပ်နေကျပဲ"

"မဟုတ်ဘူးလေ၊ ဘဝရဲ့ မွန်းကြပ်မှုနဲ့ ပိတ်လှောင်ခံထား ရတဲ့ အခြေအနေတွေကိုပါ"

"ဟင် . . . ဘာပြောတာလဲ၊ ခင်ဦး နားမလည်ဘူး"

ခြောက်တန်းအောင်ပြီးသည်နှင့် ကျောင်းထုတ်ထားခြင်းခံရသော ခင်ဦးအတွက် ကိုစိုးလတ်၏ စကားလုံးများက လိုက်မမီနိုင်ပါချေ။

အံ့သြသော မျက်ဝန်း၊ အရိုးခံမျက်နှာလေးနှင့်နားမလည် ကြောင်း ဝန်ခံလိုက်သော ခင်ဦးကိုကြည့်ပြီး ကိုစိုးလတ်ရင်ထဲမှာ ချက်ချင်းပင် အကြင်နာတွေ ဖြစ်ထွန်းလာမိသည်။

ဤနူးညံ့သိမ်မွေ့လှသော ကြင်နာခြင်းများကို ဘယ်လိုခိုင်မာ အစွမ်းထက်သော လက်နက်နှင့်မှ ဖျက်ဆီး၍ မရနိုင်အောင် သူ့ရင်မှာ ထာဝရ တည်တံ့နေတော့မည်ဟု သူ သိရှိယုံကြည်လိုက်ပြီ။

"မခင်ဦး နားလည်မယ့် စကားမျိုးတွေ ပြောကြရအောင်၊ ကျွန်တော့်ကို အချိန်ပေးပါ"

"အချိန်ဆိုတာ ဘယ်လိုလုပ် ပေးလို့ရမှာလဲ၊ ခင်ဦးမှ မအားတာ၊ ပြီးတော့ ကိုစိုးလတ် ခင်ဦးနဲ့ စကားပြောတာတွေ့ရင် ဘွားဘွားကြီးက ဆူမှာပေါ့"

"ဘာဆူစရာ လိုလဲဗျာ"

"ကိုစိုးလတ်က သူဌေးလေ၊ ဖွားဖွားကြီးတို့ရဲ့ ဧည့်သည့်၊

ခင်ဦးက အိမ်ဖော်ပဲ၊ အဆင့်အတန်းမှ မတူတာ၊ ဆူခံထိမှာပေါ့”

“ခင်ဦးရယ်”

“အချိုပွဲစားဦးလေ။ တော်ကြာ ဦးလေး ပြန်ဝင်လာတော့မှာ”

ကိုစိုးလတ် ခင်ဦးအတွက် ငဲ့ညှာစွာ ခင်ဦးနားမှ ခွာလိုက်ပါသည်။

ဦးမောင်မောင်မြတ်ဦး ကလည်း ခင်ဦးနားမှာ ဘယ်ယောက်ျားမှ ကပ်တာမကြိုက်သလို၊ မာန ထောင်လွှားလွန်းသော ဒေါ်ခင်မျိုးထိုက်ကလည်းသူ့ညော့်သည်နှင့်သူ့အိမ်မှနိမ်ထားသော ကောင်မလေးတို့ စကားလက်ဆုံကျနေခြင်းမျိုးကို ကျေနပ်မည် မဟုတ်ပေ။

အပြင်မထွက်ချင်သေးသဖြင့် အချိုပွဲပြင်ထားသော စားပွဲရှည်ကြီးထိပ်ဘက်သို့ ပြောင်းထိုင်လိုက်ပြီး ခင်ဦးကို လှမ်းကြည့်လိုက်ချိန်မှာ သူ့ကို ခိုးကြည့်နေသော အကြည့်ကြောင့် ရှက်စနိုး မျက်နှာလေးနှင့် မျက်လွှာချပြီး တစ်ဖက်သို့ အမြန်လှည့်ပစ်လိုက်သည်။

ထို့နောက်မှာဖြင့် မီးဖိုခန်းထဲ ဝင်သွားသော ခင်ဦးသည်သူ အားလုံးစားသောက်ပြီးသည်အထိ လုံးဝ ပြန်မထွက်မလာတော့ပါ။

II II II

"မလန့်ပါနဲ့ ဒေါ်လေးသိုက်ရဲ့၊ စိမ်းပါ"

မီးဖိုခန်းတံခါးဝကို တွန်းဖွင့်ဝင်လာသော လူရိပ်ကြောင့် ဒေါ်ခင်မျိုးသိုက် လန့်ဖြန့်သွားပုံက ခုပဲ မေ့မျောသွားတော့မလို။

"မမထိုက်ရော"

"ပြန်မလာသေးပါဘူး၊ စိတ်ချလက်ချလုပ်ပါ၊ ဘာတွေ ကြော်နေတာလဲ၊ မွှေးလိုက်တာ"

"ငါးပိကြော်၊ ချဉ်ပေါင်ကြော်၊ ကြက်သားကြော်"

"များလှချည်လား"

ယခင်က ဘာမှ ဖွင့်မပြောခဲ့သော ဒေါ်ခင်မျိုးသိုက်က မကြာခင်ကမှ စိမ်းမြမြနှင့် ခင်ဦးတို့ကို သူ့သား ထောင်ကျနေ ကြောင်း ဖွင့်ပြောပြီး မီးဖိုထဲမှာ တိတ်တိတ် ချက်ပြုတ်ကြော် လှော်နေခြင်း ဖြစ်သည်။

"နှစ်ပတ်မှ တစ်ခါပဲ တွေ့ရတာလေ စိမ်းရဲ့"

"လွတ်ခါနီးပြီနော်"

"အင်း၊ လျှော့ရက်အပြည့်ရရင်တောင် ငါးလကျော်လောက် လိုဦးမယ်လို့ ပြောတာပဲ"

ဒေါ်ခင်မျိုးသိုက်သည် သူ၏ တစ်ဦးတည်းသောသားလေး 'ထောင်ကျ' နေသည့် အတွက် နှစ်ပတ်တစ်ခါ ထောင်ဝင်စာ သွားတွေ့လေတိုင်း ယခုကဲ့သို့ အကြော်အလှော်နှင့် စားစရာ မျိုးစုံကို တိတ်တိတ် ခိုးသယ်သွားနေကျ။

အခုလို စားစရာတွေ ချက်ပြုတ်ကြော်လှော်နေသည်ကို သူ့အစ်မ လုံးဝ အသိမခံဝံ့ပါ။ ထောင်ဝင်စာကိုပင် ခိုး၍ တွေ့ရသည်။ ခုလို သူ့ပစ္စည်းတွေပါ သယ်သွားမည်ဆိုလျှင် ဒေါ်ခင်မျိုးထိုက်က ပက်ပက်စက်စက် ပြောပေရှာ့မည်။

"စိမ်းတို့ကတော့ ချွေးမမို့ ကြောက်ရတယ်ပဲ ထားပါတော့၊ ဒေါ်လေးသိုက်က ကိုယ့်အစ်မ အရင်းပဲ၊ ဘာကြောက်စရာလိုလဲ"

"မလုပ်နဲ့ စိမ်းရေ၊ သူက သားကို အိမ်ရိပ်တောင် မနင်းစေနဲ့လို့ ပြောထားတာ၊ သား ထောင်ကျတော့လည်း ဒီလောက်မိုက်တဲ့ကောင် ပစ်ထားလိုက်လို့ ပြောထားတာ။ ခုလိုစားစရာတွေပို့ပြီး သွားသွားတွေ့တာ သိရင် မိုးမီးလောင်မှာ၊ မမထိုက်က သိပ်ဒေါသကြီးတာလေ"

"အင်း"

"စိမ်း ဘာလုပ်ချင်လို့လဲ"

"စာသင်ပြီး ပြန်လာတာ၊ ဆာလို့"

"စားလေ၊ အဲဒီ ကြက်သားကြော် ယူစားပါကွယ်"

"ဟာ . . . နေပါစေ"

မနက်က ယောက္ခမကြီးနှင့် ဘီယာစက်ရုံဖွင့်ပွဲမှာ ကျွေးသော နံနက်စာကို ဟန်လုပ်၍ စားခဲ့ရသဖြင့် စိမ်းမဝ, ခဲ့။

"အန်တီစိမ်း၊ ဒီမှာ ဟင်းတွေရှိတယ်လေ၊ ခင်ဦး ထမင်းပွဲပြင်လိုက်မယ်နော်"

"နေနေ ခင်ဦး၊ ထမင်းစားပွဲမှာ အခန့်သားကြီး မစားရပါဘူးကွယ်။ အန်တီစိမ်း ဒီလိုပဲ ပုံစားလိုက်ပါ့မယ်"

ထမင်းပန်းကန်ပေါ်မှာ ငါးဆီပြန်ဟင်းတစ်ဖတ် ပုံပြီး မတ်တပ်ရပ် စားနေသော ဒေါ်စိမ်းမြမြ။

ယောက္ခမက သည်လောက် ချမ်းသာပါလျက်နှင့်စာသင်၍ ရရှိသော လခလေးနှင့် သုံးရရှာသော ကျောင်းဆရာမ ဒေါ်စိမ်းမြမြ။

ဒေါ်ခင်မျိုးထိုက်၏ အရိပ်တွင် ခိုနေကြရသော ဤအမျိုးသမီးသုံးယောက်လုံး ကိုယ့်ဒုက္ခနှင့်ကိုယ် ရှိကြသည်။

"ဒေါ်ခင်မျိုးသိုက်" က ထောင်ကျနေသော သားအတွက် အမြဲစိတ်ဆင်းရဲပြီး အစ်မကို အမြဲကြောက်နေရသဖြင့် စားစရာများ ခိုး၍ သယ်ထုတ်ရသူ ဖြစ်သည်။

"ဒေါ်စိမ်းမြမြ" ကလည်း ခင်ပွန်းသည်က သူ့ကို ငွေများများ မအပ်ရုံမက မြတ်မြတ်နိုးနိုးလည်း မရှိ။ မယားငယ်နှင့်သာ ပျော်မွေ့နေတတ်သူမို့ ဒေါ်စိမ်းမြမြ တစ်နေ့မှ စိတ်မချမ်းသာ။

နောက်တစ်ယောက်က . . .

လက်ရှိဘဝမှာ စိတ်ရောကိုယ်ပါ ကျဉ်းမြောင်းကြပ်တည်းစွာ မျှော်လင့်ချက်မဲ့စွာဖြင့် အနာဂတ် ပျောက်ဆုံးနေသော "ခင်ဦး"။

နောက်တစ်ယောက် ရှိသေးသည်။

မြေးချင်းတူပါလျက် ဘာအခွင့်အရေးမှ မရရှာဘဲ မျက်နှာငယ်နေရသော ခင်ဦးကို အစ်မအရင်းလို သံယောဇဉ်တွယ်ကာ ချစ်နေရှာသော "နှောင်းဘုန်းတည်"။

ဤလေးယောက် ညှိုးငယ်နေရသလောက် "ဒေါ်ခင်မျိုး

ထိုက်က အရွယ်နှင့်မလိုက်အောင် မာန်မာန အပြည့်ဖြင့် တက်
ကြွနေသည့်သူ။

“ဦးမောင်မောင်မြတ်ဦး”က ခင်သစ္စာ၏အယုအယအောက်
မှာ သာယာပျော်ရွှင်နေသည့်သူ။

အဆိုးဆုံး၊ အတက်ကြွဆုံးက “ညီဘုန်းငယ်”။

ဒေါ်ခင်မျိုးသိုက်၊ ဒေါ်စိမ်းမြမြ၊ ခင်ဦးနှင့်နောင်ဘုန်းတည်
တို့က ညှိုးနွမ်းသိမ်ငယ်စွာ။

ဒေါ်ခင်မျိုးထိုက်၊ ဦးမောင်မောင်မြတ်ဦးနှင့် ညီဘုန်းငယ်
တို့က တက်ကြွပျော်ရွှင် မောက်မာစွာဖြင့်။

နေထိုင်လှုပ်ရှားနေကြသော ကသစ်နီစံအိမ်ကြီးအတွင်းမှ
လူခုနစ်ယောက်တို့၏ စရိုက်အသီးသီး၊ ခံစားမှုအသွယ်သွယ်နှင့်
လှုပ်ရှားမှုအမျိုးမျိုးတို့ကို စောင့်ကြည့်အကဲခတ်၍ သူ၏ သက်
ဆိုင်ရာသို့ သတင်းပို့ရန် ရောက်ရှိနေသော ကိုစိုးလတ်သည်...

၎ကသစ်နီမှ သူ့ကို ဘာမှ မရိပ်မိမိ၊ ဘာမှ သံသယ
မရှိကြမီ . . .

သူ အလွမ်းပြေ အပန်းဖြေရိပ်သာသို့ ပြောင်းရွှေ့နေထိုင်
တော့မည်ဟု ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

II II II

**R & R** ဟူသော အမှတ်တံဆိပ်ငယ်များ ရေးထိုးထားသော အလွမ်းပြေ **Restaurant and Resort** ဆိုသော စွဲမက်ဖွယ် ကောင်းလှသည့် အလှအပမျိုးစုံတို့ဖြင့် ဖွဲ့စည်းထားသော ဥျနေရာသို့ ရောက်ရှိပြီး နောက် နှစ်ရက်မြောက်နေ့မှာပင် ...

ကိုစိုးလတ်သည် 'ဆောင်းဆည်းဆာ' ကို တွေ့ဆုံခွင့် ရလိုက်သည်။

အလွမ်းပြေ စားသောက်ဖွယ်ရာနှင့် အပန်းဖြေရိပ်သာ၏ ကျယ်ဝန်းလှသော ခြံကြီးနှင့် ကပ်လျက်ခြံမှာ ဆောင်းဆည်းဆာတို့ နေထိုင်ကြသည်။

ကိုစိုးလတ်သည် မနက်ပိုင်း၌ ဥျခြံဝင်းကြီး၏ အဆုံးနေရာအထိ လမ်းလျှောက်ထွက်လာခဲ့ရာမှ ဟိုဘက်ခြံ၏ ချယ်ရီပင်အောက်မှ ခုံတန်းလျားလေးပေါ်တွင် ထိုင်နေသော ဆောင်းဆည်းဆာကို သူ တွေ့ရှိလိုက်ရခြင်း ဖြစ်သည်။

ပြာလွင်သော စွယ်တာနှင့် အရောင်တူ ပန်းပွားလုံးလေး နှစ်ခု သွယ်ကျနေသည့် သိုးမွေးဦးထုပ်အပြာရောင် ဆောင်းထားသော မိန်းကလေး။

ပင်လုံးဝေအောင် ပွင့်နေကြသော ပန်းရင့်ရောင် ချယ်ရီပင်ကြီးအောက်မှ ခုံတန်းလျားကို ခေါင်းလေးမှီ၍ ထိုင်နေသော မိန်းကလေး။

သံဆူးကြိုးများကာရံထားသည့် ခြံ၏ဟိုဘက်မှာ ဖြစ်သော်လည်း သူနှင့် မိန်းကလေးက ပေသုံးဆယ်မျှလောက်သာ ကွာဝေးသည်။

မိန်းကလေးသည် သူ့ရှိရာဘက်သို့ လုံးဝ လှည့်မကြည့်။

ရှေ့နောက် ဝဲယာသို့လည်း မလှည့်။

သူ့အကြည့်က မိုးပြာရောင် ကောင်းကင်ကြီး ရှိရာသို့သာငေးမောကြည့်နေသော်လည်း သူ ဘာကိုမျှ မြင်ပုံမရ။ ဘာကိုမျှစိတ်ဝင်စားပုံမရဘဲ သူ့အကြည့်က တခြား။ သူ့အသိက တခြား သူ့အတွေးက တခြား ဖြစ်ပုံရသည်။

"ဟော့ . . . ဟော့၊ ဒီမှာ . . ."

ယောကျ်ားတစ်ယောက်၏ အသံကြောင့် သူ လန့်ဖြန့်စွာ ရုတ်တရက် လှည့်ကြည့်ရမည့်အစား . . .

ရုပ်ရှင်ဇာတ်ကားထဲမှ အနှေးရိုက်ချက်ဖြစ်သော Slow Motion ပုံစံမျိုးဖြင့် သူ့ခေါင်းလေး ဖြည်းဖြည်းချင်း လှည့်လာသည်။

သူ့အကြည့်က ငေးငေးရီရီနှင့် ဝေသီမှုန်မှိုင်းနေ၏။

ကိုစိုးလတ်က ပြုံးပြီး လက်ပြနှုတ်ဆက်သလို လက်ထောင်ပြလိုက်သည်။

သူ့အကြည့်မှာ အသိအမှတ်ပြုပုံမရ။

ဣန္ဒြေကြီးရင့်ပုံမျိုးလည်း မဟုတ်။ မျက်ဝန်းလေးမှေး၍ ကြည့်ရုံသာကြည့်ပြီး ဘာအဓိပ္ပာယ်မှ မဖော်ပြသောမျက်ဝန်းသေဖြင့် စောစောကလိုပင် ခေါင်းလေး ဖြည်းဖြည်းချင်း ပြန်လှည့်

သွားတော့သည်။

"ဒီမှာ၊ ဟိုဘက်ခြံမှာ နေတာလားဟင်"

သူမ ဘာမှ ပြန်မဖြေ။

"ချယ်ရီပန်းတွေ လှလိုက်တာဗျာ၊ ကျွန်တော်တစ်ကိုင်း
လောက် လာချိုးရမလား"

သူမသည် ကောင်းကင်ပြာကို ငေးမောမြဲ ငေးမောနေ၍...

"နားမှ ကြားရဲ့လား"

"စိတ်မှ မှန်ရဲ့လား"

ဆိုသော အတွေးဖြင့် သူ ပြန်လှည့်တော့မည် အပြုတွင်
မိန်းကလေးက နေရာမှ ထ,သည်။

သူ့ခြေလှမ်းများ စတင်ရွေ့လာသည်။

"အို . . . နေမကောင်းဘူးနဲ့ တူတယ်၊ ရွေ့ရုံလေး လှမ်း
နိုင်တယ်"

သူ စိတ်ဝင်စားစွာ ကြည့်နေဆဲ မိန်းကလေးသည် ခြေလှမ်း
ဆယ်လှမ်းစာမျှ လှမ်းအပြီးတွင် . . .

"ဟာ"

သူ လန့်အော်လိုက်မိသည်။

မိန်းကလေးသည် နှင်းတို့ဖြင့် စွတ်စိုနေသော မြက်ခင်း
ပြင်ပေါ်သို့ ပျော့ခွေနွမ်းလျစွာ ပုံလျက်သား လဲကျသွားသည်။

"ဟာ၊ ဒုက္ခပါပဲ၊ ဟိုဘက်ခြံထဲမှာ ဘယ်သူမှ မရှိကြဘူး
လား"

သည်ဘက် ခြံစည်းရိုးနောက်မှ ကိုစိုးလတ် ပျာယာခတ်သွား

သည်။

ဟိုဘက် ခြံကျယ်ကြီးအတွင်းမှာ လူသူအရိပ်အယောင်ကိုမျှ မမြင်ရ။

သည်ဘက်မှာလည်း ဟိုတယ်၏ဧည့်ခန်းဆောင်များနှင့် အလှမ်းဝေးလှသော ခြံ၏အစွန်ဆုံးနေရာသို့ ရောက်နေရှိနေပြီဖြစ်၍ ကူညီမည့်သူ မတွေ့ရသဖြင့် . . .

ကိုစိုးလတ် ခြံစည်းရိုးများကို ခက်ခဲစွာ ကျော်တက်ပြီး ဟိုဘက်ခြံအတွင်းသို့ ခုန်ချလိုက်သည်။

လေ့ကျင့်နေကျမို့ ညင်သာစွာကျပြီးသည်နှင့် မိန်းကလေး ရှိရာသို့ တဟုန်ထိုး ပြေးကာ ပွေ့ထူလိုက်သည်။

"ဒီမှာ ဒီမှာ ခင်ဗျားဘာဖြစ်တာလဲ ဒီမှာဗျ"

လှုပ်နှိုးသော်လည်း မရ။

သူ့မျက်နှာ၊ အထူးသဖြင့် သူမ၏နှုတ်ခမ်းများ ဖြူဖျော့နေပြီး လုံးဝ သတိမေ့နေသည်။

လက်ဖျားများလည်း အေးစက်နေသဖြင့်. . .

"သေဆုံးသွားပြီလား"

ဟူသော အတွေးကြောင့် သူမ၏ လည်ပင်းသွေးကြောများကို စမ်းကြည့်တော့ ခုန်လှုပ်နေဆဲ။

သေးသွယ်သော မိန်းကလေး၏ ကိုယ်ခန္ဓာကို သူ့ပွေ့ ယူလိုက်ပြီး ခပ်လှမ်းလှမ်းဆီမှ နှစ်ထပ်တိုက်ညိုညိုကြီးရှိရာသို့ ပွေ့ယူသွားခဲ့ပြီး အိမ်ပေါက်ဝ ရောက်ခါနီးမှာ . . .

"အမယ်လေး၊ သမီးလေး ဘယ်လိုဖြစ်လာတာလဲ"

"လုပ်ကြပါဦး"

မိန်းမကြီး၏ အော်သံများကြောင့် အိမ်ထဲမှ ပြေးထွက်လာကြသည်။

"အို၊ ဘယ်လို ဖြစ်လာတာလဲ၊ ရှင်က ဘယ်သူလဲ"

"ကျုပ်ကို နောက်မှစစ်၊ သူ့ကို ဘယ်နေရာ ချရမလဲ ပြော၊ ဆရာဝန် ခေါ်ဖို့ စဉ်းစား"

ကိုစိုးလတ်၏ ပြတ်သားတင်းမာ ကျယ်လောင်သော အသံကြောင့် သူတို့အိမ်ထဲသို့ ဝင်ခဲ့ရန် လမ်းပြခေါ်ဆောင်သည်။

ဧည့်ခန်းမှ သုံးယောက်ထိုင် ဆိုဖာပေါ်သို့ ချလိုက်ပြီးမှ သူ့ကိုယ်ကို ပြန်မတ်၍ အားလုံးကို အကဲခတ်လိုက်သည်။

"ခင်သစ္စာပါလား"

ဆိုသော အသံကြောင့် ဤအိမ်သားများအပေါ် သူ အထင်ကြီး၍ မရနိုင်တော့ပါ။

ကိုစိုးလတ်ကသာ ခင်သစ္စာကို ဦးမောင်မောင်မြတ်ဦးနှင့် တွဲ၍ မြင်ဖူးသည်။ ခင်သစ္စာက ကိုစိုးလတ်ကို လုံးဝ မသိ။

မေ့နေသော လူနာကို ဂရုစိုက်ရမည့်အစား သူ့ကို ပြန်၍ အကဲခတ်နေသော ခင်သစ္စာကို . . .

"ခင်ဗျားတို့ ဒီမိန်းကလေးကို ဒီလိုပဲ ကြည့်နေကြတော့မှာလား၊ ဆရာဝန်ဆီ ဖုန်းဆက်လေဗျာ"

"ရှင်နဲ့ဘာဆိုင်လို့ ဝင်ပြီး သြဇာပေးနေရတာလဲ၊ ဟိုမှာ မေမေ လုပ်ပေးနေပြီ၊ ညီမလေးက ဒီလိုပဲဖြစ်နေကျရှင့်"

"သူ့ညီမလေးက ရောဂါသည်လေး၊ ချောတယ်။ နာမည်က

ဆောင်းဆည်းဆာတဲ့"

အလွမ်းပြေရိုပ်သာမှာပင် ညီဘုန်းငယ်ပြောကြားခဲ့သော စကားများကို ပြန်လည်သတိရပြီး . . .

"ဩော် . . . ဒါဆိုရင် ဒီကောင်မလေးဟာ ဆောင်းဆည်းဆာပဲ ဖြစ်ရမယ်"

သူ့မိခင်နှင့် အကူအမျိုးသမီးကြီးက ရေနွေးဆွတ်ထားသော မျက်နှာသုတ်ပဝါ အသေးလေးနှင့် ဆောင်းဆည်းဆာ၏ မျက်နှာ၊ လည်ပင်းနှင့် လက်ဖျားများကို အုပ်ပေးနေပြီး အမျိုးသမီးတစ်ဦးက ဇက်ကြောဆွဲပေးသလို လက်လျှိုပြီး နှိပ်ပေးနေဆဲမှာ . . .

"သမီး၊ သမီးလေးရယ်၊ ဘယ်လိုဖြစ်ပြီး အပြင်ရောက်သွားတာလဲ၊ ဒီလောက်ကြည့်နေတဲ့ကြားကများ"

မိခင်ကြီး ပျာယာခတ်နေသလောက် ခင်သစ္စာက အေးဆေးပုံစံနှင့် စီးကရက်တစ်လိပ်ပင် မီးညှိလိုက်ပြီးမှ . . .

"ရှင်နဲ့ သူနဲ့ ဘယ်မှာ၊ ဘယ်လို တွေ့လာကြတာလဲ"

"ဘယ်လို တွေ့ရမှာလဲ၊ ခင်ဗျားညီမ မေ့လဲကျသွားတာမြင်လို့ ဟိုဘက်ခြံက ကျုပ်ကျော်ဝင်လာပြီး ဒီကို ခေါ်ခဲ့ရတာ"

"ရှင်က ဟိုဘက်ခြံက အလုပ်သမားလား"

"ခင်ဗျားကရော ဒီအိမ်က အိမ်ဖော်လား"

"ရှင် လူကို နှိမ်မပြောနဲ့"

"ခင်ဗျားလည်း ကျုပ်ကို ဖိမပြောနဲ့"

"သမီးကြီးရယ်၊ နေစမ်းပါဦး၊ လာပို့တဲ့လူကို ဘာကြောင့်

ရန်ထောင်နေရတာလဲ၊ သွား၊ ဒေါက်တာမျိုးဝေကို ဖုံးဆက်စမ်း သစ္စာ”

ကိုစိုးလတ်ကို မျက်စောင်းတစ်ချက်ထိုးကြည့်ပြီး တယ်လီဖုန်း သွားဆက်သည်။

ခင်သစ္စာသည် ဦးမောင်မောင်မြတ်ဦးနှင့် ယှဉ်တွဲတွေ့ရစဉ်က စီးကရက်တွေသောက်ပြီး အမျိုးသမီးကြီးစတိုင် ဖမ်းနေသော်လည်း ယခုလို အိမ်နေရင်း အဝတ်အစားနှင့် ဆံပင်တိုလေး ဖြန့်ချထားသည်ကိုကြည့်ရပြန်တော့လည်း နုနုငယ်ငယ်လေးပါပဲလား။ အသက်နှစ်ဆယ်ကျော် အရွယ်မျှသာ ရှိပေဦးမည်။

ခင်သစ္စာကို ကြည့်ရှုဝေဖန်ပြီးချိန်မှာ ဆောင်းဆည်းဆာဘက်သို့ ကိုစိုးလတ် လှည့်ကြည့်အကဲခတ်သည်။

ဖြူဖွေးနုအိနေသော အသားအရည်မှာ ပန်းနုရောင်သန်းသည့်နေရာပင် မတွေ့ရ။ ပါးလေးနှစ်ဖက်နှင့် နှုတ်ခမ်းလေးနှစ်မြွာလုံး ဖြူဖျော့နေရှာသည်။ အရွယ်ကလည်း ခင်သစ္စာထက် လေးငါးနှစ်မျှ ငယ်လေမည်လား။ ဆံပင်တိုနှင့်ခေတ်ပေါ်အဝတ်အစားများ ဝတ်ထားကြသော ယနေ့ခေတ် မိန်းကလေးတို့၏ အသက်အရွယ်က ခန့်မှန်းရခက်သည်။

ညိုအစ်မနှစ်ယောက် ရုပ်ချင်းမတူလှသော်လည်း နဖူးကျဉ်းကျဉ်း၊ နက်မှောင် အုံကောင်းသော ဆံပင်နှင့် နှစ်ယောက်လုံး မျက်ခုံး ခပ်ထူထူ။

“နွေသဥ္စာများလား”

ဆိုသော သံသယအကြည့်နှင့် မိန်းကလေးတိုင်းကို လိုက်

ကြည့်နေမိသော ကိုစိုးလတ်သည် ဤမိန်းမလှလေးနှစ်ယောက်လုံး၏ မျက်ခုံးတွင် မှည့်ညိုကို မမြင်ရ။ အနီးကပ် ပွေ့ထားစဉ်ကလည်း ကြည့်ဖို့ သတိမရခဲ့။

အနီးကပ် ကြည့်ခွင့် မရခြင်းကြောင့်လား မသိ။ သူရှာနေသော မျက်ခုံးပေါ်မှ မှည့်ညိုနှင့် နွဲ့သဥ္ဇာကို ရှာ၍ မတွေ့သေးပါ။

"ကျေးဇူးတင်ပါတယ်ကွယ်၊ သမီးလေးက လူစိမ်းမြင်ရင်ကြောက်လို့ အပြင်ထွက်ပေးပါနော်"

"ဆောင်းဆည်းဆာက ဘာလို့ လူစိမ်းမြင်ရင် ကြောက်ရတာလဲ၊ အန်တီတို့ အိမ်ထဲမှာ ပိတ်လှောင်ထားကြလို့လား"

"ဒီမှာ . . .၊ မောင်ရင်"

ဖခင်ဖြစ်ပုံရသူက ဒေါသနှင့် ကိုစိုးလတ်ရှေ့မှာ လာရပ်ပြီး . . .

"ဘယ်မိဘက ကိုယ့်သားသမီးကို ပိတ်လှောင်ထားပါ့မလဲကွ။ ငါ့သမီးလေးက နေမကောင်းလို့၊ မင်း ပြန်သင့်ပြီနော်"

"သူက ဘာရောဂါဖြစ်လို့လဲ ခင်ဗျာ"

"အဲဒါ မင်းကိစ္စမဟုတ်ဘူး၊ ငါ ဆရာဝန်ခေါ်ထားတယ်။ ကဲ မင်း ဒီအတိုင်း ငါ့ခြံထဲက ပြန်မလား၊ ငါ့တပည့်တွေ ဆွဲထုတ်ခိုင်းရမလား"

"မငြိမ်းခြောက်ပါနဲ့ အန်ကယ်ရာ၊ ကျွန်တော် မိကောင်းဖခင် သားသမီးပါ။ ဟိုဘက် အလွမ်းပြေမှာလာပြီး အနားယူနေတာပါ။ ကျွန်တော့်နာမည် မှတ်ထားပါ၊ စိုးလတ်တဲ့"

"ဘာမှ မှတ်နေစရာ မလိုဘူး"

ကိုစိုးလတ် လှည့်၍ မထွက်ခွာမီ လူးလွန့်ကာ သတိရ၍ မျက်စိဖွင့်ကြည့်နေသော ကောင်မလေးကို တည့်တည့်ကြည့်ပြီး..

"ဆောင်းဆည်းဆာ၊ ကိုယ်ပြန်မယ်၊ ထပ်ပြီး တွေ့ကြရအောင်နော်"

ကိုစိုးလတ် ကျောခိုင်း၍ ထွက်လာချိန်မှာ . . .

"တောက်!"

ဆိုသော သူတို့ဖခင်၏ ခံပြင်းသော တောက်ခေါက်သံကို ပီပီပြင်ပြင် ကြားလိုက်ရပါ၏။

Ⅱ Ⅱ Ⅱ

“မမဦး၊ နောင် အလုပ်တစ်ခုခု လုပ်ချင်တယ်ဗျာ”

“ဘာလုပ်မှာလဲ”

“ဘာလုပ်ရမှန်း မသိဘူး၊ ဘာလုပ်ရင် ကောင်းမလဲဟင်”

“နောင်တို့ ဖွားဖွားကြီးက ကြိုက်ပါ့မလား”

“မကြိုက်လည်း နေပါစေဗျာ။ ပိုက်ဆံရမယ့် အလုပ် တစ် ခုခု နောင် လုပ်ချင်တယ်”

“ပိုက်ဆံရရင်ရော ဘာလုပ်ဖို့လဲ”

“မေမေ ကျူရှင်ပြနေရတာ သနားလို့။ ပြီးတော့ . . .”

“ပြီးတော့ ဘာဖြစ်လဲ”

“မမဦးကို အဝတ်အစား အသစ်တွေ ဝယ်ပေးချင်လို့”

“မမဦးအတွက် အဝတ်အစားအသစ် ဘယ်သောအခါမှ မလိုပါဘူး နောင်ရယ်”

“ဟင်၊ ဘာဖြစ်လို့လဲ”

“ဘာဖြစ်ရမှာလဲ၊ အဝတ်အစားအသစ်တွေ ဝတ်ပြီး မမဦး ဘယ်ကိုများ သွားရဖူးလို့လဲ၊ သူတို့ ထန်းပင်ကျောင်းမှာ ကထိန် ခင်းတုန်းက လိုက်ရတော့လည်း ပန်းကန်ဆေးတဲ့ နေရာမှာ ထား တာလေ နောင်ရဲ့၊ ခင်ဦးဆိုတဲ့ မိန်းမဟာ လူရာဝင်တာမှ မဟုတ်ဘဲကွယ်။ အဝတ်အစားသစ်နဲ့ မထိုက်တန်ပါဘူး”

"အဲဒါကြောင့် အလုပ်လုပ်ချင်တာဗျ၊ နောင်လေ မေမေနဲ့ မမဦးကို သိပ်သနားတာပဲ သိလား"

ခင်ဦးက မျက်ရည်ကျသည်။ နောင်က မျက်ရည်ဝဲ၏။

နောင်ဘုန်းတည်သည် ဆယ်တန်းအောင်ပြီးထားသည်မှာ ကြာပြီ။ ကျောင်းကလည်း မတက်ရသေးသဖြင့် လူပိုလူလွတ် လူအားလေး ဖြစ်နေ၍ စိတ်က အာရုံစိုက်စရာ မရှိ။

တစ်နေ့ တစ်နေ့ ခင်ဦး အလုပ်လုပ်သည့် အနားမှာသာ နေရင်းလိုအပ်သမျှ ဝိုင်းကူလုပ်ပေးရှာသော ချစ်စရာကောင်းလေး တစ်ယောက်။

နောင်ဘုန်းတည် နောက်ဖေးခန်းမှာ နေထိုင်လျှင် ဒေါ်ခင်မျိုးထိုက်က ဘာမှမပြော၊ ညီဘုန်းငယ်များ နောက်ဖေးချောင်လာပြီး စကားစမြည် ပြောမိခဲ့လျှင် . . .

"ညီ လာခဲ့စမ်း၊ ဒါ ငါမြေးနေရမယ့် နေရာလား"

ဟူသော ဒေါ်ခင်မျိုးထိုက်၏ အဆင့်အတန်း ခွဲခြားသော စကားလုံးနှင့် ဒေါသသံမာမာကြီးကို ခင်ဦးတို့ ကြားနေကျ။

နောင်ဘုန်းတည်ကျတော့ သူနှင့်ထိုက်တန်သော နေရာဟူ၍များ သတ်မှတ်ထားလေသလား မသိ။ ဒေါ်ခင်မျိုးထိုက် မြင်နေပါလျက် ဘယ်သောအခါမှ ဘာမှ မပြောပါ။

"နောင် တို့ဟူးခြောက်ကြော် စားမလား၊ မမဦးကြော်ပေးမယ်"

"ကောင်းတာပေါ့၊ လာ၊ နောင်ပါ ဝိုင်းကူမယ်နော် မမဦး"

ဒေသထွက် တို့ဟူးခြောက် လေးထောင့်အပြားများကို

ဆီပူပူမှာ ထည့်ကြော်လိုက်သည်ကို ကြည့်ပြီး နောင်က . . .

“တို့ဟူးပြားလေးတွေက ယိုးဒယားက,က တယ်နော်၊ ကြည့်စမ်း မမဦး၊ တွန့်လိမ်ကော့ကွေးသွားတယ်ဗျ၊ ဟားဟား”

နောင်က ဆီပူအိုးထဲ တစ်ဖတ်ချင်းထည့်ရင်း ပြောလည်းပြော၊ ရယ်လည်းရယ်။

တို့ဟူးကြော် တစ်ပန်းကန်ကြီး ရသည့်အခါ မီးသတ်၊ ဆီအိုးအောက်ချပြီး . . .

“ရော့ မိတာ၊ မလှထွေးကိုပါ ကျွေးလိုက်”

အိမ်ဖော်မိန်းကလေးနှစ်ယောက်ကိုခွဲပေး၊ ဖွားလေးသိုက်အတွက် ကြောင်အိမ်ထဲ ထည့်ထားပြီးသည့်အခါ . . .

“လာ၊ နောင်၊ စားကြမယ်”

“နေဦး၊ နောင် ရေနွေးကြမ်း ထည့်လိုက်ဦးမယ်”

ရွှေဖီမိုးလွတ် လက်ဖက်ခြောက် လှော်ထားသည်ကို ဆားလေး နည်းနည်းခပ်ပြီး ရေနွေးလောင်းထည့်၍ နှပ်၏။ ပြီးမှ ရေနွေးကြမ်း သောက်လိုက်ကြ၊ တို့ဟူးကြော် စားလိုက်ကြနှင့်။

“နောင့်ကို မေးမလို့”

“မေး”

“ကိုစိုးလတ် မြို့ကြီးကို ပြန်သွားပြီလားဟင်”

“မပြန်ဘူးလေ၊ အလွမ်းပြေမှာပဲ၊ မမဦးက ဘာလုပ်မလို့လဲ”

“မလုပ်ပါဘူး မေးကြည့်တာပါ”

“အဲဒီ ကိုစိုးလတ်ကြီးက မမဦးဆို တအားကြည့်တာဗျ၊

နောင် မကြိုက်ဘူး”

“နောင်ကလည်းဟယ်”

ခင်ဦး၏ နှလုံးသားလေး လှုပ်ခတ်သွားသည်။

ငြိမ်သက်အိပ်စက်နေခဲ့သော အကျဉ်းစံ နှလုံးသားလေးမှာ ခံစားမှုသစ်များကြောင့် နိုးကြားလှုပ်ခတ်လာသည်။

“ကိုစိုးလတ်က ဒီမြို့ကို ဘာလာလုပ်တာတဲ့လဲဟင်”

“သစ်သီးစုံ စည်သွပ်ဗူးလုပ်မယ့်စက်ရုံ တည်ဆောက်ဖို့ လာကြီးကြပ်တယ်လို့ ပြောတယ်လေ”

“အင်း၊ ဟုတ်တယ်”

“မမဦး သိပြီးသားထက်ပိုပြီး နောင် ဘာမှ မသိပါဘူး။ သိခွင့် မရပါဘူး။ သိလည်း မသိချင်ပါဘူး”

“နောင်ရယ်”

“သူက ညီနဲ့ပဲ တွဲတာလေ၊ ညီဘုန်းငယ်က သုံးနိုင် ဖြုန်းနိုင်တယ်လေ၊ နောင့်လိုမှ မဟုတ်တာ”

နောင့်စကား မှန်ကန်နေ၍ ခင်ဦး ဘာမှ ပြောမနေချင်၊ နှစ်သိမ့်မနေချင်ပါ။

သို့သော် . . .

ကိုစိုးလတ်သည် သုံးနိုင်သူနှင့်မှ တွဲမည်ဆိုသော စိတ်ထားရှိသူ မဟုတ်နိုင်ပါဟု ခင်ဦး အထင်ကြီးမိသည်။

“မခင်ဦးနဲ့ ကျွန်တော် အေးအေးဆေးဆေး စကားပြောချင်တယ်ဗျာ”

“ဘဝရဲ့ မွန်းကြပ်မှုနဲ့ ပိတ်လှောင်ခံထားရတဲ့ အခြေ

အနေတွေ"

ကိုစိုးလတ်ပြောကြားခဲ့သော စကားများကို ခကြာခဏ သတိရနေမိသည်။

ခင်ဦးကို စာနာသူ၊ ခင်ဦးကို စိတ်ဝင်စားသူ တစ်ယောက် ရှိလာလိမ့်မည်ဟု ဘယ်သောအခါကမှ မထင်မိခဲ့ရာမှ . . .

ကိုစိုးလတ်က ခင်ဦးနဲ့ စကား အေးအေးဆေးဆေး ပြော ချင်သတဲ့လေ။

ခင်ဦးကလည်း ပြောချင်တာပဲပေါ့။ ဒါပေမယ့် ကိုစိုးလတ် က ပြောင်းသွားခဲ့ပြီလေ။

"ခင်ဦးဘဝမှာ ကိုစိုးလတ်နဲ့ စကားပြောခွင့်မှ ရနိုင်ပါ တော့မလားရှင်"

"မမဦး"

"ဟင်"

"ကိုစိုးလတ်အကြောင်း စဉ်းစားနေတာ မဟုတ်လား"

"သွား . . .၊ ဟုတ်ဘဲနဲ့"

ခင်ဦး၏ ရှက်ရွံ့ကျေနပ်သော မျက်နှာကလေးက ဝန်ခံပြီး သား ဖြစ်ကြောင်း နော်ခင် နားလည်လိုက်ပါပြီ။

နော်ခင်သည် ခင်ဦးကို ချစ်သည်။ သိပ်ကို ချစ်သည်။ သို့သော် စင်ဒရဲလားပုံပြင်ထဲကလို မိထွေး လက်အောက်မှာ ကျဉ်းကြပ်စွာ နေခဲ့ရပြီးနောက် ရွှေဖိနပ်ကလေး တစ်ဖက်နှင့် တော်သော ချစ်သူကို လိုက်ရှာရာမှ စင်ဒရဲလားကိုတွေ့ပြီး အိမ် ရှေ့မင်းသားလေးက စင်ဒရဲလားကို လာရောက်ခေါ်ဆောင်သွား

သလိုမျိုး . . .

မမဦးကို ချစ်မြတ်နိုးသူ တစ်ယောက်ယောက်က သို့မဟုတ် မမဦးက ချစ်ရသူ တစ်ဦးဦးက . . .

ဤကသစ်နီစံအိမ်ကြီးထဲမှ ဆွဲထုတ်ခေါ်ဆောင်သွားမည် ဆိုခဲ့လျှင် နောင့်အသည်း ဟက်တက်ကွဲ၍ ကျန်ရစ်ရပါစေ၊ ကျေနပ်နေပါမည်။

ဤကဲ့သို့သော အနှိုင်းမဲ့စေတနာများနှင့် အကြင်နာတရား ထားနိုင်သော နောင်၏အချစ်သည် အဖြူရောင်အချစ်ဟု ခေါ် ဆိုနိုင်ပါသလား။

။ ။ ။

နောင်နှင့် ခင်ဦးတို့ နှစ်ယောက် တို့ဟူးခြောက်ကြော်နှင့် ရေနွေးကြမ်း စားသောက်ပြီးနောက်တွင် မီးဖိုထဲမှ ထွက်သွားချိန်မှာ . . .

ထောင်ဝင်စာတွေ့ရန် ခိုးထွက်သွားသော ဖွားဖွားလေးဒေါ်ခင်မျိုးသိုက် ပြန်ရောက်လာ၏။

သူ့ညီမ သည်လို ခိုးကြောင်ခိုးဝှက် လုပ်နေကြောင်း၊ ထောင်ထဲသို့ စားစရာများစွာ ပို့နေကြောင်း ဒေါ်ခင်မျိုးထိုက်သာ သိသွားခဲ့လျှင် ဒေါသအမျက် ထွက်လိုက်မည့်ဖြစ်ခြင်း။

အစ်မကို ကြောက်ရသော ဒေါ်ခင်မျိုးသိုက်ကလည်း တိတ်တိတ်ခိုး၍ သိုသိုဝှက်ဝှက်သာ သွားလေ့ရှိပါ၏။

"ဖွားလေးသိုက် ခင်ဦးတို့ တို့ဟူးကြော်ထားတယ် စားလိုက်ဦး"

"အတော်ပဲ ခင်ဦးရယ်၊ ဆာလာတာနဲ့"

ခင်ဦးကလည်း အလုပ်ပြီးနေသဖြင့် ဒေါ်ခင်မျိုးသိုက်နှင့် ဆက်၍ ထိုင်ဖြစ်ပြန်သည်။

"ဖွားလေးသိုက်ကို မေးမယ် မေးမယ်နဲ့ မေးကို မမေးဖြစ်သေးတာ၊ ခုမှပဲ မေးပါရစေတော့"

"ဘာများပါလိမ့် ခင်ဦးရဲ့"

"ဖွားဖွားကြီးဟာ ညို့ကို သိပ်မြှောက်စားပြီး နောင့်ကို တအားနှိမ်ထားတာ ဘာသဘောလဲဟင်"

"ဒီမှာ ခင်ဦး"

"ဟုတ်ကဲ့"

"ဒီမေးခွန်းကို ညည်းမေးသင့်တာ ကြာပါပြီ ခင်ဦးရယ်"

"ဘာဖြစ်လို့လဲ ဖွားလေးသိုက်ရဲ့"

"ငါက ပြောပြချင်နေတာ၊ မမေးဘဲနဲ့လည်း မပြောအပ်တဲ့ စကားလေ"

"ဘာများမို့လဲ ဖွားလေးသိုက်ရဲ့"

"နောင်ဘုန်းတည်က မမထိုက်ရဲ့ မြေးအရင်းမှ မဟုတ်တာ"

"ဟာ"

"စိမ်းမြမြရဲ့ ပထမချစ်သူနဲ့ ရခဲ့တဲ့ကလေး"

"အို . . . ဖွားလေးသိုက်က ဘယ်လိုလုပ် သိတာလဲဟင်"

"အေး၊ ပြောပြမယ်"

"စိမ်းမြမြမှာ ရည်းစားရှိတယ်၊ နာမည်က "ထွန်းသစ်"တဲ့။ အဲဒီကောင်လေးက ဆင်းရဲတယ်၊ စိမ်းမြမြတို့က ပိုက်ဆံချမ်းသာတယ်ပေါ့။ သဘောမတူဘူး ဆိုပါတော့ကွယ်"

"လူတွေဟာ ဆင်းရဲခြင်းနဲ့ ချမ်းသာခြင်းဆိုတဲ့ ကြားမှာ အကာအရံကြီး အမြဲတားထားကြတယ်နော်"

"ဒါကတော့ မိဘရဲ့ စေတနာပေါ့ကွယ်၊ စိမ်းက တစ်ဦးတည်းသော သမီးလေး၊ အဲ . . . စိမ်းတို့ဘက်ပဲ လာစပ်ကြတာ။

ဒီတုန်းက မမထိုက်က ဒီလောက် မချမ်းသာသေးဘူး။ ကြားက
အောင်သွယ်က လာပြောတော့ မမထိုက်က စိမ်းကို သဘောကျ
တာမဟုတ်ဘူး။ သူ့မိဘရဲ့ အမွေကို သဘောကျပြီး ပေးစား
လိုက်တာ”

“ဒါဆိုရင် ဦးလေးနဲ့ စိမ်းက ချစ်သူတွေ မဟုတ်ဘဲနဲ့
လက်ထပ်ရတာပေါ့နော်”

“ဒါပေါ့”

“အင်း၊ ပြောပါဦး”

“ဒီလိုနဲ့ စိမ်းမှာ ကိုယ်ဝန်ရလာတယ်။ စိမ်းဘက်က ပါလာ
တဲ့ အမွေတချို့နဲ့ ရင်းနှီးရာက ပိုပိုချမ်းသာလာတယ် ဆိုပါ
တော့၊ အဲဒီလိုနေရင်း စိမ်းက မိဘဆီ ခဏပြန်မယ်ဆိုပြီး ပြန်
သွားတာ”

“အန်တီစိမ်းက တောင်ပေါ်မြို့သူနော်”

“ဟုတ်တယ်၊ ဒီစခန်းမြိုင်မြို့နဲ့ မိုင်နှစ်ရာကျော်လောက်
ဝေးတဲ့မြို့မှာပေါ့၊ အဲဒီလို ခဏပြန်သွားရင်း ဟိုမှာပဲ နှောင်ဘုန်း
တည်ကို မွေးပါလေရော”

“မိဘဆီ ပြန်ပြီး ကလေးမွေးတာ မဟုတ်ဘူးလား”

“မဟုတ်ဘူး၊ နေမကောင်းလို့ ခဏပြန်ရင်း ဗိုက်နာပြီး
မွေးတာ၊ ခုနစ်လနဲ့ မွေးတာတဲ့၊ ဒီက မမထိုက်နဲ့ မောင်ဦးတို့
လိုက်မသွားကြဘူး၊ စိမ်းမြမြပဲ ပြန်လာရတယ်၊ ကလေးကလည်း
သိပ်မသေးတော့ ခုနစ်လနဲ့ မွေးတယ်လို့ မယုံကြည်ကြဘူးလေ၊
ကိုယ်ဝန်ပါလာလို့ သူ့မိဘဆီပြန်သွားပြီး မွေးတာလို့ပဲ သတ်

မှတ်ကြတယ်၊ လက်ထပ်ပြီး ရှစ်လအကြာမှာ မွေးတာဆိုတော့ မယုံမယ်ဆိုလည်း မယုံစရာပဲလေ"

"နောင်နဲ့ ညီက ရုပ်ချင်းလည်း ဆင်တယ်။ ဦးနဲ့လည်း တူတဲ့နေရာတွေ တူပါတယ်။ ပြီးတော့ အန်တီစိမ်းက သိပ်ကျွန်ခြေ ရှိတဲ့ ကျောင်းဆရာမပါ ဖွားလေးသိုက်ရယ်၊ သူတို့ စွပ်စွဲသလို ဖြစ်နိုင်ပါ့မလား"

"ပြောတတ်ပါဘူးအေ၊ မောင်ဦးကမှ ဂရုစိုက်ဖော်ရသေးတယ်၊ မမထိုက်က သူ့မြေး မဟုတ်ဘူးလို့ပဲ ယုံကြည်နေတာ"

"ဘာပဲဖြစ်ဖြစ်၊ နောင်က သနားစရာလေးပါ"

"ဟိုကလည်း ညည်းကို သနားလို့တဲ့"

"အနှိမ်ခံတွေချင်းကို ဖွားလေးသိုက်ရဲ့"

"အင်း၊ ပြီးတော့ နောင်နဲ့ညီက တစ်နှစ်ခွဲပဲ ခြားတယ်လေ၊ ညီ့ကိုကျတော့ ဒီအိမ်မှာပဲ ကိုယ်ဝန်ရ၊ ဒီအိမ်မှာပဲ မွေးလို့ သူ့မြေးအစစ်ဆိုပြီး သိပ်ချစ်နေတာ"

"အန်တီစိမ်း မိဘတွေလည်း မရှိကြတော့ဘူးနော်"

"ဟုတ်တယ်။ သမီး အိမ်ထောင်ချပေးပြီး စီးပွားလည်း လျှော့လို့ စိမ်းအတွက် အမွေ သိပ်မကျန်တော့ဘူး။ အဲဒါကိုပဲ မမထိုက်က ကြုံရင် ကြုံသလို အပြစ်ပြောနေတာ"

"ဖွားဖွားကြီးက အန်တီစိမ်းကို သိပ်နှိမ်တာပဲ၊ သနားပါတယ်"

"ကိုယ့်အစ်မအကြောင်း ကိုယ်ပြောရတာလည်း မကောင်းပါဘူး၊ နိမ့်တဲ့သူကို ပိုနှိမ်ပြီး မြင့်တဲ့သူကို ပိုမြှင့်ချင်တယ်၊ မြို့ကြီး

က ဦးယုဆိုင်တို့ဆိုရင် ထိုင်ရှိခိုးတော့မလောက် အရေးပေးတာ၊ ဦးယုဆိုင်လွှတ်လိုက်တဲ့ မောင်စိုးလတ်ကိုတောင် မတွေ့ဘူးလား၊ အရေးပေးလိုက်တာ”

“ဒါနဲ့များ အဲဒီဇည့်သည်က ဘာကြောင့် အလွမ်းပြေရိပ်သာကို ပြောင်းသွားရတာလဲ”

“အားနာလို့ နေမှာပေါ့၊ မောင်စိုးလတ်က တော်တော်သိတတ်တဲ့ သူငယ်လေးပဲလေ”

ခင်ဦးက ကိုစိုးလတ်၏ ထက်မြက်စူးရှသော မျက်ဝန်းညိုများနှင့်သူ့ကိုကြည့်နေပုံများကိုပြန်လည် မြင်ယောင်လာမိသည်။

လွမ်းသည့်အနေအထားမျိုး မဟုတ်တောင်မှ တမ်းတနေမိတာကတော့ အမှန်ပဲ ဖြစ်သည်။

ခင်ဦး ကိုယ့်ဘဝကိုယ် “စိတ်ညစ်လိုက်တာ” ဟူ၍သာ တွေးတတ်ခဲ့သော်လည်း ကိုစိုးလတ်က “ဘဝရဲ့မွှန်းကြပ်မှုနဲ့ ပိတ်လှောင်ခံထားရတဲ့အခြေအနေ” ဟူသော သူ့ဘဝကို သရုပ်ဖော်သွားသဖြင့် ဤစကားလုံးများက ခင်ဦး၏နှလုံးသားပေါ်မှ ရေးချယ်ထားသည်သို့ပင် ရင်ထဲမှာ စွဲမြဲစွာ မှတ်မိနေပါသည်။

“အင်း . . . သားလေးလည်း လွှတ်တော့မယ်။ သားလေး လွှတ်လာရင် ဖွားလေးသိုက်တောင် ဒီအိမ်မှာ နေလို့ ဖြစ်ပါ့မလား မသိဘူး”

“ဖွားလေးသိုက် မရှိရင် ခင်ဦးတော့ ဒုက္ခပါပဲ”

“ဒီထက်တော့ ပိုပြီး ဒုက္ခရောက်စရာ မရှိနိုင်ပါဘူး၊ သမီးဦးလေးက သမီးကို ဂရုစိုက်ရှာသားပဲ”

"ဦးလေးက အိမ်မှာနေတဲ့အချိန် သိပ်နည်းပါတယ်လေ၊ နောင်တစ်ယောက်ကသာ ခင်ဦးအပေါ် ကောင်းရှာတယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့လေ။ နောင်ဘုန်းတည်က သူစိမ်း၊ ခင်ဦးက အမျိုးပဲ"

"အဲဒီ အမျိုးဆိုတာကြီးကို ထည့်ထည့်မပြောစမ်းပါနဲ့ ဘွားလေးရယ်၊ အမျိုးဆိုရင်တောင် ဆယ့်ငါးဝမ်းကွဲလောက်တော်မှာ ထင်ပါရဲ့"

ဒေါ်ခင်မျိုးသိုက် ဘာမှပြန်မပြောဘဲ ခင်ဦးကိုသာ စူးစူးစိုက်စိုက် ကြည့်နေသည်။ ခင်ဦးသာ ပါးနပ်မည်ဆိုလျှင် ဒေါ်ခင်မျိုးသိုက် မျက်ဝန်းထဲမှ အဓိပ္ပာယ်ကို တူးဖော် ကြည့်နိုင်မည်ထင်သည်။

ယခု နောင်ဘုန်းတည်၏ အဖြစ်မှန်ကို ပြောပြသလို ခင်ဦး၏ အဖြစ်မှန်ကိုဖြင့် ဒေါ်ခင်မျိုးသိုက်က ဘယ်သောအခါမှ ပြောပြနိုင်မည် မဟုတ်ပါ။

"ဆွေမျိုးကို စောင့်ရှောက်ချင်တယ်ဆိုရင် ဖွားလေးသိုက်ရဲ့ သား ဦးလေး 'ကံကြီးမောင်' ကို စောင့်ရှောက်သင့်တာပေါ့။ ထောင်ထဲမှာ ဒုက္ခရောက်နေတဲ့ ဥစ္စာပဲဟာ၊ ခုတော့ ထောင်ဝင်စာ တွေ့ရင်ပေးဖို့ ငါးပိလေး ကြော်တာကအစ ခိုးကြော်နေတာ လည်း ထည့်ပြောပါဦး"

"ဩော် ... ဒါကတော့ သားကလည်း မိုက်တယ်လေကွယ်။ သူ့ကြောင့် မမထိုက် မျက်နှာပျက် အရှက်ရခဲ့ရတယ်လေ"

"ဒါတော့ ဒါပေါ့လေ၊ ဒါပေမယ့် ဘွားဘွားကြီးကိုက

မာန်မာနကြီးလွန်းပါတယ်၊ သူ့တစ်ကိုယ်လုံးခွဲစိတ်ကြည့်လို့ရရင် တောင် ညှာတာတာတွေ၊ စာနာတာတွေ တစ်နေရာမှ မတွေ့ဘဲ လောဘတွေ ဒေါသတွေနဲ့ အတ္တကြီးမှုတွေချည်းပဲတွေ့ရမှာနော်"

ဖွားလေးသိုက် ပြုံး၍ပင် နေလိုက်ပါသည်။ ဤကလေး ဤအိမ်ကို ရောက်လာသည့် မိုးသည်းညကစပြီး တွယ်တာခဲ့ရ သဖြင့် ခင်ဦးကို သနားလှပါသည်။ အမိမဲ့မလေးလေ။

ကလေးတစ်ယောက်ရောက်ရှိလာသည်ဟုသာ ပထမပိုင်း က ပြောရသည်။ မခင်ညိုလာပို့သွားသည်ဟု သူ့အစ်မကို ဖွင့် မပြောရဲခဲ့ပါ။

ဒီအိမ်မှအပြန် မိုးရေထဲမှာ လဲကျသေဆုံးနေသော မခင်ညို ၏အလောင်းကို တွေ့ရှိကြောင်း ရဲစခန်းနှင့် ဆေးရုံတို့မှတစ်ဆင့် သိခွင့်ရခဲ့သည်။ မခင်ညို၏ ရုပ်ကလာပ်ကို သင်္ဂြိုလ်ပြီးမှ ခင်ဦး သည်မခင်ညို၏သမီးလေးပါဟူ၍လည်း ဒေါ်ခင်မျိုးထိုက်ကိုသာ တိုးတိုးတိတ်တိတ် ဖွင့်ပြောခဲ့မိသဖြင့် . . .

"ပြီးတာတွေ ပြီးပါစေတော့၊ ခင်ညိုလည်း သေပြီ။ ဒီ အကြောင်းကို ဘယ်သောအခါမှ ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ငါ့ကို ကတိပေးစမ်း သိုက်သိုက်"

ဟူသော မာန်တင်းလွန်းလှသည့် အပြောများကြောင့် ကျိန်ဆိုပြီး ပေးထားရသော ကတိဖြစ်၍ ခင်ဦး၏အဖြစ်မှန်ကို ခင်ဦးတစ်ယောက်ဘယ်သောအခါမှသိခွင့်ရရှိမည် မဟုတ်ရှာပါ။

II II II

သူမျှော်လင့်ထားသည့် အတိုင်းပင် နေ့လယ်ခင်း အလင်းရောင် ကောင်းစွာရသော နေရာမှာ မလွမ်းမူကို တွေ့ခွင့်ရရှိသည်။

"ကိုစိုးလတ်က ဂီတ ဝါသနာပါလားရှင့်"

"နားထောင်တာတော့ ဝါသနာပါ,ပါတယ်၊ ဒါပေမယ့် ဘာမှမတီးတတ်ဘူး၊ သီချင်းတစ်ပုဒ်လုံး ဆိုးအောင် မရဘူး၊ လိုက်ရောရုံ အဆင့်လောက်ပဲ"

"ဒါနဲ့ ရွှေလည်တိုင်သီချင်းကို ဘာလို့ အထပ်ထပ် နားထောင်နေတာလဲရှင့်"

"လက်သံလေးက နားထောင်ကောင်းလို့ပါ၊ ဒါနဲ့ ဒီသီချင်းကို မလွမ်းမူ ဘယ်အရွယ်က စပြီး တီးတတ်တာလဲဟင်"

"ငယ်ငယ်ကတည်းကရှင့်"

"ငယ်ငယ်ဆိုတာ ဘယ်အရွယ်လဲ"

"အင်း . . . အဖေ စန္ဒရား ဝယ်ပေးပြီး ကတည်းကပါပဲ။ ကျွန်မ ကိုးနှစ် ဆယ်နှစ်လောက်ပဲ ရှိဦးမယ် ထင်တယ်ရှင့်"

"မလွမ်းမူအဖေက ဂီတဝါသနာပါလား"

"မဟုတ်ဘူးရှင့်၊ မပါ,ပါဘူးရှင့်၊ ကျွန်မ ဝါသနာပါတာ၊ ဒါကြောင့် စန္ဒရား ဝယ်ပေးပြီး ဆရာပါ ငှားပြီး သင်ပေးခဲ့တာရှင့်"

ခပ်ဝဲဝဲအသံလေးက နားထောင်ကောင်းသော်လည်း စကားဆုံးတိုင်း 'ရှင့်' က ပါနေသဖြင့် နားရှုပ်သလိုလိုပင်။

“ဒါနဲ့ မလွမ်းမူအဖေက ဘာလုပ်လဲ”

“ကုန်သည်ပါပဲရှင့်”

“နာမည်ကရော”

“ဦးစိုင်းရီတစ်(ပ်)”

“အို . . . ရှမ်းတွေလား”

“ဟုတ်ကဲ့ရှင့်”

“မလွမ်းမူကျတော့ မြန်မာနာမည်နော်”

“ကျွန်မ နာမည်က နန်းဝိုးဖားကျောက်ရှင့်”

“သြော် . . . မလွမ်းမူတို့ သားအဖနှစ်ယောက်ရဲ့ နာမည် အရဆိုရင် ကျိုင်းတုံဘက်က ထင်တယ်နော်”

“ဟုတ်ပါတယ် အရှေ့ပိုင်း ရှမ်းပြည်နယ်ကပါရှင့်”

“မလွမ်းမူဆိုတာ ကျောင်းနာမည်လား”

“မဟုတ်ပါဘူးရှင့်၊ ဒီမှာ အလုပ်ဝင်တော့မှ ဒီက မှည့်ပေး တဲ့ နာမည်ပါ၊ ကျွန်မရဲ့ နာမည်ရင်း နန်းဝိုးဖားကျောက်ဆိုတာ ခေါ်လို့မှ မကောင်းပဲရှင့်”

ကိုစိုးလတ်က စူးစူးစိုက်စိုက်ကြည့်လွန်းသဖြင့် မလွမ်းမူ မျက်လွှာလေး အောက်သို့ ချထားရှာသည်။

အကြည့်ချင်း မဆုံတော့မှ ကိုစိုးလတ် မလွမ်းမူ၏မျက်နှာ ကို အားရပါးရ ကြည့်လိုက်ရာ . . .

“ဟာ ... မလွမ်းမူရဲ့ မျက်ခုံးထဲမှာ မှည့်ရှိနေပါလား”

“ရှင့်”

မလွမ်းမူ အံ့သြသံလေးထွက်ပြီး ယောင်ယမ်း၍ သူ့

နဖူး သူ စမ်းကြည့်သည်။

“နဖူးမှာ မဟုတ်ဘူး။ မျက်ခုံးထဲမှာ မှည့်ရှိတယ်နော်၊ မျက်ခုံးမွေး ဆွဲထားတာ ရုတ်တရက် မမြင်ရဘူး”

“ဒါများ လန့်သွားတာပဲ။ မျက်နှာမှာ မှည့်ရှိတာ ဆန်းလို့လားရှင့်၊ မျက်ခုံးထဲမှာချည်း မဟုတ်ပါဘူးရှင့်၊ ဒီမှာရော၊ ဒီမှာတွေရော”

သူမရဲ့ ပါးပေါ်မှာ၊ အပေါ်နှုတ်ခမ်းနှင့် မေးစေ့ပေါ်မှာ မှည့်လုံးလေးများ ရှိနေကြောင်း မလွမ်းမူပြမှ ကိုစိုးလတ် မြင်မိသည်။ သူ စူးစူးစိုက်စိုက် ရှာဖွေနေသည်က မျက်ခုံးပေါ်မှာသာလေ။

“မှည့်ရှိတာဘာဖြစ်တတ်လဲရှင့်”

“ချမ်းသာတတ်တယ်”

“ခုထိတော့ မချမ်းသာသေးပါဘူး”

“မလွမ်းမူ လွတ်လပ်စွာ ရယ်မောသည်။

စကားသံဝဲခြင်းနှင့် “ရှင့်” ထည့်ပြောခြင်းများက လုပ်ယူ၍ ရသော ကိစ္စ။

အရှေ့ပိုင်း ရှမ်းပြည်နယ်မှ ရှမ်းမလေးအစစ်လား။ ရှမ်းမလေးအဖြစ် ခံယူထားသော နွေသဥ္ဇာများလား။

အနီးကပ်ကြည့်တော့လည်း အရွယ်က နှစ်ဆယ်ကျော်မျှလောက်သာပင်။

နွေသဥ္ဇာ၏ ဖခင် ဦးတောက်ထွန်း ယုံကြည်မျှော်လင့်နေသကဲ့သို့ပင် ဆယ်နှစ်လုံးလုံး ပျောက်ဆုံးနေသော နွေသဥ္ဇာသည်

ဤ ကမ္ဘာမြေ တစ်နေရာရာမှာ အသက်ရှင်လျက် ရှိနေမည်ဟု သူ ယုံကြည်သည်။

နွေသဥ္စာ ရှာဖွေရေးခရီးကို သက်ဆိုင်ရာတို့၏ ညွှန်ကြား ပံ့ပိုးမှုဖြင့် ကိုစိုးလတ် ရောက်ရှိနေခြင်း ဖြစ်သည်။

ပေးအပ်သောတာဝန်အရချည်း မဟုတ်။ သူကိုယ်တိုင်က လည်း စိတ်ဝင်စားစွာ ရှာဖွေနေခြင်း ဖြစ်သည်။

ဦးတောက်ထွန်း မြို့ကြီးသို့မရောက်မီ တောင်ပေါ်မြေမှ မြို့ငယ်လေးတစ်မြို့တွင် ဖြစ်ပျက်ခဲ့သော အမှုကြီး ဖြစ်သည်။

ယခု ကိုစိုးလတ်ရောက်ရှိနေသော မြေပြန့်အဆုံး တောင် ပေါ်မြေအစမှ စခန်းမြိုင်မြို့လေးမှာ 'ဖြစ်နိုင်ချေရှိသည်' ဟူသော ကောက်ချက်ချထားခြင်းကြောင့် ဤမြို့သို့ ကိုစိုးလတ် ရောက် ရှိနေခဲ့သည်မှာပင် အရက် နှစ်ဆယ်ကျော်ခဲ့လေပြီ။

"မလွှမ်းမူ မိဘတွေရော"

"မရှိတော့ပါဘူးရှင့်"

"ဒီမှာ တစ်ယောက်တည်း လာနေတာလား"

"မဟုတ်ပါဘူးရှင့်၊ ဟိုဘက်ခြံမှာ ဦးလေးတို့ ရှိပါ တယ်ရှင့်"

"ဟိုဘက်ခြံ၊ ဟိုဘက်ခြံဆိုတာ ခင်သစ္စာတို့၊ ဆောင်း ဆည်းဆာတို့ရဲ့ခြံကို ပြောတာလား"

"ကိုစိုးလတ်က အဲဒါတွေလည်း သိတယ်လားရှင့်"

ခေါင်းညိတ်၍ ပြုံးပြလိုက်ရသည်။

"ခင်သစ္စာရဲ့အဖေ၊ ဦးစောရန်ရှင်းက ကျွန်မနဲ့ ဦးလေးတစ်

ဝမ်းကွဲတော်တယ်ရှင့်၊ သူခေါ်လို့ ဒီကိုဆင်းခဲ့တာ၊ ဒီရိပ်သာမှာ တစ်ခန်းနေဖို့ ပေးထားပါတယ်ရှင့်”

“ခင်သစ္စာတို့နဲ့ဆို ညီအစ်မတော်မှာပေ့ါ၊ ဘာဖြစ်လို့ ဟိုမှာ မနေတာလဲ”

“ဟိုအိမ်မှာက လူမဓာ ရှိတယ်လေ၊ ပြီးတော့ ဒီမှာနေခွင့်ရတာ ပိုပြီး လွတ်လပ်ပါတယ်ရှင့်”

မလွမ်းမူ၏ စကားအဆုံးမှ “ရှင့်”တစ်လုံးကို ကောက်ယူလွှင့်ပစ်လိုက်ချင်သည်။

“ဦးစောရန်ရှင်းက ရှမ်း မဟုတ်နိုင်ပါဘူး”

“ဟုတ်ကဲ့ရှင့်၊ အမေ့ဘက်က တော်တာပါ။ အမေက မြန်မာပါ၊ ဦးလေးဝမ်းကွဲပါရှင့်”

“ဒီမှာ နေရတာ မလွမ်းမူ အဆင်ပြေရဲ့လား”

“ပြေပါတယ်ရှင့်၊ နေစရာအခန်းရတယ်၊ ထမင်းသုံးနပ်စားရတယ်၊ လခတစ်သောင်းရတယ်။ ကျွန်မရဲ့ လက်သံကိုကြိုက်တဲ့ လူကြီးပိုင်းတွေက ဆုချသွားတာတွေလည်း ရတော့ လုံလောက်ပါတယ်ရှင့်”

“ဟိုဘက်က ပန်းကုံးစွပ်ကြတဲ့ စတီရီယိုခန်းမဆိုရင် ပိုရမှာပေ့ါ၊ အဲဒီဘက်မှာ ဆိုဖို့ စိတ်မကူးဘူးလား”

“ကျွန်မနဲ့ မဖြစ်ပါဘူးရှင့်”

“ဘာဖြစ်လို့လဲ”

“ပိုက်ဆံမရရင်လည်း နေပါစေ၊ ခုလည်း စားဖို့ နေဖို့ရှိနေပြီပဲ၊ တော်ပြီပေ့ါနော်၊ ကျွန်မနဲ့ ရှုပ်ထွေးဆူညံတာတွေ

မဖြစ်ပါဘူးရှင့်၊ ကျွန်မက အေးအေးပဲ နေချင်တာပါရှင့်"

မလွှမ်းမှူ၏ မျက်နှာကို စာတစ်ပုဒ်လို ကိုစိုးလတ် ဖတ်ရှု မိသည်။သူမသည် အမှန်တကယ် ရှမ်းမလေးပဲလား။ ဟန်ဆောင် ထားလေသလားဟု သူ ခုချိန်ထိ ဝေခွဲ၍ မရနိုင်သေး။

မလွှမ်းမှူသည် ခင်ဦးကဲ့သို့ ရိုးစင်းငြိမ်သက်သော မျက်ဝန်း မျိုးမဟုတ်။ ခင်သစ္စာလောက်လည်းမတည်ငြိမ်သောမျက်ဝန်းမျိုး မဟုတ်။

စူးရှထက်မြက်သော မျက်ဝန်းတစ်စုံကို ပိုင်ဆိုင်သည့် မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း အနီးကပ် မြင်ခွင့်ရခဲ့ပြီ။

ထိုအတွင်းမှာပင် ကိုစိုးလတ် တစ်ခု သတိထားလိုက်မိ သည်က ပြည်နယ်သူ ပြည်နယ်သားများ စကားပြောလျှင်ဟထိုး သံ မပါတတ်။ ဥပမာ 'မှတ်မိတယ်' ကို 'မတ်မိတယ်' ဟုပြော လေ့ရှိကြ၏။

မလွှမ်းမှူပြောသော 'ကိုးနှစ်' တို့၊ ဒီမှာ အလုပ်ဝင်တော့ 'မှ'၊ ဒီက 'မှည့်' တဲ့နာမည်တို့ကို ပြောရာမှာ ဟထိုးသံ ပီပီ သသ ဖြစ်နေသည်ကလည်း စဉ်းစားစရာ။ သို့သော် သူ့မိခင် က မြန်မာဆိုသဖြင့် သံသယ အဆင့်မှာသာ ရပ်ထားရမည့် အခြေအနေပါ။

"ဦးစောရန်ရှင်းတို့က ဘာအလုပ်လုပ်လဲ"

"ဟင် . . . ဒီအလွှမ်းပြေရဲ့ ပိုင်ရှင်လေ"

"ဟုတ်လို့လား"

"ဟုတ်တယ်ရှင့်။ ဦးလေးတို့က ချမ်းသာလို့ ဒီရိပ်သာ

ကြီး ဖွင့်ထားတာလေ”

“တခြားလူ ရှယ်ယာမပါဘူးလား၊ သူတစ်ဦးတည်းပိုင် လား”

“ဦးလေးပဲ ပိုင်တာရှင့်၊ ဦးလေး သဘောနဲ့ အားလုံး လည်ပတ်နေတာပါ၊ ဘယ်သူမှ မပိုင်ပါဘူးရှင့်”

မလွှမ်းမူ၏မျက်နှာမှာ ဘာမှ ဖုံးကွယ်ထားခြင်း ရှိပုံမရ။ သူ့အသိမှာဦးစောရန်ရှင်းဆိုသော ခင်သစ္စာနှင့်ဆောင်းဆည်းဆာ တို့၏ဖခင်တစ်ဦးတည်းပိုင်သော ရိပ်သာကြီးဟု သိနေပုံရသည်။

ကိုစိုးလတ်ကို ညီဖုန်းငယ်က တိုးတိုးတိတ်တိတ် ပြောပြ ထား၍သာ ဤအလွှမ်းပြေရိပ်သာမှာ ဒေါ်ခင်မျိုးထိုက်၏ ရှယ် ယာ အများကြီး ပါဝင်ကြောင်း သိထားပြီး ဖြစ်ခဲ့သည်။

“မလွှမ်းမူ ဆောင်းဆည်းဆာအကြောင်း ဘယ်လောက် သိလဲ၊ ကျွန်တော်နဲ့ တစ်နေ့ကညနေက ဆုံခွင့်ရခဲ့တယ်လေ”

ဆောင်းဆည်းဆာ ဟိုဘက်ခြံမှာ မေ့လဲနေသဖြင့် သူ ပွေ့ယူပြီး အိမ်ထဲသို့ သွားပို့ရကြောင်း အသေးစိတ် ပြောပြလိုက် သည်။

“ဦးလေးတို့က သူတို့ခြံထဲ ဘယ်သူမှ ဝင်တာ မကြိုက် ဘူးရှင့်”

“ဘာကြောင့်လဲ”

“ဆောင်းဆည်းဆာကြောင့်ရှင့်”

“ဆောင်းဆည်းဆာက သိပ်လှတော့ တစ်ယောက်ယောက် နဲ့ ပါသွားမှာ စိုးလို့လား”

"မဟုတ်ဘူးရှင့်၊ ရောဂါကြောင့်"

"ရောဂါကြောင့် ဟုတ်လား"

"ဟုတ်တယ်၊ သူ့ရောဂါကို လူတွေ သိကုန်မှာ စိုးလို့တဲ့ရှင့်"

"သူ့ရောဂါ ဟုတ်လား၊ ဆောင်းဆည်းဆာမှာ ဘာရောဂါတွေ ရှိနေလို့လဲ"

"ဦးစိုးလတ် ဘယ်သူ့မှ ပြန်မပြောဘူးလို့ ကတိပေးမလားရှင့်"

"အင်း၊ ပေးရမှာပေါ့"

"စိတ်ရောဂါ၊ ဆောင်းဆည်းဆာက ရူးနေတာ"

"ဟာ၊ ဟုတ်လို့လားဗျာ"

"ဟုတ်တယ်၊ တစ်ခါတစ်ခါ သိပ်သောင်းကျန်းတာ၊ ဒေါက်တာမျိုးဝေ ရောက်လာမှ ငြိမ်သွားတာ"

"ခင်သစ္စာနဲ့ ဆောင်းဆည်းဆာက ရုပ်ချင်းလည်းမတူဘူး။ ညီအစ်မ အရင်းရော ဟုတ်ရဲ့လား"

"အို . . . ဘယ်လို မေးလိုက်တာလဲ၊ ဦးလေးရဲ့ သမီးတွေချည်းပါရှင့်"

"ဆောင်းဆည်းဆာ နေမကောင်းတာ ဘယ်လောက်ကြာပြီလဲ"

"ကြာပြီ၊ ငယ်ငယ်ကတည်းကပဲ"

"ဆောင်းဆည်းဆာ ကလေးဘဝကတည်းက မလွမ်းမှုတွေ့ဖူးလား"

"ငယ်ငယ်ကတော့ မဆုံဖူးပါဘူး၊ အမေပဲ သွားလာတာ၊ ကျွန်မက ခု ဒီဟိုတယ်ဖွင့်မှ ဦးလေးခေါ်လို့ ရောက်လာတာရှင့်"

"ဒါနဲ့ ခင်သစ္စာနဲ့ ဦးမောင်မောင်မြတ်ဦးက သိပ်ရင်းနှီးကြသလိုပဲနော်"

"ဦးမြတ်ဦးက မိန်းကလေးချောချောဆိုရင် တအားစိတ်ဝင်စားတာရှင့်"

"မလွမ်းမူကိုရော သူ စိတ်မဝင်စားဘူးလား"

"ရောက်ကာစက မကြာခဏ စကား လာလာပြောတာရှင့်၊ အဲဒီလူကြီးက မိန်းမ ပွေတယ်၊ မယားငယ်တွေလည်း ရှိတယ်လို့ ကြားတာနဲ့ အနားကို အကပ်မခံတော့တာရှင့်"

"ဦးမောင်မောင်မြတ်ဦးက စိတ်ဆိုးသွားဖူးသေးလား"

"မဆိုးပါဘူးရှင့်၊ သူလိုက်လို့ရမယ့်သူ ဆိုရင် ဆက်တွဲတယ်။ သူ့ကို လက်ခံချင်ပုံ မရရင် သူက အရင်ခွာသွားရော၊ ဒါပေမယ့် သူတို့သားအမိက တအားချမ်းသာတော့ ကပ်ချင်တဲ့သူလည်း အများကြီးပါပဲရှင့်"

"အဲဒီ ကပ်ချင်တဲ့ သူတွေထဲမှာရော ခင်သစ္စာပါလား"

"ခင်သစ္စာတို့ကလည်း သူဌေးပဲ၊ အလုပ်အတွက် အတူတွဲတာပဲ ဖြစ်မှာပါရှင့်"

တကယ့်အဖြစ်နှင့် မလွမ်းမူ၏အသိက ခြားနားနေသည်။ စကားအကြာကြီး ပြောခွင့်ရချိန်မှာ မလွမ်းမူ၏စကားများ ကလိမ်ညာ ပြောကြားနေခြင်း မဟုတ်ကြောင်း သိသာ၏။

"ကိုယ် ဆောင်းဆည်းဆာနဲ့ ထပ်တွေ့ချင်တယ်၊ စီစဉ်

ပေးနိုင်မလား"

"အမယ်လေး၊ မလုပ်လိုက်ပါနဲ့၊ သူတို့က သူတို့သမီးလေးကို ဘယ်သူနဲ့မှ ပေးတွေ့တာ မဟုတ်ဘူးရှင့်"

"ဘာဖြစ်လို့ ပိတ်လှောင်ထားတာလဲ"

"ရော် . . . ဦးစိုးလတ်ကလည်း ခက်နေပါပြီရှင့်၊ ဆောင်းဆည်းဆာက စိတ်ရောဂါသည်ပါ ဆိုမှ"

ကိုစိုးလတ်က ဘာမှ ထပ်မမေး၊ ထပ်၍ မဆွေးနွေးဘဲ နေလိုက်ပြီးမှ . . .

"စားလေ မလွမ်းမူ"

"ဟာ၊ မဟုတ်တာ၊ ဧည့်သည်က ပြန်မကျွေးကောင်းပါဘူးရှင့်"

"လိုက်ဖုဒ်လေးပါ၊ ဆင်းဒဝစ်တစ်ထုပ် စားပါ၊ လိမ္မော်ရည်လည်း တစ်ခွက်စီပေါ့"

"အားနာစရာကြီး"

"မနာပါနဲ့ မလွမ်းမူ၊ မလွမ်းမူနဲ့တွေ့ခွင့်တောင်းတာက ကျွန်တော်လေ၊ ကျွန်တော် ကျွေးရမှာပေါ့"

"ကျွန်မကလည်း နောက်တစ်ခါ ပြန်ကျွေးပါရစေရှင့်"

"ဒါမျိုးဆိုတာ အချိန်မဆွဲကောင်းဘူးနော်"

နှစ်ယောက်စလုံး ရယ်မောဖြစ်ကြသည်။

မလွမ်းမူက မိမိနှင့် မိတ်ဆွေဖြစ်ရခြင်းကို ရိုးသားစွာ ပျော်ရွှင်နေပုံပါပဲ။

မလွမ်းမူသည် နွေသဥ္ဇာဖြစ်နိုင်ဖို့ ရာခိုင်နှုန်း နည်းသွား

သလို ခင်သစ္စာသည်လည်း လူပုံအလယ်တွင် ပေါ်ပေါ်ထင်ထင် သွားလာနေသူမို့ နွေသဉ္ဇာ မဖြစ်နိုင်ပါ။

စိတ်ဝေဒနာရှင်မလေးဟု သတ်မှတ်ထားသော၊ ပြင်ပလောကနှင့် အဆက်အသွယ် ဖြတ်တောက်ထားသော ဆောင်းဆည်းဆာသည် တကယ်ပဲ စိတ်ရောဂါသည်မလေးလား။

သို့မဟုတ် . . .

နွေသဉ္ဇာကို ဆောင်းဆည်းဆာအဖြစ် ဘဝပြောင်းကာ ပိတ်လှောင်ထားခြင်းများလား။

နောက်ဆုံး သံသယသည် ရာနှုန်းများစွာ ဖြစ်နိုင်သည်မို့။

ဤမြို့နှင့် အဆက်အသွယ် မဝေးလှသော ဦးတောက်ထွန်းက ဘာကြောင့် မတွေ့ရှိရပါသလဲ။

နွေသဉ္ဇာကို ရှာရုံမဟုတ်၊ ဦးတောက်ထွန်း၏ အတိတ်ဇာတ်လမ်းဖြစ်သော အိမ်ထောင်ဦးကာလများ၊ သမီး နွေသဉ္ဇာ၊ ဇနီး မခမ်းမွန်တို့နှင့် အတူတကွ နေထိုင်ခဲ့ကြသည်ဆိုသော ကသစ်မြိုင်မြို့က အကြောင်းနှင့် ထိုမြို့မှ ဖြစ်ပျက်ခဲ့ကြသော လူသတ်မှု၊ ပြန်ပေးမှုများအကြောင်းကိုပါ ကိုစိုးလတ် အသေးစိတ် သိရှိရန် လိုအပ်လာခဲ့ပြီ။

ဆိုလိုသည်မှာ . . .

နွေသဉ္ဇာကို ရှာရုံမဟုတ် . . .

သမီး ပျောက်ဆုံးနေ၍ ပူဆွေးလှပါသည် ဆိုသော ဦးတောက်ထွန်းကိုပင် ပြန်လည်၍ သံသယဝင်စရာ ဖြစ်လာခဲ့ချေပြီ။

ဘာပဲဖြစ်ဖြစ်၊ ဆောင်းဆည်းဆာကို ထပ်မံ၍ တွေ့ဆုံနိုင်ခွင့်ရအောင် သူ ဆက်လက် ကြိုးစားရမည်၍ဟု ကိုစိုးလတ် ဆုံးဖြတ်လိုက်သည်။

မလွမ်းမူ၊ ခင်သစ္စာနှင့် ဆောင်းဆည်းဆာဆိုသော မိန်းကလေးသုံးယောက်နှင့် ဆုံဆည်း ရင်းနှီးခွင့်ရအောင်ကြိုးစားနေရခိုက်မှာပင် . . .

အပြစ်မဲ့မျက်နှာလေးနှင့် ညှိုးမှိန်နွမ်းလျစွာ ပင်ပင်ပန်းပန်း အလုပ်လုပ်နေရရှာသော ကသစ်နီစံအိမ်ကြီးမှ မခင်ဦးဆိုသည့် မိန်းကလေး၏ ပုံရိပ်လေးကို သူ အမြဲလို သတိတရ ရှိနေမိသည်။

မခင်ဦးနှင့် တွေ့ဆုံခွင့်ရနိုင်အောင်လည်း သူက ကသစ်နီသို့ သွားရောက်ရပါဦးမည်။

Ⅱ Ⅱ Ⅱ

လွန်ခဲ့သော ဆယ့်ငါးနှစ်ကကဲ့သို့ပင် ထိုနေ့ကလည်း မိုးတွေ ရွာနေခဲ့သည်။

မိုးရွာသောနေ့တိုင်း ငါးနှစ်သမီးဘဝက အကြောင်းများကို ပြန်လည်သတိရပြီး ခင်ဦးရင်မှာ အမြဲလိုပင်နာကျင်ခဲ့ရသည်။

"ခင်ဦးကို ဒီနေ့ ဦးလေး လာခေါ်မယ်။ မေမေ့ကို သွားပို့ပေးပြီး ပြန်လာခဲ့မယ်၊ ခင်ဦး အဆင်သင့် စောင့်နေနော်၊ နေရာလေး တစ်ခုကို သွားကြမယ်"

ခပ်တိုးတိုး ပြောပြီး ထွက်ခွာသွားသည်။

ဘာကိစ္စမှန်းလည်း မသိ။ ဘယ်နေရာကို ခေါ်သွားမည်မှန်းလည်း မသိသော်လည်း ခင်ဦး မကြောက်ပါ။ ဦးလေး ဦးမောင်မောင်မြတ်ဦးကို စိတ်ထဲက လေးစားရိုသေနေမိသည်။

မိန်းမရှုပ်သူ၊ အငယ်အနှောင်း ထားတတ်သူ အဖြစ်နှင့်သတ်မှတ်ထားကြသော်လည်း ခင်ဦးစိတ်ထဲမှာ ဦးလေးကို သည်သို့ မထင်ရက်နိုင်မိပါ။ ဘယ်သူတွေ ဘာပဲပြောပြော ခင်ဦးစိတ်ထဲမှာ ဦးလေးကို စိတ်ချယုံကြည်နေမိသည်။

"ဟဲ့၊ ခင်ဦး၊ ဘယ်လဲ"

"မသိဘူး၊ ဦးလေးက လာခေါ်မယ်တဲ့၊ နေရာတစ်ခုကို သွားကြမယ်တဲ့"

"ဘယ်ကိုတဲ့လဲ"

"မသိဘူး ဖွားလေးသိက်ရဲ့"

"ဟုတ်ရဲ့လားဟယ်၊ တော်တော်ကြာ မမထိုက် သိသွားလို့ ပြဿနာတက်နေပါဦးမယ်အေ"

"ခင်ဦး သွားချင်တာမှ မဟုတ်တာ၊ ဦးလေး စီစဉ်တဲ့ကိစ္စပဲ၊ ပြဿနာတက်လည်း သူတို့သားအမိချင်းပဲ ရှင်းပါစေတော့ ဖွားလေးသိုက်ရယ်"

ခင်ဦးက သူ့အတွက် အသစ်ဆုံးအဝတ်ဖြစ်သော တရုတ်ပိတ် ဝမ်းဆက် အင်္ကျီ လုံချည်လေး ဝတ်ပြီး စောင့်နေသည်။

ကားလေးစီးအနက် တန်ဖိုးအနည်းဆုံးဖြစ်သော ဟိုင်းလပ်ပစ်ကပ်ကားကို ဦးမောင်မောင်မြတ်ဦး ကိုယ်တိုင် မောင်း၍ ခင်ဦးကို ခေါ်ဆောင်သွားသည်။

အပြင်မှာ မိုးက ခပ်စွေစွေရွာနေ၍ မြင်ကွင်းအားလုံး ဝေဝါးမှုန်သီနေပေသည်။

ခင်ဦး ငါးနှစ်သမီးအရွယ်က ဤစံအိမ်ကြီးသို့ ရောက်လာသော မြင်ကွင်းကို ဒေါ်ခင်မျိုးသိုက် ပြန်လည်၍ မြင်ယောင်လာသည်။ သို့သော် သူ့မိခင် မျှော်လင့်ထားသကဲ့သို့ ဖြစ်မလာပါ။ ခင်ဦးသည် အိမ်ဖော် မိတာတို့ထက် သာလွန်သော အခွင့်အရေး မရရှာပါ။

ဒေါ်ခင်မျိုးထိုက်၏ အာဃာတ တရားများထဲမှာ ဘဝတစ်ခုလုံး စုန်းစုန်းမြုပ်အောင် နစ်နေရရှာသော ခင်ဦး။

ဒေါ်ခင်မျိုးသိုက်သည် ခင်ဦးကို သယ်ဆောင်သွားသော ကားဝါလေး ခြံထဲမှ ထွက်ပြီး မြို့ပြင်ဘက်သို့ မောင်းနှင်သွားသည်ကို ငေးကြည့်ရင်း သက်ပြင်းရှည်ကြီး ချလိုက်မိသည်။

ကားဧ၏ရှေ့ခန်း ဦးမောင်မောင်မြတ်ဦး၏ ဘေးမှာ ကုပ်ကုပ်ကလေး လိုက်ပါလာခဲ့သော ခင်ဦးက ဘာစကားမှမပြောရဲ။

ဦးမောင်မောင်မြတ်ဦး၏ မျက်မှန်နောက်မှ မျက်ဝန်းသည် ခါတိုင်းကဲ့သို့ စူးရှတောက်ပခြင်း မရှိဘဲ ဝေမှိုင်းနေသည်။

ကျွီ . . . ကျွီ ဆိုသော ကားမှန်ပေါ်မှ မိုးစက်များကို စည်းချက်ညီညီ ရွေ့လျားသုတ်ဖယ်နေသည့် အသံမှလွဲ၍ လူသားနှစ်ယောက်လုံး သက်မဲ့များလို ငြိမ်သက်နေကြသည်။

မြို့ထဲမှ ထွက်ပြီး ခေါင်ခါးရပ်ကွက်၊ အင်းပြင်ရပ်ကွက်၊ ဘောင်ဒရီရပ်ကွက်များ ကျော်လွန်ပြီးနောက် အင်ပင်မြင့်မြင့်မားမားကြီးများ၊ကျွန်းစိုက်ခင်းများကိုကျော်လာသည်အထိကားက မရပ်သေး၍ ခင်ဦး စိုးရိမ်လာသည်။

ကားက မရပ်မနား ဆက်လက်မောင်းနှင်နေဆဲမို့ စိုးရိမ်ရာမှ ခင်ဦး ကြောက်ရွံ့လာခဲ့ပြီ။

"ဦးလေး"

ဘာမှ မတုံ့ပြန်၍ ခင်ဦးက ဘေးတိုက်လှည့်လိုက်ပြီး ...

"ခင်ဦးကို ဘယ်ခေါ်သွားမလို့လဲဟင်"

"မင်းရဲ့အမေဆီ"

"ရှင်"

"ဒီနေ့ မင်းအမေဆုံးတာ ဆယ့်ငါးနှစ်ပြည့်တဲ့နေ့ပဲ"

"ဟုတ်လား၊ ခင်ဦး ဘာမှ မမှတ်မိဘူး"

"မင်းရဲ့အမေအတွက် အုတ်ဂူလေးတစ်ခု လုပ်ပေးထားတယ်"

"အခု အဲဒီကို သွားမှာလားဟင်"

"ဟုတ်တယ်"

"အို . . ."

ခင်ဦး၏ နှလုံးသားတည့်တည့်မှာ လျှောင်ပြင်းစွာလှုပ်လိုက်သလို သွက်သွက်ခါသွားသည်။

သုသာန်၏ အဝင်လမ်း ညို့ညို့အုပ်အုပ်ကြီးကို လှမ်းမြင်လိုက်ရရုံဖြင့် ခင်ဦး မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာပါတော့သည်။

မြို့နေလူဦးရေက နည်းသဖြင့် သင်္ချိုင်းတွင်းမှ ဂူများလည်း ခပ်ကျဲကျဲပင်။

ဤသုသာန်မှာ သင်္ဂြိုလ်စက်မရှိ၊ အားလုံး မြေမြှုပ်ကြရသဖြင့် တချို့လည်း မှတ်တိုင်လေးတွေလောက်နှင့်သာ။

ဦးမောင်မောင်မြတ်ဦးက ကားပေါ်မှ ဆင်း၍ ထီးကို ခလုတ်နှိပ်၍ ဖွင့်လိုက်သည်။ ပြီးမှ ကားခေါင်းဘက်မှ ပတ်ကွေ့ကာ ကားတံခါးကိုဖွင့်၍ ခင်ဦးကို ဆင်းစေသည်။

"လာ ခင်ဦး"

မိုးစက်မိုးပေါက်များ ထီးပေါ်မှ ကျဆင်းလာသည့်အသံက ချောက်ချားဖွယ်ရာ လိုလိုပင်။

"ဟိုက ဂူဖြူဖြူလေးပဲ၊ ပြီးခဲ့တဲ့ အပတ်ကမှ ဆေးဖြူသုတ်ထားတာ"

ခင်ဦးသည် ထီးရိပ် မခိုတော့ဘဲ ဦးမောင်မောင်မြတ်ဦး အနီးမှ ပြေးထွက်ကာ အုတ်ဂူလေး ရှိရာသို့ ပြေးလာခဲ့သည်။

**မခင်ညို**
**အသက် ၂၄ နှစ်**
**၁၉၈၅ ခုနှစ်၊ ဂျူလိုင်လ ၇ ရက်နေ့တွင်**
**ကွယ်လွန်သည်။**

"အမေ . . . အမေရယ်"

"အမေ့ရဲ့ သက်မဲ့ရုပ်ခန္ဓာ ဒီထဲမှာ ရှိနေတယ်လားရှင်"

ဂူလေးရှေ့မှာ ဒူးထောက်၍ ဂူကို ဖက်ထားလိုက်မိသည်။

ခင်ဦး၏ မျက်ရည်စက်တို့သည် မိုးစက်နှင့်အပြိုင် ကြွေနေရုံသာမက နှလုံးသားသည်လည်း နာကျင်လွန်းစွာ ပွင့်ကွဲကြွေကျ၍ သွေးစိမ်းရှင်ရှင်များ ယိုစီးနေသည်သို့ပါပင်။

"မေမေရယ်၊ ဒီလောက်ဒုက္ခကြီးတဲ့အိမ်ကြီးထဲမှာ သမီးကို ပစ်ထားခဲ့တာ ဆယ့်ငါးနှစ်တောင် ရှိခဲ့ပါပြီ"

"သမီးမပြန်ပါရစေနဲ့"

"ဒီမှာပဲ မေမေနဲ့အတူ သမီးဘဝကို အဆုံးသတ်လိုက်တော့မယ်"

ခင်ဦးက အုတ်ဂူနှင့်သူ့ခေါင်းကို တအားဆောင့်ချလိုက်သဖြင့် ဦးမောင်မောင်မြတ်ဦးက လန့်ဖျပ်စွာ ထီးကို ပစ်ချလိုက်ပြီး ခင်ဦးကို ဆွဲထူသည်။

ခင်ဦးက မိုးရေနစ်နေသော ဂူရှေ့မှ မြေပြင်ပေါ်တွင် ထိုင်ချလိုက်ပြီးမှ မော့ကြည့်ကာ . . .

"ခင်ဦး ဘယ်တော့မှ ကသစ်နီစံအိမ်ကြီးကို မပြန်တော့ဘူး"

"မခေါ်နဲ့ မလိုက်ဘူး"

"ဒီမှာပဲ နေမယ်။ ဒီမှာပဲ မေမေနဲ့အတူ သေပါရစေ"

"ဟာ . . . ဒုက္ခပါပဲကွာ"

"ဦးလေး ပြန်ပါ၊ ခင်ဦး လုံးဝ မလိုက်ဘူး၊ ဒီနေရာမှာပဲ နေပြီး မေမေ့လို မိုးရေထဲမှာ သေလိုက်တော့မယ် သိလား"

ခင်ဦးသည် ဝမ်းနည်းကြေကွဲလွန်း၍ ပြောမိပြောရာ ပြောနေခြင်းမဟုတ်။ တကယ့်ကို ခိုင်မာစွာ ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် မျက်နှာပါ ခက်ထန်လာသည်။

ကြေကွဲလွန်းသော ခံစားမှုချည်းမဟုတ်၊ ခံပြင်းနာကျင်ရလွန်းသော ခံစားမှုများကိုပါ ပေါင်းဖွဲ့ခံစားရသဖြင့် ကုန်းမြေပေါ်ရောက် ငါးမလေးတစ်ကောင်လို ဖျပ်ဖျပ်လူးနေရှာသည်။

"မှားပြီ"

ဆိုသော နောင်တဖြင့် ဦးမောင်မောင်မြတ်ဦးလည်း ပျာဆင်းသွားပြီး။

မိုးရေထဲက မြေပြင်ပေါ်မှ ခင်ဦးကို သူ ဆွဲထူပွေ့ယူသည်။ ခင်ဦးက ရုန်းကန်တိုက်ခိုက်သဖြင့် လူသားနှစ်ဦးတို့ သုသာန်မြေပြင်ပေါ်မှာ ရုန်းရင်းဆန်ခတ် ဖြစ်နေခိုက် . . .

မော်တော်ဆိုင်ကယ်တစ်စီး အရှိန်နှုန်းမြင့်မားစွာ သုသာန်တွင်းသို့ တရကြမ်း ဝင်ရောက်လာသည်။

ဟိုင်းလပ်ကားဝါလေးကို ဝေ့ဝိုက်ကပ်ကျော်ကာ သူတို့နှင့်

မလှမ်းမကမ်းမှာ ထိုးရပ်လိုက်ပြီး ဆိုင်ကယ်ပေါ်က ပြေးဆင်းလာသည်။

"ခင်ဗျား ဘာလုပ်တာလဲ၊ လွှတ်လိုက်၊ မခင်ဦးကို လွှတ်လိုက်"

ဟဲလ်မက်ကို ဖြုတ်ရင်း အော်ဟစ်လိုက်သော အသံက ဟိန်းထွက်လာသည်။

"မောင်စိုးလတ်ပါလား"

"ဟုတ်တယ်၊ ခင်ဗျားကြီးအကျင့်ကို သိလို့၊ မခင်ဦးကို စိတ်မချလို့ ကျုပ် လိုက်လာတာဗျ"

"ဟာ၊ မင်းကွာ"

ခင်ဦး၏ပခုံးကို ဖက်ထားသော လက်ကို လွှတ်လိုက်ပြီး ဦးမောင်မောင်မြတ်ဦးက ခါးထောက်လိုက်ကာ စိတ်ပျက်လွန်းစွာ တစ်ဖက်သို့ လှည့်ပစ်လိုက်သည်။

"မခင်ဦး"

မိုးရေထဲက မြေပြင်ပေါ်မှာ ထိုင်နေသော ခင်ဦးဘေးမှာ သူ ဒူးထောက် ထိုင်ချလိုက်ပြီး . . .

"ဘာဖြစ်သေးလဲ၊ မခင်ဦး ဘာဖြစ်သေးလဲ၊ မခင်ဦးကို ဘာလုပ်လဲဟင်"

မခင်ဦးက ဘာမှ မဖြေနိုင်ဘဲ ခေါင်းကိုသာ တွင်တွင်ရမ်းခါနေသည်။

မျက်ရည်ပွင့်နှင့် မိုးရည်စက်တို့က ခင်ဦး တစ်ကိုယ်လုံး စိုနစ်နေ၏။

"ဦးမောင်မောင်မြတ်ဦး"

ကိုစိုးလတ်က ရုတ်တရက် ထရပ်ပြီး ဦးမောင်မောင်မြတ်ဦး၏ ရင်ဘတ်မှ အင်္ကျီစကို ဆွဲကာ . . .

"ခင်ဗျားဗျာ၊ ခေါ်လာစရာ ရှားလို့ မိန်းကလေးတစ်ယောက်ကို စော်ကားဖို့များသချိုင်းကုန်းထဲခေါ်လာရတယ်..."

"ဟေ့ကောင် . . . ကဲကွာ"

ဦးမောင်မောင်မြတ်ဦး၏ လက်သီးချက်က အရင်ဝင်သော်လည်း အရှောင်ကောင်းသဖြင့် ကိုစိုးလတ်၏ မျက်နှာကို မထိ။

သန်မာသော၊ ဖျပ်လတ်သော လူငယ် ကိုစိုးလတ်၏ လက်သီးချက်က ဦးမောင်မောင်မြတ်ဦး၏ မျက်နှာကို အရှိန်ပြင်းစွာ တည့်တည့်ကြီး ထိုးလိုက်သဖြင့် ပက်လက်လန် လဲကျသွား၍ . . .

"အမယ်လေး၊ ဦးလေးတော့ သေပါပြီ။ ဘယ်လိုလုပ်လိုက်တာလဲ ကိုစိုးလတ်"

ခင်ဦးက ဦးမောင်မောင်မြတ်ဦးကို ပြေး၍ ပွေ့ထူလိုက်သည်။

"ကျွန်တော် ကသစ်ခိုနီ ရောက်တယ်။ မခင်ဦးတို့ နှစ်ယောက် မြို့ပြင်ဘက် ထွက်သွားတယ်ဆိုလို့ လမ်းမှာ ကားဝါလေးတွေ့ လိုက်လားဆိုပြီး မေးရင်း ရောက်လာခဲ့တာ၊ မခင်ဦးကို လာကယ်တာ"

"မဟုတ်ဘူး၊ မှားကုန်ပြီ"

"ဘာမှားတာလဲ"

"ဒါ ခင်ဦးအမေရဲ့ အုတ်ဂူ"

"ဟင်"

"အမေဆုံးတာ ဒီနေ့ ဆယ့်ငါးနှစ်ပြည့်လို့ ဦးလေးက လိုက်ပို့တာ"

"ဟာဗျာ"

"ခင်ဦးက ဒီမှာနေခဲ့မယ်ဆိုလို့ ဦးလေးက အတင်းဆွဲခေါ်တာ"

"ဒါဖြင့် မခင်ဦးက ဘာမှ မဖြစ်ဘူးပေါ့"

"ဘာဖြစ်ရမှာလဲ"

မခင်ဦးဆိုသော အရိုးခံမလေးအတွက် စိုးရိမ်ပူပန်ရလွန်းသော စိတ်ဖြင့် လိုက်ချလာခဲ့ရာမှ သင်္ချိုင်းဂူတစ်ခုဘေးတွင် အကြမ်းဖက်၍ စော်ကားရန် ကြံစည်နေသည်ဟု ထင်ခဲ့မိသော ကိုစိုးလတ်က . . .

"ဒါဆို ကျွန်တော် မှားတယ်"

ဦးမောင်မောင်မြတ်ဦးကို ဆွဲထူရန် လက်ကမ်းလိုက်သော်လည်း ကိုစိုးလတ် လက်ကို မဆွဲဘဲ သူ့ဘာသာသူကြံ့ထ၍ ...

"မင်းကွာ၊ ငါ့နယ်မြေမှာ ငါ့ကို စော်ကားရဲတယ်၊ ငါ့ကို ဘာကောင်များ မှတ်နေသလဲ"

ဦးမောင်မောင်မြတ်ဦးက ရှက်လည်းရှက်၊ ဒေါသလည်း အကြီးအကျယ်ထွက်နေသဖြင့် နောက်ထပ်ထိုးကြ ကြိတ်ကြမှာ စိုးရိမ်စွာဖြင့် ခင်ဦးက အလယ်မှ ဝင်ရပ်လိုက်ပြီး . . .

"တော်ကြပါတော့၊ တော်ကြပါတော့"

ကြိုးအော်ပစ်လိုက်သည်။

"ပြန်ကြပါ၊ ရှင်ပြန်ပါ၊ ဦးလေးလည်း ပြန်ပါ၊ ခင်ဦး ဒီမှာနေခဲ့ပါရစေ၊ မေမေ့နားမှာ သေခဲ့ပါရစေ"

"ဟော့ကောင် မင်းပြန်၊ ဒါ ငါတို့ ကသစ်နီမိသားစုရဲ့ ကိစ္စ၊ မင်းနဲ့ ဘာမှမဆိုင်ဘူး"

"ဟုတ်တယ် ကိုစိုးလတ်၊ ရှင်ပြန်ပါ"

မိုးက နည်းနည်း စဲသွားသော်လည်း ဂျာကင်အင်္ကျီနှင့် ဂျင်း ဘောင်းဘီတို့မှာ ရေတွေ စိုရွှဲကာ ရေစက်လက်ကျနေ၏။ ကိုစိုးလတ်က ခင်ဦးတို့ တူဝရီးကိုကြည့်ပြီး သူ အရမ်းစိတ်ဓာတ် ကျသွားသည်။

သူ့ဘဝမှာ ယခုလို ဆင်ခြင်မှုကင်းမဲ့စွာ ဆောင်ရွက်ခဲ့သော ကိစ္စမျိုး မဖြစ်ဖူးခဲ့ပါ။

မိမိဘက်က အမှားကျူးလွန်မိသောကြောင့် သူတစ်ပါး ရှေ့မှောက်မှာ မျက်နှာအောက်မချခဲ့ဖူးပါ။

ယခုကိစ္စက သူ့အမှား။

သူ၏ လုံးလုံးလျားလျား အမှား။

သူက ကသစ်နီ ရောက်ချိန်မှာ မိတာက ခင်ဦးကို သူ့ ဦးလေးခေါ်ဆောင်ပြီး နှစ်ယောက်တည်း ထွက်သွားကြပြီဆိုသော သတင်းကြားရရုံဖြင့် သူမှန်သွားခဲ့သည်။

သူသာန်မှာ ရုန်းကြကန်ကြအဖြစ်ကို မြင်လိုက်ရသဖြင့် မဖွယ်မရာ ဆောင်ရွက်တော့မည်ဟု အဆင်အခြင်မဲ့စွာ သူ

တွေးလိုက်မိရာမှ ပြုံးမူလိုက်သောအမှား။

ဦးမောင်မောင်မြတ်ဦးလို မိန်းမလိုက်စားသူ တစ်ယောက်က ခင်ဦးလို အပျိုစင်လေးကို သုသာန်ထဲခေါ်လာပြီးကျူးလွန်ပါ့မလား။

"ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် တကယ်မှားသွားတယ်။ မခင်ဦး ကျွန်တော် ဘာလုပ်ပေးရမလဲ၊ ဘယ်လို ပုံစံနဲ့ တောင်းပန်စေချင်သလဲ"

"မလိုဘူး ဘာမှ မလိုချင်ဘူး"

"ဟုတ်တယ်၊ မင်းပြန်သွားဖို့ပဲ လိုတယ်"

"ကောင်းပြီ၊ ကျွန်တော်ပြန်ပါ့မယ်"

ကိုစိုးလတ် လှည့်ထွက်သွားတော့မှ ဦးမောင်မောင်မြတ်ဦးက ...

"ဟော့ကောင် နေဦး၊ ဒီကိစ္စ ဘယ်သူမှ မသိစေနဲ့၊ အထူးသဖြင့် ငါ့အမေ"

"ကောင်းပြီ၊ ကျွန်တော် နားလည်တယ်"

ကိုစိုးလတ် ခင်ဦးဘက် လှည့်ကာ .. .

"ရင်ဖွင့် ငိုပြီးရင် မခင်ဦး ပြန်ပါ၊ ဦးလေးစကားကို နားထောင့်သင့်တယ်"

သူပြောပြီးသည်နှင့် ပြန်လှည့်သည်။ ဟဲလ်မက် ဦးထုပ်ကို ပြန်ဆောင်းပြီးမှ မော်တော်ဆိုင်ကယ်ပေါ်တက်ကာ စက်သံအမြင့်ကြီးနှင့် တရကြမ်း မောင်းထွက်သွားတော့သည်။

ဦးမောင်မောင်မြတ်ဦးက သုသာန်ဝဘက်သို့ လှမ်းကြည့်

ရင်း . . .

သူ့ဘဝမှာ ဒီလောက် စိတ်လှုပ်ရှားရသည့်နေ့ . . .

ဒီလောက်ခံပြင်းဒေါသ ဖြစ်ရသည့်နေ့ . . .

ဒီလောက် အရှက်ရသည့်နေ့မျိုး တစ်ခါမှ မကြုံဆုံခဲ့ဖူးသေးပါ။

မိုးတွေ တစ်ကိုယ်လုံး စိုနစ်နေသော်လည်း သူ့ကိုယ်ခန္ဓာမှာရှိန်းမြပူနွေးနေသည်။ သွေးခုန်နှုန်း အဆမတန်မြန်လာသဖြင့်၊ နှလုံးရောဂါသာရှိခဲ့လျှင် ဤနေရာမှာ သူ လဲကျ သေဆုံးသွားနိုင်သည်။

မိုးက စောစောကထက် စဲသွား၍ ခင်ဦး၏ ငိုရှိုက်သံက ပိုမိုပီပြင်လာသည်။

ခင်ဦး၏ ရှိုက်သံသည် သူ့နှလုံးအိမ်ကို လေးလံအားကြီးမားသော လက်နက်နှင့် ထုနှက်ရိုက်ပုတ်နေသလို နာကျင်လှသည်။

ဤနာကျင်နေသော နှလုံးအိမ်ကိုလည်း အင်အားကြီးမားသော တံခါးချပ်များ ပိတ်ဆို့ကာရံထားခြင်း ခံနေရသည်က ဆိုးဝါးလွန်းလှချေသည်။

"ကလေး ပြန်ကြပါစို့ကွယ်"

သူ မျက်ရည်ကျနေသည်ကို ခင်ဦး သတိမထားမိပါ။ မိုးစက်များနှင့် ရောနှောနေ၍လည်း ဖြစ်မည်။

"ဦး . . . ဦးလေးစကားကို နားထောင်ပါ တူမလေးရယ်"

ပြောဆိုကာ ခင်ဦး လက်ကလေးကို ဆွဲယူလိုက်သည်။

ခင်ဦးကလည်း အလိုက်သင့် ထ, လာရှာသည်။

ဦးမောင်မောင်မြတ်ဦးလို ဂုဏ်သိက္ခာအပြည့်နှင့် သူဌေးတစ်ယောက်ကို သူမဘက်ကနေပြီး ကိုစိုးလတ် အလဲထိုးချလိုက်သည့်အတွက်လည်း အားနာစွာ စိတ်မကောင်းမိ၍ ဖြစ်သည်။

"ပြန်ကြရအောင်ပါကွယ်"

ခင်ဦးက သူ့မိခင်၏ အုတ်ဂူလေးပေါ်လက်တင်လိုက်ပြီး..

"မေမေရယ်၊ မေမေ့သမီး ဒုက္ခသည်မကို အမြန်ဆုံး ဒီလောကထဲက ထွက်ခွာခွင့်ရအောင် တမလွန်ကနေ မေမေကူညီပါလားရှင်"

ဦးမောင်မောင်မြတ်ဦးက ထီးကို ပြန်ကောက်၍ ခင်ဦးအပေါ် မိုးပေးလိုက်သည်။ လက်တစ်ဖက်က ခင်ဦး၏ ပခုံးကိုသိုင်းဖက်၍ . . .

"ပြန်ကြစို့နော် ခင်ဦး"

ထိုစကားက ဦးမောင်မောင်မြတ်ဦး၏ နှုတ်မှ ပွင့်ထွက်လာသော စကားသံ ဖြစ်၏။

ဦးမောင်မောင်မြတ်ဦး၏ နှလုံးသားထဲမှာ နက်ရှိုင်းစွာ ပိတ်ဆို့ထားရသော စကားစစ်စကားမှန်က . . .

"မခင်ညိုရေ၊ တို့သားအဖ နှုတ်ဆက်ခဲ့ပါတယ်၊ ဖေဖေ တို့ပြန်ကြစို့နော် သမီးလေး ခင်ဦး"

II II II

ဦးယုဆိုင် ဆိုသည်မှာ တရုတ်သွေးစပ်သော မြန်မာတိုင်းရင်းသား ဖြစ်သည်။ စီးပွားရေး ကျွမ်းကျင်၏။

သူသည် မြန်မာပြည်မှ ဘွဲ့ရပြီးနောက် ဟောင်ကောင်နှင့် စင်ကာပူနိုင်ငံများမှာ အလုပ်လုပ်ပြီး သူ၏ ကြိုးစားအားထုတ်မှုနှင့် နိုင်ငံခြားရောက် ဆွေမျိုးပေါက်ဖော်များ၏ ကူညီပံ့ပိုးမှုကြောင့် ချမ်းသာလာခဲ့သည်။ ယခုအခါ မြန်မာပြည်မှာ စီးပွားရေး တံခါးဖွင့်ပေးပြီး စက်ရုံများ၊ ကုမ္ပဏီများ တည်ထောင်ခွင့်ပြုခဲ့သဖြင့် ဦးယုဆိုင် မြန်မာပြည်သို့ ပြန်လာကာ ပုဂ္ဂလိကဘဏ်မှ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဖြစ်သလို စက်မှုလုပ်ငန်းရှင်တစ်ဦးလည်း ဖြစ်သည်။

"မောင်စိုးလတ်ကို စခန်းမြိုင်လွှတ်လိုက်တာ အန်ကယ်ရဲ့ စီးပွားရေးကိစ္စက အဓိက မဟုတ်ဘူးနော်"

"ကျွန်တော် နားလည်ပါတယ်၊ ဒါကြောင့်လည်း ဟိုမြို့မှာ ကြုံတွေ့ခဲ့ရတဲ့ အကြောင်းတွေကို အသေးစိတ် ပြန်ပြောပြခဲ့ပြီးပါပြီ"

"ဒီအတိုင်းဆိုရင် ဆောင်းဆည်းဆာဆိုတာဟာ နွေသဉ္ဇာ ဖြစ်ဖို့ အတော်လေး မျှော်လင့်နိုင်တယ်ပေါ့ ဟုတ်လား"

"ဖြစ်ဖို့ များတယ်လို့ ခန့်မှန်း ရပါတယ်၊ နောက်ထပ် ဆောင်းဆည်းဆာနဲ့ဆုံဖို့ ကျွန်တော်ကြိုးစားနေတုန်းမှာ အန်ကယ့်လ်

ဆီက ဖုန်းလာလို့ ကျွန်တော် ပြန်လာခဲ့ရတာပါ”

“ဒီမှာလည်း ကိစ္စလေးတွေ ရှိနေလို့၊ နောက်ပြီး မောင်စိုးလတ် သွားတာလည်း အတော်လေး ကြာသွားပြီလေ”

“ဟုတ်ကဲ့၊ ဒီကိစ္စတွေက ဖုန်းနဲ့လည်း ပြောလို့မဖြစ်၊ စာရေးလို့လည်း မကောင်းလို့ပါ”

“ဟုတ်တယ်”

“ဒီက ဦးတောက်ထွန်း အခြေအနေရော”

“ဒီလူက သိပ်မှန်းရခက်တယ် အန်ကယ်လ်”

“အင်း”

“သူ့သမီးကို သူကိုယ်တိုင် ဝှက်ထားပြီး ရှာမတွေ့သေးယောင်ဆောင်နေတာ ဘယ်လိုကြောင့် ဖြစ်မလဲဆိုတာ ကျွန်တော် စဉ်းစားလို့ မရဘူး”

“သူ့မှာ ကြီးမားလုံလောက်တဲ့ အကြောင်း ရှိလို့နေမှာပေါ့ကွယ်”

ကိုစိုးလတ်က သူ့ဘောစ် ဦးယုဆိုင်ကို လှမ်းကြည့်နေသည်။ နွေသဥ္စာတို့အကြောင်းများ ပြောကြားမလားဟု မျှော်လင့်သော်လည်း ဦးယုဆိုင်က တည်တည်ငြိမ်ငြိမ်ပင် ဘာစကားမှ ထပ်မပြောပါ၍ ကိုစိုးလတ်လည်း ဆက်၍ မမေးရဲပါ။

ဦးယုဆိုင်သည် တည်ကြည် သမာဓိရှိသူအဖြစ် စီးပွားရေးနယ်ပယ်မှာ နာမည်ကောင်း ရှိသူတစ်ယောက်ပါပင်။

ဦးတောက်ထွန်းတို့ သားအဖနှစ်ယောက်၏ နောက်ကွယ်က အတိတ်ဇာတ်လမ်းစုံကို အတော်လေး သိထားပြီးပုံရသည်။

သို့သော် ဦးယုဆိုင်က ဘာမှ ပြောချင်ပုံမရပါ။

အမှန်တကယ်ပင် နွေသဥ္ဇာ ပျောက်ဆုံးနေခြင်းလား။

သို့မဟုတ် . . .

နွေသဥ္ဇာ ကွယ်လွန်ပြီလား။

သို့မဟုတ် . . .

ဦးတောက်ထွန်း ကိုယ်တိုင်က လျှို့ဝှက်ဖျောက်ဖျက်ထား ခြင်းလား။

ကိုယ့်သမီးကို ကိုယ်ကိုယ်တိုင် ဖျောက်ဖျက်ထားပြီး မွေးနေ့ပွဲတွေ ဘာတွေ ခပ်တည်တည်လုပ်ကာ ဆွေးပြ ကြွေပြ နေခြင်းသာ ဖြစ်ခဲ့ပါလျှင် . . .

ဦးတောက်ထွန်း ဆိုသောသူမှာ ကောက်ကျစ်စဉ်းလဲစွာ ပြစ်မှုကြီးတစ်ခုခုကို ကျူးလွန်ထားမှာ သေချာသည်ဟု ကိုစိုး လတ် သုံးသပ်မိ၍ . . .

"ကျွန်တော် ဦးတောက်ထွန်းနဲ့ ထပ်တွေ့ချင်တယ်"

"ဘာအတွက်လဲ"

"ကျွန်တော်သူ့ကို အနီးကပ် အကဲခတ်ချင်လို့ပါ"

"မောင်စိုးလတ်နဲ့ တစ်ခါတော့ ဆုံဖူးတယ်နော်"

"ဟုတ်ကဲ့၊ နွေသဥ္ဇာရဲ့ ၂၂ နှစ်မြောက် မွေးနေ့ညည့်ခံပွဲ ညက တွေ့ခဲ့ရပါတယ်"

"မောင်စိုးလတ်ကို တမင်လွှတ်လိုက်တာပါ"

"မွေးနေ့ရှင်မရှိဘဲမွေးနေ့ပွဲလုပ်နေတဲ့ ဧည့်ခံပွဲမို့ ကျွန်တော် စိတ်ဝင်စားခဲ့ပါတယ်။ နွေသဥ္ဇာရဲ့ ၁၂ နှစ်အရွယ် ဓာတ်ပုံကို

လည်း အသေအချာ ကြည့်ခွင့်ရခဲ့ပါတယ်။ ဒါပေမယ့် ဦး တောက်ထွန်းကိုတော့ သေသေချာချာ အကဲခတ်ခွင့် မရခဲ့ပါဘူး ဆရာ”

“မောင်စိုးလတ် ကြိုတင်လေ့လာထားနိုင်ဖို့ တမင်လွှတ်လိုက်တာပါ”

“ဟုတ်ကဲ့၊ အခုတော့ သေသေချာချာ လေ့လာခွင့်ရချင်ပါတယ်”

“ကောင်းပြီလေ၊ သူနဲ့အနီးကပ် အချိန် ခပ်ကြာကြာ တွေ့ခွင့်ရအောင် စီစဉ်ပေးမယ်”

“ကျေးဇူးတင်ပါတယ်အန်ကယ်”

ကိုစိုးလတ်က **Blue Star** ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးယုဆိုင်၏ အခန်းမှ ထွက်လာခဲ့သည်။

လေအေးစက်ကြောင့် စိမ့်နေသော အခန်း၏ ပြင်ပသို့ ရောက်သည်နှင့် အပူရှိန်ကမီးဟပ်ခံလိုက်ရသလိုပါပင်။အေးငြိမ်းလှသော စခန်းမြိုင်မြို့လေးမှာ နေခဲ့ပြီး မြို့ကြီးသို့ ပြန်လာခဲ့ရသဖြင့် ပို၍ ပူလောင်နေသည်။

ကိုစိုးလတ်က လေအေးစက် တပ်မထားသော သူ့အခန်းမှ ပန်ကာကိုဖွင့်ပြီးနောက် တယ်လီဖုန်းကိုကိုင်ကာ ဆက်သင့်မဆက်သင့် ခဏ စဉ်းစားလိုက်ပြီးမှ . . .

တောင်ပေါ်စခန်းမြို့လေး၏ **Area Code No.** သုံးလုံးကို အရင်လှည့်ပြီးမှ ကျန်နံပါတ်ငါးလုံးကို လှည့်လိုက်သည်။ ထုံးစံအတိုင်း တစ်ကြိမ်တည်းနှင့် မရ။ နောက်ထပ် သုံးကြိမ်လောက်

လှည့်တော့မှ . . .

“ပြောပါ၊ ကသစ်နီ စံအိမ်ကပါ”

“အခု ပြောတာ ဘယ်သူပါလဲခင်ဗျာ”

“မင်းက ဘယ်သူနဲ့ စကားပြောချင်တာလဲ”

“ဖွားလေးသိုက်လား”

“ဟုတ်တယ် မင်းက ဘယ်သူတုန်း”

“ကျွန်တော် စိုးလတ်ပါ ခင်ဗျာ”

“ဩော် မောင်စိုးလတ်၊ အလွမ်းပြေက ဆက်တာလား”

“မဟုတ်ဘူးခင်ဗျ။ မြို့ကြီးက ဆက်နေတာ”

“ဘာကိစ္စလဲ”

“ကိစ္စတော့ အထွေထူးမရှိပါဘူး။ သတိရလို့ဆက်လိုက်တာပါ၊ ဒါနဲ့ ဖွားဖွားကြီး ဒေါ်ခင်မျိုးထိုက်ရော ရှိလား”

“မရှိဘူးကွဲ့၊ သူ့ပြောချင်ရင် မြို့ထဲက ရုံးခန်းကို ဆက်လိုက်ပါလား”

အိမ်မှာ ဒေါ်သအိုးအဘွားကြီး ရှိ,မရှိသာ ကိုစိုးလတ် သိချင်သည်။ သူအမှန်တကယ် စကားပြောချင်သည်က . . .

“ဖွားလေးသိုက်၊ ကျွန်တော့်ကို မခင်ဦးနဲ့ ခဏလောက် စကားပြောခွင့် ပြုပါခင်ဗျာ”

“ခင်ဦးနဲ့”

“ဟုတ်ကဲ့ခင်ဗျ”

“ဘာကိစ္စလဲကွဲ့”

“ကိစ္စတော့ အထွေထူးမရှိပါဘူး။ သူချက်ကျွေးတဲ့ထမင်း

ဟင်းတွေ စားရတာ ကျေးဇူးတင်ကြောင်းပြောရင်း ကျွန်တော်ရှေ့
တစ်ပတ်မှာပြန်လာရင် ဘာမှာမလဲမေးချင်လို့ပါ ဖွားလေးသိုက်
ရယ်၊ ခဏလေး ကူညီပေးပါဗျာ။ ခင်ဦးကို သွားခေါ်ပေးပါနော်”

ကိုစိုးလတ်က အဘွားကြီး ဘာမှ ပြန်ပြောလို့မရအောင်
စကားတွေ တောက်လျှောက်ပြောပစ်လိုက်ပြီး လေသံပျော့နှင့်
တောင်းပန်လိုက်သဖြင့် ...

ဒေါ်ခင်မျိုးထိုက်နှင့် ဆန့်ကျင်စွာ စိတ်ထားနူးညံ့သော
ဒေါ်ခင်မျိုးသိုက်က –

“ခဏကိုင်ထားကွယ်၊ မေးတော့ကြည့်ရဦးမယ်၊ သူတို့တွေ
ရှိရင်လည်း ကြိုက်မှာမဟုတ်ဘူး ထင်တယ်”

ဒေါ်ခင်မျိုးသိုက်က ညည်းညည်းညူညူပြောရင်း တယ်လီ
ဖုန်းကို ဘေးချ၍ ထွက်သွားသည်။

‘မခင်ဦးမှ လာပြောပါ့မလား’ ဆိုသော စိုးရိမ်စိတ်ဖြင့်
အတော်လေးကြာအောင် စောင့်နေရပြီးချိန်မှာ . . .

“ဘယ်လို ပြောရမလဲ ဖွားလေးသိုက်ရဲ့”

“ရော့ရော့ ဒါနဲ့နားကပ်ထား၊ ဟယ်လိုလို့ ထူးလိုက်လေ”

အသံများ အားလုံး ကြားနေရသည်။ ဟယ်လို ဆိုသော
စကားကို မခင်ဦး ပြောရဲပုံမရ။

“မခင်ဦး ကြားလားဟင်”

“ဟုတ် . . . ကဲ့ ကြားတယ်”

“ကျွန်တော် သတိရနေတာ”

မခင်ဦးထံမှ ဘာစကားသံမှ မပြန်ကြား၍ . . .

"ကျွန်တော်မြို့ကြီး ပြန်ရောက်နေပြီ၊ ဟိုလေ ...မခင်ဦးရဲ့ မေမေ့ဂူရှေ့မှာပြဿနာ ဖြစ်ခဲ့တာကြောင့် ကျွန်တော် ကသစ်နီကို လာပြီး နှုတ်မဆက်ရဲတာပါ"

"အင်း"

"မခင်ဦးရဲ့ ဦးလေးက ကျွန်တော့်ကို စိတ်ဆိုးနေတုန်းပဲလား"

"မသိဘူး"

"ဒီကိစ္စနဲ့ ပတ်သက်ပြီး မခင်ဦးကို ဘာပြောသေးလဲ၊ ဆူသေးလား"

"ဟင့်အင်း"

"ကျွန်တော့်အကြောင်းရော ဘာပြောသေးလဲ"

"မပြောဘူး"

"မခင်ဦးကလည်းဗျာ။ ကျွန်တော်က တအား သတိရလို့ဆက်တာ၊ စကားလေး ဘာလေး ပြန်ပြောပါဦး"

"ခင်ဦး... ခင်ဦး ဘာပြောရမှန်းမသိဘူး။ မပြောတတ်ဘူး"

အသံတွေ တုန်လှိုက်နေရှာသည်။ ကိုစိုးလတ်၏ အကြင်နာသည် အသံလှိုင်းများမှတစ်ဆင့် စီးမျောသွားခဲ့ပါပြီ။

"မပြောတတ်ရင်မပြောနဲ့နော်၊ ကိုယ်ပြောတာပဲနားထောင်နော်၊ မခင်ဦး ... မခင်ဦး ကျွန်တော်သိပ်သတိရနေတယ်ဗျာ။ မိုးသည်းနေ့က သုသာန်မှာ ပြဿနာဖြစ်ရတာလည်း မခင်ဦးကို စိုးရိမ်လွန်းတဲ့စိတ်ကြောင့် ဆင်ခြင်တုံတရားတွေ ပျောက်ဆုံးပြီး မလိုအပ်တာတွေ ဖြစ်သွားခဲ့ရတာ သိလား မခင်ဦး"

"အင်း"

"ခုလည်း လူကသာ ဒီမှာ၊ စိတ်က မခင်ဦးဆီပဲ ရောက်နေတယ် ကျွန်တော် တစ်ခေါက်ပြန်လာခဲ့ဦးမယ်၊ အဲဒီအခါကျရင် မခင်ဦးနဲ့ အကြာကြီး တွေ့ဆုံခွင့်ပြုပါနော်၊ မခင်ဦးနဲ့ ကျွန်တော် လွတ်လွတ်လပ်လပ် စကားတွေ ပြောချင်တယ်ဗျာ"

"ဖြစ်မှာ မဟုတ်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ခင်ဦးက သူများရဲ့ ကျေးကျွန်ပဲလေ"

"ဟာ . . . မဟုတ်တာ၊ မခင်ဦးက ကသစ်နီစံအိမ်ရဲ့ အမျိုးဆို"

"အလကားပါ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်ကို တွေ့ခွင့်ပေးနိုင်အောင် ကြိုးစားစမ်းပါနော်"

"ခင်ဦးဘဝကို သူတို့ ပိုင်နေတာပါ၊ ခင်ဦး ဘာကိုမှ မကြိုးစားရဲပါဘူး၊ ဟော ခြံထဲကို ကားဝင်လာသံ ကြားတယ်"

"ခဏလေး မခင်ဦး ခဏလေး"

"တော်ပြီ၊ ခင်ဦးကို နောက်မဆက်ပါနဲ့တော့၊ ခင်ဦး ကြောက်တယ်"

တယ်လီဖုန်းကိုပင် အလွဲလွဲအချော်ချော်တင်ခဲ့ပြီး အိမ်ထဲသို့ ဝင်ပြေးလာခဲ့သည်။

ဒေါ်ခင်မျိုးသိုက်က ခေါင်းလေး တဆတ်ဆတ်ငြိမ့်ရင်း တယ်လီဖုန်းလက်ကိုင်ကို နေရာတကျပြန်တင်ပြီး ဝင်လာသော

ကားကို အပေါ်ထပ်၏ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သည်။

ဒေါ်ခင်မျိုးထိုက်နှင့် ညီဘုန်းငယ်တို့ ပြန်လာကြသော ကားက တိုက်ကြီးရှေ့မှာ ရပ်လိုက်ပြီ။

"တော်ပါသေးရဲ့၊ သူတို့မရှိတုန်းမှာ မောင်စိုးလတ်ရဲ့ ဖုန်းလာလို့"

ဒီအိမ်မှမောင်ဦးကအစ၊ မမထိုက်တို့၊ ညီဘုန်းငယ်တို့အဆုံး ဘယ်သူမှ ခင်ဦးကို သွေးသားရင်းအဖြစ် လက်မခံချင်ကြတဲ့ အတူတူ . . .

"မောင်စိုးလတ်ဆိုတဲ့ ကောင်လေးက ရည်ရည်မွန်မွန်၊ပညာတတ်ကလေး၊ ခင်ဦးကို တကယ်ကြိုက်ပြီး တကယ်လက်ထပ်ယူသွားရင်လည်း ကောင်းသား၊ ခင်ဦးနေရတာ သိမ်သိမ်ငယ်လွန်းလှရှာတယ်ကွယ်"

ဒေါ်ခင်မျိုးသိုက်၏ အတွေးမဆုံးခင်မှာပင် အိမ်ပေါ်တက်လာသော ဒေါ်ခင်မျိုးထိုက်က . . .

"အမလေး၊ လူတွေက ကျုပ်ကို သူဌေးမကြီး၊ သူဌေးမကြီးနဲ့ခေါ်နေကြတာလေ၊အိပ်လိုက်စားလိုက် အိမ်ထဲမှာပဲတစ်နေ့ကုန် ဓိမ်ယူနေရရင်တော့ တန်ပါတယ်၊ သူဌေးမကြီးဆိုတဲ့ဘွဲ့နဲ့"

"ဟင်း . . . ခုတော့ ပြေးလိုက် လွှားလိုက်၊ ဟိန်းဟောက်သင့် ဟိန်းဟောက်လိုက် အောက်ကျခံသင့် ခံလိုက်နဲ့ မလွယ်ပါဘူး။ ငါ့နေရာမျိုး ဘယ်သူမှ မလုပ်နိုင်ပါဘူး၊ ဟူး ... မောလိုက်တာ။ မိတာပေးစမ်း ရေတစ်ခွက်၊ ရေခဲရေနဲ့ရေသန့်ကိုတစ်ဝက်စီစပ်ပြီး ယူခဲ့နော်၊ ကြားလား"

ဘာအကြောင်းမှ မရှိပါဘဲနှင့် သက်သက်ပြောချင်ဆိုချင်နေသော ဒေါ်ခင်မျိုးထိုက်။

ဘယ်သူ့အပေါ်မှ အကောင်းမမြင်တတ်၊ စေတနာသဒ္ဓါတရားလည်း အလွန်နည်းပါးလျက် ဘာကြောင့်များ ချမ်းသာနေရတာလဲ၊ အင်းလေ . . . ရှေးဘဝက ကံကြောင့်ပဲပေါ့။

ဒေါ်ခင်မျိုးသိုက်က ဒေါသများ၊ လောဘများ၊ မကျေနပ်နိုင်ခြင်းများနှင့် လောင်မြိုက်နေသော အစ်မဖြစ်သူကို ကြည့်ပြီး တစ်ယောက်တည်း ဝေဖန်နေမိခြင်း ဖြစ်သည်။ ဘာမှဖြင့် မပြောရဲမဆိုရဲပါ။

ညီဘုန်းငယ်က ရောက်လာပြီးသည်နှင့် စီဒီခွေကို ဖွင့်ကာ သူပါ လှုပ်လှုပ်ရွရွ လုပ်နေသည်။ ညီဘုန်းငယ် ဘာပဲလုပ်လုပ် ဒေါ်ခင်မျိုးထိုက် ကြည်သည်။

ဤတစ်လောကလုံးတွင် ညီဘုန်းငယ်ဆိုသော မြေးတစ်ယောက်တည်းကိုသာ သူအသိအမှတ်ပြုသည်၊ သူ မြတ်နိုးသည်။ သူ့မှာ ချမ်းသာသမျှသော စည်းစိမ်ဥစ္စာတို့ကို ညီဘုန်းငယ်တစ်ဦးတည်းသာ ပိုင်ဆိုင်စေရမည်ဟု ဒေါ်ခင်မျိုးထိုက်ဆုံးဖြတ်ပြီးသား။

သို့သော်စာချုပ်စာတမ်းနှင့် တရားဝင်ဆက်ခံစေခြင်းမျိုးဖြင့် မလုပ်ရသေး။ ညီမျက်စိအောက်က ပျောက်သွားရုံဖြင့် ‘ကလေးဘယ်သွားလဲ’ ဟု ဒေါ်ခင်မျိုးထိုက်က မေးလေ့ ရှိသော်လည်း နောင်ဘုန်းတည်ကို တစ်နေ့လုံး မမြင်ရလည်းမေးဖို့ပင်သတိမရ။

နောင်က သည်နေ့ သူ့မိခင် ကျူရှင်ပြသည့်နောက်သို့

လိုက်သွားပြီး သူက ကွန်ပျူတာသင်တန်း တက်သည်။ တစ်
ယောက် မပြီးလျှင် တစ်ယောက်ကစောင့်ကာ အချိန်ချင်းညှိပြီးမှ
သားအမိနှစ်ယောက် ပြန်လာကြသည်။

ထိုရွှေးမအတွက် ကားအားလျှင် ပို့ပေးသည်။ တာဝန်ယူပြီး
ပို့ပေးကြိုပေးခြင်းမျိုး ဘယ်သောအခါမှ မလုပ်ပါ။

နောင်တို့ သားအမိနှစ်ယောက်က တစ်ခါတစ်ရံ ခြေကျင်၊
တစ်ခါတစ်ရံ ဆိုက္ကား၊ တစ်ခါတစ်ရံ မြင်းလှည်းနှင့် ကြုံသလို
ပြန်ရနေကျ။

ညီဘုန်းငယ်က ကားမောင်းတတ်နေသော်လည်း မိခင်ကို
ကြိုပေးရကောင်းမှန်း မသိချေ။ ဘွားအေ၏ မြှောက်စားမှုကြောင့်
မြှောက်နေခြင်း ဖြစ်သည်။

နောင်ရောညီပါ ဆယ်တန်းအောင်ထားကြသော်လည်း
ကျောင်းမဖွင့်သေး၍ အားလပ်နေကြသည်။

“မိတာ၊ ခင်ဦးကို သွားမေးစမ်း၊ ငါဆာလာလို့ ဘာစားစရာ
ရှိလဲလို့ မေးခဲ့”

“ဟုတ်”

ခဏကြာတော့ မိတာ ပြန်ရောက်လာပြီး . . .

“ကိတ်မုန့်တို့၊ ငှက်ပျောသီးတို့ ရှိပါတယ်တဲ့၊ အအေး
သောက်မလား၊ အပူဖျော်ပေးရမလားတဲ့”

“မိတာ၊ သွားစမ်း၊ ခင်ဦး လာခဲ့လို့ပြော”

ခင်ဦးကို ဘာများဆူဦးမလဲ ဟူ၍ ဖွားလေးသိုက် စိုးရိမ်
နေဆဲမှာ ခင်ဦး ရောက်လာပြီး . . .

“ကိတ်မုန့်တို့ ငှက်ပျောသီးတို့က ငါဝယ်ထားတာပဲ၊ ရှိမှန်းသိတာပေါ့၊ တစ်ခုခုစားချင်တာ၊ အကြော်တို့ အသုပ်တို့”

“တို့ဟူးအဆင်သင့်ရှိပါတယ်။ သုပ်ပေးရမလား၊ ဒါမှမဟုတ် ဆန်လုံးစီနဲ့ ခေါပုပ်အစိမ်းတွေလည်း ရှိပါတယ်။ ကြော်ပေးရမလား”

“နှစ်မျိုးလုံးလုပ်ခဲ့၊ ငါကြိုက်တာ ရွေးစားမယ်၊ ပြီးတော့ ဘာမှ မဖျော်နဲ့၊ ရေနွေးကြမ်းယူခဲ့၊ အိမ်ရှေ့လာပို့ပေး ကြားလား”

“ဟုတ်ကဲ့”

“အမြန်လုပ်ခဲ့၊ ငါရောကလေးရော စားမှာနော်၊ လမ်းမှာစားဖို့ ပူလွန်းလို့ ဘယ်မှ မဝင်ချင်တာနဲ့ အိမ် တန်းပြန်ခဲ့တာ၊ ငါ့အတွက် လုပ်ပေးရတာကို ဘယ်သူမှ မငြိုငြင်ကြနဲ့နော်၊ တစ်အိမ်လုံးကို ကျွေးထားရတာက ငါ”

အသားလွတ်ချိုးနှိမ်သော ဤလိုစကားမျိုးကို ဒေါ်ခင်မျိုးထိုက်က ပြောနေကျ။

မာနန္တံ၊ အာဃာတန္တံထဲမှာ နှစ်နေသော အစ်မဖြစ်သူကို စိတ်ကုန်ခမ်းစွာ ဒေါ်ခင်မျိုးသိုက် ကြည့်လိုက်မိသည်။

ခင်ဦး မပြောနှင့်၊ သူကိုယ်တိုင်ပင် ဤအိမ်ကြီးမှာ မနေချင်ပါ။ သို့သော် သူ့အစ်မလို ထက်မြက်သူ မဟုတ်။ စီးပွားရှာဖွေနိုင်သူ မဟုတ်။

သူတစ်ကိုယ်တည်းဆိုလျှင် ဘယ်ဇရပ်မှာသွားနေနေ၊ ခုတော့ လူသတ်မှုနှင့်ဤမြို့မှာထောင်ကျနေသော သူ့သား‘ကံကြီးမောင်’အတွက် စားစရာပို့၊ လိုတာဖြည့်ဖို့က ဒီအိမ်မှာနေမှ ဖြစ်

မည်မို့သာ ကြိတ်မှိတ်၍ နေရခြင်းဖြစ်ပါသည်။

ဒေါ်ခင်မျိုးသိုက် ဤသို့တွေးသလို ဒေါ်ခင်မျိုးထိုက်ကလည်း အရွယ်နှင့်မလိုက်အောင် ခေတ်ဆန်သော ဘလောက်စ်အင်္ကျီနှင့် စားကြီးပါတိတ်တို့ကို အိမ်နေရင်း အဝတ်အစားအဖြစ် လဲလှယ်ပြီး၊ နိုင်ငံခြားဖြစ် ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်ရင်း လူက အပန်းဖြေသော်လည်း စိတ်က မနားပေ။

ညီဖွင့်ထားသော ဆူဆူညံညံအသံများကိုပင် နားထဲမဝင်နိုင်တော့ဘဲ ဒီနေ့ရုံးခန်းမှာ လုပ်ငန်းသစ်တစ်ခု တိုးချဲ့ဖို့၊ ရှယ်ယာဝင်ထည့်မည့်သူများများများရစေဖို့ အကြီးအကျယ်မျှော်လင့်နေရချိန်ဖြစ်သည်။

အဘယ်မျှ ကြာအောင် သူ တွေးနေမိသည်မသိ။ မိတာနှင့်နောက်ထပ်ခေါ်ထားသော အိမ်ဖော်အသစ်လေးတို့ ပန်းကန်များကိုင်၍ သူ့ရှေ့ ရောက်လာကြသည်။

ရှမ်းအစားအစာ ဆန်လုံးစီကြော်၊ တို့ဟူးသုပ်၊ လက်ဖက်နှင့်ရေနွေးကြမ်း ပန်းကန်များ။

"စားရမှာ အစပ်အဟပ်မတည့်လိုက်ပုံများ၊ ခင်ဦးကိုသွားပြောစမ်း၊ ငါးရံ့ခြောက်ဖုတ် ရှိရင် ယူခဲ့လို့"

"ဟုတ်"

ခဏကြာတော့ ခင်ဦး ကြွေရည်သုတ်အုပ်ကလေး ကိုင်၍ထွက်လာသည်။

"ငါးရံ့ခြောက်မရှိတော့ဘူးဖွားဖွားကြီး၊ ဆတ်သားခြောက်ပဲ ရှိတယ်"

"အေး ထားခဲ့"

ပန်းကန်များကို စားပွဲပေါ်သို့ ငုံ့၍တင်နေသော ခင်ဦးကို ဒေါ်ခင်မျိုးထိုက် ခုမှ သေသေချာချာ ကြည့်လိုက်မိသည်။

"မိခင်ဦး အတော့်ကို လှလာပါလား။ ဟင်း . . . ဒင်း အမေတုန်းကလည်း အဲဒီလို လှတာတွေကြောင့်ပေါ့"

ဆန်လုံးစီကြော်ကြွပ်ကြွပ်ကလေးကို ဝါးလိုက်၊ ဆတ်သား ခြောက် ကိုက်လိုက်လုပ်ရင်း လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော် က ကိစ္စ ခေါင်းထဲ ရောက်လာသည်။

ဆွေမျိုးနီးစပ်တော်သော ကလေးရွယ်ခင်ညိုကို ခေါ်ထားရာ မှအပျိုလေးဖြစ်လာသည့်အခါ ခင်ညိုက အသားညိုစိမ့်စိမ့်လေးနှင့် သိပ်လှလာသည်။

ဒေါ်ခင်မျိုးထိုက်၏ တစ်ဦးတည်းသောသား မောင်မောင် မြတ်ဦးကလည်း မိန်းမချောချောမြင်တိုင်း ချစ်တတ်သူမို့အတူနေ သူချင်း ငြိခဲ့ကြသည်။

ရှေးရှေးအစဉ်အဆက်ဆက်က ဖြစ်လေ့ဖြစ်ထ ရှိကြသည့် အတိုင်း မခင်ညိုကို ငွေအလုံအလောက်ပေး၍ ဤအိမ်ရိပ်ကိုပင် ဘယ်သောအခါမှမနင်းရန် မှာကြားပြီးနှင်လွှတ်လိုက်တော့သည်။

တစ်ဖက်မှာလည်း ချမ်းသာသော မိဘများ၏ တစ်ဦး တည်းသော သမီးက သဘောမတူနိုင်သူနှင့် ချစ်ကြိုက်၍အဆက် အသွယ်ကောင်းမှ တစ်ဆင့် လာစပ်သဖြင့် . . .

မောင်မောင်မြတ်ဦးနှင့် စိမ်းမြမြတို့ကို လက်ထပ်မင်္ဂလာပွဲ ကျင်းပပေးလိုက်ခြင်းဖြင့် အားလုံးပြီးပြေငြိမ်းအေးပြီဟု ထင်မှတ်

ထားခဲ့သော်လည်း . . .

စိမ်းမြမြက ကိုယ်ဝန်ကြီးနှင့် သူ့မိဘထံပြန်၍ ခုနစ်လနှင့် နောင်ဘုန်းတည်ကို မွေးခဲ့သည်ဟုဆိုလာသည်ကို ဒေါ်ခင်မျိုးထိုက်က ယခုအချိန်ထိ လုံးဝ အယုံအကြည်မရှိပါ။

နောက် တစ်နှစ်ခွဲခန့် အကြာမှာ ညီဘုန်းငယ်လေးကို မွေးဖွားလာသဖြင့် "မြေးအနှစ်" အဖြစ်နှင့် အချစ်ကြီးချစ်ခဲ့သည်။

မခင်ညို ထွက်သွားပြီး ခြောက်နှစ်ခန့်အကြာမှာ သမီးလေး ခင်ဦးကို လက်ဆွဲ၍ မခင်ညိုသည် ကသစ်နီစံအိမ်သို့ ပြန်ရောက်လာခဲ့သည့်အကြောင်းအရင်းကို ဒေါ်ခင်မျိုးထိုက်အစပိုင်းက လုံးဝ မသိခဲ့။

"သူ့မိဘက မကျွေးနိုင်လို့ ကလေးတစ်ယောက်လာပေးသွားတာနဲ့ ခေါ်ထားလိုက်တယ် မမထိုက်"

"ညည်းနှယ်အေ၊ ရုပ်ရုပ်ယှက်ယှက် ခိုင်းလောက်စေလောက်တဲ့ အရွယ်လည်း မဟုတ်သေးဘဲနဲ့"

"မခိုင်းလောက်ပေမယ့် ကလေးလေးတစ်ယောက်လို ပြုစုစရာ မလိုတော့တဲ့ အရွယ်ပါ မမထိုက်ရဲ့"

"အေးလေ ညည်း ထိန်းနိုင်လည်းမွေးပေါ့"

ဆိုသော အမိန့်ဖြင့် ခင်ဦး နေခွင့်ရသွားခဲ့သည်။

"သေစာရှင်စာလေး တတ်အောင် ဒီနားက မူလတန်းကျောင်းလေးမှာ ခင်ဦးကို ထားပါရစေ"

"တစ်ဆင့် တက်လာပြန်ပြီ၊ ညည်းဟာမလေးက ဘယ်တော့ ခိုင်းရမှာလဲ"

"စာတတ်ရုံလေးတော့ ကျောင်းနေပါစေ မမထိုက်ရယ်"

"ထားလိုက်ပေါ့"

ဆိုသော စကားသုံးလုံးဖြင့် ခင်ဦး ခြောက်တန်းအောင်သည် အထိ စာသင်ခွင့်ရခဲ့သည်။ ထို့နောက် ကျောင်းထုတ်ပြီးသည်နှင့် မီးဖိုထဲက မထွက်ရသည်မှာ ယနေ့ထက် အထိပါပင်။

မခင်ညို သူတို့၏ ကသစ်နီစံအိမ်နှင့် မနီးမဝေးမှာ သေဆုံး သွားကြောင်း ဒေါ်ခင်မျိုးထိုက် မသိအောင် ဖုံးထားကြသည်။

ထိုညက ကလေးကို ပို့ခဲ့ပြီးချိန်မှာ သူမ၏ ရင်ခွဲ၍ နှလုံး သားကိုဆွဲနုတ်ထားပစ်ခဲ့ရသလို နာကျင်ကြေကွဲစွာဖြင့် မိုးထဲရေထဲ မှာ ပြန်ပြေးသွားရာက လဲကျပါလိမ့်မည်။

ထူမည့်သူမရှိ၊ ကူမည့်သူမရှိဘဲ မိုးရေထဲမှာ သတိလစ်ရင်း သေဆုံးနေသည်ကို နောက်တစ်နေ့ နံနက်မှ တွေ့ကြရသည်။

လူတွေအုံပြီး ရဲစခန်းအကြောင်းကြား၊ ဆေးရုံသတင်းပို့၊ ရပ်ကွက်လူကြီးက လာကြည့်နေချိန်မှာ . . .

"ဟာ . . . ဒါ မခင်ညိုပဲ၊ အရင်တုန်းက ကသစ်နီမှာ အိမ် ဖော် လုပ်ဖူးတယ်၊ အဲဒီအိမ်ကြီးကို အကြောင်း သွားကြားကြ ပါလား"

ဈေးသည်တစ်ဦးက မခင်ညိုကို မှတ်မိစွာ ပြောလာသဖြင့် လာရောက်အကြောင်းကြားချိန်မှာ ကံကောင်းထောက်မစွာ ကို မောင်မောင်မြတ်ဦးနှင့် တည့်တည့်တိုး၏။

သူလိုက်သွားပြီး ကြည့်လိုက်သည့် အချိန်မှာ . . .

"ဖြစ်မှ ဖြစ်ရလေ ခင်ညိုရယ်"

ဟု ချောက်ချားတုန်လှုပ်သွားသော်လည်း သူ၏ ဂုဏ်သိက္ခာကြီးကို အပွန်းအပဲ့မခံနိုင်၍ . . .

"ကျွန်တော်တို့အိမ်မှာ အလုပ် လုပ်သွားတာတော့ ဟုတ်တယ်၊ ဒါပေမယ့် စာရိတ္တမကောင်းလို့ အလုပ်ထုတ်ထားတာ၊ မေမေသိလို့တော့ မဖြစ်ဘူး၊ ကျွန်တော် တစ်ယောက်တည်း တာဝန်ယူပါ့မယ်၊ ကုန်ချင်သလောက် ကုန်ပါစေ"

ဆရာဝန်၏ မှတ်ချက်၊ ဆေးရုံကိစ္စ၊ ရဲစခန်းအမှုပိတ်ဖို့ကိစ္စ၊ ဘယ်သူမှမသိအောင် ဖိုးဖိရသော ကိစ္စများအားလုံး သူတစ်ယောက်တည်း လုပ်ခဲ့သည်။

သူချစ်ခဲ့ဖူးသော မိန်းမတစ်ယောက်အတွက် သူအကောင်းဆုံး တစ်ခုကိုဖြင့် လုပ်ပေးလိုက်ပါသည်။

မခင်ညို၏ ရုပ်ကလာပ်ကို ဂူသွင်း၍ သင်္ဂြိုလ်လိုက်ခြင်းဖြစ်သည်။

မခင်ညိုသေဆုံးခြင်းနှင့် ငါးနှစ်သမီးလေး အိမ်မှာရောက်ရှိနေခြင်းကို ကိုမောင်မောင်မြတ်ဦး ဆက်စပ်၍ လုံးဝ မတွေးတတ်ခဲ့မိပါ။

သည်လိုနှင့် အလုပ်တွေလုပ်၊ မိန်းမကိစ္စရှုပ်၊ ဇနီးသည်စိမ်းမြမြကို ပစ်ထားပြီး အိမ်၏ပြင်ပ၌သာ အချိန်ကုန်ခဲ့သည်။

ကသစ်နီစံအိမ်ကြီးကလည်း နှစ်ဆောင်ပြိုင် အိမ်ကြီးလိုဖြစ်နေသည်။ ရှေ့ပိုင်းမှာ ဒေါ်ခင်မျိုးထိုက်တို့ မိသားစုနေကြပြီး နောက်ဘက်နှင့်နောက်ဖေးချောင်မှာ ဒေါ်ခင်မျိုးသိုက်ကအုပ်ချုပ်ပြီး၊ ခင်ဦးတို့ အိမ်ဖော်တစ်သိုက် နေကြရသည်။ သည့်အတွက်

သုံးလေးရက်နေလို့မှတစ်ခါ သည်ကလေးကို ဦးမောင်မောင် မြတ်ဦး မမြင်တွေ့မိပါ။

သည်သို့ဖြင့် ခင်ဦး ကသစ်နီသို့ရောက်ပြီး သုံးလေးနှစ် လောက်ကြာမှ ဒေါ်ခင်မျိုးထိုက်အဖျားမကျ၍ ဆေးရုံသုံးရက် တက်ရသည်။ ဆေးရုံမှ အစိမ်းဝတ် စစ္စတာကြီးက . . .

"အန်တီထိုက်သားက တကယ်စိတ်ကောင်းရှိတာပဲ၊ မခင် ညိုအလောင်းယူလာတုန်းက သိပ်တာဝန်ကျေတာ၊ ကိုယ့်အိမ်က အိမ်ဖော်ဆိုပြီး ပစ်စလက်ခတ် မလုပ်ဘူး၊ ဂူတောင်သွင်းလိုက် သေးတာ"

ဒေါ်ခင်မျိုးထိုက် မနည်း ဣန္ဒြေဆည်ကာ အလိုက်သင့် စကားပြောပြီး ဘယ်နေ့ဘယ်ရက်ကလဲဟု ဆေးရုံမှ သေစာရင်း မှတ်တမ်းကို အတိအကျ မေး၍ သိခွင့်ရခဲ့သည်။

ဆေးရုံမှ ဆင်းပြီးသည်နှင့် . . .

"ကဲ၊ အခန်းထဲ ကြွစမ်းပါဦး မရွှေသိုက်"

ညီမကို အခန်းထဲခေါ်၍ တံခါးပိတ်လိုက်ပြီး . . .

"ခင်ဦးဆိုတာ မောင်ဦးနဲ့ မခင်ညိုတို့ရဲ့ သမီးမှန်း ညည်းသိ ရက်နဲ့ ငါ့ကို ဘာလို့ ဖွင့်မပြောတာလဲ"

"မမကို ကြောက်လို့ပါ"

"ဟင်း . . . ကြောက်ပေလို့သာ တော်တော့တယ်။ဒီကောင်မ လေးကို ငါ မကြည့်ချင်ဘူး၊ တစ်နေရာ ပို့လိုက်"

"မလုပ်ပါနဲ့ မမထိုက်ရယ်၊ ဒီကောင်မလေးက အဖြစ်မှန်ကို ဘာမှ မသိပါဘူး။ ဘယ်သူမှလည်း မသိပါဘူး။ နေလက်စနဲ့

နေပါစေတော့”

“အေး၊ ဒါဖြင့် ဒီအကြောင်း ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ညည်း ကျိန်ပြီး ငါ့ကို ကတိပေးစမ်း”

“ပြောမိရင် သေရပါစေရဲ့၊ ဘယ်သူ့ကိုမှ မပြောပါဘူး”

“အထူးသဖြင့် ငါ့သားကို”

“စိတ်ချပါ”

“အေး၊ ဘယ်လိုပဲ ငါ့သားနဲ့ရတဲ့ ကလေးဆိုဆို ခင်ညိုလို မိန်းမမျိုးနဲ့ရတဲ့ကလေးကို ငါ့မြေးလို့ ဘယ်တော့မှ အသိအမှတ် မပြုနိုင်ဘူး၊ နားလည်ရဲ့လား”

“ဟုတ်ကဲ့”

“ထပ်ပြောလိုက်မယ်၊ မောင်ဦး မသိစေနဲ့နော်”

“အင်းပါ”

ဒေါ်ခင်မျိုးထိုက်သည် ခင်ဦးဆိုသည်မှာသူ့မြေးဖြစ်ကြောင်း သူတို့ညီအစ်မချင်းသာ သိသည်။ တခြား ဘယ်သူမှ မသိဟု ထင်နေသော်လည်း . . .

ဦးမောင်မောင်မြတ်ဦးကလည်း သူ့နည်းသူ့ဟန်ဖြင့် ဘယ်လို သိရှိသွားသလဲဟု ဒေါ်ခင်မျိုးထိုက် သိခွင့်မရသေး။

သူတို့ညီအစ်မ လုံခြုံလှပြီဟု ထင်နေသော်လည်း . . .

မကြာသေးခင်က ခင်ဦးကို သူ့ဖခင် ကိုယ်တိုင်ခေါ်ဆောင် ကာ မခင်ညိုကွယ်လွန်ခြင်း (၁၅) နှစ်မြောက်နေ့ အမှတ်တရအဖြစ် သွားရောက်ခဲ့ကြကြောင်း ဒေါ်ခင်မျိုးထိုက် လုံးဝ မသိ။ နည်း နည်းလေးမှ မရိပ်မိခဲ့။

ခင်ဦးသည် မောင်ဦးနှင့် မခင်ညိုတို့၏ သမီးလေး ဖြစ်ကြောင်း မိမိသာ သိသည်။ သားဖြစ်သူ လုံးဝ မသိပဲ ခေါင်းမျိုးထိုက်က ယုံကြည်ထားသလို . . .

ဦးမောင်မောင်မြတ်ဦးကလည်း သူ့နည်းသူဟန်ဖြင့် တစ်နေရာမှ သိခဲ့သည်။ သူ ဘယ်လို သိခွင့်ရခဲ့သည် ဆိုခြင်းကိုဖြင့် ကွယ်ဝှက် ထိန်ချန်ထားရပါမည်။ အကြောင်းတိုက်ဆိုင်သော တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဖွင့်ပြောခွင့် ရရှိကောင်းရရှိမည်။ သို့မဟုတ် သူ့အသက်နှင့်အမျှ ဖွင့်ပြောခွင့် ရရှိချင်မှ ရရှိပေလိမ့်မည်။

ကာယကံရှင်မလေး ခင်ဦးသည်သာ . . .

သူမ၏ မိခင်သည် မခင်ညို၊ သူမ၏ဖခင်သည် သေဆုံးသွားပြီ။ သူ့မိခင်ကလည်း ဤအိမ်မှာ သူ့ကို လာထားခဲ့ပြီး ကွယ်လွန်သွားခဲ့ပြီ။

ဆိုသော အကြောင်းအရာမှ လွဲ၍ ဘာမှ ပိုပြီး မသိခဲ့ပါ။ ခင်ဦး ဘာကိုမှ သိရှိခွင့် မရခဲ့ရှာပါ။

။ ။ ။

ကိုစိုးလတ်သည် ဦးယုဆိုင်ပေးလိုက်သော စာရွက်စာတမ်း များနှင့်အတူ ဦးတောက်ထွန်း၏ ရုံးခန်းအတွင်းသို့ ဝင်ခဲ့သည်။

သူ့အခန်းထဲမှာ ဂျပန်ပြည်ထုတ်ပြက္ခဒိန်တစ်ခုသာ နံရံမှာ ချိတ်ထားသည်။

သူ့အလုပ်စားပွဲ၏ လက်ဝဲဘက်ထိပ်မှာ မွေးနေ့ပွဲညက တွေ့ခဲ့ရသောနွေသဥ္ဇာ၏ဓာတ်ပုံ ပို့စကတ်အရွယ်ကိုစားပွဲပေါ်မှာ ထောင်ထားသည်။ လက်ယာဘက်မှာ ပြက္ခဒိန်အသေးစားလေး နှင့် နွေသဥ္ဇာ၏ပုံ။

ဓာတ်ပုံပေးလိုက်လျှင်ဓာတ်ပုံနှင့်တွဲပြီး ကလဲန်ဒါ (ပြက္ခဒိန်) ထုတ်ပေးသည်။ဂျပန်နိုင်ငံမှဖြစ်၏။ဂျပန်ပြည်ရောက်မြန်မာများ မိသားစုဓာတ်ပုံတောင်း၍ ကလဲန်ဒါလုပ်ပြီး ပို့လေ့ရှိကြတာ ကိုစိုးလတ်မြင်ဖူးသည်။ ယခုမြန်မာပြည်က ဓာတ်ပုံပညာရှင်နှင့် စက်မှုကျွမ်းကျင်သူတို့လည်း လုပ်နေကြပါပြီ။

ဦးတောက်ထွန်းသည် သူ့သမီးလေး နွေသဥ္ဇာကို အမှန် တကယ် တမ်းတနေသူများလား။

သူက တစ်နေရာရာမှာ ဝှက်ထားပြီး လွမ်းပြ၊ ဆွေးပြ၊ ကြွေ ပြနေခြင်းမျိုးလား၊ ကိုစိုးလတ် လုံးဝ အကဲမခတ်တတ်ပါ။

"ထိုင်ပါ ခုပဲ ဦးယုဆိုင် ဖုန်းဆက်ထားတယ်"

"ဟုတ်ကဲ့ ဒါတွေ ပို့ခိုင်းလိုက်ပါတယ်"

ကုမ္ပဏီချင်း ဆက်သွယ်ပတ်သက်သော စာရွက်စာတမ်းကို ပြလိုက်သည်။ ပထမတွေ့စက ဖိတ်ကြားခံညှော့သည်အဖြစ်နှင့် ရောက်လာ၍ 'ဦး' ဟု သူ ခေါ်ခဲ့သည်။ ယခု အလုပ်သဘော အရ ရောက်လာ၍ 'ဆရာ' ဟုခေါ်ကာ . . .

"ဆရာရဲ့ ကုမ္ပဏီက အစုရှယ်ယာရှင်တစ်ယောက်က ဆရာ့ကို တရားစွဲထားတယ်လို့ ဆရာဦးယုဆိုင်က ပြောပါတယ်"

"ဟုတ်တယ်"

"အဲဒီအတိုင်း အလားတူကိစ္စမျိုး ကျွန်တော်ဆောင်ရွက်ပေးဖူးပါတယ်၊ အဲဒါကြောင့် ဆရာ့အနေနဲ့ ကျွန်တော့်ကိုခိုင်းချင် ခိုင်းနိုင်အောင်လို့ ဦးယုဆိုင်က ဒီမှာ စာရေးပေးလိုက်ပါတယ်"

ဦးတောက်ထွန်းက စာကို ဖတ်ကြည့်ပြီး ...

"ကောင်းသားပဲ၊ တရားစွဲခံရတဲ့ကိစ္စကိုရော ကိုစိုးလတ်သိသလား"

"သိပါတယ်ခင်ဗျ"

ဦးတောက်ထွန်းကုမ္ပဏီမှ လေးရာခိုင်နှုန်း အမြတ်ဝေစုပေးမည်ဟု ကြော်ငြာခေါ်ယူ၍ အစုရှယ်ယာများ အစုထည့်ဝင်ကြသည်။ ထည့်ဝင်ငွေအနည်းဆုံး တစ်သိန်းနှင့် အချိန်ကာလက တစ်နှစ်ပေးသွင်းထားရမည်။

ယခုအမှုမှာ အစုရှယ်ယာရှင်က တစ်နှစ်ထားမည်ဟုထားပြီးမှတစ်နှစ်ပြည့်မြောက်သောနေ့တွင် လာမထုတ်၍နောက်တစ်နှစ်ဆက်ထားမည့် စာရင်းတွင်သွင်းလိုက်သည်။ ပြန်ထုတ်ယူခွင့်မရှိ။ ယင်းကိစ္စကို ညှိညှိနှိုင်းနှိုင်းမလုပ်ဘဲ တရားစွဲသည်။ အပ်နှံငွေက

ငါးသိန်းဖြစ်၏။ လစဉ်လည်း အကျိုးအမြတ် ထုတ်ယူပြီးခဲ့ပြီ။

"စာချုပ်ထဲမှာ ငွေပြန်ထုတ်မည်ဆိုလျှင် အနည်းဆုံးနှစ်ပတ် ကြိုတင်အကြောင်းကြားပါလို့ ပါရက်နဲ့ သူတို့မေ့ပြီး မပြောတာ၊ ကျွန်တော်တို့ဘက်က နိုင်ဖို့ရှိပါတယ်။ ဒီတစ်နှစ်ကုန်မှ ထုတ်ပေးလို့ ရအောင် ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်"

"ဦးအနေနဲ့ ငွေငါးသိန်းလောက်က အကြောင်းမဟုတ်ဘူး၊ မခံချင်စရာမို့ တမင်ထုတ်မပေးတာ"

"ကျွန်တော် ဆောင်ရွက်ပေးပါရစေ၊ အကျိုးဆောင်ခ လည်းမလိုပါဘူး"

ဦးတောက်ထွန်းက ပေးမည်ဆိုသည်ကို ယဉ်ကျေးစွာ ငြင်းပယ်ပြီး ယင်းအမှုကို ကိုစိုးလတ် အားကြိုးမာန်တက်ဆောင်ရွက် ပေးလိုက်သဖြင့် ဦးတောက်ထွန်းနှင့်ကိုစိုးလတ်တို့ ရင်းနှီးမှုပိုမိုရရှိ ခဲ့သည်။

ဦးတောက်ထွန်းသည် လာမည့်ဒီဇင်ဘာလတွင် အသက် ငါးဆယ်ပြည့်မည်ဟု သိရသည်။

လုပ်ငန်းဆောင်ရွက်ရာမှာလည်း အလွန်စေ့စပ်သေချာသူ ဖြစ်ပါ၏။

အလုပ်ကြိုးစားသူဖြစ်သလို ပေါင်းသင်းဆက်ဆံရေးနယ် ပယ်မှာလည်း နာမည်ကောင်းနှင့် နေသူတစ်ဦး ဖြစ်လေသည်။

လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိလှသော် လည်းဘာသာရေးကိစ္စများတွင်မူ အလှူအတန်းရက်ရောသူတစ်ဦး ဖြစ်ပေသည်။

"သမီးလေး ရှိတုန်းက ဘယ်လို"
"သမီးလေး ပျောက်သွားပြီးမှ ဘာဖြစ်တာ"
"သမီးလေး ပြန်တွေ့ပြီးရင် ဘာလုပ်မလို့"

စသော တမ်းတမှုများနှင့် မျှော်လင့်ခြင်းများကို တွဲဆက်၍ စကားပြောလေ့ရှိသော ဦးတောက်ထွန်းပါ။

ဦးတောက်ထွန်းသည် ဖိုးကပ်စ်(**Focus**)လုပ်ရန်ခက် သည်၊ သူ့ရင်ထဲမှ စစ်မှန်သော ခံစားမှုကို တူးဖော်ကြည့်ရှုရန် မလွယ်ကူလှပါဟု ကိုစိုးလတ် မှတ်ချက်ချလိုက်တော့သည်။

॥ ॥ ॥

ဦးယုဆိုင်နှင့် ဦးတောက်ထွန်းတို့က အထက်တန်းကျောင်းသားဘဝက တစ်တန်းတည်းနေခဲ့ဖူးသော်လည်း သိပ်တွဲကြသော သူငယ်ချင်းအရင်းများဖြင့် မဟုတ်ကြပါ။

ဦးတောက်ထွန်းက ဆင်းရဲပြီး ဦးယုဆိုင်၏ဖခင်က ကုန်စုံဆိုင်ဖွင့်ပြီးငွေကြေးပြည့်စုံ၏။ ဧရာဝတီတိုင်း၏မြို့ငယ်လေးတစ်မြို့မှာ နေထိုင်ကြသည်။

ဦးတောက်ထွန်းက ဆယ်တန်းကျသဖြင့် ကျောင်းထွက်လိုက်ရသည်။ဦးယုဆိုင်ကတက္ကသိုလ်မှဘွဲ့ရပြီးနောက် မြန်မာပြည်မှ ထွက်ခွာသွားကာ နိုင်ငံခြားမှာ အနေကြာခဲ့၏။ သို့သော်

မြန်မာပတ်စ်ပို့ကိုသာ ကိုင်ထားသဖြင့် ယခုလို ဈေးကွက်စီးပွား ရေးစနစ်အဖြစ် တံခါးဖွင့်ပေးလိုက်သည့်အခါ မြန်မာပြည်သို့ ပြန်လာပြီး၊ သည်မှာကုမ္ပဏီတည်ထောင်ပြီးကာမှ ဦးတောက်ထွန်း နှင့် ပြည်လည်တွေ့ဆုံကြခြင်း ဖြစ်လေသည်။

ဦးတောက်ထွန်းသည် မိဘကလည်းဆင်းရဲ၊ ဆယ်တန်း လည်း မအောင်သဖြင့် အလုပ်မျိုးစုံလုပ်ကိုင်ရင်းကုန်ကားကြီးများ မောင်းခဲ့ရာမှ တောင်ပေါ်မြို့ကလေးတစ်ခုတွင် သောင်တင်နေခဲ့ သည်။

"မခမ်းမွန်" ဆိုသော အမျိုးသမီးလှလှလေး တစ်ယောက်ကို သူပိုးပန်းစဉ်က ရိုးသားသော ချစ်ခြင်းမေတ္တာစစ်နှင့်ဖြစ်ပါ၏။

သို့သော် . . .

'ဒီကောင် ငါ့သမီးကို ချစ်တာ မဖြစ်နိုင်ဘူး၊ ငါ့ရဲ့စည်းစိမ် ချမ်းသာတွေကို လိုချင်လို့ပဲ ဖြစ်ရမယ်"

ဆိုသော မခမ်းမွန်ဖခင်၏ မှတ်ချက်ကြောင့် မခမ်းမွန်ကို တွေ့ခွင့်မရရှိတော့ပါ။

သူသစ္စာဆိုရဲပါသည်။

မခမ်းမွန်ကို မြင်မြင်ချင်းချစ်မိချိန်က မခမ်းမွန်သည် သူဌေး သမီးမှန်း သူ လုံးဝမသိခဲ့ပါ။

မခမ်းမွန်ကလည်း သူ့ကို အချစ်ဦးပီသစွာ သည်းသည်း ခိုက်မျှ ချစ်ရှာသည့်အတွက် . . .

*အစ်ကိုရေ*

*ဒီနေ့ညနေ ခြောက်နာရီမှာ ညောင်နှစ်ပင်ကားဂိတ်*

*က ဆက်ဆက်စောင့်နေပါ။ ခမ်းမွန်တို့ ထွက်ပြေး ကြရအောင်။*

*အစ်ကို့ကိုသိပ်ချစ်တဲ့*
*ခမ်းမွန်*

ဆိုသောစာကြောင့် အဝေးပြေးကားကြီးများ ရပ်နားရာ ညောင်နှစ်ပင်ကားဂိတ်မှာ သူ ညနေစောင်းကတည်းက စောင့်နေပြီး မြေပြန့်မြို့သို့ ထွက်ခွာမည့်ကားလက်မှတ်နှစ်စောင်ကိုပါ အဆင်သင့် ဝယ်ထားခဲ့သည်။

မခမ်းမွန်လေးမှာ အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့် စက်ဘီးစီးကာ ရောက်ချလာသည်။

သူတို့နှစ်ယောက် တောင်ပေါ်မြို့လေးမှ ဆင်းသက်ကာ မြေပြန့်မြို့မှာအတူတကွ ပျော်ရွှင်စွာပေါင်းသင်းနေထိုင်ခဲ့ကြသည်။

မခမ်းမွန်တွင် အဝတ်အထည်သာ မပါသော်လည်း သူ ဝတ်ဆင်နေကျ စိန်တစ်ဆင်စာနှင့် ရွှေများစွာ ပါလာသဖြင့် ထုခွဲသင့်သည်ကို ထုခွဲကာ ဆိုင်လေးတည်ရာမှ စပြီး တစ်စထက် တစ်စ ကြီးပွားလာခဲ့ခြင်း ဖြစ်သည်။

ပထမပိုင်းမှာ မခမ်းမွန်၏ မိဘများက လိုက်ရှာပြီး ပြန်ခွဲဖို့ ကြိုးစားသော်လည်း . . .

"ကျွန်မသဘောနဲ့ ကျွန်မ လိုက်ခဲ့တာပါ"

"အစ်ကိုက သွေးဆောင်ဖြားယောင်ခြင်း မဟုတ်ပါ"

"ကျွန်မ အသက်ပြည့်ပါပြီ"

"ကျွန်မတို့ တရားရုံးမှာ တရားဝင် လက်ထပ်ပြီးပါပြီ"

"ပြန်မလိုက်နိုင်တော့ပါ"

ဆိုသော ပြတ်သားသည့်အဖြေကြောင့် မခမ်းမွန်၏ မိဘ နှစ်ပါးမှာ ကြိတ်မနိုင်ခဲမရ ဖြစ်ကာ . . .

"ငါတို့ ကံဆိုးလှချေလား"

"သားကလည်း ပစ္စည်းသုံးဖြုန်းဖို့သာ သိတဲ့ သားမိုက်"

"သမီးကလည်း တို့ကို စွန့်လွှတ်သွားပြီ"

"ဒီတော့ တို့ကလည်း တစ်သက်လုံး စွန့်လွှတ်လိုက်ရုံပဲ ပေါ့ကွာ"

ဆိုသော ဆုံးဖြတ်ချက်ကြောင့် . . .

"သမီးအဖြစ်မှ အမွေဖြတ် ရာသက်ပန် စွန့်လွှတ်ခြင်း"

ဆိုသော ကြော်ငြာများ သတင်းစာအသီးသီး၌ ပါရှိလာပြီး နောက်မှာ လုံးဝ အဆက်အသွယ် ပြတ်သွားခဲ့ကြသည်။

ဦးတောက်ထွန်းကလည်း ယောက္ခမများကို မခံချင်စိတ်နှင့် ကြိုးစားခဲ့သည်။

တစ်နှစ်ကျော်ကျော် အချိန်မှာပင် ဦးတောက်ထွန်း ခန္ဓာ ကိုယ်၏ ပြင်ပတွင်ရှိသော အသည်းနှလုံးတစ်စုံကို မြတ်နိုးခွင့် ရရှိခဲ့သည်။

နွေရာသီမှာ ဖွားမြင်ခဲ့သည့်အတွက် . . .

'နွေသဉ္ဇာ' ဟု သူကိုယ်တိုင် အမည်ပေးခဲ့သော သူ၏ဒုတိယ နှလုံးသားလေး . . .

ချစ်ဇနီးနှင့် ချစ်သမီးအတွက် ကြိုးစားချင်စိတ်များကြောင့်၊

အရင်းအနှီးအဖြစ် တည်ထောင်နိုင်ရန် ဇနီး၏လက်ဝတ်

ရတနာများကို ထုခွဲရောင်းချပြီး ရင်းနှီးခွင့် ရရှိခဲ့သဖြင့် . . .

ပင်ကိုက အရည်အချင်းရှိသောကြောင့် ဦးတောက်ထွန်း ပွဲရုံတစ်ခုတည်ထောင်လာနိုင်အောင် အခြေတကျ ဖြစ်လာခဲ့ပါပြီ။

ယောက္ခမကို မခံချင်ရာမှ ကြိုးစားခဲ့သဖြင့် ကုမ္ပဏီပိုင်ရှင် ကြီး ဖြစ်လာခဲ့သည်။

အလုပ်သမားဘဝမှ လုပ်ငန်းပိုင်ရှင်ကြီး ဖြစ်လာခဲ့သည် ဆိုခြင်းတို့မှာ အဘိုးတို့ခေတ်လောက်ကသာဖြစ်ပါမည်။အဖေတို့ ခေတ်ကျတော့ လခစားအရာရှိအဆင့်လောက်မှနေ၍ သားကို ကုမ္ပဏီတည်ထောင်မပေးနိုင်ပါ။

နိုင်ငံခြားသို့ထွက်ပြီး ပြန်လာ၍ အလုပ်လုပ်ကြသူများသည် လည်းကုမ္ပဏီပိုင်ရှင်ဖြစ်လောက်အောင် ငွေကြေးမစုဆောင်းနိုင်ခဲ့ ကြပါ။

မိမိအရည်အချင်း၊ ကြိုးစားအားထုတ်မှု တစ်ခုတည်းနှင့် လည်းမရနိုင်ပါ။ ယနေ့ခေတ်မှာ ငွေပင်ငွေရင်းကြီးမှ၊အရင်းအနှီး များမှ ကုမ္ပဏီပိုင်ရှင်ကြီး တစ်ယောက် ဖြစ်လာနိုင်ပေမည်။

အလုပ်သမားလေးဘဝမှ ကုမ္ပဏီပိုင်ရှင်ကြီး ဖြစ်လာသည် ဆိုခြင်းမှာ စိတ်ကူးယဉ်ဇာတ်လမ်းမျှလောက်သာ ဖြစ်နိုင်မည်ဟု ဦးတောက်ထွန်း ယူဆပါသည်။

"ခမ်းရေ၊ ခုဆိုရင် ခမ်း ပါလာတာထက်တောင် ပိုပြီး စိန်တွေ၊ ရွှေတွေ ပြန်ဝယ်နိုင်ပါပြီ။ ဒါပေမယ့် ပထမဦးဆုံး ခမ်းရဲ့ စိန်တစ်ဆင်စာ ရောင်းပြီး အရင်းအနှီး ပြုခဲ့လို့သာ အစ်ကိုတို့ခုလို ကြီးပွားလာခဲ့တာဟာ ခမ်းမိဘရဲ့ ကျေးဇူး

ပါပဲ၊ ဒါကြောင့် အစ်ကို့မှာ ဆန္ဒတစ်ခုရှိတယ်"

"ဘာဆန္ဒလဲ"

"အစ်ကို့ မိဘတွေလည်း မရှိတော့ဘူးလေ၊ ဒါကြောင့် ခမ်းရဲ့ အဖေနဲ့အမေကို သွား ကန်တော့ကြရအောင်လေ"

"ဖြစ်ပါ့မလား၊ အဖေက သိပ်စိတ်ကြီးတာ၊ 'ဟင်' ဆိုရင်လုံးဝ လှည့်မကြည့်တော့ဘူး အစ်ကိုရဲ့"

"အဲဒါ လူစိမ်းတွေ အပေါ်မှာ ဖြစ်မှာကွာ၊ သမီးနဲ့ မြေးလေး လာကန်တော့ရင် ကျေနပ်သွားမှာပါ"

"ဟင် . . . အစ်ကိုကရော"

"လိုက်ခဲ့မှာပေါ့၊ အစ်ကို့ကို လက်မခံရင်တောင် ခမ်းနဲ့ သမီးလေး နွေသဉ္ဇာကို လက်ခံမှာ သေချာပါတယ်"

"အစ်ကို့သဘောပဲလေ။ သွားဆို သွားကြတာပေါ့၊ ဒါပေမယ့် ခမ်း ကြောက်တယ်။ အဖေက တအား ဒေါသကြီးတာ"

"သွားကြည့်ကြရအောင်ပါလေ၊ လက်မခံတော့လည်း ပြန်လာရုံပေါ့၊ အစ်ကိုတို့ရဲ့ သမီးလေး နွေသဉ္ဇာကို အစ်ကိုတို့ ဘယ်လောက် ချစ်သလဲ၊ သူတို့လည်း ဒီလိုပဲနေမှာပေါ့ကွာ၊ မိဘမေတ္တာကို ကိုယ်ချင်းစာတတ်လာပါပြီ ခမ်း"

"အဖေက ပြန်လက်ခံလိမ့်မယ် မထင်ဘူး"

"ပြန်လက်ခံလိမ့်မည်" ဟု ဦးတောက်ထွန်းက ယူဆသည်။

"လက်မခံဘူး" ဟု ဒေါ်ခမ်းမွန်က ထင်သည်။

သည်လိုနှင့် သမီးလေး လေးနှစ်ကျော်အရွယ်မှာတောင်ပေါ်မြို့လေးသို့ မခမ်းမွန်တို့ သားအမိသုံးယောက် ရောက်သွားကြ

သည့်အခါ . . .

ဦးတောက်ထွန်း၏ အယူအဆမှားပြီး၊ မခမ်းမွန်၏ အထင်က မှန်နေသည်။

"ရာသက်ပန် စွန့်လွှတ်တယ်လို့ သတင်းစာကတောင် လူသိရှင်ကြား ကြေညာပြီးမှ ဒီသမီးနဲ့ သမက်ကို ငါတို့ လုံးဝလက်မခံဘူး"

ဆိုသော အာဃာတတံခါးကြီးကို တင်းကြပ်စွာ ပိတ်ပစ်လိုက်သော ဦးအိုက်မွန်နှင့် ဒေါ်ခင်စော။

လူကြုံကတစ်ဆင့် လာခွင့်တောင်းခိုင်းပြီး သူတို့မိသားစုသုံးယောက်က ဟိုတယ်မှာ တည်းခိုနေကြရသည်။

သို့သော် . . .

လူသားတို့၏ နှလုံးအိမ်တွင် ဆန်းပြားသောချစ်ခြင်းမေတ္တာတရားများ ဖြစ်ထွန်းလေ့ ရှိတတ်ကြကြောင်း ဦးတောက်ထွန်းအံ့ဩစွာ တွေ့ရှိခဲ့ရတော့သည်။

"နွေသဥ္စာဆိုတဲ့ တို့မြေးလေးကို ခေါ်ခဲ့စမ်း"

လူကြုံမှတစ်ဆင့် အမှာစကား ရရှိလာသဖြင့် သိပ်လိမ္မာပြီး၊ သိပ်စကားတတ်သော လေးနှစ်ကျော် သမီးလေးကို အမျိုးမျိုးသွန်သင်ကာ ဂါဝန်လှလှလေး ဝတ်ပေးပြီး လွှတ်လိုက်ကြသည့်အခါ . . .

သမီးလေးပြန်အလာတွင် အဝတ်အစားတွေ တစ်ထုပ်ကြီးနှင့် ငွေတစ်သိန်းထုပ်၏ အပေါ်တွင် . . .

"မြေးလေး နွေသဥ္စာအတွက်သာ သုံးရန်"

ဆိုသော အဖေ၏ လက်ရေးဝိုင်းဝိုင်းကြီးကို ကြည့်ပြီး မခမ်း
မွန်တို့ လင်မယား ရယ်မောမိကြသည်။

"ဖေနဲ့မေ၊ ဘိုးဘိုးနဲ့ဘွားဘွားက သမီးကို မပြန်ခင်လာခဲ့ဦး
နော်တဲ့"

"သမီးလေးကရော သွားချင်လို့လား"

"သွားချင်တယ်၊ တိုက်ကြီးက အကျယ်ကြီး၊ ဘိုးဘိုးနဲ့
တူတူပုန်းကြတာ ပျော်စရာကြီး"

"ကြည့်စမ်းပါဦး၊ အဖေတို့များ မြေးနဲ့ကျတော့ သူ့မာန
တွေ၊ သူ့အငြိုးတွေ အရည်ပျော်ပြီး တူတူပုန်းတမ်းတောင် ဆော့
သတဲ့ အစ်ကိုရယ်"

နှစ်ယောက်သား ပြိုင်တူရယ်မောမိကြရသည့်အဖြစ်အပျက်
ကလေး။

"ငါ့မြေးကို မကြာခဏ လာပို့ကြလို့ ပြောလိုက်"

ဟူသော သံယောဇဉ်အမျှင်တန်း စကားလေးကြောင့် မကြာ
ခဏသာမက ကျောင်းထားသည့်အရွယ် ရောက်လာသောအခါ
မှာ မိဘများနေထိုင်ရာ ကျွန်းပင်သာမြို့လေးသို့ ကျောင်းပိတ်
တိုင်း ပို့ထားရသည်။

မိခင်က ပျော့ပျောင်းချင်စိတ်နှင့် တစ်ဦးတည်းသော သမီး
လေး မခမ်းမွန်ကို ပြန်ခေါ်ချင်သော်လည်း ခင်ပွန်း ဦးအိုက်မွန်က
ခေါ်ခွင့် မပြုခဲ့ပါ။

ခင်ပွန်းသည်၏ စည်းစိမ်ဉစ္စာနှင့် ခင်ပွန်းသည် ဩဇာ
အောက်မှာ နေရသော ဒေါ်ခင်စောမှာ လက်လျှော့ကာ မြေးလေး

နွေးသဉ္ဇာနှင့်သာ နှစ်သိမ့်နေရတော့သည်။

ယောက်ျားတို့ အပျော်အပါး လိုက်စားချိန် ကုန်လွန်ပြီး စိတ်ကျချိန်၊ အရွယ်ကျချိန် ရောက်လာလို့လား မသိ။

အဘိုးတို့သည် မြေးများကို အဘွားတို့ထက် ပို၍ ချစ်ကြ၊ ပို၍ အလိုလိုက်ကြ၊ ပို၍ အပင်ပန်းခံပြီး ထိန်းတတ်ကြသည်။

ဦးအိုက်မွန်ကလည်း ထိုနည်းအတိုင်းပင်၊ သမီးကို လုံးဝ လက်မခံဘဲ၊ သမီး၏ အမြုတေဖြစ်သော သမီးကမွေးသောမြေးမ လေးကိုမှ အသည်းခိုက်အောင် ချစ်နေရှာသည်။

မခမ်းမွန်တို့ ကံဆိုးချင်တော့ မိခင်ဒေါ်ခင်စောက အရင် ကွယ်လွန်သည်။

အကယ်၍ ဖခင်သာ အရင်ကွယ်လွန်ခဲ့လျှင်၊ တိုက်ကြီး ပေါ်တက်ပြီး မိခင်ကို ပြုစုခွင့် ရနိုင်ပါမည်။

ယခုဖြင့် မာနကြီးသော၊ တိကျသော၊ ပြတ်သားသော ဦးအိုက်မွန်က ကျန်ရစ်သူ အဖြစ်နှင့် ရှိနေ၍ မခမ်းမွန်၏ အသက်နှင့်အမျှ သူ့ကိုမွေးဖွားရာ တိုက်ကြီးပေါ်သို့ တက်ခွင့် ရမသွားခဲ့ရှာပါ။

ဒေါ်ခင်စော ကွယ်လွန်ပြီး နောက်မှာ သမီး မခမ်းမွန် ကိုအလာမခံရုံမက သူ၏ ချစ်လှစွာသော တစ်ဦးတည်းသော သားလေး . . .

'ပြည့်စုံမွန်'

ကိုလည်း လုံးဝ လှည့်မကြည့်တော့ပါ။

ပြည့်စုံမွန်ဆိုသော မခမ်းမွန်၏မောင်လေး အကြောင်းက

လည်း သည်နေရာမှာ အရေးပါသည်။

သားလေးပြည့်စုံမွန်သည် တစ်ဦးတည်းသော သားဖြစ်၍ အချစ်လွန်ကဲစွာ အလိုလိုက်ခဲ့ကြသည်။ အထူးသဖြင့် မိခင်က သားတောင်းသလောက် ပိုက်ဆံများ တိတ်တိတ်ခိုးပေးခဲ့ရာမှ သည်ဇာတ်လမ်း စခဲ့ခြင်းဖြစ်သည်။

ပြည့်စုံမွန်သည် အစ်မ မခမ်းမွန်ကဲ့သို့ပင် အသားက ဖြူနုစ်ဝင်းစိုပြီး အရပ်မြင့်မြင့် မျက်ခုံးကောင်းကောင်း စူးရှသော မျက်ဝန်းများဖြင့် ထက်မြက်သော ယောကျ်ားတစ်ယောက် ဖြစ်၏။ ဘာပဲလုပ်လုပ် တစ်ဖက်စွန်းသို့ ရောက်အောင် လုပ်တတ်သော အကျင့်ရှိသူဖြစ်၏။

မိန်းကလေးတိုင်းက သူ့ကို စိတ်ဝင်စားသော်လည်း သူက ရည်းစားမထား၊ ဘယ်သူ့ကိုမှ မချစ်ဖူးခဲ့။ လျှောက်လည်ပြီး သုံးဖြုန်းပျော်ရွှင်၍သာ နေချင်သူ ဖြစ်သည်။ ပြည့်စုံမွန်သည် ငွေပေါသဖြင့် အပေါင်းအသင်းစုံရာမှ သူ့ဘဝတစ်ခုလုံး ရစရာ မရှိအောင် ပျက်စီးသွားမည့် လူတစ်စုနှင့် ပေါင်းမိသည်။

ထိုလူငယ်တစ်စုမှာ ဘိန်းဖြူသုံးသူများ ဖြစ်ကြလေသည်။

ပြည့်စုံမွန်သည်လည်း မူးယစ်ဆေး၏ ကျေးကျွန်ဖြစ်ခဲ့သည်။ ဘိန်းဖြူ၏ သားကောင် ဖြစ်ခဲ့သည်။

ပြည့်စုံမွန် ဆေးစွဲကြောင်း သိစက ဦးအိုက်မွန် မျက်ရည်ကျသည်အထိ ခံစားခဲ့ရသည်။

တကောက်ကောက်လျှောက်လိုက်ပြီး တတ်ကျွမ်းသော ဆေးပညာရှင် ဆရာဝန်များနှင့် ဆေးအခါခါ ဖြတ်ပေးသည်။

ဘုန်းကြီးဝတ်ပေးသည်။

မြန်မာပြည်မှ လှပ၍ စိတ်ဝင်စားဖွယ်ကောင်းသော ငပလီလို၊ ပုဂံလို နေရာမျိုးသို့ ကိုယ်တိုင် လိုက်ပို့ပေးသည်။

တခြားလိုအပ်သမျှ ဝယ်ပေးသည်။

မိခင်ရော ဖခင်ပါ မျက်ရည်စက်လက်နှင့် ငိုယို၍ ဆေးဖြတ်ဖို့ တောင်းပန်သည်။

မိဘကနည်းမျိုးစုံနှင့် တားဆီးသလို ပြည့်စုံမွန်ကလည်း နည်းလမ်းစုံနှင့် ဆေးကို မရ,ရအောင် သုံးသည်။

အိမ်ကပစ္စည်း ရသမျှယူ၊ လစ်သမျှခိုးနှင့် စာရိတ္တပျက်လာသည်အထိ ဖခင်က စိတ်မလျှော့ရှာသေးဘဲ ထိန်းလို့ရသမျှ ထိန်းနေရာမှ . . .

ဦးအိုက်မွန်၏ စီးပွားရေးပြိုင်ဘက်ထံမှ ငွေချေးရုံမက အိမ်သားများ မရှိခိုက် အတွင်းပစ္စည်းများနှင့် ကက်ဆက်၊ ဗီဒီယိုပြစက်၊ နောက်ဆုံး စားပွဲတင်နာရီက အစ ခိုးယူသွားကြောင်း ရဲမှာ တိုင်ချက်ဖွင့်သည်။

ဦးအိုက်မွန်ထံသို့လည်း . . .

"ခင်ဗျားသားခိုးသွားတဲ့ ပစ္စည်းတွေက ဘာတွေ၊ ဘာတွေ"

ဆိုပြီး တယ်လီဖုန်းဆက်သဖြင့် ဦးအိုက်မွန် သွေးတိုးကာ အိပ်ရာထဲ လဲရသည်အထိ ဖြစ်သွားပြီးသည့်နောက်မှာ . . .

"တော်ပြီ"

"ဒီသားမိုက် ငါ့အိမ်ရိပ်ကို မနင်းစေနဲ့"

ဟူသော ပြတ်တောက်စိတ်ဖြင့် လုံးဝစွန့်လွှတ်လိုက်တော့

သည်။

ပြည့်စုံမွန် ထောင်ကျသွားသည်ဟု ကြားရပြီးနောက် သေ
သလား၊ ရှင်သလား မသိခဲ့ရသည်မှာ ယနေ့ထက် တိုင်အောင်
ပါပင်။

သားရော သမီးပါ ရှေ့ဆင့်နောက်ဆင့် စွန့်လွှတ်လိုက် ရပြီး
နောက်မှာ ဘာသံယောဇဉ်မှမထား၊ ဘာမေတ္တာတရားမှ ရင်ထဲမှာ
မရှိတော့ဟု သတ်မှတ်ထားခဲ့ရာမှ . . .

'မြေးလေး နွေသဥ္ဇာ'

ဆိုသော ကောင်မလေးကို သည်းလှိုက်အူလှိုက် ချစ်ခင်
မြတ်နိုးသွားခဲ့သည်မှာ . . .

ဒေါ်ခင်စော ကွယ်လွန်ပြီး နှစ်နှစ်နှင့်သုံးလ အကြာမှာ
သေဆုံးခဲ့ရှာသော ဦးအိုက်မွန်၏ သက်ဆုံးတိုင်အထိပါပင်။

Ⅱ Ⅱ Ⅱ

ဦးတောက်ထွန်းမှာလည်း သူဌေးဦးတောက်ထွန်းဆိုသော အမည်ဖြင့် ချမ်းသာလာခဲ့တော့သည်။

နွေသဥ္စာလည်း ဆယ့်နှစ်နှစ် ပြည့်တော့မည်။

နွေသဥ္စာ၏ မွေးနေ့ပွဲ ကျင်းပရန် ခြောက်လခန့်အလို၌ ကျွန်းပင်သာမြို့လေးမှာ ဦးအိုက်မွန် ကွယ်လွန်ခဲ့သည်။

"မခမ်းမွန် အဖေတော့ ဆုံးသွားပြီ။ ဒါပေမယ့် သားရော သမီးပါ မလာစေနဲ့လို့ မှာသွားပြီး တိုက်ရှဲသော့ကို ဘုန်းကြီး 'ဦးသီလစာရ' ဆီမှာ အပ်သွားတယ်။ အတွင်းပစ္စည်းတွေတော့ ဘယ်မှာ လှူခဲ့သလဲ မသိဘူး၊ အဲဒါ မခန်းမွန်ကို လာအကြောင်းကြားတာပါ၊ ဆရာတော်ဘုရားနဲ့ တွေ့ ကြည့်လိုက်ပါလား။ ပစ္စည်းကိစ္စလည်း သိရတာပေါ့"

"မလာတော့ပါဘူးရှင်"

မခမ်းမွန်က မျက်ရည်သုတ်ရင်း . . .

"သေတာတောင် မလာပါနဲ့လို့ မှာသွားတဲ့ အဖေ့ရှဲပစ္စည်းတွေလည်း ကျွန်မ မလိုချင်ပါဘူး၊ ဘုန်းကြီးနဲ့လည်း လာမတွေ့တော့ပါဘူး၊ အဲဒီမြို့ကိုလည်း ကျွန်မ ဘယ်တော့မှ မလာတော့ပါဘူး"

ဦးအိုက်မွန်တို့နေသော မြို့လေးမှ လာအကြောင်းကြားသူက ရိုးသားလွန်းသော မျက်နှာနှင့်သာ၊ မခမ်းမွန် ငိုသည်ကို ငေးကြည့်နေသည်။

သူ့ဘာသာမှ မနှစ်သိမ့်တတ်ရှာ။

မခမ်းမွန် စိတ်မကောင်း ဖြစ်သော်လည်း အကြာကြီး မဟုတ်ပါ၊ မကြာမီမှာ ခမ်းနားစွာ ကျင်းပတော့မည့် သမီးလေး နွေသဥ္ဇာ၏ ဆယ့်နှစ်နှစ်မြောက် မွေးနေ့ပွဲ ကျင်းပဖို့အတွက် ပြင်ရ၊ ဆင်ရ၊ စီစဉ်ရ၊ ဖိတ်စာတွေ အမည်တပ်ရ၊ မကျန်ရအောင် စဉ်းစားရဖြင့် . . .

မိဘအတွက်သောကမှသည်၊ ကိုယ့်သမီးလေး၏ မင်္ဂလာ မွေးနေ့ပွဲအတွက် အာရုံပြောင်းသွားခဲ့တော့သည်။

မခမ်းမွန်၏ ဇာတိမြို့လေးသို့ မပြန်မိခြင်းအတွက် အလုံး စုံသောဆုံးရှုံးမှုများနှင့်ကြုံတွေ့ရတော့မည်ဟု ကြိုတင်၍မခမ်းမွန် မသိနိုင်ခဲ့ရှာပါ။

ⵊ ⵊ ⵊ

ဆယ့်နှစ်နှစ်ဆိုသည်မှာ ကလေးဘဝ ကုန်ဆုံးသည့်နှစ်၊ အပျိုဦးလေး ဖြစ်တော့မည့်နှစ် အဖြစ်နှင့်၊ ဦးတောက်ထွန်းရော ဒေါ်ခမ်းမွန်ပါ အားကြိုးမာန်တက် လုံးပန်းနေကြသည်။

ထိုနေ့ ညစာစားပွဲအတွက် “စွမ်ဟုတ်ဟိုတယ်”မှ တရုတ် ဟင်းလျာများကိုခြံထဲတွင် လာရောက်ချက်ပြုတ်ကြော်လှော်စေပြီး ကျွမ်းကျင်သော စားပွဲထိုးများက တစ်စားပွဲတွင် တစ်ယောက်ကျ

တာဝန်ယူစေ၍ စားပွဲပေါင်း (၂၅)၊ ဧည့်ပရိတ်သတ်ပေါင်း(၂၅၀) ဖြင့် စည်ကားပျော်ရွှင်စွာ ကျင်းပမည့်ပွဲ ဖြစ်သည်။

သမီးလေး နွေသဥ္ဇာကို ကျောင်းပိတ်ချိန်မှာ ကိုယ်လက်ကြံ့ခိုင်ရေးသင်တန်း၊ ဗုဒ္ဓဘာသာသင်တန်း၊ ရေကူးသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်းစသော သင်တန်းပေါင်းများစွာသင်ကြားပေးသည့် အထဲမှာ . . .

'စန္ဒရားတီး သင်ခြင်း'

လည်း ပါဝင်ပေသည်။

စန္ဒရားကိုဖြင့် တခြားနေရာမှာ သွား၍ မသင်စေရဘဲ အသစ်စက်စက် စန္ဒရားကြီးကို ဝယ်ကာ ဆရာမကိုအိမ်မှာခေါ်၍ သင်စေခဲ့သည်။

နွေသဥ္ဇာကလည်း စန္ဒရားတီးခတ်ခြင်းကို နှစ်သက်မြတ်နိုးစွာ ပျော်ရွှင်ခဲ့၏။

စန္ဒရားဆရာမက အသက်လေးဆယ်ကျော်ပြီမို့ သူ့ခေတ်က သူကြိုက်ခဲ့သော 'ရွှေလည်တိုင်' သီချင်းကို သင်ပေးခဲ့ရာမှ နွေသဥ္ဇာသည် ရွှေလည်တိုင်သီချင်း၏ စန္ဒရားတီးကွက်များကို ကျွမ်းကျင်စွာ တီးခတ်တတ်လေသည်။ ဤသီချင်းကိုမခမ်းမွန်ကလည်း ကြိုက်နှစ်သက်စွာ သီဆိုလေ့ရှိ၏။

မွေးနေ့ပွဲညတွင် မွေးနေ့ရှင်ကိုယ်တိုင် စန္ဒရားတီး၍ ဧည့်ပရိသတ်များအား ဧည့်ခံဖျော်ဖြေမည်။

ခြံထဲမှာ စားပွဲဝိုင်းခင်းခြင်း၊ သစ်ပင်ကြီး သစ်ပင်ငယ်များကြားမှာ ရောင်စုံမီးများ အသွယ်သွယ် ထွန်းညှိခြင်း၊ လုပ

သော ပန်းအိုးများ၊ ရွက်လှများ၊ ကျောက်ခက်များ နေရာတကျ ထားရှိပြီး၊ အလှဆင်ခြင်း၊ မြက်ရိပ်ခြင်း၊ ခြင်ဆေးဖြန်းထားခြင်းမှ အစ . . .

အလုံးစုံသော ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ပြီးနောက်မှာ...

နွေသဥ္စာ၏ မွေးနေ့ပွဲကို ခမ်းခမ်းနားနားကြီး ကျင်းပနိုင်ခဲ့ကြသည်။

မိသားစုသုံးယောက်တို့၏ အပြုံးများ အပျော်များက ညှို့သည်များထံသို့ပင် ကူးစက်ကာ အားလုံး ကြည်နူးချမ်းမြေ့စွာ ကျင်းပနိုင်ခဲ့သည့် . . .

'နွေသဥ္စာ၏မွေးနေ့ပွဲ'

♊ ♊ ♊

သို့သော် . . .

နွေသဥ္စာ၏မွေးနေ့ပွဲပြီးဆုံးသည့် သန်းခေါင်ကျော် ကာလတွင် ကြမ္မာဆိုးသည် ရိုင်းပြရက်စက်စွာ ဝင်ရောက်လာခဲ့တော့သည်။

ထိုသန်းခေါင်အချိန်က ခြံကြီးအတွင်းမှာ ဦးတောက်ထွန်း မရှိချေ။

အခင်းဖြစ်ပြီးမှ ဦးတောက်ထွန်း ပြောကြားသည်က . . .

"ဂိုဒေါင်ထဲမှာ အလုပ်သမားချင်း ပြဿနာ ဖြစ်နေလို့ ဂိုဒေါင်မီးရှို့မယ် လုပ်နေတယ်၊ ဆရာ အမြန်လာပါ"

ဟု တယ်လီဖုန်းဆက်၍ သွားရကြောင်း ပြောကြားသည်။ ဂိုဒေါင်မှာ မြို့နှင့် ဆယ့်ငါးမိုင်မျှ ဝေး၏။ ဟိုရောက်တော့လည်း မည်သူမျှမဆက်၊ ဖုန်းသရဲဟု ထင်ပြီး အပြန်တွင် မောမောနှင့် မိုးအလင်းဖွင့်သော ဆိုင်တွင် ဝင်၍ ဘီယာသောက်သည်ဟု ဦးတောက်ထွန်းက အစစ်ခံသည်။

'အခြေအမြစ် သိပ်မရှိလှ' ဟု ယူဆခဲ့ကြသော်လည်း ဦးတောက်ထွန်းကို ဘာပုဒ်မနှင့်မှ အရေးယူ၍ မရခဲ့ကြပါ။

ဦးတောက်ထွန်းတို့၏ တိုက်ကြီးအတွင်းမှာ ဖြစ်ပျက်ခဲ့သော တုန်လှုပ်ချောက်ချားလွန်းဖွယ်ရာ ဖြစ်ရပ်ဆိုးကြီးမှာ . . .

သန်းခေါင်လည်းကျော်ပြီ။ ဧည့်သည်များ ပြန်ပြီးကတည်းက ပစ္စည်းတွေလည်း အားလုံးသိမ်းပြီးကြပြီမို့ လူတွေ ဖတ်ဖတ်မောကုန်ကြသဖြင့်အသီးသီးအိပ်ရာဝင်ပြီး အိပ်မောကျကုန်ကြပြီ။

ခြံစောင့်ကြီး 'ဦးစိုး' လည်း သူ့ဆရာ ထွက်သွားသဖြင့် တံခါးကို အသေ သော့မခတ်ဘဲ၊ ကင်းတဲလေးမှာ တစ်ခဏလှဲမည်ဟု စိတ်ကူးကာ လှဲလိုက်ရုံဖြင့် အိပ်မောကျသွားခဲ့သည်။ ဦးတောက်ထွန်း ပြန်မလာသေးသဖြင့် တံခါးများ သော့ပိတ်ထားခြင်းမရှိသည်ကို လူဆိုးက အခွင့်ကောင်းရယူကာ အလွယ်တကူ ဝင်ရောက်လာပုံရသည်။

ဝင်လာသူမှာ နှစ်ယောက်ဖြစ်ကြောင်း ခြေရာများအရ သိသာ၏။

အပေါ်ထပ်မှာ ဦးတောက်ထွန်းတို့၏ အိပ်ခန်းလည်းပွင့်နေသဖြင့်လူဆိုးဝင်လာပြီး ကလေးကို ပြန်ပေးဆွဲရန် ခေါ်ဆောင်သွားချိန်မှာ . . .

ဒေါ်ခမ်းမွန် နိုးလာပုံရသည်၊ သို့မဟုတ် မအိပ်သေးတာလည်း ဖြစ်နိုင်သည်။ အခန်းတစ်ခုလုံး ဖရိုဖရဲ ဖြစ်နေသည်ကိုကြည့်ခြင်းဖြင့် ကလေးကို လူဆိုးလက်မှ ပြန်လုယူပြီးရုန်းရင်းဆန်ခတ် ဖြစ်သွားပုံရသည်။

နောက်ဆုံး ပါးစပ်ပိတ်ပြီး နှလုံးသားတည့်တည့်ကို ဓားချက်က စူးဝင်သွားသဖြင့် ဒေါ်ခမ်းမွန်မှာ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသည်။

"ကလေးကို မေ့ဆေးနဲ့အုပ်ပြီး ခေါ်သွားပုံရတယ်"

ဟူသော မှတ်ချက်ကြောင့် ကလေးကိုလိုချင်၍ သက်သက်ဖမ်းဆီးသွားခြင်း ဖြစ်ပေသည်။

'ပြန်ပေးဆွဲခြင်း'

ဟု အားလုံးက ယူဆခဲ့ကြ၏။ ပြန်ပေးသမားထံမှ မည်သည့်နေရာတွင် ငွေမည်မျှနှင့် လာရောက်ရွေးပါဟူသော စာကိုမျှော်နေကြသော်လည်း . . .

ယနေ့ထက်တိုင်အောင် ဘာအဆက်အသွယ်မှ မလုပ်တော့ပါချေ။

ဒီရာဇဝတ်မှုကို ပြန်သုံးသပ်ကြည့်ရင် ကလေးကို ပြန်ပေးလာဆွဲခြင်း ဖြစ်မည်။

သို့သော် မမျှော်လင့်ဘဲ ကလေး၏မိခင်ကို သတ်လိုက်မိ

သဖြင့် သူတို့စာရေး၍ ကလေးကိုရွေးရန် ဆင့်ခေါ်လိုက်လျှင် ကိုယ့်သေတွင်း ကိုယ်တူးသလိုဖြစ်သွားမည်မို့ ငြိမ်နေလိုက်ကြခြင်းသာ ဖြစ်မည်။

ကလေးကို တစ်ဘက်နိုင်ငံသို့ ရောင်းစားလိုက်သလား။

သို့မဟုတ် . . .

သတ်ပစ်လိုက်ပြီးလား ဆိုသော အဖြေကို တိကျစွာ မရရှိသေးသော်လည်း . . .

ဦးတောက်ထွန်း ပြောနေသကဲ့သို့၊ ဦးတောက်ထွန်းမျှော်လင့်နေသကဲ့သို့ သူ၏သမီးလေး နွေသဥ္စာသည် ဤလောကတွင်မရှိနိုင်တော့ပါ . . . ဟူ၍ ကောက်ချက်ချလိုက်ကြတော့သည်။

။ ။ ။

ကိုစိုးလတ်သည် နွေသဥ္ဇာတို့ မိသားစုသုံးယောက်၏
ကြမ္မာဆိုးကို အသေးစိတ် သိရှိခွင့် ရပြီးနောက်မှာ . . .
အဖြစ်မှန်ကို ပို၍ သိချင်လာသည်။ ရအောင်စုံစမ်းမည်ဟူ၍
လည်း ပိုမိုခိုင်မာစွာ ဆုံးဖြတ်လိုက်ပါ၏။
ဤအဖြစ်ပျက်တို့သည် ယခုဦးတောက်ထွန်း နေထိုင်သော
မြို့ကြီးမှာ ဖြစ်ပျက်ခဲ့ခြင်း မဟုတ်ပါ။ ကသစ်မြိုင် မြို့ကလေး
မှာ ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သည်။
ဇနီးဆုံး၊ သမီးပျောက်ပြီးမှ မြို့တော်ပေါ်တက်ကာ စီးပွား
ရေးလုပ်ရင်း ကုမ္ပဏီပိုင်ရှင်ကြီးဖြစ်လာသော ဦးတောက်ထွန်း၏
ငွေအင်အားကလည်း အပြည့်၊ ကြိုးစားအားထုတ်မှုကလည်းကြီး
မား၊ ကွက်ကျော်မြင်တတ်သော စီးပွားရေးဦးနှောက်ကလည်းရှိ၊
အချိန်အခါကလည်း ပေးသဖြင့် ချမ်းသာပြီးရင်း ချမ်းသာလာခဲ့
သော ဦးတောက်ထွန်းပါ။
ဒေါ်ခမ်းမွန်၏ ဇာတိမြို့ဖြစ်သော ကျွန်းပင်သာ
အခင်းဖြစ်ပွားခဲ့သော ကသစ်မြိုင်
အလွမ်းပြေတည်းခိုရိပ်သာ ဖွင့်ထားသော စခန်းမြိုင်မြို့ နှင့်
ညောင်ပင်သာ
ဆိုသော မြို့လေးမြို့မှာ မြေပြန့်မြို့ကြီးများနှင့် ဝေးကွာလှ
သော်လည်း . . .

သူတို့မြို့ချင်းမှာ ကားလမ်းပေါက်သောတောင်စခန်းမြို့များ ဖြစ်ကြ၍ တစ်နေ့ခရီး၊ တစ်ညခရီး ကားစီးလျှင် ရောက်နိုင်သော မြို့လေးမြို့ပါ။

"ဒီရာဇဝတ်မှုကြီးရဲ့ သဲလွန်စဟာ ဒီမြို့ကြီးမှာ မရှိနိုင်ဘူး"

"တောင်ပေါ်မြို့မှာစပြီး တောင်ပေါ်မြို့မှာပဲအဆုံးသတ်ခဲ့တဲ့အတွက် ဒီအမှုမှန်ပေါ်ပေါက်ဖို့ အဲဒီမြို့တွေကို ပြန်သွားပြီး စုံစမ်းထုတ်ဖော်မှ ဖြစ်မယ်"

ဆိုသော မှန်ကန်သင့်မြတ်သည့် အတွေးကို ကိုစိုးလတ် တွေးလာမိသည်။

သည့်အတွက် . . .

ကာယကံရှင် ဦးတောက်ထွန်းကိုပဲ တိုက်ရိုက်မေးချလိုက်တော့သည်။

"ကျွန်တော့်ကုမ္ပဏီက စက်ရုံဆောက်နေတာ မပြီးသေးဘူး။ ကျွန်တော် ပြန်သွားရဦးမယ်။ ဒါ့ကြောင့် ကျွန်တော် ဆရာ့ဆီ လာခဲ့တာပါ"

"ဦး ဘာ ကူညီပေးရမလဲ"

"ကျွန်တော့်ကို ကူညီစရာ မလိုပါဘူး။ ကျွန်တော်က ပြန်ပြီး ကူညီချင်လို့၊ ကျွန်တော့်ကို ကူညီခွင့် ပေးမလားလို့ပါ"

"ဘာကို ပြောတာပါလိမ့်"

"နွေသဥ္ဇာကို ကျွန်တော် ရှာဖွေပေးပါရစေ"

"ဟာ . . . . မောင်စိုးလတ်၊ ဘာပြောလိုက်တယ်၊ ဘယ်လို ပြောလိုက်တယ်"

"ကျွန်တော်သွားရမယ့် မြို့နဲ့ မလှမ်းမကမ်းမှာ ဖြစ်ခဲ့တာမို့၊ ကျွန်တော် စုံစမ်းချင်လို့ပါ၊ အဲဒါ ဆရာ့အနေနဲ့ . . ."

"ဟာ . . . မောင်စိုးလတ်ရာ၊ သမီးလေးကိုများ ပြန်တွေ့ရမယ်ဆိုရင် ရှိသမျှ ချမ်းသာပိုင်ဆိုင်မှုတွေနဲ့ ဦးလဲရပါတယ်"

"အဲဒါဆိုရင် ကျွန်တော် ကြိုးစားပါ့မယ်"

"ကြိုးစားစမ်းပါကွယ်။ အဲဒီအတွက် ငွေသုံးဖို့ ကြိုက်သလောက် ထုတ်ယူသွားပါ။ ဦး ခုပဲ Cheque မှာ လက်မှတ်ထိုးပေးလိုက်မယ်နော်၊ ပြောပါ၊ ဘယ်လောက် ကုန်မယ်လို့ ခန့်မှန်းလဲ"

ကိုစိုးလတ်သည် ဦးတောက်ထွန်းကို ခပ်စိမ်းစိမ်း ကြည့်လိုက်သည်။

သူ့စိတ်လှုပ်ရှားမှုက လိုအပ်တာထက်ပို၍ ဟန်ဆောင်နေခြင်းလားဟုပင် သံသယ ဖြစ်ချင်စရာ။

"ပြောပါ၊ မောင်စိုးလတ်"

"ကျွန်တော် ငွေလိုချင်လို့ ပြောနေတာလို့ ထင်သွားတယ်လား"

"ဟာ ... ဒီ ... ဒီလိုတော့လည်း မဟုတ်ပါဘူး။ ဒါပေမယ့် အလုပ်တစ်ခု လုပ်တယ်ဆိုတာ သွားရမယ်၊ လာရမယ်၊ တည်းခိုရမယ်၊ စားသောက်ရမယ်၊ အဲဒီစရိတ်တွေ . . ."

ဆရာဟုခေါ်နေရာမှ ဦးတောက်ထွန်းက သူ့ကိုယ်သူ နာမ်စား 'ဦး' ဟု ဆိုသဖြင့် . . .

"ခဏလေးဦး၊ ကျွန်တော်က ထမင်းထုပ်ထမ်းပြီး ဦး

သမီးကို သွားရှာမှာမှ မဟုတ်တာ၊ ကျွန်တော့်အလုပ် ကျွန်တော် လုပ်ရင်း မြို့ချင်းနီးလို့ သွားရင်းဟန်လွှဲ ရှာဖွေကြည့်မယ်လို့ ပြောတာပါ၊ ကျွန်တော်ငွေ တစ်ပြားမှ မလိုပါဘူး”

“ကောင်းပါပြီကွယ်။ ဦးမှားသွားခဲ့ရင်လည်း ခွင့်လွှတ်ပါ။ သားသမီးနဲ့ ပတ်သက်လာရင် မိဘတိုင်း စိတ်လှုပ်ရှားတတ်ကြတယ်ဆိုတာ မောင်စိုးလတ် သားသမီးရလာတဲ့ တစ်နေ့ကျရင် ကိုယ်ချင်းစာတတ်လာမှာပါ”

ကိုစိုးလတ် ထိုင်ရာမှ ထလိုက်ပြီး . . .

“ဦးအတွက် သတင်းကောင်းတစ်ခု၊ သို့မဟုတ် သတင်းဆိုးတစ်ခု သယ်ဆောင်လာနိုင်ပါလိမ့်မယ်လို့ ကျွန်တော့်ကိုယ် ကျွန်တော် ယုံကြည်တယ်။ ဒါပါပဲ ဦး၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး”

ဦးတောက်ထွန်း မျက်နှာပျက်၍ ကျန်ရစ်ခဲ့သည်ကို ကိုစိုးလတ်က မမြင်ဟန်ဆောင်ပြီး ကျောခိုင်းကာ ခမ်းနားကျယ်ဝန်းလှသော ရုံးခန်းကြီးအတွင်းမှ ထွက်လာခဲ့သည်။

နွေသဥ္စာကို ရှာဖွေတွေ့ရှိရမည် . . .

သို့မဟုတ် . . .

သူမ ဘယ်အချိန် ဘယ်နေရာမှာ အသတ်ခံရ၍ သေဆုံးသွားခဲ့ပြီ . . .

ဆိုသော တိကျမှုသတင်းကို ရရှိပြီးမှ ဤမြို့ကြီးသို့ ပြန်လာမည်ဟူ၍ ကိုစိုးလတ် ခိုင်မာစွာ ဆုံးဖြတ်လိုက်လေသည်။

II II II

ခင်ဦးသည် . . .

ကိုစိုးလတ်နှင့် တယ်လီဖုန်းပြောခွင့် ရရှိပြီးသည့်နောက်မှာ စိတ်တွေ ကယောင်ချောက်ချား ဖြစ်လုနီးပါးပါပင် . . .

"ခုလည်း လူကသာ ဒီမှာ၊ စိတ်က မခင်ဦးဆီမှာ၊ မခင်ဦးနဲ့ ကျွန်တော် လွတ်လွတ်လပ်လပ် စကားတွေ ပြောချင်တယ်ဗျာ"

ဆိုသော ကိုစိုးလတ်၏ ရင်ထဲက စကားသံများကို မကြာခဏ ပြန်လည် ကြားယောင်ရင်း . . .

"သူ့စကား မဆုံးခင် ငါ တယ်လီဖုန်း ချပစ်လိုက်တာ သိပ်ရိုင်းသွားတာပဲ"

"ငါကလည်း ဘာလို့ ချပစ်လိုက်ရတာလဲ"

"ဒါကြောင့် နောက်ထပ် မဆက်တော့တာ ထင်တယ်"

ဤသို့ တွေးမိသော်လည်း ဒေါ်ခင်မျိုးထိုက် အိမ်၌ မရှိချိန်မျိုးမှာအိမ်ရှေ့ဘက်၌ အလုပ်လုပ်ချင်ယောင်ဆောင်ပြီး တယ်လီဖုန်းသံ ကြားလျှင် . . .

"ကိုစိုးလတ်များ ဆက်တာလား"

ဟူသော မျှော်လင့်ချက်ဖြင့် စောင့်မျှော်မိသည်။

ကြက်မွေး တစ်ချောင်းဖြင့် ဖုန်သုတ်သလိုလို လုပ်ရင်း မျှော်မိသည်။

ခင်ဦးက တယ်လီဖုန်းကို ကိုင်ခွင့်မရှိပါ။ များသောအားဖြင့် စောင့်ထူးရသည်က ဖွားလေးသိုက်။

"ဖွားလေးသိုက် ဆိုရင်တော့ ငါ့ကို ခေါ်ပေးမှာပါ"

ထိုအချိန်မှာပင် တယ်လီဖုန်းက မြည်လာသည်။

"ဟော ခုလာတဲ့ဖုန်းက ကိုစိုးလတ်ဆီက ဖြစ်ပါစေ" ဟူသော မျှော်လင့်ချက်ဖြင့် စောင့်စားနေသော်လည်း ကိုစိုးလတ်ထံမှ မဟုတ်ပါ။

စိတ်လျှော့စွာဖြင့် အိမ်ကြီး၏ နောက်ဘက်အဆောင်သို့ ပြန်လာချိန်မှာ သူ့နောက်မှ လူတစ်ယောက် လိုက်လာသည်။ ကြည့်လိုက်တော့ ဦးမောင်မောင်မြတ်ဦး။

"သမီး . . .၊ အဲ . . . ခင်ဦး . . . ခဏ"

ဦးမောင်မောင်မြတ်ဦးက "သမီး" ဟု သတိလက်လွတ်စွာ ခေါ်လိုက်ပြီးမှ . . .

"လာ ဒီမှာ ခဏထိုင်ဦး၊ ဦးလေး ပြောစရာရှိလို့"

ထမင်းစား စားပွဲတွင် မျက်နှာချင်းဆိုင် ထိုင်ဖြစ်ကြသည်။

ခင်ဦးက ရိုးစင်းသော မျက်နှာငယ်လေးနှင့် လှမ်းကြည့်နေသည့်အတွက် ဦးမောင်မောင်မြတ်ဦး ရင်ထဲ၌ နင့်သွားမိသည်။

"ခင်ဦးကို ဒီအိမ်မှာ မထားချင်တော့လို့"

"ရှင်"

"ညောင်ပင်သာမြို့လေးမှာ ဦးလေးတို့ပိုင်တဲ့ တိုက်ကလေး တစ်လုံးရှိတယ်၊ အဲဒီမှာ အစောင့်ထားတဲ့ ပအို့ဝ်အဘိုးကြီးနဲ့ အဘွားကြီးက သိပ်ရိုးသား သစ္စာရှိတယ်။ ခင်ဦး အဲဒီမှာ သွားနေမလားဟင်"

မိန်းမရှုပ်သည်ဟု ဖွားလေးသိုက် ပြောပြထားဖူးသော

ဦးမောင်မောင်မြတ်ဦးကို ခင်ဦး အံ့ဩ ထိတ်လန့်စွာ ကြည့်လိုက်ပြီး . . .

"ဟင့်အင်း၊ ခင်ဦး မသွားချင်ဘူး။ ဘာဖြစ်လို့လဲဟင်၊ ခင်ဦးကို ဒီအိမ်မှာ မထားချင်တော့လို့လား"

"မဟုတ်ပါဘူးကွယ်"

"ဒါဖြင့် ဘာအကြောင်းကြောင့် ခင်ဦးကို ဒီအိမ်ကနေ သွားခိုင်းရတာလဲ"

"ခင်ဦးကို သနားလို့ပါကွယ်"

"ဟင်၊ ခင်ဦး ဒီမှာ နေလာတာပဲ ဆယ့်ငါးနှစ် ရှိပါပြီ။ ဦးလေးက ဘာကြောင့် ခုမှ သနားရတာလဲ"

"ခုမှ သိရလို့၊ မကြာသေးခင်ကမှ သိရလို့ပေါ့ကွယ်"

"ခုမှ သိရတယ် ဟုတ်လား။ ဘာကို သိရတာလဲ ဦးလေးရဲ့ ဟင်"

ဦးမောင်မောင်မြတ်ဦး ခေါင်းကို ခါယမ်းလိုက်သည်။ မျက်ဝန်းမှာ မျက်ရည်က ဝဲလျက်။

"ဆီအိုးထဲမှာ ပူလွန်းလို့ မီးပုံပေါ် ခုန်ချမိတယ်ဆိုတဲ့ ငါးလေးလို ဖြစ်နေပါဦးမယ် ဦးလေးရယ်၊ ခင်ဦးကို လာပြီး သနားမနေစမ်းပါနဲ့"

"ခင်ဦးရယ်၊ ကလေးရယ်"

ဦးမောင်မောင်မြတ်ဦး ထိုင်ရာမှထပြီး ပြတင်းဝမှာ ကျောပေး ရပ်နေလိုက်သည်။ သူ့မျက်ဝန်းမှ မျက်ရည်များ မမြင်ရအောင်ပါ။

ဒေါ်ခင်မျိုးသိုက်သည် မီးဖိုနားမှ ထမင်းစားခန်းမှာ ရှိနေကြသော "သူတို့သားအဖနှစ်ယောက်" ကို ရပ်ကြည့်နေမိသည်။

မျက်ရည်ကို ခပ်သွင်း၊ စိတ်ကို တင်းပြီး ဦးမောင်မောင်မြတ်ဦး ပြန်လှည့်လာချိန်မှာ ဒေါ်ခင်မျိုးသိုက်ကိုပါ တွေ့လိုက်ရ၍ . . .

"ဒေါ်လေး၊ ထိုင်ပါဦး ဒေါ်လေးရယ်"

"ဘာဖြစ်ကြလို့လဲကွယ်"

"ခင်ဦးကို ဒီအိမ်မှာ ကျွန်တော် မထားချင်တော့ဘူး။ အလုပ်,လုပ်နေရတာတွေ၊ မေမေ ဆူနေတာတွေကို ကျွန်တော် မမြင်နိုင်၊ မကြားနိုင်တော့ဘူး ဒေါ်လေးရယ်"

"မောင်ဦး"

ဒေါ်ခင်မျိုးသိုက်ကပင် ဆက်လက်၍ . . .

"ငါသိသလို မင်းသိပြီး၊ မင်းသိသလို ငါသိတယ်လေ၊ ဒါပေမယ့် တို့အဖြစ်က သစ္စာစုးနေကြသလို တစ်ယောက်နဲ့တစ်ယောက် ဖွင့်ပြောလို့မှ မဖြစ်ကြတာ၊ အခု မင်းက ဘာဖြစ်ချင်ပြီး ဘာလုပ်ချင်တာလဲ"

"ခင်ဦးကို ဒီအိမ်မှာ မထားချင်တော့ဘူး"

ခင်ဦးက ကြောက်လန့်တကြား ဖွားလေးသိုက်ကို လှမ်းဖက်လိုက်သည်။ ဤစံအိမ်ကြီး၏ အရှင်သခင်တစ်ဦးက သူ့ကို မောင်းထုတ်တော့မည် ဟူသော အသိကြောင့် . . .

"မလန့်နဲ့လေ သမီးရဲ့၊ သမီးဦးလေးက သမီးကို တကယ့်စေတနာနဲ့ ပြောတာပါ"

"ခင်ဦး မယုံဘူး၊ ခင်ဦး ဦးလေးကို ကြောက်တယ်"

"ကြည့်ပါဦး ဘယ်လောက်များ ကြေကွဲစရာကောင်းလိုက်တဲ့ အဖြစ်လည်း ဒေါ်လေးရယ်၊ ကျွန်တော့် မေမေ့ကို ရင်ဆိုင်လိုက်တော့မယ်"

"ရင်ဆိုင် ရင်ဖွင့်လို့က မင်းပဲ ရှုံးမှာ မောင်ဦး"

ဒေါ်ခင်မျိုးသိုက်၏ စကားက လေးနက်စွာ မှန်ကန်နေပါ၏။ သို့သော် . . .

"ကျွန်တော် ဒီကလေးကို ဒုက္ခန္တထဲက ဆွဲထုတ်ချင်ပြီ ဒေါ်လေး။ ကျွန်တော့်မှာလည်း တာဝန်ရှိပါတယ်ဗျာ"

"ဟင်း . . . မင်းတို့ သားအမိမှာ တာဝန်ရှိတာကတော့ သူ့အမေ လက်ထက် ကတည်းကပါကွယ်"

"ဘာတွေလဲ" ဆိုသော နားမလည်နိုင်လွန်းသော စိတ်ကြောင့် ခင်ဦးမှာ မျက်လုံးလေး ဝိုင်းဝိုင်းလည်နေရှာသည်။

"ဒီမှာ ဒေါ်လေး"

"ပြော"

"လာမယ့် တနင်္ဂနွေနေ့ကျရင် မေမေ မြို့ကြီးကို သွားလိမ့်မယ်။ ဦးယုဆိုင်တို့ ကုမ္ပဏီလီမိတက်ရဲ့ နှစ်ပတ်လည်အစည်းအဝေးတဲ့၊ အဲဒီကနေ ပေလီအထိ သွားမယ်တဲ့၊ စိမ်းမြမြရယ်၊ ညီဘုန်းငယ်ရယ် ပါသွားကြမယ်"

"အဲဒီတော့ ဘာဖြစ်လဲ"

"အဲဒီကျရင် ညောင်ပင်သာမြို့လေးကို ကျွန်တော်တို့ သွားကြမယ်။ ခင်ဦး တစ်ယောက်တည်းဆိုလိုက်ရဲမှာမဟုတ်ဘူး။

ဒေါ်လေးပါလိုက်ခဲ့”

“လိုက်ပြီးတော့ ဘာလုပ်ကြမှာလဲ”

“အဲဒီမြို့ရောက်မှပဲ အမှန်တရားတွေ ထုတ်ဖော်ကြတာပေါ့ ဒေါ်လေးရာ၊ ဒီအိမ်မှာက ဘာမှ လုပ်လို့ မဖြစ်၊ ပြောလို့မရတဲ့ အရပ်ဒေသလေ”

“မောင်ဦး၊ ငါ့မှာလည်း ငါ့အကြောင်းနဲ့ ငါ ရှိတယ်။ မင်းအသိပဲလေ။ ကံကြီးမောင်ကလည်း လွတ်လာတော့မှာ”

“သိပါတယ်”

“သူ လွတ်လာရင် ငွေကြေးကအစ၊ နေထိုင်ဖို့အထိ မမ ထိုက်ကိုပဲ ငါက အားကိုးရမှာ၊ ငါ့မှာ အဲဒီလို ထောင်ထဲရောက်နေတဲ့ သားတစ်ယောက်သာ ရှိမနေရင် ငါကိုယ်တိုင် ဒီအိမ်ကြီးထဲက ထွက်ပြေးတာ ကြာလှပြီ”

“အင်း မေမေကလည်း အသက်ပဲ ခြောက်ဆယ်ကျော်လာပြီ၊ အတ္တကကြီးတုန်း၊ လောဘကကြီးတုန်း၊ ပစ္စည်းဥစ္စာကလည်း ရှာတိုင်းရနေတော့ သူ့အသက်အရွယ်ကို မေ့ပြီး မာနတွေကြီးတုန်းပဲလေ”

ခင်ဦးသည် ဦးမောင်မောင်မြတ်ဦး၏ ညှိုးနွမ်းနေသော မျက်နှာကို ကြည့်ပြီး စောစောဆီက သံသယစိတ်နှင့် ကြောက်ရွံ့စိတ်များနေရာသို့ သနားကြင်နာမိခြင်းဆိုသော ခံစားမှုများ အစားထိုး ဝင်ရောက်လာသည်။ “သွေးက စကားပြောသည်” ဆိုသော ချစ်ခြင်းမေတ္တာ၏ လျှို့ဝှက်ချက်ကြောင့်ပါပင်။

“ဘာပဲဖြစ်ဖြစ် ဒေါ်လေးရယ်၊ မေမေ မရှိတဲ့အချိန်မှာ

ကျွန်တော်တို့သုံးယောက် ညောင်ပင်သာဆိုတဲ့ တောင်စခန်းမြို့လေးကို ခဏသွားကြရအောင်ပါ၊ ဟိုမှာ အခြေအနေကြည့်ပြီးေ ဒါလေး ပြန်သင့်တဲ့အချိန် ပြန်ကြတာပေါ့"

"မမထိုက် မသိအောင် သွားကြမှာလား"

"တိတ်တိတ်သွားကြရင်လည်း တစ်ချိန်ချိန်မှာတော့ သိမှာပဲ၊ နေပါစေ၊ ကျွန်တော် ရင်ဆိုင်မယ်၊ ကျွန်တော် အတင်းအကြပ် ခေါ်သွားတယ်လို့ ပြောမယ်။ ကျွန်တော်တာဝန်ယူတယ်"

"အင်းလေ မင်းတို့ သားအမိချင်း ပြေလည်မယ်ဆိုလည်း ပြီးတာပဲ"

ဦးမောင်မောင်မြတ်ဦးက နေရာမှ ထပြီး ခင်ဦးဘေးမှာ ရပ်၍ ခင်ဦး၏ ပခုံးလေးကို ပုတ်ကာ . . .

"ဘာမှ မကြောက်နဲ့ ခင်ဦး၊ မကြာခင်မှာပဲ ခင်ဦးဘဝအတွက် ပြီးပြည့်စုံတော့မှာပါ"

ဦးမောင်မောင်မြတ်ဦး ပြန်လည် ထွက်ခွာသွားချိန်မှာ ခင်ဦးက . . .

"သူ ဘာတွေ ပြောသွားတာလဲ၊ ဘာတွေရော ဖြစ်လာမှာလဲ။ ခင်ဦး ဘာမှ နားမလည်ပါလား ဖွားလေးသိုက်ရယ်"

II II II

"မမဦးတို့ ညောင်ပင်သာမြို့ကို သွားကြတော့မယ်နော်၊ နောင် စောစောက နားထောင်နေတာ အကုန်ကြားတယ်"

"မသိဘူးနောင်၊ မမဦး ကိုယ်တိုင် ဘာတွေမှန်းကို မသိဘူး နောင်ရဲ့၊ ဖွားလေးသိုက်ကိုလည်း ဘာတစ်ခွန်းမှ မေးလို့မရဘူး"

"အင်း၊ ဒီကသစ်နီစံအိမ်ကြီးထဲမှာ နောင်တို့၊ မမဦးတို့ မသိနိုင်တာတွေ၊ သိခွင့်မရတာတွေ အများကြီးပါပဲဗျာ"

နောင် ကိုယ်တိုင် သိခွင့် မရရှာသေးသော နောင်၏ အကြောင်းကို သိနေသည့် ခင်ဦးကလည်း နောင့်ကို ပိုလို့၊ တိုးလို့ သနားရပြန်ပါသည်။

"မမဦးတို့ သွားရင် နောင်လည်း လိုက်ချင်တယ်"

"အဲဒါ နောင့်အဖေက စီစဉ်တာလေ၊ မမဦးက နောင် လိုက်ခဲ့ပါ၊ နေခဲ့ပါဆိုပြီး ပြောနိုင်ခွင့်၊ ပြောပိုင်ခွင့်မှ မရှိတာ၊ နောင်လည်း အသိပါကွယ်"

"မြို့ကြီးကို သွားကြမှာက ဘွားဘွားကြီး ဒေါ်ခင်မျိုးထိုက်၊ မေမေနဲ့ ညီလေး ညီဘုန်းငယ်"

"ဟုတ်တယ်"

"ညောင်ပင်သာမြို့လေးကို သွားကြမှာက ဖေဖေရယ်၊ ဖွားလေးသိုက်ရယ်၊ မမဦးရယ်နော်"

"ခုန ပြောသွားမှ မမဦးလည်း သိရတာလေ"

"မြို့ကြီးသွားမှာ သုံးယောက်၊ ညောင်ပင်သာကို သွားကြမှာက သုံးယောက်၊ အိမ်မှာ ကျန်ခဲ့ရမှာက နောင်တစ်ယောက်တည်း"

နောင့်စကားသံနှင့် နောင်၏အထီးကျန်ဘဝလေးကို စာနာ
စွာဖြင့် ပိုလို့၊ တိုးလို့ သနားမိရပြန်သည်။

"နောင်က စာဖတ်ဝါသနာပါတာပဲ၊ စာဖတ်နေပေါ့"

"ကျွန်တော့်ဘဝတစ်ခုလုံးအတွက် အဖော်ဆိုလို့ မမဦးနဲ့
စာပေပဲ ရှိတာပါ"

"နောင့်မေမေ အန်တီစိမ်းလည်း ရှိပါသေးတယ် နောင်
ရယ်"

"မေမေက နောင့်ကို သိပ်ချစ်ပါတယ်။ ဒါပေမယ့် သူ့
ကျောင်းကိစ္စ၊ သူ့ ကျူရှင်ကိစ္စတွေနဲ့ပဲ ရှုပ်နေတာလေ၊ နောင့်
အတွက် အချိန်မှ မပေးနိုင်တာ"

"မဟုတ်သေးပါဘူး၊ အန်တီစိမ်းက နောင့်ကို တကယ်
ချစ်ရှာတာပါ"

"တစ်ခါတလေ ကျွန်တော် ဒီကသစ်နီဆိုတဲ့ စံအိမ်ကြီး
ထဲကနေပြီး ထွက်ပြေးချင်တယ်။ ဒါပေမယ့် နောင် မပြေးဖြစ်
အောင် အင်အားကြီးတဲ့ ဆွဲငင်မှုတစ်ခုက ရှိနေတယ်။ အဲဒါ
မမဦးပဲ"

"နောင်ရယ်"

"ဟုတ်တယ်၊ တကယ်ပြောတာ၊ နောင်ရှိနေတော့ မမဦး
အတွက် အသေးအဖွဲလေးကအစ ကူညီပေးနိုင်တာပေါ့၊ အနိမ့်ခံ
နှစ်ယောက်ဆိုတော့လည်း ခံစားချက်ချင်း တူညီတာပေါ့၊ ဒါ
ကြောင့် နောင် မရှိရင် မမဦး ပိုပြီး အနေခက်ရှာမယ်ဆိုတဲ့
သံယောဇဉ် ဆွဲငင်အားကြောင့် နောင် ထွက်မပြေးဖြစ်တာ သိ

လား မမဦး”

“ထွက်ပြေးဖို့တော့ ဘယ်တော့မှ စိတ်မကူးပါနဲ့ နောင် ရယ်၊ နောင်က ငယ်သေးတယ်၊ ပညာကလည်း ခုမှ ဆယ်တန်း အောင်ရုံဆိုတော့ ဘာ လုပ်ကိုင်စားမလဲ”

“ယောက်ျားပဲဗျာ၊ အောက်ခြေက အလုပ်တစ်ခုခုတော့ ရမှာပေါ့။ ဥပမာ ပန်းရံလုပ်မယ်၊ စပယ်ယာလုပ်မယ်၊ နောင် လူပင်ပန်းခံချင်တယ်၊ စိတ်ကျဉ်းကြပ်တာ၊ အနှိမ်ခံရတာတွေ မခံနိုင်တော့ဘူး၊ ဒါပေမယ့် ဒီအိမ်ကြီးထဲမှာ နောင် ဘာကြောင့် ကြိတ်မှိတ် ဒုက္ခခံနေရသလဲဆိုရင် မမဦးကို ထားရစ်ရမှာ စိတ်မချ လို့၊ မမဦးကို သနားလို့၊ မမဦးကို မခွဲနိုင်လို့”

ခင်ဦးက နောင့်ပခုံးလေးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။ သစ္စာဖြင့် မွမ်းမံစီချယ်ထားသော စကားများဖြစ်ကြောင်း ခင်ဦး ယုံကြည်ပါသည်။

ခင်ဦးသည်လည်း သည်မောင်လေးအတွက်ဆိုရင် စွန့် လွှတ်ပေးရဲသော သတ္တိများ ရင်မှာ ရှိနေမိသည်။ သူ့ထက် လျော့နည်းမည်မဟုတ်သော ချစ်ခြင်းတရားနှင့် ကြင်နာခြင်းများ လည်း သူမ၏ ရင်ထဲမှာ နက်ရှိုင်းစွာ ရှိနေကြောင်း ခင်ဦး ကိုယ်တိုင် သိသည်။

သို့သော် . . .

နောင်ဆိုသော နောင်ဘုန်းတည်အပေါ်မှာ ထားရှိ ဖြစ် တည်နေသော ချစ်ခြင်းမှာ အေးမြရှင်းသန့်နေသည်။ ဖြူစင် ငြိမ်းချမ်းနေသည်။

နှောင်းနှင့် ပတ်သက်လေတိုင်း ရင်ထဲမှာ၊ နှလုံးသားထဲမှာ အေးငြိမ့်ညင်သာသော လှိုင်းလေးများသာ လှုပ်ခတ်ခဲ့သည်။

ကိုစိုးလတ် . . .

သည်လူနှင့် ပတ်သက်ရလေတိုင်း၊ ဆုံတွေ့ရလေတိုင်း၊ တယ်လီဖုန်းမှ သူ့အသံ ကြားခဲ့ရလေတိုင်း ခင်ဦး၏ ရင်မှာ ခတ်လာသော လှိုင်းက ကြမ်းတမ်းလှချေသည်။ နှလုံးသားကို ဆွဲကိုင်လှုပ်ခတ်ခြင်း ခံရသလို ချောက်ချား တုန်လှုပ်ခဲ့ရသည် ချည်းပါ။

သို့သော် ထိုလူကို ခင်ဦး မေ့ပစ်လို့ မရခဲ့ပါ။ ခင်ဦး၏ အတွေးထဲမှာ၊ တစ်ခါတစ်ရံ မက်ခဲ့သော အိပ်မက်ထဲမှာ "ကိုစိုးလတ်" ဆိုသော လူချောတစ်ယောက်၏ လှုပ်ရှားမှု ပုံရိပ်များကို မကြာခဏ မြင်တွေ့ခဲ့ရသည်။

ခင်ဦးအနေနှင့် ကိုစိုးလတ်ကို သတိရနေရုံမှ လွဲပြီး ပြန်လည်တွေ့ဆုံဖို့ မမျှော်မှန်းရဲသည့်ဘဝပါ။

ဦးမောင်မောင်မြတ်ဦး စီစဉ်နေသည့် ညောင်ပင်သာမြို့ ခရီးသို့ ခင်ဦး လိုက်ပါခွင့်ရရှိပြီးနောက်မှာ အလုံးစုံသော ဘဝ၏ မြှုပ်ကွက်များကို သိရှိခွင့်ရရုံမျှမက . . .

ကိုစိုးလတ်နှင့်ပါ ပြန်လည်ဆုံဆည်းခွင့် ရလာလိမ့်မည်ဟု ခင်ဦး၏ အတွေးထဲမှာ ပုံမဖော်ရဲသော ဖြစ်ရပ်များက အမှန် တကယ်ပင် ဖြစ်ပေါ်လာခဲ့တော့သည်။

Ⅱ Ⅱ Ⅱ

ဦးစောရန်ရှင်းသည် မလွမ်းမူကို သေသေချာချာ အကဲခတ်နေသည်။

"သူ မေးတာ ပြောတာတွေ ဒါ အကုန်ပဲလား"

"ကျွန်မ မှတ်မိသလောက်တော့ ဒါ အကုန်ပါပဲရှင့်"

"သူ အဓိက သိချင်တာက ဘာတဲ့လဲ"

"ဦးလေးတို့ မိသားစုကိစ္စကိုလည်း သိချင်ပုံရတယ်၊ အထူးသဖြင့်တော့ ဆောင်းဆည်းဆာအကြောင်းပဲ တစ်ချိန်လုံး မေးနေတာရှင့်"

မလွမ်းမူမှာ ဦးစောရန်ရှင်းကို တည့်တည့်မကြည့်ဝံ့ဘဲ ခေါင်းငုံ့ထားရင်း ဖြေ၏။

ကိုစိုးလတ်က နေ့လယ်စာ ဖိတ်၍ကျွေးပြီး သည်အလွမ်းပြေ **Coffee Shop** မှာပင် ဆုံခဲ့ကြသည့်အကြောင်းကို ဦးစောရန်ရှင်းက အသေးစိတ် ပြန်လည် မေးမြန်းနေခြင်း ဖြစ်သည်။

မလွမ်းမူကလည်း ထိန်ချန်သိုဝှက်စရာအကြောင်း မရှိပါ၍ တွေ့ဆုံခဲ့သည့်အကြောင်းကို ပြောပြရာမှ ရွှေလည်တိုင်သီချင်း ညစဉ် တီးခတ်သည်ကအစ ဆောင်းဆည်းဆာ နေမကောင်းဖြစ်သည့်အကြောင်းအထိ မှတ်မိသမျှအားလုံး ပြန်လည် ပြောကြားနေခြင်း ဖြစ်သည်။

"တို့ မိသားစုလေး အေးအေးချမ်းချမ်း နေထိုင်ပြီး စီးပွားရေးကောင်းနေချိန်မှာ ဒီ စိုးလတ်ဆိုတဲ့ကောင်ဟာ ဘာကြောင့် ရောက်လာရတာလဲ"

"ပြီးတော့ တို့မိသားစုကိစ္စကို ဘာကြောင့်များ စပ်စပ်စုစု လုပ်ရတာလဲ၊ မလွမ်းမူကို ဘာဖြစ်လို့ အသေးစိတ် မေးမြန်း ရတာလဲ"

ဦးစောရန်ရှင်းသည် အတော်ကြီး စိတ်ရှုပ်ထွေးနေဟန် ရှိပါ၏။

"နန်းဝိုး"

"ဟုတ်ကဲ့ရှင့်"

"သမီးလေးမှာ စိတ်ရောဂါရှိတယ်လို့ရော ပြောလိုက်သေး လား"

မလွမ်းမူ မျက်လုံးလေး ဝိုင်းသွားသည်။ မပြောပါဘူးဟု လည်း သူ မလိမ်ညာချင်၊ ပြောလိုက်မိသည်ဟု ဝန်ခံရမှာကို လည်း ကြောက်ရွံ့အားနာနေမိသည်။

"ပြောလိုက်တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ပြောလိုက်မိပါတယ်ရှင့်"

"ဦးလေးကတော့ ကိုယ့်သမီး ငယ်ငယ်ချောချောလေးမှာ စိတ်ရောဂါရှိတယ် ဆိုတာ လူမသိစေချင်ဘူးပေါ့၊ ဒါကြောင့် လည်း သမီးလေးကို အပြင်နဲ့ အဆက်အသွယ် ဖြတ်ထားတာပါ၊ အင်းလေ၊ ပြောပြီးပြီဆိုတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ"

"ကျွန်မ မှားသွားပါတယ်ရှင့်"

"မှားတယ်လို့လည်း မပြောနိုင်ပါဘူးလေ ဒါဟာ အမှန် တရားပါပဲ၊ ဒါပေမယ့် သမီးလေးရဲ့ နောင်ရေးအတွက်မို့သာ ဦးလေးက ခုလို ထိန်းသိမ်းသိုဝှက်နေရတာပါ"

"ကျွန်မ သဘောပေါက် နားလည်ပါပြီရှင့်"

"ဆောင်းဆည်းဆာရဲ့ ရောဂါဟာ ဘယ်တော့မှ မပျောက်တဲ့ ရောဂါမျိုး မဟုတ်ဘူးလေ၊ သူ တစ်နေ့ ပျောက်ကင်းသွားတဲ့အခါမှာ သူ ခင်ပွန်းကောင်တစ်ယောက် ရပြီး သူ့ဘဝ တင့်တင့်တယ်တယ် ဖြစ်ချင်ဖြစ်သွားမယ်၊ အဲဒီ မျှော်လင့်ချက်နဲ့ သမီးလေးရဲ့အကြောင်းကို ဘယ်သူ့မှ မသိစေချင်တာပါ"

"ကျွန်မ နောက်ကို ဆင်ခြင်ပါ့မယ် ဦးလေးရယ်"

"အဲဒီအတွက်ပဲ ဦးလေး နန်းဝိုးကို ခေါ်ပြီး ဆွေးနွေးတာပါ"

"ရှင့်!"

"ကိုစိုးလတ်ဆိုတဲ့လူ ပြန်လာမယ်တဲ့"

"ဟင် ဟုတ်လား"

"ဒီမြို့ကို ရောက်ပြီးရင် အလွမ်းပြေမှာပဲ တည်းမှာတဲ့၊ ထောင့်ဆုံးကအခန်းနံပါတ် ၁၀၈ မှာနေဖို့ ဘွတ်ကင်(**Booking**) တောင် လုပ်ထားပြီ"

"ဘယ်တော့ လာမှာတဲ့လဲ ဦးလေး"

"နက်ဖြန်တဲ့"

"ဒီတစ်ခါ သူလာပြီး ဦးလေးတို့အကြောင်း မေးရင် ကျွန်မ ဘာပြောရမှာလဲရှင့်"

"ယောက်ျားတန်မဲ့ သူများမိသားစု ကိစ္စကို စပ်စုချင်တဲ့ သူကို အမှန်အတိုင်းပဲ ပြောလိုက်လေ၊ သမီးလေး အခြေအနေတောင် နန်းဝိုး ပြောပြလိုက်ပြီပဲ၊ နောက်ထပ်ဘာများ ထိန်

ချိန်စရာရှိတော့မှာလဲ”

မလွှမ်းမှုသည် အားနာကြောက်ရွံ့သော မျက်နှာလေးနှင့် ဦးစောရန်ရှင်းကို ငေးကြည့်နေရှာသည်။

ဦးစောရန်ရှင်းက မလွှမ်းမှု၏ စိတ်ခံစားမှုကို နားလည်စွာဖြင့် . . .

“ပြီးခဲ့တာတွေအတွက် စိတ်ပင်ပန်း ခံမနေနဲ့တော့၊ ဟုတ်လား နန်းဝိုး”

မလွှမ်းမှုက ခေါင်းညိတ်ပြမိ၏။

“ကိုစိုးလတ်ဆိုတဲ့လူ လာရင်သာ စကားပြောဆင်ခြင်ပါလို့ ဦးလေး သတိပေးချင်တာပါပဲ”

“စိတ်ချပါ၊ ဒီတစ်ခါ သူဘာမေးမေး၊ ကျွန်မ ဘာမှ မပြောတော့ပါဘူး”

“ဘာပဲဖြစ်ဖြစ်၊ အဲဒီလို စပ်စပ်စုစုလုပ်တတ်တဲ့ လူတွေ နဲ့ ခပ်ကင်းကင်းနေတာ အကောင်းဆုံးပဲ နန်းဝိုး”

“ကျွန်မ နားလည်ပါပြီ၊ သူ ကျွန်မဆီက ဘာသတင်းမှ မရစေရပါဘူးလို့ ဦးလေးကို ကျွန်မ ကတိပေးပါတယ်ရှင့်”

“ကောင်းပြီ နန်းဝိုး ဘာလိုအပ်သေးလဲ”

“မလိုပါဘူးရှင့်”

“အေးကွယ်၊ ဒီလထဲမှာ ဧည့်သည်တွေအပြည့်ပဲ၊ တိုးရစ်စ်တွေတောင် ရောက်လာကြတယ်၊ အဲဒါ ဝန်ထမ်းအားလုံး တော်လို့ပါပဲ”

“ဦးလေးက အစီအမံ ကောင်းတာလည်း ပါ,ပါတယ်ရှင့်”

“ဒါပေါ့လေ၊ ကိုယ်က ပိုင်ရှင်ဆိုတော့ စနစ်တကျရှိအောင်၊ ဝန်ထမ်းတွေ စိတ်ပါဝင်စားလာအောင် စည်းရုံးရင်း အလွမ်းပြေကို တစ်ခါတည်းခိုဖူးရင် နောက်ထပ်လာချင်အောင် အဘက်ဘက်က ဆောင်ရွက်ရတာပေါ့”

“ရောက်လာတဲ့သူတိုင်း စိတ်ချမ်းသာကြပါတယ်ရှင့်”

“ကောင်းပြီလေ၊ ကဲ၊ နန်းဝိုးလည်း နားလိုက်ဦး၊ အခန်းတိုင်းမှာ ဧည့်သည့်အပြည့်ပဲမို့ ဒီည မြန်မာသံ ရီကွက်စ်တွေလည်း များလိမ့်မယ်၊ ပရိသတ်တောင်းဆိုသမျှ တီးနိုင်အောင် အနားယူလိုက်ပါဦး”

“ကောင်းပါပြီရှင့်”

ဦးစောရန်ရှင်းက “မန်နေဂျာ ဦးဂျင်မီ” ၏ အခန်းတွင်းဝင်သွားပြီး အလွမ်းပြေ၏ ကိစ္စမျိုးစုံနှင့် ပြဿနာများစွာကို ညှိနှိုင်းတိုင်ပင်ပြီး လိုအပ်သော အကြံဉာဏ်နှင့် ညွှန်ကြားချက်များ ပေးသွားပေလိမ့်မည်။

ဦးစောရန်ရှင်းသည် အလွမ်းပြေဟိုတယ်ပိုင်ရှင်ဆိုသော်လည်း မန်နေဂျာမှ တစ်ဆင့်သာ လိုအပ်သလိုစီစဉ်ညွှန်ကြားလေ့ရှိသည်။

ဝန်ထမ်းများနှင့် တိုက်ရိုက် ပြောဆိုခြင်းမရှိပါ။

သူ၏ မိတ်ဆွေရင်းလည်းဖြစ်သော ဦးဂျင်မီက ဟိုတယ်နှင့် ခရီးသွားသင်တန်းကို နိုင်ငံခြားမှာ သွားရောက်ပြီး သင်ကြားခဲ့သူဖြစ်၍ အုပ်ချုပ်မှု စနစ်ကျသည်။ စီမံခန့်ခွဲမှု မျှတသည်။ အထူးသဖြင့် ဧည့်သည်များအပေါ် ကိုယ့်ဆွေမျိုးလို၊ ကိုယ့်ကျေးဇူးရှင်

လို သဘောထား၍ ပြုစုနေကြသဖြင့် ဤတောင်ပေါ်မြို့လေးမှ "အလွမ်းပြေပြေတည်းခိုရိပ်သာ"သည် နာမည်ကျော်ကြားနေရခြင်း ဖြစ်ပါ၏။

ဦးစောရန်ရှင်းကို ပိုင်ရှင်ဟု ဝန်ထမ်းတော်တော်များများပင် မသိကြပါ။ တစ်ခါတစ်ရံမှသာ ဟိုတယ်သို့ လာရောက်ပြီး ဦးဂျင်မီနှင့် ဆွေးနွေးကြ၊ စာရင်းရှင်းကြသည်။

ဦးစောရန်ရှင်း၏ ဇနီးက အေးငြိမ်းပုံရသော်လည်း သမီးများအတွက် ဦးစောရန်ရှင်းမှာ သောကများစွာ ဖြစ်နေပုံရသည်။

ခင်သစ္စာသည် ဦးမောင်မောင်မြတ်ဦးနှင့်တစ်ခါတစ်ရံ အတူတကွ နေကြသည်ဆိုခြင်းအထိ သိချင်မှ သိပေလိမ့်မည်။ သို့သော် ခင်သစ္စာသည် ဖခင်၏ သြဇာခံသော သမီးမျိုးမဟုတ်၍ ဦးစောရန်ရှင်း စိတ်ဆင်းရဲမည်ဆိုလည်း စိတ်ဆင်းရဲစရာပါပဲ။

သိပ်လှသော သမီးငယ်လေး ဆောင်းဆည်းဆာကလည်း လူတောထဲ မထွက်ရဲလောက်သော ဝေဒနာရှင်လေး ဖြစ်နေသဖြင့် . . .

ဦးစောရန်ရှင်းအနေဖြင့် စည်းစိမ်တွေနှင့် ပျော်ပိုက်မော်ကြွား၍ နေနိုင်ခြင်း မရှိရှာပါ။

သူကိုယ်တိုင် သူ့ခြံထဲကနေ တခြားသို့ သွားလေ့မရှိဘဲ ခြံချင်းကပ်နေသော အလွမ်းပြေသို့ပင် မကြာခဏ လာလေ့မရှိပေ။

သမီးလေးများအတွက် သောကဖိစီးပြီး စိတ်ဓာတ်ကျနေပုံရသော ဦးစောရန်ရှင်းအကြောင်းကို မလွမ်းမူ တွေးရင်း ကျန်ရစ်

ခဲ့ရသည်။

အမှန်မှာ မလွမ်းမူနှင့် ဦးစောရန်ရှင်း ဘာမှ မတော်စပ်ကြပါ။ စန္ဒရားတီးတတ်သော ဝန်ထမ်းတစ်ယောက် ရှာရင်းရိုးသားသော **နန်းပိုးဖားကျောက်** ကို တွေ့ရှိခဲ့သည်။

မလွမ်းမူဆိုသော အမည်ကို ဦးစောရန်ရှင်း ကိုယ်တိုင်ပေးခဲ့ပြီး သူ့တူမဟု ပြောကာ အလွမ်းပြေမှာ နေစေသည်။

ပိုင်ရှင်၏တူမဟု အမည်တပ်ထားခြင်းကြောင့် သိမ်ငယ်မှုအပေါင်းမှ ကင်းဝေးစေရုံမကဘဝ၏လုံခြုံမှုအတွက်ပါကာကွယ်ပေးထားသော မလွမ်းမူ၏ ကျေးဇူးရှင် ဦးစောရန်ရှင်း။

II II II

နောက်တစ်နေ့တွင်

"မလွမ်းမူ၊ ကျွန်တော်နဲ့ မလွမ်းမူက မိတ်ဆွေဖြစ်ပြီးသားလေဗျာ၊ ဘာလို့ ကျွန်တော့်ကို ရှောင်နေတာလဲ"

"မရှောင်ပါဘူး၊ ကျွန်မ အလုပ် ရှိသေးလို့ပါ"

"မလွမ်းမူရဲ့ ဂျူတီချိန်က ညမှလေ၊ ခု နေ့လယ် သုံးနာရီပဲ ရှိသေးတာ၊ ခဏလေး စကားပြောကြရအောင်၊ ကော်ဖီသောက်ရင်းပေါ့"

"ခွင့်လွှတ်ပါရှင့်၊ ကျွန်မ မအားသေးလို့ပါ"

မလွမ်းမူက သူ့ကိုပင် တည့်တည့်မကြည့်ဘဲ ခေါင်းခပ်ငုံ့

ငုံ့၊ လေသံခပ်တိုးတိုးနှင့် ပြောလည်းပြော ထွက်လည်းထွက်သွား
သဖြင့် . . .

"တစ်စုံတစ်ယောက်က တားမြစ်ထားပြီ"

ဟု ကိုစိုးလတ် သိလိုက်ရပါပြီ။

အလွမ်းပြေ Restaurant and Resort ဆိုသော တည်းခို
ရိပ်သာမှ တစ်ယောက်တည်းသော မိတ်ဆွေ ဆုံးရှုံးသွားပြီဆို
သော အသိကြောင့် မိမိဘာသာပင် ကြိုးစားတော့မည်ဟု ကိုစိုး
လတ် ဆုံးဖြတ်လိုက်ပြီး အခန်းသို့ ပြန်လာခဲ့၏။

သူတမင် ယူထားသည်က အလွမ်းပြေ၏ထောင့်ဆုံးအခန်း၊
တစ်နည်းအားဖြင့် ဆောင်းဆည်းဆာတို့၏ ခြံစည်းရိုးနှင့်အနီးစပ်
ဆုံးနေရာ။

ဆောင်းဆည်းဆာတို့ နေထိုင်သော နှစ်ထပ်တိုက်ကြီးနှင့်
ကိုစိုးလတ် တည်းခိုသော နေရာက ပေနှစ်ရာကျော်လောက်ဝေး
ကွာမည်ဖြစ်သော်လည်း . . .

သစ်ပင်၊ ပန်းပင်နှင့် မြက်ခင်းပြင်များသာ ကွာခြားနေ
သဖြင့် ဆောင်းဆည်းဆာ နေထိုင်ရာ တိုက်ကြီးကို ရှင်းပြန့်စွာ
မြင်သာနိုင်သည်။

ကိုစိုးလတ်သည် နှစ်ယောက်ခန်းကို တစ်ယောက်တည်း
နေသဖြင့်အတော်လေးကျယ်ဝန်း၏။ခုတင်နှစ်လုံး၊ရေခဲသေတ္တာ၊
ဂြိုလ်တုတီဗီ၊ လေအေးစက်၊ ရေချိုးခန်းအိမ်သာ တွဲလျက်ပါရှိပြီး
ရှင်းသန့်အေးစိမ့်နေ၏။

ကိုစိုးလတ် ထူထဲသော အစိမ်းရောင် ကန့်လန့်ကာကြီး

ကို လက်တစ်ဝါးလောက်သာ ဟလိုက်သည်။ စာရေးစားပွဲဘေးမှ
ကုလားထိုင်မြင့်ကို ဆွဲယူပြီး အားကောင်းလှသော မှန်ပြောင်းနှင့်
ချောင်းကြည့်နေသော်လည်း အချိန်အတော်ကြာကြီးကြာသည်အထိ
ဘာလှုပ်ရှားမှုမှ မတွေ့ရ။

တိုက်ကြီးကို ရိုက်ထားသော ဓာတ်ပုံတစ်ပုံ ထောင်ထား
သကဲ့သို့ပင် ငြိမ်သက်စွာ မြင်နေရသည်။

အားခဲလာသောခရီးက စိတ်ပျက်ဖွယ်ရာများနှင့် ဆီးကြို
ခံခဲ့ရသည်။ မလွမ်းမူက ရှောင်ဖယ်သွားပြီး ဆောင်းဆည်းဆာတို့
တိုက်က ဘာသဲလွန်စမှ မရ၍ ဖြစ်သည်။

ကိုစိုးလတ် စိတ်ပျက်စွာ မှန်ပြောင်းကို ခုတင်ပေါ် ပစ်
တင်လိုက်ပြီး တယ်လီဖုန်း လှမ်းဆက်၏။ ကသစ်နီစံအိမ်သို့ပါ။

"အမိန့်ရှိပါခင်ဗျာ"

"ညီဘုန်းငယ်လား"

"ညီ မရှိပါဘူးခင်ဗျ။ မြို့ကြီးကို သွားကြတယ်"

"ဒါဖြင့် အခုပြောနေတာ ဘယ်သူလဲ"

"နောင်ပါ၊ နောင်ဘုန်းတည်ပါ"

"သြော် . . . ညီလေး၊ အစ်ကိုစိုးလတ်ပါကွ"

"မြို့ကြီးက ဆက်တာလား"

"မဟုတ်ဘူး၊ အလွမ်းပြေ ရောက်နေပြီ"

"ဟုတ်လား"

"အစ်ကို့ကို တစ်ခု ကူညီပါ"

"ကျွန်တော်က ညီ့လို စွမ်းဆောင်ပေးနိုင်မှာ မဟုတ်ပါ

ဘူးခင်ဗျာ”

“ဟာကွာ၊ စွမ်းဆောင်ပေးစရာမလိုပါဘူး။ အစ်ကိုမခင်ဦးနဲ့ ခဏလောက် စကားပြောပါရစေ”

“မမဦးနဲ့ဟုတ်လား၊ ဘာကိစ္စ ရှိလို့လဲ”

နောင်ဘုန်းတည်၏ အသံက စိုးရိမ်သံလွှမ်းမိုးနေ၏။

“နှုတ်ဆက်ချင်လို့ပါ၊ အန်တီ ဒေါ်ခင်မျိုးထိုက် ရှိနေလို့လား၊ ဟုတ်လားနောင်”

“မရှိဘူးခင်ဗျ၊ ဘယ်သူမှ မရှိကြဘူး”

“မဖြစ်နိုင်တာကွာ”

“ဘွားဘွားရယ်၊ မေမေရယ်၊ ညီရယ်က မြို့ကြီးကို သွားကြပြီး ဖေဖေရယ်၊ ဖွားလေးသိုက်ရယ်၊ မမဦးရယ်က ညောင်ပင်သာ တောင်စခန်းမြို့ကို သွားကြတယ်”

“ညောင်ပင်သာမြို့ ဟုတ်လား။ညောင်ပင်သာမြို့ကိုမခင်ဦးက ဘာသွားလုပ်တာလဲ”

“ကျွန်တော် မသိဘူး အစ်ကို”

“အေးကွာ၊ ဒါဖြင့်လည်း ဒါပါပဲ”

ကိုစိုးလတ် ထပ်၍ စိတ်ပျက်ရပြန်ပြီ။

အခိက အိမ်သားခုနစ်ယောက်ဖြင့် ဖွဲ့စည်းထားသော ကသစ်နီစံအိမ်ကြီးမှ ဒေါ်ခင်မျိုးထိုက်နှင့် ချွေးမဖြစ်သူဒေါ်စိမ်းမြမြ၊ မြေးဖြစ်သူ ညီဘုန်းငယ်တို့က တစ်လမ်း . . .

ဘွားလေးသိုက်ဟု ခေါ်ကြသော ဒေါ်ခင်မျိုးသိုက်၊ တူတော်သူ ဦးမောင်မောင်မြတ်နှင့်အတူ မခင်ဦးတို့က တစ်လမ်း . . .

မိသားစုဝင်ဖြစ်သော နောင်ဘုန်းတည် တစ်ယောက်တည်းသာ အိမ်စောင့်သဘောမျိုး ကျန်ရစ်သည်။

ကိုစိုးလတ်၏ခရီးစဉ်ထဲမှာ စခန်းမြိုင်မြို့၊ကသစ်မြိုင်မြို့နှင့် ကျွန်းပင်သာ၊ညောင်ပင်သာဆိုသောမြို့ငယ်များအထိသွားရောက်စုံစမ်းရမည်ဖြစ်သည်။

ကိုစိုးလတ် ရေချိုးခန်းသို့ဝင်ပြီး ရေပူနှင့်ရေအေး အချိုးကျ စပ်၍ ရေပန်းအောက်မှာ တစ်ဝကြီး ချိုးပစ်လိုက်သည်။

မလွမ်းမူမှအစ ညီဘုန်းငယ်အဆုံး သူ့မိတ်ဆွေများနှင့် ဆုံခွင့်မရတော့သည့်ကိစ္စက ကိုစိုးလတ်ကို ထိထိခိုက်ခိုက် မဖြစ်စေခဲ့သော်လည်း . . .

ခင်ဦးဆိုသော အမြဲအားငယ်နေသည့် မျက်ဝန်းလေးနှင့် ကြည့်တတ်သူလေးကို ရင်ခိုက်အောင် သနားစိတ်နှင့် တွေ့ချင်လှသည်။

ဒေါ်ခင်မျိုးထိုက်တို့ သုံးယောက် မြို့ကြီးကို သွားခြင်းမှာ မထူးဆန်းလှသော်လည်း . . .

မခင်ဦးတို့ သုံးယောက် ညောင်ပင်သာမြို့လေးသို့ သွားကြသည် ဆိုခြင်းမှာ ထူးခြားနေပေသည်။

ဟိုတယ်မှပေးသော မျက်နှာသုတ်ပဝါနှစ်ထည် အနက်အကြီးကို ကိုယ်မှာပတ်၍ အငယ်ကို မျက်နှာပေါ်မှ ရေစက်များသုတ်ပြီးနောက် အဝတ်လဲရင်း ကန့်လန့်ကာကြားမှ တစ်ချက်လှမ်းကြည့်လိုက်ရာမှာ . . .

"ဟာ . . . ဆောင်းဆည်းဆာ ဝိုးချဲလ်နဲ့ ခြံထဲရောက်နေ

ပါလား။"

တီရှပ်ကို ခေါင်းပေါ်မှ စွပ်ချပြီး မှန်ပြောင်းကို ယူကာ အသေအချာ ဖိုးကပ်စ် (**Focus**) လုပ်ပြီး ကြည့်ဖြစ်၏။ အလွန် ဆွဲအားကောင်းသော မှန်ပြောင်းမို့ အနီးကပ်ဆုံး မြင်နိုင်အောင် လှည့်၍ ကြည့်လိုက်ရာ . . .

မေးစင်းသော မျက်ဝန်းနှင့် တစ်နေရာတည်းသို့ စူးစိုက် ကြည့်ရင်း ငေးငေးငိုင်ငိုင် ထိုင်နေသည့် ဆောင်းဆည်းဆာ ...

အထူးသူနာပြုဆရာမက ကွေကာအုတ်လား၊ ဆန်ပြုတ် လား မကွဲပြားသော နို့နှစ်ရောင်အရည်ပြစ်ပြစ်များကိုတစ်ဇွန်းပြီး တစ်ဇွန်း ခပ်တိုက်နေသည်။

ဆောင်းဆည်းဆာက ခေါင်းခါရင်း၊ လက်ကာရင်းက အတင်းတိုက်သဖြင့်သာ သောက်နေရရှာသည်။ နှစ်မြို့ဟန် မရှိ။

ကိုစိုးလတ်အနေနှင့် ဟိုဘက်ခြံသို့ အခက်အခဲမရှိ ကျော် လွှား သွားနိုင်သော်လည်း ဒီတိုင်းကြီး ဝင်သွား၍ မဖြစ်သေး။ သည်တစ်ခါ ရင်ဆိုင်တွေ့လျှင် ဦးစောရန်ရှင်း သူ့ကိုမောင်းထုတ် ရုံမဟုတ် အပြတ်ရှင်းသည့်အဆင့်သို့ပင် ရောက်သွားနိုင်သည်။

ကိုစိုးလတ်က မှန်ပြောင်းကို နေရာရွှေ့လိုက်ပြီး ခြံဝင်း အတွင်းသို့ လှည့်ကြည့်မိရာ . . .

တံခါးဖွင့်ထားသော ဂိုဒေါင်တွင်းမှာ ပါရာဒိုကား ရပ် ထားသဖြင့် ဦးစောရန်ရှင်း အိမ်တွင်းမှာ ရှိနေတာ သေချာပြီ။

တစ်ခြံလုံး ဝေ့ဝိုက်ကြည့်ရာမှာ ပိန်းပန်းနှင့် ကစ်စမီကွစ် ပန်းအိုးများရှေ့မှာ ရပ်ပြီး လိုအပ်သည်များ ညွှန်ကြားနေပုံရသော

'ဒေါ်နီလာခင်' ကို ကျောခိုင်းအနေအထားနှင့် မတ်တပ်ရပ်နေသည်ကို မြင်ရသည်။ လက်တစ်ဖက်က ခါးထောက်ပြီးကျန်တစ်ဘက်က ဟိုလက်ပြ၊သည်လက်ညှိုးညွှန်လုပ်နေသည်။မြေပြင်မှာ ပန်းအိုးများကို ပြုပြင်နေသော ကောင်လေး ခပ်ငယ်ငယ် တစ်ယောက်နှင့် အိမ်ဖော်ဖြစ်ပုံရသော မိန်းကလေးတို့က သူခိုင်းသလို လုပ်နေကြပုံရသည်။

မလှမ်းမကမ်းမှာ ဆောင်းဆည်းဆာ ရှိနေသော်လည်း ဒေါ်နီလာခင်က လှည့်၍ပင် မကြည့်။

ဆောင်းဆည်းဆာထက် သူ့ပန်းအိုးများကို ပို၍ စိတ်ဝင်စားနေသလား။ မိခင်တစ်ယောက်အနေနှင့် သည်လိုလည်း ဟုတ်မည်မထင်ပါ။ ဆောင်းဆည်းဆာ ရောဂါက နာတာရှည်စိတ်ရောဂါမို့ သူနာပြုဆရာမနှင့်သာ လွှဲထားလိုက်လေပြီလား။

ဆောင်းဆည်းဆာသည် နွေသဥ္စာ ဖြစ်ရမည်ဟု ဘာအထောက်အထားမှ မရှိပါဘဲနှင့် သူ ထင်မြင်နေမိသည်။

အရေးအကြီးဆုံးက ဆောင်းဆည်းဆာနှင့် သူနှင့် နှစ်ယောက်တည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးခွင့် ရဖို့ပဲ ဖြစ်သည်။

ထိုအချိန်မှာပင် တိုက်ကြီး၏ အပေါ်ထပ် ရှေ့မျက်နှာစာ တံခါးပွင့်လာပြီး ဦးစောရန်ရှင်း၏ မျက်နှာပေါ်လာကာ သူ့ဇနီးကို လှမ်းခေါ်လိုက်သည်။ ထို့နောက် သူ့လက်မှနာရီကိုညွှန်ပြပြီး မျက်နှာထားတင်းတင်းနှင့် စကားလှမ်းပြောသည်။

ဘာသံမှ မကြားရသော်လည်း အချိန် နောက်ကျနေပြီ၊ အမြန်လာပါဟူသော သင်္ကေတဖြစ်ပါစေဟု သူဆုတောင်းမိသည်။

ကျောခိုင်းထားရာမှ ပြန်လှည့်လာသော ဒေါ်နီလာခင်၏ မျက်နှာမှာ မိတ်ကပ်နှင့် နှုတ်ခမ်းနီနှင့် လက်ဝတ်ရတနာများနှင့် ပြင်ဆင်ပြီးသား၊ သို့သော် ဘလောက်စ်နှင့် ပါတိတ်ထမီကသာ အိမ်နေရင်း အဝတ်များ ဖြစ်ပုံရသည်။ ထို့ထက်သစ်လွင်သော အဝတ်များနှင့်လဲလှယ်ပြီး တစ်နေရာရာသို့ သွားကြလေမည်လား။

ဒေါ်နီလာခင်သည် ဆောင်းဆည်းဆာထိုင်နေသော ဘီး တပ်ကုလားထိုင် ဝှီးချဲလ်ဘေးမှ ဖြတ်လျှောက်သွားသော်လည်း သမီးဖြစ်သူကို တစ်ခွန်းမှ စကားပြောမသွား၊ စောင်းလှည့်၍ ပင် မကြည့်။

ကိုစိုးလတ်က ဆောင်းဆည်းဆာကို ဆက်လက်ကြည့် နေပြီး ဆယ်မိနစ်ခန့်လောက်အကြာမှာပင် တံခါးဖွင့်ထားသော ပါရာဒိုကားကြီး ဂိုဒေါင်ထဲမှ ဆုတ်ခွာထွက်သွားသည်။ ကားထဲ၌ လူဘယ်နှစ်ယောက် ပါသွားသည်ကို မမြင်ရ။ အမည်းရောင် စတစ်ကာများ ကပ်ထားခြင်းကြောင့် ဖြစ်၏။

“ဒါပေမယ့် သေချာတယ်။ သူတို့နှစ်ယောက်လုံး ထွက်သွား ကြတာဖြစ်မယ်။ ငါဟိုဘက်ခြံထဲကို ရအောင်ဝင်မယ်”

ကိုစိုးလတ်က ဝတ်ထားဆဲ စပို့ရှပ်ကို ပြန်ချွတ်လိုက်ပြီး ဖောရင်းရှပ်လက်ရှည်နှင့် ဘောင်းဘီကို ပြောင်းဝတ်လိုက်သည်။ ရှူးဖိနပ်အသစ်ကို စီးပြီး ခေါင်းကိုပါ သေသပ်စွာဖြီးကာ ဟိုတယ် တွင်း မှန်ကိုကြည့်သည်။

“သားနားသပ်ရပ် အဆင့်မြင့်သောဧည့်သည့်တစ်ဦး’ ဟု အထင်ရောက်စေရန် ဖြစ်၏။

အလွမ်းပြေပြေဟိုတယ်မှ ထွက်ပြီး ဆောင်းဆည်းဆာတို့ ရှိနေသောနေရာနှင့်ခပ်လှမ်းလှမ်းဘက်သို့သွားကာ သံဆူးကြိုးများကာရံထားသော ဟိုဘက်ခြံတွင်းသို့ လျင်မြန်ဖြတ်လပ်စွာကျော်၍ဝင်လိုက်သည်။

ခြံတံခါးကြီးကို ထူထဲခိုင်ခံ့သော သော့ကြီးက ခပ်ထားဆဲ။ သူ ခြံရှေ့မှ လာလျှင်လည်း၊ အစောင့်က ဖွင့်မပေးမှာ သေချာသည်။

ခြံကြီးက ကျယ်ဝန်းလှသည်မို့ ဆောင်းဆည်းဆာတို့ဘက်သို့ ခပ်တည်တည် လျှောက်လာပြီး . . .

"ကျွန်တော် ဦးစောရန်ရှင်းနဲ့ ချိန်းထားလို့ပါခင်ဗျ"

"ဟုတ်လား၊ ဆရာတို့ ခုနလေးပဲ ထွက်သွားတယ်"

"ဟာ၊ ကျွန်တော်နဲ့ အသေအချာ ချိန်းထားတာ၊ အခုလေးနာရီအတိပဲ၊ ဘာမှ မှာမသွားဘူးလား"

"ဟင့်အင်း"

သူနာပြုဆရာမက အံ့သြသလို ဖြစ်နေ၍ . . .

"ကျေးဇူးပြုပြီး အိမ်ထဲက တစ်ယောက်ယောက်ကို မေးပေးပါခင်ဗျာ၊ ကျွန်တော်နဲ့ ချိန်းထားလို့ပါ"

"ဘာမေးရမှာလဲ"

"ဩော်၊ စိုင်းစိုးလတ်နဲ့ ချိန်းထားတဲ့ကိစ္စ ဘာမှာသွားလဲလို့၊ ကျွန်တော့်အတွက် ပစ္စည်းတစ်ခုခု ထားခဲ့ရမယ်၊ ဒါမှမဟုတ်တစ်ခုခု မှာခဲ့ရမှာ အသေအချာပဲဗျ။ ခဏလေး သွားမေးပေးစမ်းပါ၊ သိပ်အရေးကြီးလို့ပါ"

"နာမည်က ဘယ်သူ"
"စိုင်းစိုးလတ်ပါ"
"ကောင်းပြီ၊ သွားမေးပေးမယ်၊ သူ့ကို ခဏလေးကြည့်ထားပေးနော်"
"စိတ်ချ၊ စိတ်ချ၊ တစ်ယောက်မသိ တစ်ယောက်သိမှာပဲ၊ အသေအချာ မေးခဲ့ပါနော်"
'ဘာမှာခဲ့လဲ' ဟူသော မေးခွန်းကို တစ်ယောက်ပြီးတစ်ယောက် မေးနေခြင်းဖြင့် အချိန် ပိုကြာစေရန်ဖြစ်၏။
ဆရာမ အိမ်ထဲဝင်သွားသည်နှင့် ဆောင်းဆည်းဆာနားကပ်ကာ . . .
"နွေသဥ္ဇာ . . . နွေသဥ္ဇာ"
မေးစင်းနေသော မျက်လုံးလေး ထိတ်လန့်ပြူးကြောင်စွာ သူ့ကို ကြည့်လာသည်နှင့် . . .
"နွေသဥ္ဇာကို ကျွန်တော် လာကယ်တာ၊ ခင်ဗျားအဖေ ခင်ဗျားကို ရှာနေတာ ဆယ်နှစ်တောင်ရှိပြီ"
"ဟင် . . . ဟင်"
"ခင်ဗျား နွေသဥ္ဇာဆိုတာ ဝန်ခံလိုက်စမ်းပါ၊ ဦးတောက်ထွန်းဆီ ပြန်သွားရအောင်၊ နွေသဥ္ဇာအနေနဲ့ . . ."
ကိုစိုးလတ်၏ စကားမဆုံးမီ လုံးဝ မမျှော်လင့်၊ မထင်မှတ်ထားသော ဖြစ်ရပ်က ချက်ချင်းကြီးပင်။
"အား . . . ဟား . . . သွား . . . သွား"
"သေပြီ . . . သေပြီ . . . အားလုံးသေပြီ"

"လာပါဦး . . . လာကြပါဦး"

လက်က ကုလားထိုင်ကို မြဲမြဲဆုပ်ကိုင်ရင်း ခေါင်းကို သွက်သွက်ခါရမ်းကာ ဆောင်းဆည်းဆာက အသံကုန်အော်ဟစ်တော့သည်။

ခြံထဲမှနှစ်ယောက်၊ အိမ်ထဲမှ သုံးယောက်ခန့် ပြေးထွက်လာကြသဖြင့် ကိုစိုးလတ်မှာ "အမြန်ဆုံးလစ်မှ"ဆိုသောအသိဖြင့် အလွမ်းပြေ ခြံစည်းရိုးနားသို့ ပြေးကပ်ပြီး ကျော်တက်ခုန်ချကာ တစ်ချိုးတည်း လစ်ရတော့သည်။

ဟိုတယ်၏ဘေးမှပတ်ပြီး ကိုယ့်အခန်းရှိရာသို့ အမြန်ပြန်ခဲ့ရသည်။

သူ၏တိုက်စစ်ဆင်ကွက် လုံးဝမှားယွင်းသွားသည့်အတွက် အားလုံး ဖရိုဖရဲဖြင့် ပြီးဆုံးခဲ့ရပြီ။

သိပ်မောပြီး နှလုံးခုန်မြန်နေသော်လည်း သူ ရပ်နားနိုင်ခြင်း မရှိဘဲ မှန်ပြောင်းကို ဆွဲယူပြီး ကန့်လန့်ကာကြားမှ ကြည့်လိုက်ရာ . . .

"ဟာ . . . ဆောင်းဆည်းဆာကို ပွေ့ယူသွားကြပြီ"

ပျော့ခွေနေသော ပုံသဏ္ဍာန်ဖြင့် အားလုံးဝိုင်းပွေ့ပြီး အိမ်ထဲသို့ဝင်ခါနီးဆဲဆဲ မြင်ကွင်းလေးကိုသာ သူမြင်ခွင့်ရလိုက်သည်။

'သွားပြီ'

ဟူသော အသိဖြင့် သူအိပ်ရာထဲမှာ ပက်လက်လှန်ချလိုက်သည်။

ဆောင်းဆည်းဆာသည် နွေသဇ္ဈာဖြစ်ဖို့ သေချာသလောက်

ရှိနိုင်သည်ဟု သူ ယူဆသည်။ သို့သော်လည်း ဆောင်းဆည်းဆာ ကိုယ်တိုင်ကနွေသဥ္စာအဖြစ်ခံယူချင်ပုံမရ။ ထိုလျှို့ဝှက်မှု၏အစ ကို ဖော်ထုတ်နိုင်မှ အဖြေမှန် ရရှိနိုင်ပါလိမ့်မည်။

ကိုစိုးလတ်သည် စောစောဆီက ဆောင်းဆည်းဆာနှင့် ဆုံခဲ့ရသည့် နှစ်မိနစ် အတွင်းလောက်မှ အဖြစ်အပျက်များကို ပြန်စဉ်းစားမိသည်။

ဆောင်းဆည်းဆာ သိပ်လန့်သွားပုံက ပုံမှန်မိန်းကလေး တစ်ယောက်နှင့်မတူ၊ ပြီးတော့ . . .

"သေပြီ၊ သေပြီ၊ အားလုံးသေပြီ"

ဆိုသော စကား၏နောက်မှာ နက်ရှိုင်းသော အဖြစ်အပျက် တစ်ရပ်ရှိရမည်။

ကိုစိုးလတ်သည် ဝင်္ကပါကဲ့သို့ ကောက်ကွေ့သော လမ်း ကြောင်းအတွင်းသို့ ရောက်ရှိပြီး လမ်းပျောက်နေခဲ့သော်လည်း၊ မကြာမီမှာ ထွက်ရာလမ်းစကို တွေ့ရှိနိုင်မည်ဟု သူ့ကိုယ်သူ ယုံကြည်လိုက်သည်။

ဆောင်းဆည်းဆာ၏ ကိစ္စက ယခုအချိန်တွင် အရေးအကြီး ဆုံး ဖြစ်၏။ သို့သော် ထိုတာဝန်ထက် ပိုပြီး အရေးကြီးသော အကြောင်းအရာတစ်ခု ရှိသေးသည်။

မခင်ဦးတို့ သွားကြသည်ဆိုသော ညောင်ပင်သာ တောင် စခန်းမြို့လေးသို့ သူ လိုက်သွားရပါဦးမည်။

Ⅱ Ⅱ Ⅱ

ဦးမောင်မောင်မြတ်ဦးသည် သူဌေးသားဖြစ်၍ ငွေသုံးနိုင်ရုံမက၊ ရုပ်ကလည်း ဖြူဖြူချောချော အရပ်မြင့်မြင့် ဖြစ်၍ သူက ကြိုက်ရသူက ခပ်နည်းနည်း၊ သူ့ကို ကြိုက်သည့် မိန်းကလေးက ပို၍ များနေသည်ဟု ဂုဏ်ယူဝင့်ကြွားလေ့ရှိသူ ဖြစ်သည်။

ဤသို့ အချစ်ဖြင့် ပျော်ဝင်မှုများနှင့် သူ့ဘဝကို ဖွဲ့စည်းထားချိန်မှာ မခင်ညိုဆိုသော အိမ်ဖော်မ၊ ညိုညိုလှလှလေး တစ်ယောက်နှင့် အိမ်တွင်းထဲမှာပင် သူ ငြိခဲ့သည်။

ရှေးရှေးက အစဉ်အလာ ဇာတ်လမ်းများအတိုင်း ငွေကြေးပေး၍ မခင်ညိုကို တောသို့ ပြန်စေခဲ့သည်။

ဤဇာတ်လမ်းလေးသည် သူ့ဘဝထဲမှ သေးမှုန်သော အစက်ကလေး တစ်စက်လောက်သာ ရှိသည်ဟု သူယူဆခဲ့သည်။ သူ့မှာ ကိုယ်ဝန်ရှိနေပါပြီဟု ပြောပြီးနောက် မကြာခင်မှာ မခင်ညို ပျောက်ဆုံးသွားခဲ့သည်ကိုလည်း သူ မတမ်းတဖြစ်ခဲ့ပါ။

သည်လိုနေပြီး ခြောက်နှစ်ခန့်အကြာတွင် သူ ပြည်သူ့ဆေးရုံသို့ မိတ်ဆွေလူနာကို သတင်းမေးရင်း ရောက်နေခိုက် သူ့ သူငယ်ချင်း တစ်ယောက်က . . .

"မြတ်ဦး၊ မင်းတို့ခြံနားက အလောင်းတစ်လောင်း တွေ့လို့ ဆေးရုံကို သယ်လာကြတယ်။ ညက မိုးရေထဲမှာ လဲကျသေဆုံးနေတာကို ဒီနေ့မနက်မှ တွေ့ကြတာတဲ့၊ အဲဒါ အထည်သည် ဒေါ်စိန်တိုးကပြောတော့ မင်းတို့အိမ်ကအိမ်ဖော်မလေးဆိုလားပဲ။ မင်း သွားကြည့်ပါလား"

ဆိုသော စကားကြောင့် သွားကြည့်လိုက်ချိန်မှာ မခင်ညို ဖြစ်နေ၍ နည်းနည်းတော့ ပျာသွားသည်။ သိပ်ပြီး ထိထိခိုက်ခိုက် ကြီးတော့ဖြင့် မခံစားခဲ့ရ။

"ဒီကောင်မလေး တို့အိမ်မှာ မနေတာကြာလှပြီ။ ဒါပေမယ့် ကောင်းကောင်း သင်္ဂြိုလ်ပေးလိုက်ကြပါ။ ဂူသွင်းပေးလိုက်ပါ။ ကုန်ကျသမျှပေးမယ်။ ကမ္ပည်းလေးလည်းထိုးထားလိုက်ပါ"

'မခင်ညို၊ အသက်နှစ်ဆယ့်လေးနှစ်' ဆိုပြီး တာဝန်ရှိသူကို လိုတာထက်ပိုပြီး ပေးလိုက်သည်။

မခင်ညို ကသစ်နီစံအိမ်ကြီးသို့ ရောက်လာသည်။ကလေးထားခဲ့သည်ဟု သူလုံးဝမသိ၊ ဂူသွင်းသင်္ဂြိုလ်ပေးလိုက်ကြောင်း သူက ကသစ်နီသို့ဖွင့်မပြောဝံ့သလို 'မခင်ညိုလာသွားတယ်'ဟူ၍လည်း သူ့ကို ဘယ်သူကမှ ပြန်မပြောခဲ့ကြပါ။

ကသစ်နီစံအိမ်ကြီးမှာ ကြီးရုံမက ကျယ်ဝန်းပြီး၊ ဒေါ်ခင်မျိုးထိုက်က ခမ်းခမ်းနားနားနေတတ်၍ အစေအပါးအိမ်ဖော်များစွာ ရှိကြသည်။ အားလုံးနောက်ဘက်ဆောင်မှာသာ နေကြရပြီး အိမ်ရှေ့ကခေါ်မှ အိမ်ရှေ့သို့ လာခွင့်ရှိသည်။

ဘယ်သူတွေ ထွက်၍ ဘယ်သူတွေ အစားဝင်ပြီးဘာတာဝန်တွေ ယူနေကြသည်ဟု နောက်ဖေးချောင်ကိစ္စကို သူဌေးသားကိုမောင်မောင်မြတ်ဦး မသိ။

မခင်ညိုနှင့်ကိစ္စဖြစ်ပြီးမှ နောက်ဖေးချောင်နှင့်လည်း ကင်းကင်းနေ၍ သူတို့၏ စံအိမ်တော်ကြီးအတွင်းမှာ ငါးနှစ်သမီးလေး တစ်ယောက် ရောက်ရှိနေသည်ဟူ၍ပင် ကိုမောင်မောင်မြတ်ဦး

လုံးဝမသိခဲ့ပါ။

သည်လိုနှင့် လွန်ခဲ့သော ခုနစ်လခန့်ကမှ မခင်ညိုကို လာပို့ဖူးသော သဖန်းဆိပ်ရွာမှ ဒေါ်မြစိန်နှင့် သူတို့ခြံထိပ်မှာ ဆုံသည်။

"အဒေါ့်ကို တံခါးဖွင့်မပေးရဘူးလို့ မောင်မြတ်ဦးအမေက ပြောလို့ လှည့်ပြန်တော့မလို့ပဲ။ မင်းကား ရောက်လာတာနဲ့ အတော်ပဲ"

"အဒေါ်ကြီးက ဘယ်သူလဲ"

"ကျုပ်က ခင်ညိုရဲ့ ကြီးတော်ဝမ်းကွဲပါ၊ မင်းရဲ့ကလေးကိုလည်း ကျုပ်ကပဲ မွေးခဲ့ ကျွေးခဲ့ရတာပါ"

"ဘာတွေ လာပြောနေတာလဲ"

"ခင်ညိုနဲ့ မင်းနဲ့ရတဲ့ ကလေးကို ဒီမှာ ခင်ညိုလာပို့ပြီး အပြန်လမ်းမှာ လဲကျပြီး သေသွားတာတဲ့"

"ဟာဗျာ"

"ကျုပ်ကလည်း သားခေါ်လို့ သူတာဝန်ကျတဲ့ ရခိုင်ပြည်နယ် ရသေ့တောင်ကို လိုက်သွားရတာ ကြာလှပေါ့။ ခုမှ ပြန်ရောက်လို့ ကလေးကို လာတွေ့တာ"

ဦးမောင်မောင်မြတ်ဦး ကြောင်နေဆဲမှာပင် . . .

"ဝင်ခွင့် မပေးဘူး ဆိုလို့ လှည့်ပြန်ရတော့မှာပေါ့တော။ မင်းနဲ့ ခင်ညိုနဲ့ ရတဲ့ကလေး၊ ခင်ဦးလေးကို ဒီတိုက်ကြီးထဲမှာ ကောင်းကောင်းမွန်မွန် ခေါ်ထားတာပဲ၊ ကျေးဇူးကြီးလှပါပေရဲ့၊ ကျုပ်ပြန်ပါတော့မယ်"

မျက်နှာထားတင်းတင်းနှင့် မကျေမချမ်းပြောပြီး ထွက်သွားသော အဘွားကြီးကို ငေးကြည့်ရင်း ဦးမောင်မောင်မြတ်ဦး ချောက်ချားတုန်လှုပ်ခြင်း ကြီးစွာဖြင့် ကသစ်နီစံအိမ်ကြီးထဲသို့ ဝင်ခဲ့သည်။

"ခင်ဦးငါးနှစ်သမီးအရွယ်မှာ အမေက ဒီအိမ်ကြီးကို လာပို့သွားတာပါ၊ အမေ့ကို အဲဒီထဲက မတွေ့ရတော့တာပါ"

"အဖေကတော့ သေပြီလို့ အမေက ပြောပြထားပါတယ်"

ဆိုသော စကားများကို ခင်ဦးနှင့် တိုက်ရိုက်မေးမြန်းရာမှ သိခဲ့ရသည်။

ခင်ဦးသည် မခင်ညိုနှင့်တူသလို မိမိနှင့်လည်းတူသည့်အတွက် . . .

"သမီးလေး"

ဟူသော အသိအမှတ်ပြုစိတ်နှင့် မခင်ညို သေဆုံးသည့် ဆယ့်ငါးနှစ်မြောက်နေ့တွင် သချိုင်းဂူရှေ့မှာ ရင်ဖွင့်ခဲ့သော ဦးမောင်မောင်မြတ်ဦးမှာ . . .

II II II

"မငိုနဲ့တော့လေ သမီးလေး၊ သမီးလေးရဲ့ ရှေ့မှာ ဖေဖေ ရှိနေပြီလေ"

"ဘွားဘွားကြီး ဒေါ်ခင်မျိုးထိုက်ကို ကြောက်တယ်"

"မကြောက်နဲ့၊ မကြောက်နဲ့တော့ကွယ်၊ ဖေဖေအားလုံးကို ရင်ဆိုင်တော့မယ်လို့ ဆုံးဖြတ်ပြီး သမီးကို အလုံးစုံဖွင့်ပြောခဲ့တာ၊ ဒီမြို့လေးက ဒီတိုက်လေးမှာ ဖေဖေနဲ့ သမီးမေမေ ဆုံတွေ့နေကျလေ၊ မခင်ညို သိပ်ပျော်ခဲ့တဲ့ နေရာလေးပေါ့ကွယ်"

ဥညောင်ပင်သာမြို့မှ နွေရာသီအပန်းဖြေသည့် တစ်ထပ်တိုက်ကလေးအတွင်းမှာ 'မခင်ညိုသိပ်ပျော်ခဲ့တဲ့နေရာလေး' ဟု ဆိုသဖြင့် မေမေ၏အငွေ့အသက်ကလေးရသလိုပင် ခင်ဦး၏ စိတ်ထဲမှာ ခံစားရသည်။

မိခင်၏ အငွေ့လေးနှင့် ဖခင်ဆိုသောသူ၏ မေတ္တာအတွေ့ကြောင့် ခင်ဦး ပို၍ပင် ဝမ်းနည်းစွာ ရှိုက်ငိုနေ၍ . . .

"မငိုနဲ့တော့ ငါ့မြေးရယ်၊ ဘွားလေးသိုက်ကတော့ ဝမ်းသာတယ်သိလား၊ ဘာမှလည်း ကြောက်မနေနဲ့၊ ဒါကသူတို့သားအမိချင်း ဖြေရှင်းရမယ့်ကိစ္စ"

"ဟုတ်တယ် ဒေါ်လေးသိုက်၊ ကျွန်တော် သမီးကို ဒီမှာပဲ ထားတော့မယ်၊ လိုအပ်တာ အားလုံးဖြည့်ပေးမယ်။ သမီးကို စောင့်ရှောက်ဖို့ ဒေါ်လေးသိုက်လည်း ဒီမှာပဲ နေခဲ့တော့"

"ဒါတော့ ဘယ်ဖြစ်မှာလဲ မောင်ဦးရယ်၊ ငါ့မှာကလည်း ထောင်ဝင်စာတွေ့ဖို့ ရှိနေသေးတယ်လေ"

"အဲဒီ ကိုကံကြီးမောင် ကိစ္စကိုပါ ကျွန်တော်တစ်ခါတည်း တာဝန်ယူပါ့မယ်၊ သူလည်း လွတ်တော့မှာ မဟုတ်လား"

"မင်းကသာ စီစဉ်နေတာ၊ မမထိုက်သိရင် မလွယ်ဘူးနော်"

"ကျွန်တော် ရင်ဆိုင်ပြတ်သားတော့မယ် ဒေါ်လေး၊ မေမေ ကျွန်တော့်ကို အပြတ်မလုပ်ရဲပါဘူး။ မေမေ့ကိစ္စတွေ ကျွန်တော့် လက်ထဲမှာ အများကြီး"

သူတို့သားအမိ၏ ဇာတ်ရှုပ်ကိစ္စ ဆိုသည်များကို ဒေါ်ခင်မျိုးသိုက်ရော ခင်ဦးကပါ စိတ်မဝင်စားကြပါ။

"သမီး ခင်ဦး"

"ရှင်"

"ဖေ့ဖေ့ဘဝမှာ သမီးဟာ ဖေဖေ့ရဲ့ တစ်ဦးတည်းသော သမီးကြီးပဲ၊ ခုချိန်ကစပြီး သမီး ပင်ပန်းခဲ့ရတာတွေ၊ အနှိမ်ခံခဲ့ရတာတွေ၊ စိတ်ဒုက္ခရောက်ခဲ့ရတာတွေ၊ အားလုံးပြီးဆုံးပြီလို့ မှတ်လိုက်တော့နော် သမီး"

ခေါင်းငုံ့ထားသော ခင်ဦးက ခေါင်းညိတ်ပြလိုက်သည်။

"တို့နှစ်ယောက်ရဲ့ သမီးလေးကို 'ခင်ဦး' လို့ မှည့်ပေးသွားတာကအစ မင်းကို ကျေးဇူးတင်ပါတယ် မခင်ညို။ တို့သားအဖလည်း မင်းအတွက် ကုသိုလ်ကောင်းမှု တစ်ခုခုလုပ်ပြီး အမျှဝေပါ့မယ်၊ ရောက်လေရာဘဝက မင်းသာဓုခေါ်ပါ။ ပြီးတော့ ဝမ်းမြောက်ဝမ်းသာရှိပါ။ သမီးလေးအတွက်လည်းစိတ်ချလက်ချ ရှိပါ၊ ဖခင်ရဲ့တာဝန်ကို ကျေပွန်စေရပါမယ်ကွယ်"

။ ။ ။

ထိုနေ့ မနက်မှာပင် ဒေါက်တာမျိုးဝေဆိုသူ၏ အကြောင်းကို ကိုစိုးလတ် သိခဲ့ရသည်။ လူချင်းဖြင့် တွေ့ခွင့်မရ။ ရှောင်နေသည်လား၊ တကယ် ခရီးသွားနေသည်လားဖြင့် မသိခဲ့နိုင်။

"ဒေါက်တာမျိုးဝေ"

ဟူ၍ ဦးစောရန်ရှင်းတို့ အားကိုးနေသောသူမှာ ဆရာဝန်တစ်ယောက် မဟုတ်ပေ။ သို့သော် ဆေးပညာနှင့်ဖြင့် စိမ်းသူမဟုတ်။ တစ်ချိန်က မေးလ်နာ့စ် (Male Nurse) ခေါ် အမျိုးသားသူနာပြု တစ်ယောက်ဖြစ်ခဲ့ပြီး၊ ဆေးရုံမှ ဆေးခိုးထုတ်မှုတစ်ခုတွင်ပါဝင်၍အလုပ်ပြုတ်ပစ်ဒဏ်ခံရပြီးနောက်မှ ဤစခန်းမြို့သို့ ရောက်ရှိလာပြီး၊ တိတ်တိတ် ဆေးကုနေသော၊ ဆေးထိုးအပ်ကိုင်နေသော ဒေါက်တာရမ်းကု တစ်ယောက်သာ ဖြစ်ကြောင်း

ကိုစိုးလတ် စုံစမ်းခဲ့သဖြင့်၊ တစ်ဆင့်ပြီးတစ်ဆင့် သိရှိခွင့်ရခဲ့ခြင်း ဖြစ်သည်။

စားဆေးထိုးဆေးများအကြောင်း အသင့်အတင့် နားလည်ပြီး ဆေးထိုးတတ်သော ကိုမျိုးဝေဆိုသူမှာ ဆရာဝန်ညွှန်ကြားချက် မပါဘဲ ဆေးထိုးအပ် ကိုင်ခွင့်မရှိဘဲ၊ ဆေးကုသခွင့် မရှိသူဖြစ်ပါလျက် . . .

'ဘာကြောင့်များ ဦးစောရန်ရှင်းတို့က သမီး လူမမာအတွက် ဆေးကုခိုင်း နေရတာလဲ"

"စိတ္တဇဝေဒနာသည်ဟု လူမသိစေချင်၍ပဲလား"

ဤကိစ္စ၏အဖြေကို ဆက်လက်၍ မရှာဖွေနိုင်သေးဘဲ၊ မခင်ဦး ရှိနေသည်ဆိုသော ညောင်ပင်သာမြို့သို့ ထိုနေ့ညထွက်သော ခရီးသည်တင် အဝေးပြေးကားကြီးဖြင့် ကိုစိုးလတ် လိုက်လာခဲ့သည်။

ညောင်ပင်သာဆိုသော တောင်ပေါ်မြို့လေးမှာ ယခင်က ရွာအဆင့်သာ ရှိသော်လည်း ယခု တွဲဘက်အထကနှင့်တိုက်နယ်ဆေးရုံလေးနှင့် မြို့အဆင့်တိုးမြှင့်ထားခဲ့ပြီ။

လူဦးရေ တိုးတက်များပြားခြင်း မရှိလှ။ အိမ်ခြံမြေချင်း မနီးကပ်လှ၍ ဤတောင်ပေါ်မြို့ငယ်လေးမှာအေးငြိမ်းချမ်းမြေ့လှသည်။ ဤညောင်ပင်သာနှင့် မိုင်ရှစ်ဆယ်ခန့်ကွာဝေးသောနေရာတွင် ကျွန်းပင်သာဆိုသော ချစ်စရာ ရွာလေးတစ်ရွာ ရှိသည်။ စမ်းချောင်းလေး ကွေ့ပတ်စီးနေသော တောင်ထိပ်ပေါ်မှရွာကလေးသည်လည်း ယခု မြို့ငယ်အဆင့်မြှင့်ထားပြီ။

ကိုစိုးလတ် မရောက်ဖူးသေးချေ။

သို့သော် ယခုခရီးမှာပင် ညောင်ပင်သာနှင့် ကျွန်းပင်သာဆိုသောနေရာမှာဦးတောက်ထွန်းတို့နှင့် ပတ်သက်ခဲ့သော တုန်လှုပ်ချောက်ချားဖွယ် အံ့မခန်းဇာတ်လမ်းကြီးကို မမျှော်လင့်ပါဘဲနှင့် ကိုစိုးလတ် သိရှိခွင့် ရလိုက်တော့သည်။

॥ ॥ ॥

"ဟယ် . . . သူ ရောက်လာတယ်"

အံ့ဩသွားသော မျက်ဝန်းလေးနှင့်ကြည့်၍ ပြောပုံလေးက ကိုစိုးလတ်၏ ရင်ကို ခိုက်သွားခဲ့သည်။

အချစ်ဆုံးနှင့် ပြန်လည်တွေ့ဆုံရသူ တစ်ယောက်လို ကိုစိုးလတ် အရမ်းကို ပျော်သွားသည်။ ရင်တွေများခုန်အောင် ခံစားလိုက်ရသဖြင့် သိပ်ကို သေချာသည်။

သူ မခင်ဦးကို မြတ်မြတ်နိုးနိုး ချစ်မိခဲ့ပါပြီ။

အိမ်ဖော်မလေး တစ်ယောက် အဖြစ်နှင့်လည်း သနားကြင်နာစိတ်နှင့် ချစ်ခဲ့မိရုံမက . . .

တစ်ဘဝစာအတွက် တစ်ယောက်တည်းသောချစ်သူဖြစ်စေရမည်ဟူသော ခံယူချက်ဖြင့်၊ သူ မခင်ဦးလေးကို သည်းသည်းခိုက်မှ ချစ်ခဲ့ရသည်ဆိုသောအကြောင်းကို ယခု လာရောက်ပြောဆိုခြင်း ဖြစ်ကြောင်း . . .

'သိပ်အံ့ဩနေသော ကောင်မလေး မကြာခင်မှာပဲ သိခွင့်ရတော့မည်လေ...'

"ကိုစိုးလတ် ဘယ်ကိုလာတာလဲဟင်"

"မခင်ဦးဆီကိုပေါ့"

"မဟုတ်နိုင်ပါဘူး"

"ဘာလို့ မဟုတ်နိုင်ရမှာလဲဗျ၊ စခန်းမြိုင်မြို့ကို ရောက်ခဲ့တယ်၊ မခင်ဦးကိုတွေ့ဖို့၊ ဟော အခု ညောင်ပင်သာကို လိုက်လာတယ်၊ မခင်ဦးကို တွေ့ဖို့"

"မခင်ဦးကို တွေ့ဖို့"

"အမှန်အကန်ပါပဲ"

"ဘာကိစ္စလဲ"

"သိပ်အရေးကြီးပါတယ် မခင်ဦး"

"ရှင် . . . ဘာကိစ္စလဲဟင်"

"ကမ္ဘာပေါ်မှာ ရှိရှိသမျှသော လူသားအားလုံးက အရေးအကြီးဆုံးလို့ သတ်မှတ်ထားတဲ့ကိစ္စပေါ့"

"ဟာ . . . ဘာတွေလဲ၊ ဘာကိစ္စ ဒီအထိ လိုက်လာရတာလဲ၊ ဒီမှာ ခင်ဦးတို့ . . ."

"မခင်ဦး ဘာမှမပြောနဲ့၊ ကိုပဲအရင်ပြောမယ်။ ကိုလေ . . . မခင်ဦးကို . . ."

ထို့အချိန် တည့်တည့်မှာပင် တိုက်တိုက်ဆိုင်ဆိုင် . . .

"ဟယ် . . . မောင်စိုးလတ်ပါလား။ ကိုယ့်မျက်စိတောင်ကိုယ် မယုံချင်ဘူး။ဖွားလေးသိုက်တို့ ဒီမှာရှိတယ်ဆိုတာ မောင်စိုးလတ် ဘယ်လိုလုပ် သိလဲဟင်"

ချစ်သူမျက်နှာကို အားရပါးရကြည့်ပြီး၊ သူ့ရင်ထဲမှ ထုထည်ကြီးမားသော ချစ်ခြင်းမေတ္တာတရားများကို ဖွင့်လှစ်ပြသကာနီးဆဲဆဲတွင်မှ ရောက်လာတဲ့ အဘွားကြီးကို ကိုစိုးလတ် ပြုံး၍ပင် မပြချင်တော့ဘဲ . . .

"နောင်က ပြောလို့ သိတာပါ၊ ဒီမြို့ကျဉ်းကျဉ်းလေးမှာ ဦးမောင်မောင်မြတ်ဦးတို့ အနားယူလေ့ရှိတယ်ဆိုတဲ့ နေရာကို ရှာရတာ အလွယ်ကလေးပါ"

"ကိစ္စရော ရှိသလား"

"မရှိပါဘူး"

"ဒါဖြင့် အေးအေးဆေးဆေး အနားယူလိုက်ဦးလေ၊ မောင်ဦး တော့ လိမ္မော်ခြံတွေဘက် သွားတယ်"

ဖွားလေးသိုက် စကားအဆုံးမှာ အချစ်ရဆုံး ခင်ဦးကလည်း တက်ကြွစွာပင် . . .

"ဟုတ်တယ်၊ တစ်ညလုံး ကားစီးလာရတာ ပင်ပန်းမှာပေ့ါ။ ရေအရင်ချိုးလိုက်နော်၊ ခင်ဦးရေနွေးစပ်ပေးမယ်၊ပြီးတော့ခေါပုပ် ကြော်ထားမယ်။ ကော်ဖီမစ်နဲ့ သောက်ကြရအောင်၊ ပေးလေ အိတ်ကြီး၊ လာ၊ ကိုစိုးလတ်အတွက် အခန်းသီးသန့် ရှိပါတယ်။ ဒီအိမ်မှာက အခန်းတွေ အများကြီး ကိုစိုးလတ်ရဲ့"

ခင်ဦးသည် နောက်တစ်ယောက် ဖြစ်သွားသလိုပင် သွက် လက်ဖြတ်လတ်နေ၏။

ညှိုးမှိန်အားငယ်နေသော မျက်ဝန်းလေးမှာလည်း ရွှန်းစို တောက်ပစွာ အားပြည့်နေ၍ . . .

ကသစ်နီစံအိမ်ကြီး၏ အရိပ်က လွတ်သွား၍ ရွှင်လန်း တက်ကြွနေရှာသည်ဟုပင် ကိုစိုးလတ် သတ်မှတ်မိသည်။

ခင်ဦးသည် အိမ်ဖော်ဆိုသောအဆင့်မှ သူဌေး၏သမီးကြီး ဆိုသော ဘဝသို့ ချက်ချင်းပြောင်းလဲသွားပြီး သိပ်ကို ဝမ်းသာ

ကျေနပ်နေသော အချိန်ဖြစ်နေကြောင်း ကိုစိုးလတ် မသိရှာသေး။

ရေတစ်ဝကြီး ချိုး၍ အဝတ်သစ်လဲကာ ပြုံးရွှင်တက်ကြွနေသော ချစ်သူ၏မျက်နှာကိုကြည့်ပြီး ကော်ဖီသောက်နေဆဲမှာပင်

"မောင်စိုးလတ် လိုက်လာတယ်လား။ ကိစ္စအထူးရှိသလား"

"ဟုတ်ကဲ့ ဒီနယ်မြေတစ်ဝိုက်မှာ လေ့လာစရာလေးရှိနေလို့ပါ၊ အန်ကယ်လ်တို့ညောင်ပင်သာရောက်နေတယ်ဆိုလို့လိုက်လာခဲ့တာပါ၊ ကျွန်တော့်အတွက် အနှောက်အယှက်များ ဖြစ်ပါသလား၊ ဖြစ်ရင် အားမနာပါနဲ့နော်၊ ကျွန်တော် တည်းခိုခန်းတစ်ခုခုမှာပဲ . . ."

"မဖြစ်ပါဘူး။ သမီးနဲ့လည်း ခင်နေကြတာပဲ"

"ဒီက သမီးနဲ့လေ၊ ခင်ဦးနဲ့လေ၊ အဲဒါ အန်ကယ့်လ် သမီးရင်း မောင်စိုးလတ်"

"ဟာ"

"စခန်းမြိုင်က သချိုင်းဂူမှာ တို့သုံးယောက် ဆုံကြတာ မှတ်မိမှာပေါ့နော်"

"ဘယ်မေ့ပါ့မလဲခင်ဗျာ"

"အေး၊ အုတ်ဂူထဲက မခင်ညိုဆိုတဲ့ ကွယ်လွန်သူဟာ အန်ကယ်လ်ရဲ့ဇနီး၊ သူက မခင်ညိုနဲ့ အန်ကယ်လ်တို့ရဲ့ တစ်ဦးတည်းသော သမီးလေး ခင်ဦး"

ကိုစိုးလတ်မှာ ခက်ရင်းနှင့် ထောက်၍ ကိုင်ထားသော ခေါ်ပုတ်ကြော်ကို လွှတ်ချလိုက်တာလား။ လွှတ်ကျသွားတာလား

ဟူ၍ မသိနိုင်လောက်အောင်ပင် အံ့သြခြင်းကသူ့သတိတရား အပေါင်းကို လွတ်ထွက်သွားစေသည်။

ပြုံးလဲ့ကြည်ရွှင်နေသောမျက်နှာလေးနှင့် သူ့ကို လှမ်းကြည့်နေသော မခင်ဦးကိုကြည့်၍ သူ့ရင်ထဲတွင် ပြင်းထန်စွာ လှုပ်ရှားလာသည်။

ဆန်းသစ်သော ခံစားမှုက သူ့ရင်ထဲမှ "မျှော်လင့်ခြင်းများ" ကို ပြန်ယူ၍ မရနိုင်သည့်နေရာများဆီသို့ တိုင်အောင် ဆောင်ကျဉ်းသွားလေပြီဟု ခံစားလိုက်ရသည်။

ဦးမောင်မောင်မြတ်ဦးဆိုသော လုပ်ငန်းရှင်၏သမီး၊ ဒီပြည်နယ်တစ်ဝိုက်မှာ အချမ်းသာဆုံးသော ဒေါ်ခင်မျိုးထိုက်၏ မြေးဟု သိခွင့်ရပြီးချိန်မှာ . . .

"ခင်ဦးကို ချစ်တယ်၊ လက်ထပ်ပါရစေ"

ဆိုသော စကားမျိုးကို သူဘယ်လိုရင်မျိုးနဲ့ တင်ပြရမလဲ။ ဘယ်လိုမျက်နှာမျိုးနဲ့ ပြောကြားရမလဲ ဆိုသော အသိကြောင့် နှလုံးသားသည် ချက်ချင်းပင် ဒဏ်ရာတစ်ခုခု ရလိုက်သလို နာကျင်လာခဲ့သည်။

သူစခဲ့သည့်အချစ်က အိမ်ဖော်မလေး ခင်ဦးဆိုသော သနားကြင်နာခြင်းက စခဲ့သည့် ချစ်ခြင်းမေတ္တာ။

ဤရင်တွင်းသစ္စာကို ဖွင့်ပြောခွင့်ရမည့်အချိန်က သူဌေးသမီးလေးခင်ဦးဖြစ်နေခဲ့လေပြီ။

လူသားတစ်ယောက်၏ ပြောင်းလဲခြင်းသည် ကျန်လူသားတစ်ယောက်အတွက် လိုက်မမီနိုင်လောက်အောင် ဝေးကွာခြားနား

သွားတတ်ပါလားဟူသော အသိကြောင့် . .

ကိုစိုးလတ်၏ နှလုံး ကြေပျက်သွားတော့မလောက် . . .

ကိုစိုးလတ်၏ ဘဝ ဆောက်တည်ရာမဲ့သွားတော့မလောက် နီးနီး ခံစားလိုက်ရ၏။

ဤခံစားမှုများ ပြင်းထန်လေ၊ ခင်ဦးဆိုသော မိန်းကလေး အပေါ်ထားရှိသော အချစ်သစ္စာသည် ကြီးမားလေလေပါပင်။

နှလုံးသားကို ပိတ်ဆို့ထားရသဖြင့် ရင်ထဲမှာ တင်းကြပ် နာကျင်နေသော ခံစားမှုများဖြင့် သူခြံထဲက ထွက်လာခဲ့သည်။

Ⅱ Ⅱ Ⅱ

ဤမြို့ငယ်လေးအတွင်းမှာ အခြား အသိမရှိပါ၍ ကိုစိုး လတ်၏ ဦးတည်ရာနေရာလည်း မရှိပါ။ ဘယ်ကိုသွားမည်ဟူ သော ရည်ရွယ်ချက်မရှိပါဘဲနှင့် ကိုစိုးလတ်သည် တောင်ကုန်း မြင့်ပေါ်မှ ဆင်ခြေလျှောအတိုင်း ဆင်းသက်လာခဲ့သည်။

ခင်ဦးတို့ ခြံကြီးကို ကာရံထားသော သံဆူးကြိုးများ စည်း ဝိုင်းကို ကျော်လွန်လိုက်သည်နှင့် . . .

ဤခြံကြီးအတွင်းသို့ လှမ်းမျှော်ကြည့်နေသည့် လူခပ်ပိန် ပိန် တစ်ယောက်ကို ကိုစိုးလတ် သတိထားလိုက်မိသည်။

သို့သော် သူ့ကို သတိမထားမိဟန်ဖြင့် ကိုစိုးလတ်က

ဂျာကင်အကျႌအိတ်ထဲသို့ လက်နှစ်ဖက်ကို နှိုက်၍ ဆက်လက် လျှောက်သွားချိန်မှာ . . .

"ဒီ . . . ဒီမှာ"

အသံက ကွဲအက်အက်၊ ပြာနှမ်းနှမ်း၊ အတော်ကြီး အားနည်းနေပုံလည်း ရသည်။

"ဘာကိစ္စလဲဗျ"

"မောင်ရင်က ဒီ... ဒီအိမ်မှာ နေတာလား"

"ဟုတ်တယ်၊ ဘာကိစ္စ ရှိလို့လဲ"

အသက် လေးဆယ်ကျော် လောက်ရှိမည်။ ငယ်စဉ်က သင့်တင့်သော ရုပ်ရည်ရှိခဲ့မည့် မျက်နှာဖြစ်သော်လည်း သူဖြတ်သန်းခဲ့ရသော ဘဝ၏ ကြမ်းတမ်းခက်ခဲမှုများက သူ့ရုပ်ကို ဆွဲချထားသလို ပိန်ချိုဖျော့တော့နေသည်။

"ဦးလေး စခန်းမြိုင်ကို ရောက်ခဲ့တယ်။ ဒီ . . . ဒီကိုသွားကြတယ်ဆိုလို့ လိုက်လာတာ"

"ဦးလေးက ဘယ်သူလဲ၊ ဘာကိစ္စလဲ"

"ဦးလေးက ကံကြီးမောင်ပါ၊ အမေ့ကို တွေ့ဖို့ လာခဲ့တာ ခြံထဲ မဝင်ရလို့"

"အမေ့ကို တွေ့ချင်လို့ဆိုတာ ဘွားလေးသိုက်ကို ပြောတာလား"

"ဟုတ်ပါတယ်၊ ဒေါ်ခင်မျိုးသိုက်ရဲ့သားပါ"

"ဟာ"

"သူတို့ ရှိနေရင် ဦးလေးကို မောင်းထုတ်ကြလိမ့်မယ်၊

အမေ့ကို ခဏလောက် ခေါ်ပေးပါလားကွယ်”
“ဦးလေး ဦးကံကြီးမောင် ဆိုတာ အထဲမှာဆို”
“ဟုတ်ပါတယ်၊ အခုမှ ထောင်ကလွတ်လာတာပါ”
ကံကြီးမောင်ဆိုသော်လည်း ကံမကြီးရှာသည့် ပုဂ္ဂိုလ်ကြီးကို ကြည့်၍ . . .
“အိမ်ထဲမှာ ဦးမောင်မောင်မြတ်ဦးတော့ မရှိဘူး၊ ဒါပေမယ့် အိမ်ထဲထိ မလိုက်ခဲ့နဲ့ဦး၊ ကျွန်တော် ဘွားလေးသိုက်ကို အရင်သွားမေးကြည့်ပေးမယ်”
ဦးကံကြီးမောင်က ခေါင်းညိတ်ပြီး နေရာမှာပင် ရပ်၍ကျန်ရစ်သည်။
သူသည် အရာခပ်သိမ်းကို ကြောက်ရွံ့နေပုံရသည်။ သူဖြတ်သန်းခဲ့ရသော ထောင်သားဘဝမှာ သူ၏ဆိုးသွမ်းမှုများ၊ မာနများ၊ ရက်စက်ခက်ထန်ခြင်းများ အားလုံး ကျဆုံးသွားခဲ့ပြီးပုံရသည်။
ယခု ရပ်သွင်မှာ အားငယ်ခြင်းနှင့် အားလုံးကို အရှုံးပေးခြင်းဆိုသော သိမ်ငယ်မှုများနှင့် လက်ကျန်ဘဝကို ဖြတ်သန်းတော့မည့် အနေအထားမျိုးနှင့် ဦးကံကြီးမောင်။
ဘွားလေးသိုက်ကို ပြောပြလိုက်သည့်အခါမှာ . . .
“မြတ်စွာဘုရား၊ ဒါနဲ့ လွတ်ဖို့ လေးငါးလတောင် လိုသေးတယ်ဆို”
“ထောင်ဆိုတာ ထောင်ရဲ့စည်းကမ်းလိုက်နာရင်၊ အထဲမှာ ပြစ်ချက်ထပ်ပြီး မကျူးလွန်ရင် လျှော့ရက်တွေ ရတယ်လေ။

ကဲ၊ ကျွန်တော် သွားခေါ်ခဲ့ရမလား။ ဘွားလေးသိုက် လိုက်တွေ့မလား"

"ခေါ် . . . ခေါ်ခဲ့ပါကွယ်။ ရင်တွေခုန်လွန်းလို့ ခြေလှမ်းတွေ မလှမ်းချင်တော့ဘူး"

ခင်ဦးက ဖွားလေးသိုက်ကို တွဲ၍ ဖေးမထားချိန်မှာ ကိုစိုးလတ်နှင့် ဦးကံကြီးမောင်တို့ ဝင်လာကြသည်။

"သား . . . သားကြီးရယ်"

ပုံလဲသွားတော့မလောက် ချောက်ချား တုန်ရီနေရှာသော ဒေါ်ခင်မျိုးသိုက်ကို ဦးကံကြီးမောင်က ဆီးဖက်ပြီး သားအမိနှစ်ယောက် ငိုနေကြတော့သည်။

နှလုံးသား နူးညံ့ရှာသော ခင်ဦးကလည်း ဝိုင်း၍ ငို၏။

ကိုစိုးလတ်ပင်လျှင် ဤသားအမိ၏မြင်ကွင်းကြောင့် ရင်ထဲမှာ ထိခိုက်သွားသည်။ မျက်ရည်ဖြင့် မဝိုင်းဖြစ်ပါ။

ဦးကံကြီးမောင်ကို ရေမိုးချိုးစေပြီး ဦးမောင်မောင်မြတ်ဦး၏ အိမ်နေရင်း အဝတ်အစားတစ်စုံကို လဲလှယ်ပေးလိုက်သည်။ ခင်ဦး ပြင်ကျွေးသော ထမင်းဟင်းလျာကောင်းများကို ဦးကံကြီးမောင် ကောင်းကောင်း မစားနိုင်ရှာပါ။ မျက်နှာလည်း မကောင်း၍ . . .

"ဘာမှ အားမငယ်နဲ့သား၊ သားလွတ်လာရင် ကသစ်နီစံအိမ်ကြီးထဲမှာလည်း မနေတော့ဘူး၊ တို့သားအမိ နှစ်ယောက် တစ်နေရာရာမှာ ဖြစ်သလို လုပ်ကိုင် စားသောက်ကြမယ်လို့ အမေ စိတ်ကူးပြီးသား သားရဲ့"

အသက်ခြောက်ဆယ်ကျော် အဘွားအို မိခင်တစ်ယောက်၏ အားမာန်က အရာခပ်သိမ်းကို တွန်းလှန်၍ သားအတွက် အသက်ရှင်မည်ဆိုသော ခံယူချက်နှင့်ပါလား။

ဦးကံကြီးမောင်က တက်ကြွခြင်းကင်းစွာဖြင့် ခေါင်းလေးသာ ခါယမ်းသည်။ ယမ်းသည့် အဓိပ္ပာယ်ကိုလည်း သူကိုယ်တိုင်ပင် တိကျခြင်းမရှိ။ သားအမိနှစ်ယောက် တခြားမှာနေကြမည်ဆိုသည်ကို မဖြစ်နိုင်ဟု ပြောခြင်းလား၊ ဒီလိုမလုပ်ပါနှင့်ဟု ပြောလိုခြင်းလား၊ မကွဲပြား။

အနာဂတ်ပျောက်ဆုံးနေသော သူတစ်ယောက်အတွက် တွေဝေခြင်းမှလွဲ၍ ပြတ်သားစွာ ဘာကိုမှ မဆုံးဖြတ်ရဲချိန်။

"အားမငယ်ပါနဲ့ သားရယ်။ အမေတစ်ယောက်လုံး ရှိပါတယ်၊ ကသစ်နီကို မပြန်ဘဲ ဒီမှာဖြစ်ဖြစ် နေတန်နေကြမယ်လေနော်။ သား"

ကလေးငယ်လေး တစ်ယောက်လို ချော့မော့နှစ်သိမ့်နေရှာသည်။ ခင်ဦးက သူတို့ကို ကြည့်ပြီး . . .

"ဖွားလေးသိုက်တို့ နှစ်ယောက်တည်း ဘယ်မှ သွားနေစရာမလိုပါဘူး။ ခုနေခါမှာ ခင်ဦး ဘာပဲပြောပြော အဖေက လက်ခံမှာ၊ ခင်ဦး အဖေ့ကို ပြောပေးမယ် သိလားဖွားလေးသိုက်"

"အမေ၊ သူက ဘယ်သူလဲ"

"မင်း ထောင်မကျခင်ကတည်းက ခင်ဦး အမေတို့ဆီ ရောက်နေပါပြီ၊ ဒါပေမယ့် ဒီအကြောင်း ဘာမှ မပြောရဲလို့ ရေငုံနေခဲ့ရတာ သားရဲ့။ ခုတော့ သားအဖချင်း သိခွင့်ရသွားပြီ

လေ၊ သူက မောင်ဦးနဲ့ ခင်ညိုတို့ရဲ့ သမီးလေး”

“ဟုတ်လား၊ ဒါဆို ကျွန်တော့်ရဲ့ တူမလေးပေါ့”

“ဟုတ်တယ်ဦးလေး၊ ဦးလေးအကြောင်းကို ဖွားလေးသိုက်ပြောပြလို့ ခင်ဦးက အားလုံး သိပြီးသားပါ။ ဦးလေးစားဖို့ ထောင်ထဲကို ပို့ရတဲ့ အစားအသောက်တွေဟာ ခင်ဦး လက်ရာတွေအများကြီး ဦးလေးရဲ့”

“ဟုတ်လား၊ ဦးလေးကို ခုလို ပြောဆိုဆက်ဆံတာပဲ ဝမ်းသာလှ၊ ကျေးဇူးတင်လှပါပြီ”

“ဆွေမျိုးတွေပဲ ဦးလေးရာ”

ကိုစိုးလတ်သည် ခင်ဦး၏ စကားပြောဆိုနေပုံ၊ သွက်လက်စွာ လှုပ်ရှားနေပုံများကို ကြည့်ပြီး ကြည်နူးနေမိပါသည်။ ဘဝ၏ ဆန့်ကျင့်ဘက် စာမျက်နှာသို့ ချက်ချင်းကြီး ကူးပြောင်းသွားခဲ့လေပြီ။

ကိုစိုးလတ်ကိုချည်း မကြာခဏလှမ်းကြည့်နေသော ဦးကံကြီးမောင်ကို ပြုံးပြလျက် . . .

“ကျွန်တော် အပြင်ထွက်နေပါ့မယ်။ ပြောစရာရှိတာတွေ လွတ်လွတ်လပ်လပ် ပြောကြပါ”

ကိုစိုးလတ် တိုက်၏ အပြင်ဘက်သို့ ထွက်လာခဲ့သည်။

ညက ကျဆင်းခဲ့သော နှင်းပွင့်နှင်းစက်တို့သည် နံနက်ဦးနေရောင်ခြည်ကြောင့် မြေပေါ်သို့ ကြွေကျစိမ့်ဝင်ကာ ဘဝပျောက်သွားကြရှာပြီ။ ဤတောင်ပေါ်မြို့လေး၏ သဘာဝအရ ညတွင် နှင်းရည်နှင်းစက်တို့အောက်မှာ ခိုက်ခိုက်တုန်အောင် ချမ်းခဲ့သော်

လည်း နေ့အချိန်မှာ နေရောင်ခြည်ဖြင့် နွေးထွေးခဲ့ရပေသည်။

သဘာဝတရားသည် ပုံမှန်စွာ လည်ပတ်လျက်ရှိသော် လည်း လူသားတို့၏ နှလုံးသားခံစားမှုများသည် ပုံမှန်လည်ပတ် ခြင်း သို့မဟုတ် ထာဝရ တည်ငြိမ်နေခြင်းမျိုး အလျဉ်းမရှိပေ။

ပြောင်းလဲသွားသော၊ ပြောင်းလဲသွားတတ်သော အခြေ အနေပေါ်မှာ မူတည်ပြီး လူသားတို့၏ ခံစားမှုကလည်း ပြောင်း လဲရသည်။

မခင်ဦးနှင့် ပတ်သက်၍ သူသည် ဆုံးရှုံးသူတစ်ယောက် လို နာကျင်စွာ ခံစားနေရပါ၏။

"ကိုစိုးလတ် အပြင်သွားမလို့လား"

"စောစောကတော့ သွားမလို့ပဲ၊ ခုတော့ ဘာလုပ်ရမှန်း တောင် မသိတော့ပါဘူးဗျာ"

"ဒါဆိုလည်း မသွားပါနဲ့လား။ ဒီမှာပဲ ထိုင်လေ။ ခင်ဦး စားစရာတစ်ခုခု သွားလုပ်ခဲ့မယ်"

"ဟာ နေပါစေ၊ မနက်စာလည်း စားပြီးပြီလေ၊ ကျွန်တော် ဘာမှ မစားချင်တော့ဘူး"

"ဘွားလေးသိုက်တို့ သားအမိ နေကြပါစေဆိုပြီးမီးဖိုထဲဝင် တော့မလို့၊ ကိုစိုးလတ် ရပ်နေတာ တွေ့လို့ ခင်ဦး လာခဲ့တာ"

"ဒါဆို ဟိုတန်းလျားလေးမှာ ထိုင်ကြရအောင်လေ၊ ဖြစ် မလား"

ရွှန်းဝေသော ကိုစိုးလတ် အကြည့်ကြောင့် ခင်ဦး ခေါင်း ကလေး ငုံ့ပြီး . . .

"ဖြစ်ပါတယ်၊ ထိုင်ပါ"

ခြံထဲမှ သိပ်ပြီးမရှည်လျားသော ခုံတန်းလျားလေးပေါ်မှာ ခင်ဦးက မဝံ့မရဲ ထိုင်လိုက်သည်။

ကိုစိုးလတ် အနေနှင့် သူ့ရင်တွင်းမှ ချစ်ခြင်းမေတ္တာကို ဖွင့်ပြောပြီး မခင်ဦးဘက်က စဉ်းစားအဖြေပေးပါရန် ပြောကြားရမည့်အချိန်အခါကောင်း ဖြစ်သော်လည်းအခြေအနေကပြောင်းလဲသွားခဲ့ပြီမို့ သူ့နှလုံးသားကို ပိတ်ဆို့ထားရုံမှလွဲပြီး သူဘာမှ မပြောသင့်ပါဟု ကိုစိုးလတ် ဆုံးဖြတ်လိုက်သည်။

ညှို့ဝတ်ကျေချင်စိတ်ဖြင့် စကားပြောနေချင်သော်လည်း ဘာစကား စ၍ ပြောရမှန်းမသိအောင် အရှက်သည်းစွာ ခေါင်းလေး ငုံ့နေသော ခင်ဦးကို သူ ငေးကြည့်နေမိသည်။ ပြီးမှ ...

သူကပင် စကားလမ်းကြောင်းပြောင်းစေရန် အမှတ်မထင် မေးလိုက်ခြင်းဖြစ်ပါ၏။

"ဦးကံကြီးမောင်က ဘာအမှုနဲ့ ထောင်ကျနေတာလဲဟင်"

ခင်ဦး၏အဖြေကြောင့် ကိုစိုးလတ်တစ်ကိုယ်လုံး တောင့်မတ် ငြိမ်သက်သွားမိသည်မှာ အသက်ရှုဖို့ပင် မေ့သွားတော့မတတ်ပါပင်။

"လူသတ်မှုနဲ့ကျတာ၊ သူကတော့ မသတ်ပါဘူး၊ ဒါပေမယ့် ကံရှာပါလေ၊ ဦးတောက်ထွန်းက လွတ်သွားတယ်၊ ဒေါ်ခမ်းမွန်က နေရာတင် ပွဲခြင်းပြီးတဲ့၊ သူတို့ရဲ့ သမီးလေး နွေသစ္စာဆိုလား၊ နွေတော့ပါတယ်၊ အဲဒါကိုလည်း ခေါ်သွားပြီး သတ်ပစ်လိုက်ကြတာတဲ့"

"ဟား . . . ဟား"

"ကိုစိုးလတ် တအား အံ့သြသွားတယ်လား"

"သိပ်ကို အံ့သြစရာကောင်းတဲ့ တိုက်ဆိုင်မှုကြီးပါလား မခင်ဦးရယ်"

"ဟင် . . . ဘယ်လို"

"ကိုယ် အဲဒီကိစ္စကို လိုက်နေတာ၊ ရှာနေတာ၊ စုံစမ်းနေတာ"

"ကိုစိုးလတ်က စုံထောက်လား"

"စုံထောက်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီအကြောင်းကို စုံစမ်းနေတဲ့သူတစ်ယောက်ပဲ"

"ဘာအတွက်လဲ"

"နွေသဉ္ဇာကို ပြန်တွေ့ဖို့"

"အဲ . . .အဲ ဟုတ်တယ်၊ ခင်ဦးပြောတာ နွေသစ္စာဖြစ်နေတယ်၊ အမှန်ကဟုတ်တယ် နွေသဉ္ဇာ"

"အဲဒီအမှုအကြောင်းကို အမှန်အတိုင်း အသေးစိပ် သိချင်တယ် မခင်ဦးရယ်၊ ကျွန်တော့်ကို ကူညီပါလားဗျာ"

"ခင်ဦးက ဘာလုပ်ပေးရမှာလဲ"

"ဦးကံကြီးမောင်ဆိုတဲ့ လူဆီက အဖြစ်အပျက်မှန်ကို အစအဆုံး သိချင်တယ်"

"ဦးလေးက ပြောချင်လား၊ မပြောချင်လားတော့ မသိဘူး၊ ဒါပေမယ့် ခင်ဦး ပြောပေးပါ့မယ်လေ"

"ကျေးဇူးပြုပြီး ကူညီပါ၊ မခင်ဦးရယ်"

"ကိုစိုးလတ်ဆိုသူ ဧည့်သည်တစ်ဦး၏ ဆန္ဒကို ခင်ဦးကိုယ်တိုင်က ဖြည့်ဆည်းပေးချင်တာပါရှင်"

ဆိုသော ခင်ဦး၏ နှလုံးသားထဲမှ စကားသံများကို ခင်ဦး၏ မျက်ဝန်းများမှတစ်ဆင့် ကိုစိုးလတ် ရှုမြင်နားဆင်ခွင့်ရနေပါပြီ။

။ ။ ။

"ကံကြီးမောင်၊ မင်း ဦးကျော်ဟိုးရဲ့ အကြောင်းလည်း သိသားနဲ့၊ ဒီငွေတွေပြန်မဆပ်နိုင်ရင် မင်းကို အချုပ်ခန်းထဲ တန်းပို့မှာ"

"စိတ်ညစ်ရတဲ့အထဲဗျာ"

"မင်းကြီးဒေါ်ကြီး ဒေါ်ခင်မျိုးထိုက်ကလည်း သူ့စိန်လက်စွပ် ခိုးရောင်းပြီး မင်းဂျင်ကစားပစ်ကတည်းက မင်းမျက်နှာကြည့်ချင်တာ မဟုတ်ဘူးနော်၊ ဟေ့ကောင်၊ မင်းကို အချုပ်ထဲက လာထုတ်လိမ့်မယ်တော့မထင်နဲ့"

"ကိုတိုးမောင်၊ ကျုပ်လူသတ်ချင်နေတယ်နော်၊ ကျုပ် စိတ်ကို လာဆွမနေနဲ့"

"မင်း လူမသတ်ရဲပါဘူးကွာ"

"ခင်ဗျားကို ကျွန်တော်အရင်ဆုံး သတ်မိလိမ့်မယ်နော်၊

ခင်ဗျားပါးစပ် ပိတ်ထား”

“ငါ့မသတ်နဲ့လေကွာ၊ ငါက မင်းထွက်ပေါက်ကို ဖွင့်ပေးမလို့ကွ၊ ဒီတစ်ခါ အလုပ်ဖြစ်ရင် မင်း ငွေထုပ်ကြီးပိုက်ရမှာ သေချာတယ်မောင်”

“ဦးကျော်ဟိုးငွေ ဆပ်နိုင်ရင် တော်ပြီဗျာ၊ ဘာပဲလုပ်ရ လုပ်ရ”

“မင်း တကယ် လုပ်မယ်နော်”

“ဘာလုပ်ရမှာလဲ”

“ငါကိုယ်တိုင်လည်း မသိသေးဘူးကွ။ ငါ့ဆရာဆီကို လာဆက်သွယ်တာတဲ့၊ မင်းလို သတ္တိရှိတဲ့ လူနှစ်ယောက် လိုချင်လို့တဲ့”

ကံကြီးမောင်ကို မြှောက်ပြောခြင်း ဖြစ်၏။ကံကြီးမောင်သည် သတ္တိရှိသူမဟုတ်၊ မိုက်မဲရမ်းကားသူသာ ဖြစ်ချေသည်။

အမှန်မှာ ကိုတိုးမောင်ကိုယ်တိုင်လည်းဘာလုပ်ရမည်ဟု ရေရေရာရာ မသိချေ။

သူ့ဆရာဆိုသူထံသို့ ရောက်သွားသည့်အခါမှာလည်း....

“ငါ့ကိုလည်း တယ်လီဖုန်းနဲ့ အလုပ်အပ်တာ၊စရံပို့ပြီးပြီ၊ ကလေးရပြီးတာနဲ့ ကျန်ငွေပေးမယ်၊ ကိစ္စပြီးရင် မင်း တစ်သိန်း၊ မင်းတစ်သိန်း ရမယ်”

“တစ်သိန်း”

ကိုတိုးမောင်ရော၊ကံကြီးမောင်ပါ ပါးစပ်များပွင့်ဟသွားကြသည်။ လောဘမျက်ဝန်းများ အရောင်လက်လာသည်။ ဘာ

လုပ်ရမှန်း မသိသေးပါဘဲနှင့် ကံကြီးမောင် စိတ်ကူးပြီးပြီ။

"ကျော်ဟိုးဆိုတဲ့ ပြိတ္တာကြီးရဲ့ ငွေနှစ်သောင်းဆပ်ပြီးရင် ငါ့အတွက် ရှစ်သောင်းတောင် ကျန်ပါသေးလား"

သူ သည်သို့ တွက်ချက်နေဆဲ ကိုတိုးမောင်က . . .

"ကျွန်တော်တို့က ဘာလုပ်ရမှာလဲ၊ ကလေးရပြီးရင်ဆို တာ ဘာလဲ ဆရာ"

"မင်းတို့ ကလေးတစ်ယောက်ကို ပြန်ပေးဆွဲရမယ်"

"ပြန်ပေး ဟုတ်လား၊ ဘယ်အရွယ်လဲ၊ ကလေးက"

"ဆယ့်နှစ်နှစ်"

"ဟာ၊ အတော်ကြီးပြီပဲ၊ ဘာလုပ်ဖို့လဲ"

"အဲဒီကလေး ဆယ့်နှစ်နှစ်ပြည့်ပြီးမှ လုပ်စရာကိစ္စရှိလို့ နေမှာပေါ့ကွာ၊ ငါကိုယ်တိုင်တောင် ဘာမှန်းမသိပါဘူး ဆိုမှ"

"ဒါနဲ့ ကိုတိုးမောင်ကပြောတော့ လူသတ်ရမှာလိုလိုနဲ့"

"ဟော့ကောင်တွေ၊ လက်တော့မလွန်ကြစေနဲ့ကွာ၊ ကလေး ကို အရှင်ရချင်တာနော်၊ ကလေးကို တစ်ခုခုခိုင်းဖို့ ရှိပုံရတယ်၊ ကလေးကို မေ့ဆေးအုပ်ပြီး ခေါ်ခဲ့ရမှာတဲ့"

"ကလေးက ဘယ်မှာလဲ"

"အဲဒါ၊ အဲဒီညကျမှ ပြောမယ်တဲ့၊ ဒါပေမယ့် အခုသုံးရက် အတွင်းတို့တစ်တွေ 'ကသစ်မြိုင်'မြို့မှာသွားစောင့်နေရမယ်တဲ့ကွ"

"စိတ်ဝင်စားစရာပဲ"

"အေး၊ သူခိုင်းတဲ့နေရာကို သွားရမယ်၊ သူညွှန်ပြမယ့် ကလေးကို မေ့ဆေးအုပ်ပြီး ခေါ်ခဲ့ရမယ်၊ ပြီးတော့ သူတို့ ဘယ်

နေရာမှာ စောင့်မယ်ဆိုတာ ပြောမယ်တဲ့"

"ဘယ်သူကလဲ"

"မသိပါဘူး ဆိုမှကွာ"

"ကံကြီးမောင် ငါ့ဆရာပြောတာပဲနားထောင်၊ မင်း လျှာမရှည်နဲ့၊ ကဲ၊ ဆက်ပြောပါဆရာ"

"အေး၊ မင်းတို့ အဲဒီကလေးကို ခေါ်လာပြီး သူတို့ချိန်းတဲ့နေရာမှာ သူတို့လက်ကို အပ်နိုင်ရင် ငါ့ဆီ ချက်ချင်း ငွေပို့ပေးမယ်တဲ့၊ မင်းတို့လည်း ချက်ချင်း ရမှာပေါ့ကွာ၊ ပြီးရင် ကြိုက်တဲ့ဆီ လစ်ကြပေတော့"

"အိုကေ ဆရာ၊ ကျွန်တော်တို့ လုပ်မယ်၊ ကံကြီးမောင် မင်းလုပ်မှာနော်"

"လုပ်မှာပေါ့ဗျ။ ငွေရဖို့သာ ကတိတည်ပါစေ"

"ငါ့ဆရာက ဓားပြမှုနဲ့ ထောင်က ထွက်လာပြီး တပည့်တွေ မွေးထားတာ ကြာပြီ၊ တစ်ခါမှ ကတိမတည်တာ မရှိဘူး"

"ကြိုက်ပြီဗျာ၊ လုပ်မယ်၊ အဲဒီ ကသစ်မြိုင်မြို့ဆိုတာကို ဘယ်တော့ သွားရမှာလဲ"

"ဒါမျိုးဆိုတာ နှုတ်လုံဖို့၊ ပိရိဖို့က သိပ်အရေးကြီးတယ်၊ ကံကြီးမောင် ဒီအလုပ်ကို မင်းလက်ခံပြီဆိုရင် အခုကို ပြန်ခွင့် မရှိတော့ဘူး၊ နက်ဖြန် ကသစ်မြိုင်ကို သွားကြမယ်ဟုတ်ပြီလား"

II II II

ကသစ်မြိုင်မြို့ပြင်မှာ ယခင်'ဘိုတဲ' ဟုခေါ်သော တိုက်ခံအိမ်အိုထဲမှာ သူတို့လေးယောက် ဘယ်မှမထွက်ဘဲ နေကြရသည်။

ကံကြီးမောင်၊ ကိုတိုးမောင်နှင့် ထိုအချိန်က အမည်ပင်မသိရသေးသော ဆရာဆိုသူနှင့် သူ၏တပည့် မိုက်ခဲဆိုသူတို့ ရှိနေစဉ် မော်တော်ဆိုင်ကယ်တစ်စီး တရကြမ်း ဝင်လာသည်။

သားရေဂျာကင်သာမက သားရေဘောင်းဘီနှင့် ဟပ်ဖ်ရှူးနှင့် လက်အိတ်နှင့် ဟဲလ်မက်ဆောင်းထားပြီး မျက်နှာပေါ်မှ လေကာပြားက အညိုရောင်ဖြစ်၍ သူ့မျက်နှာကို ဘယ်လိုမှ မမြင်တွေ့နိုင်ရုံမက အသားရောင်ကိုပင် မြင်ခွင့်မရလိုက်ကြပါ။

မော်တော်ဆိုင်ကယ်ကို အရှိန်နည်းနည်းသာသပ်ပြီး အထုပ်တစ်ထုပ်ကို ပစ်ပေါက်ပေးပြီးသည်နှင့် တဟုန်ထိုး ပြန်မောင်းထွက်သွားတော့သည်။

ဆရာဆိုသူက ဖွင့်ကြည့်လိုက်ချိန်မှာ ငွေတစ်ထပ်ကြီးနှင့် စာတစ်စောင်။

***အလုပ်လုပ်ရမယ့် အိမ်ရှေ့ကို သွားပြီး လေ့လာထား***
***ည ၁၁ နာရီ သရဖီလမ်းထိပ်မှာ အသင့်နေရာယူ***
***ခြံရှင့်ကားထွက်ပြီးတာနဲ့ အလုပ်စ။***

စာက သည်မျှသာ ဖြစ်သည်။ ဆရာဆိုသူက . . .

"ဒီငွေကို ငါလည်း မထိဘူး၊ မင်းတို့လည်း မယူနဲ့ဦး၊ ဒီနေ့ ည ၁၂ နာရီလောက်မှာ ကလေးကိုခေါ်ပြီး သရဖီလမ်းထိပ် ကို လာခဲ့၊ တို့ ကားနဲ့ တင်သွားမယ်၊ သူတို့ အရင်ကတည်းက ချိန်းထားတဲ့ မြို့ပြင်က 'ဇရစ်လမ်းခွဲ' မှာ သူတို့ကား ရှိနေမယ်။ အဲဒီပေါ် ကလေးတင်ပေး၊ ကျန်ငွေယူ၊ သူတို့ထွက်၊ တို့လည်းပြန် ဒါပဲ"

ဆရာဆိုသူက ရုပ်ရှင်ထဲမှ ဆရာကြီးဆိုသူတို့သရုပ်ဆောင် ကြသလို ခပ်တည်တည်နှင့် အိုက်တင်လုပ်နေသော်လည်း သူ့ပုံစံ က ပိန်ပိန်မည်းမည်းနှင့်မို့ ဘာရုပ်မှမပေါက်၊ ကံကြီးမောင် ရယ်ချင်သော်လည်း မရယ်ဝံ့။

ကံကြီးမောင်သည် ဖခင်ကလည်း လူဆိုးလူမိုက်ဖြစ်၍ ငယ်စဉ်ကပင်သွေးဆိုးသည့်လောင်းကစားအထူးဝါသနာပါ၏။

ဒေါ်ခင်မျိုးသိုက်ကို စွန့်လွှတ်ထားရာမှ ကံကြီးမောင်ဖခင် သေဆုံးချိန်မှာပြန်ခေါ်၍ သားအမိနှစ်ယောက်ဒေါ်ခင်မျိုးထိုက်၏ တိုက်ကြီးပေါ်သို့ ရောက်လာကြရသည်။ မိခင်က အလွန်ဖေးမ ရှာသော်လည်း "ကြီးကြီးထိုက်" ဆိုသော မိန်းမကြီးကို သူမုန်း သည်။

ငွေကြေးနှင့် အိမ်သုံးပစ္စည်းကအစ လစ်တာနှင့်ဖြောင်ပြီး ပေါင်လို့ရရင်ပေါင်၊ ရောင်းလို့ရရင် ရောင်းပြီး ဖဲကစား၊ ဂျင် ကစားသူ။

နောက်ဆုံး ကြီးကြီးထိုက်၏ စိန်လက်စွပ်ကို ခိုးရောင်း သဖြင့် ဒေါ်ခင်မျိုးထိုက်က ရဲစခန်း၌ အမှုဖွင့် ဖမ်းဆီးစေသည်။

သို့သော် မိခင် ဒေါ်ခင်မျိုးသိုက်က မျက်ရည်လည်ရွဲနှင့် တောင်းပန်သဖြင့် အမှုရုပ်သိမ်းပေးလိုက်သော်လည်း . . .

"ကံကြီးမောင် ကသစ်နီ၏အိမ်ရိပ် မနင်းစေရ"

ဟူသော အမိန့်ဖြင့် နှင်ချထားချိန်မှာ ကိုတိုးမောင်လို လူမိုက်များနှင့် ဆုံဆည်းပြီး ဤပြစ်မှုကြီး ကျူးလွန်ရန် မိုက်မဲစွာ လက်ခံလိုက်တော့သည်။

ထိုနေ့ည ၁၀ နာရီကတည်းက ခြံနှင့်အနီးဆုံး လမ်းထောင့်မှာ ဂျစ်ကားရပ်ထားသည်။ ကားမောင်းသူ မိုက်ခဲက ကားထဲက စောင့်၏။ သူတို့နှစ်ယောက်က ခြံကျယ်ကြီးရှေ့၌ မယောင်မလည် ရှိနေကြချိန်မှာ . . .

"သမီးလေး နွေသဉ္ဇာ၏ ဆယ့်နှစ်နှစ်မြောက် မွေးနေ့ပွဲ"ကို တခမ်းတနား ကျင်းပနေကြသည်။

မွေးနေ့ရှင် နွေသဉ္ဇာကိုယ်တိုင် ရွှေလည်တိုင်သီချင်းကို စန္ဒရား တီးခတ်၍ ဧည့်သည်အပေါင်းကို ဖျော်ဖြေပြီးချိန်မှာ လက်ခုပ်သံများက တစ်ခြံလုံး လွှမ်းသွားတော့သည်။

တစ်ခြံလုံး မီးရောင်စုံများ ထွန်းညှိလင်းထိန်ပြီး စားကောင်းသောက်ဖွယ်မျိုးစုံ၊ ယမကာပေါင်းစုံနှင့် ပျော်ရွှင်နေကြသော ဧည့်ပရိသတ်များ တစ်သုတ်ပြီးတစ်သုတ် ပြန်လည်ထွက်ခွာသွားကြသည်။

အားလုံး ရှင်းသွားချိန်၊ ည ဆယ့်နှစ်နာရီတိတိတွင် ဦးတောက်ထွန်းကိုယ်တိုင် မောင်းနှင်သောကား၊ ခြံထဲက ထွက်သွားသည်နှင့် သူတို့နှစ်ယောက် လုပ်ငန်းစကြသည်။

ခြံတံခါးကိုလည်း ပိတ်မထား၊ အိမ်တံခါးကလည်း ပွင့်လျက် အိမ်သားများလည်း မောပန်းနေချိန်မှာ သူတို့နှစ်ယောက် နွေသဉ္ဇာတို့၏ အိပ်ခန်းထဲအထိ အခက်အခဲမရှိ ဝင်ရောက်လာခဲ့ကြသည်။

တာဝန်က ကံကြီးမောင်က ကလေးကို မေ့ဆေးအုပ်ပြီး ထမ်း၍ ပြေးရမည်။

ကိုတိုးမောင်က သူ့ခါးမှ ပါလာသောဓားနှင့် ဒေါ်ခမ်းမွန်ကို ခြိမ်းခြောက်ပြီး ပါးစပ်ကို အဝတ်စည်းတန်စည်း၊ မေ့အောင်ရိုက်သင့်ရိုက် လုပ်ပေးရမည်။

ကလေးက ခုတင်ပေါ်တွင် အိပ်ကာနီးဆဲဆဲ၊ ဒေါ်ခမ်းမွန်က ခင်ပွန်းသည် တယ်လီဖုန်းလာ၍ ထွက်သွားသည့်အတွက် စောင့်နေရဟန်ဖြင့် ခုတင်ဘေးမှာ ရှိနေဆဲ။ ဦးတောက်ထွန်း၏ ဂိုဒေါင်ရှိရာသို့ သွားဖြစ်စေရန် စေခိုင်းသူအဖွဲ့က ဆက်လိုက်ခြင်း ဖြစ်မည်။

ရုတ်တရက် သူတို့နှစ်ယောက် အခန်းထဲဝင်ပြီး တံခါးပိတ်ပစ်လိုက်သည်။

“ဟင်၊ ရှင် . . . ရှင်တို့”

ကိုတိုးမောင်က ဒေါ်ခမ်းမွန်ကို နှုတ်ပိတ်ရန်အသွား ကံကြီးမောင်က ကလေးမျက်နှာပေါ်သို့ မေ့ဆေးအဝတ်အုပ်ကာနီးဆဲဆဲမှာ . . .

“အမယ်လေး၊ လာ... လာကြ... အင့်”

ဆိုသော အသံက တစ်ဆက်တည်း။ ကိုတိုးမောင်က

ကြောက်အားလန့်အားဖြင့် အစဉ်းစား အဆင်ခြင်ဉာဏ်မဲ့စွာဖြင့် ခားနှင့် ထိုးချလိုက်သဖြင့် "အင့်" ဟူသော မချိမဆန့် ဝေဒနာ ခံစားသံကြီးကို ကြားရပြီးနောက်မှာ သွေးတွေ ဒလဟောထွက် ပြီး ဒေါ်ခမ်းမွန် ပျော့ခွေကျသွားတော့သည်။

ဤမြင်ကွင်းကို ကံကြီးမောင်ရော၊ နွေသဉ္ဇာပါ ပြိုင်တူ မြင်လိုက်ကြရသည်။ ထို့နောက်မှာမှ မေ့ဆေးဆွတ်ထားသော အဝတ်နှင့် နွေသဉ္ဇာ၏မျက်နှာကို ကြမ်းတမ်းစွာ ဖိအုပ်လိုက် သည်။

ပြီးတော့ ကလေးကိုထမ်း၍ ခြံထဲမှဖြတ်ကာ အခက်အခဲ မရှိစွာ သူတို့၏ ဂျစ်ကားရှိရာသို့ ပြေးလာနိုင်ခဲ့ကြသည်။

သူတို့နှစ်ယောက်နှင့် မေ့နေသောကလေး ကားပေါ်ရောက် သည်နှင့် စက်နှိုးထားသောဂျစ်ကားက ညဉ့်သန်းကောင်ယံအချိန် မှာ တရကြမ်းမောင်းနှင်ပြီး ဇရစ်လမ်းခွဲရောက်သည်နှင့် အသင့် စောင့်ကြိုနေသော မှန်အလုံပိတ် ကားကြီးတစ်စင်းပေါ်မှ လူနှစ် ယောက် ဆင်းလာသည်။ ကလေးကို လုယူသလို တရကြမ်း လက်ပြောင်းပြီးချိန်မှာ ကံကြီးမောင်က . . .

"ငွေရော"

"အရေးထဲကွာ၊ သွားစမ်း၊ တောက်"

တက်ခေါက်သံ မဆုံးမီ ကားကထွက်၏။ ဂျာကင်ဝတ်ပြီး ဦးထုပ်ဆောင်းထားသော လူနှစ်ယောက် ကားအတွင်းကိုလည်း မမြင်ရ၊ နံပါတ်လည်းမကြည့်ဖြစ်၊ကြည့်မိလျှင်တောင်မှညဉ့်နက် သန်းခေါင်မို့ မြင်နိုင်စရာအကြောင်းမရှိ၊ သူတို့ကား ထွက်သွား

သည်နှင့် . . .

"တို့အလုပ်ပြီးပြီ၊ ငွေရော"

"ငါ့ဆရာ ရှင်းမှာပေါ့ကွ၊ မင်းကလည်း ငွေ ငွေနဲ့"

"တက်ကြစမ်း၊ ဆရာ့ဆီ အမြန်ပြန်မှ"

ကားမောင်းသမား မိုက်ခဲက ဟောက်တော့မှ ကားပေါ် တက်ပြီး သူတို့၏ဆရာရှိနေသော ဘိုတဲသို့ ပြန်လာခဲ့ကြသည်။

"ငါ့တပည့်တွေ သိပ်တော်တယ်ကွာ၊ ရော့၊ ဒီမှာ ငွေ တစ်သိန်းစီ"

အာသာငမ်းငမ်းဖြင့် လှမ်းယူနေကြချိန်မှာ ဆရာ ဆို သူက . . .

"ဟာ၊ ဟော့ကောင် တိုးမောင်၊ မင်းလက်မှာ သွေးတွေနဲ့ ပါလား"

"ဟုတ်တယ်ဆရာ၊ ကလေးအမေက အော်လို့ ကျွန်တော် လည်း လန့်ပြီး ဓားနဲ့တွက်လိုက်မိတာ"

"လုပ်ချလိုက်ပြန်ပြီ တိုးမောင်ရာ၊ သေလောက်သလား"

"မ... မသေဘူး ထင်ပါရဲ့"

"အင့် လို့ တစ်ချက်ညည်းပြီး ပျော့ခွေသွားတာပဲ ဆရာ၊ သေမယ်ဆိုလည်း သေနိုင်ပါတယ်"

ကံကြီးမောင်က ဝင်ဖြေသည်။

"မင်းတို့ကောင်တွေ ခက်တယ်ကွာ။ ကဲ၊ ဘာပဲဖြစ်ဖြစ်၊ တို့ ဒီမှာ ဆက်နေလို့ မဖြစ်တော့ဘူး၊ မနက် သုံးနာရီလောက် လစ်မှ... ဘယ်သူမှ မအိပ်ကြနဲ့"

မအိပ်ရသော်လည်း အကြောင်းမဟုတ်ပါ။ အေးချမ်းသော ညမှာ ဝီစကီနှင့် ဆတ်သားခြောက်ကြော် မြည်းရင်း ငွေတစ်သိန်း ထုပ်ကို ပိုက်လို့လေ။

‖ ‖ ‖

"ကဲ၊ ခင်ဦး သိပ်သိချင်တယ်ဆိုလို့ အားလုံးပြန်ပြောပြ တာ၊ ကိုစိုးလတ်လည်း အားလုံးကြားပြီနော်"

"ဟာ၊ ဦးလေးဇာတ်လမ်းက ဆုံးမှမဆုံးသေးတာ၊ ဘယ် လိုမိပြီး ဘယ်လိုထောင်ကျသွားတာလဲ၊ ပြောဦးလေ"

ကိုစိုးလတ်သည် ဦးကံကြီးမောင်ထံမှ လုံးဝမျက်နှာမလွှဲဘဲ အကဲခတ်ရင်း စောင့်ကြည့်နေဆဲမှာပင် . . .

"ဇာတ်သိမ်းခန်းက မဆန်းတော့ဘူးလေ။ ဇရစ်လမ်းခွဲက ထွက်လာပြီး မိုးလင်းတော့ ညောင်ပင်သာလမ်းဆုံမှာ ရဲတွေ စောင့်ပြီး ကားတွေရှာ ဖမ်းတော့တာပဲ၊ ဦးလေးနဲ့ တိုးမောင် လည်း လက်ထိပ်တန်းလန်းနဲ့ ရဲစခန်း ပါသွားရတယ်ပေါ့"

"ဒရိုင်ဘာရော"

"အင်း၊ သူ့ကိုလည်း ဖမ်းတာပဲ"

"ဆရာဆိုတဲ့ လူရော"

"သူက ထွက်ပြေးတယ်"

"လွတ်သွားလား"

"လွတ်တယ်။ သုံးရက်ပဲ"

သည်တော့မှ ကိုစိုးလတ်က . . .

"ဒါဆို ဦးလေးတို့ လေးယောက်လုံး မိတယ်ပေါ့၊ ခိုင်းတဲ့အဖွဲ့ကရော ဘယ်နှစ်ယောက် မိလဲ"

"တစ်ယောက်မှ မမိဘူး"

"ဟာ၊ ဟုတ်လို့လား"

"ဟုတ်တာပေါ့ ငါ့တူရာ၊ ဦးလေးတို့က အမှန်အတိုင်း ပြောတယ်လေ၊ ခိုင်းလို့လုပ်တာပါလို့၊ ဒါဖြင့် ဘယ်သူကခိုင်းတာလဲတဲ့၊ ဆရာဆိုတဲ့လူက နောက်မှ သိရတာက သိန်းမြင့်ခေါ် သိန်းနက်တဲ့"

"အင်း၊ ဆက်ပြောပါဦး"

"သိန်းနက်ကို ဆက်မေးတော့လည်း ခိုင်းလို့လုပ်တာပါလို့ ထွက်တယ်၊ ဘယ်သူက ခိုင်းတာလဲဆိုတော့ သိန်းနက်ကိုယ်တိုင်က မသိပြန်ဘူး"

"အင်း"

"အမျိုးမျိုးစစ်တာပဲ၊ ကောင်းကောင်းမေးတယ်၊ ရိုက်စစ်တယ်။ ဒါပေမယ့် သိန်းနက် နေရာတင် ဂိတ်ဆုံးနေတယ်။ တကယ့်ကို ဘာမှ မသိကြတာ"

"ခိုင်းတဲ့လူက သိပ်ပိရိပြီး လေးလေးနက်နက် ကြံစည်ထားပုံရတယ်"

"ဟုတ်လိမ့်မယ်၊ စဆက်သွယ်ကတည်းက တယ်လီဖုန်း

နဲ့ဆက်တာ၊ ဘာမှမမြင်နိုင်တဲ့ မော်တော်ဆိုင်ကယ်သမား တစ်ယောက်က စာလာပို့၊ ငွေလာပို့တာ"

"အင်း၊ အဲဒီအုပ်စုက ညတွင်းချင်း ကသစ်မြို့ကမြို့က ထွက်ခွာသွားပုံရတယ်၊ ဦးတောက်ထွန်း ရဲစခန်းကို မတိုင်ရင် လွတ်မြောက်သွားကြလိမ့်မယ်"

"ကိုစိုးလတ် ပြောသလို ဖြစ်နိုင်ပါတယ်"

"ဒေါ်ခမ်းမွန် အကြောင်း ပြောပါဦး"

"ပြောစရာ မရှိတော့ဘူးလေ၊ မားဒဏ်ရာက နှလုံးသား တည့်တည့်ကို စိုက်မိလို့ တစ်ချက်တည်းနဲ့ ပွဲချင်းပြီးပဲ"

"ဟာ၊ သနားစရာပဲနော်"

"ကဲ၊ ဦးလေး စကားဆုံးအောင် ပြောပါဦး"

ခင်ဦး ဝင်၍ မထောက်စေဘဲ ဦးကံကြီးကသာ ဆက်လက် ပြောကြားဖို့ ကိုစိုးလတ် လှုံ့ဆော်လိုက်သည်။

"ပြောစရာကတော့ ပြီးပြီပေါ့၊ ဦးလေးက ပြန်ပေးမှု၊ ပိုက်နက်ကျူးလွန်မှု၊ လုယက်မှုအစုံပဲ၊ ထောင် ဆယ့်လေးနှစ် ကျတယ်။ ဆရာဆိုတဲ့ သိန်းနက်က ဆယ်နှစ်၊ ဒရိုင်ဘာလဲ ကျတယ်။ တိုးမောင်ကတော့ လူသတ်မှုကြောင့် သေဒဏ်၊ နောက် အယူခံမှာ တစ်သက်တစ်ကျွန်း ပြောင်းပေးတယ်။ ခုထိ ထောင်ထဲမှာပဲ"

"အင်း"

"မကောင်းမှုကျူးလွန်ရင် နောင်သံသရာဘဝမှာ ပြန်ခံရမှာ သေချာတယ်၊ အဲဒါက ဝေးသေးတယ်။ လက်ရှိ တရား

ဥပဒေက အခုရင် ဆုံးမမှာပဲ၊ ဦးလေးလည်း ထောင်ထဲမှာ မကျန်းမမာဖြစ်၊ နောက် ရဲဘက်ရောက်နဲ့ ဒုက္ခမျိုးစုံ ကြုံခဲ့ရလို့ မကောင်းမှုကို ကြောက်သွားပါပြီ၊ အမေ့ကို ခွင့်တောင်းပြီး ဘုန်းကြီးတောင် ဝတ်ဖို့ စိတ်ကူးထားတယ်"

"ဒီမှာ ဦးလေး"

"ဘာ မေးချင်သေးလဲ ကိုစိုးလတ်"

"ဦးလေးတို့ကို ဘယ်သူ့က ခိုင်းတာလဲဆိုတာ ကိုသိန်းနက် မသိနိုင်ဘူးလား"

"လုံးဝ မသိနိုင်ဘူး။ သိလို့ကတော့ ဒီကောင်ဘယ်အရိုက်ခံမလဲ၊ ဖော်ပြီပေါ့"

"ဦးလေး"

"အင်း"

"နွေသဥ္ဇာ ဆယ့်နှစ်နှစ်ပြည့်တဲ့ညမှာ ဘာလို့ ဖမ်းခိုင်းတယ် ထင်လဲ"

"ပါတီပွဲကြီး လုပ်တုန်းမို့ ပို့ချောင်မယ်ထင်လို့ မဟုတ်ဘူးလား"

"မဟုတ်နိုင်ဘူး။ မွေးနေ့ပါတီပွဲက လူပိုစုံမယ်"

"ဒါဆို ဆယ့်နှစ်နှစ်ဆိုတာ ကလေးဘဝ ကျော်ပြီလေ၊ ကလေး မှတ်ပုံတင်တောင် လုပ်လို့ရပြီ၊ ခိုင်းစရာရှိလို့များလား"

"ခိုင်းစရာ"

"ဆယ့်နှစ်နှစ်သမီးမို့ ခိုင်းစရာ"

ကိုစိုးလတ်က စကားနှစ်ခွန်း ပြော၍ စဉ်းစားနေပြီးမှ

လက်ဖျောက်တစ်ချက်တီးလိုက်ကာ . . .

"ဟုတ်ပြီ၊ သိပ်ဖြစ်နိုင်တဲ့ ကိစ္စပဲ"

ကိုစိုးလတ်သည် ဝင်္ကပါလမ်း၏ ထွက်ပေါက်ကို တွေ့သွားသူ တစ်ယောက်ကဲ့သို့ တောက်ပသော မျက်ဝန်းများဖြင့် ထိုင်နေရာမှ ထရပ်လိုက်ပြီး . . .

"ကျွန်တော် ဒီနေ့ညနေကားနဲ့ပဲ ဒေါ်ခမ်းမွန်ရဲ့ဇာတိမြို့ကျွန်းပင်သာကို သွားမယ်၊ သွားမှဖြစ်မယ်၊ ကျွန်တော် သိချင်တာ သိခွင့်ရပြီးရင် မခင်ဦးရှိတဲ့နေရာကို ပြန်လာခဲ့ပါရစေနော် မခင်ဦး"

Ⅱ Ⅱ Ⅱ

ကျွန်းပင်သာဆိုသော မြို့မှာ ညောင်ပင်သာမြို့ထက်ပင် ကျယ်ဝန်းသော်လည်း မြို့သည် ဆိတ်သုဥ်းနေ၏။ အိမ်ခြေကျဲ၍ လူဦးရေနည်းကြခြင်းမှာ ဤမြို့၏လမ်းပန်းဆက်သွယ်မှု ဝေးလံ ခက်ခဲခြင်းကြောင့် ဖြစ်သည်။

ဆောင်းသီးနှံများ၊ ပန်းမန်များ၊ စိုက်ပျိုးဖြစ်ထွန်းသော် လည်း မြို့လေးက ချောင်ကျနေသည်။ မြို့ကြီးသို့ ဤသီးနှံပန်း မန်များ အရောက်ပို့နိုင်ဖို့ သယ်ယူပို့ဆောင်ရေးစရိတ်က ပိုကြီး နေသဖြင့် စိုက်ပျိုးသူများ မကိုက်ကြပေ။ မကြာခင်မှာ တောင် ပေါ်လမ်းသစ် ဖောက်လုပ်ပေးဖို့ စီမံကိန်းရှိပြီ ဖြစ်သည်ဟု သိ ရသည်။

ဤမြို့သို့ ဧည့်စိမ်းများ ပြောင်းရွှေ့အခြေချခြင်း မရှိ သလောက် နည်းသဖြင့် လူဟောင်းများ ကျန်ရှိနေ၍ ရှာဖွေမေး မြန်းရသည်မှာ မခဲယဉ်းလှပါပေ။

"ဦးအိုက်မွန်ဆိုတာ သိတာပေါ့၊ ဟောဟို ကုန်းမြင့်ပေါ် က တိုက်ကြီးမှာ သူတို့မိသားစုလေးယောက် နေခဲ့ကြတာ"

"သမီးက ဒရိုင်ဘာနဲ့ယူလို့ စွန့်ပစ်လိုက်တယ်"

"သားကလည်း သိပ်ဆိုးလို့ အမွေပြတ်စွန့်လွှတ်လိုက်တာ၊ ဘယ်ရောက်လို့ ဘယ်ပေါက်သွားတယ် ဆိုတာတောင် မသိ တော့ဘူး"

“နောက်ပိုင်း မြေးလေးကိုတော့ လက်ခံကြသား”

“ကျောင်းပိတ်ရင် လာ နေတတ်တယ်၊ ချစ်စရာလေး၊ နွေသဥ္စာတဲ့”

ဤသတင်းများ ကြားသိခွင့် ရပြီးနောက်မှာ ကိုစိုးလတ်က . . .

“အခု အဲဒီတိုက်ကြီးကို ဘယ်သူက ထိန်းသိမ်းထားလဲ”

“ရွာဦးကျောင်း ဆရာတော်ဆီက တစ်ခါတစ်ခါ လာပြီး ရှင်းလင်း ဆေးသုတ်တာ တွေ့တယ်”

“သူ့သား ကိုပြည့်စုံမွန်ရော လာသလား”

“ဟင့်အင်း၊ တစ်ခါမှ မလာဘူး”

“သူ့သမီး ဒေါ်ခမ်းမွန်ရော”

“မလာဘူး သေပြီလို့လည်း ကြားတယ်၊ ဒီက အဆက်အသွယ်ဝေးတော့ မသိကြပါဘူးကွယ်”

“ဒါဆိုရင် ရွာဦးကျောင်းဆရာတော်များ သိနိုင်မလား”

“သိချင်သိမှာပဲ၊ ရွာဦးကျောင်းကို ဦးအိုက်မွန်နဲ့ ဒေါ်ခင်စောတို့ကဆောက်လုပ်လှူဒါန်းခဲ့တာ၊ ရဟန်းဒါယကာဒါယိကာမလည်း ဖြစ်တယ်လေ”

“ဘယ်လိုသွားပြီး ဘယ်လို မေးရမလဲ ခင်ဗျ”

“တည့်တည့်သွား၊ အရှေ့ဘက်ချိုးပြီးရင် တစ်မိုင်ခွဲလောက် လျှောက်လိုက်ဦး၊ ပြီးရင် ရွာဦးကျောင်းဝင်းကြီး တွေ့လိမ့်မယ်၊ ဆရာတော် ဦးသီလစာရ လို့ မေးရင် အားလုံးသိတယ်”

II II II

အကျင့်သိက္ခာနှင့် ပြည့်စုံပြီးဖြောင့်မတ်တည်ကြည်ပုံရသော
ဆရာတော်ကို ကိုစိုးလတ် ဦးချပြီး မှသားစကားများဖြင့် စတင်
လျှောက်ထားလိုက်ရသည်။

"တပည့်တော်က ပြည့်စုံမွန်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေပါ
ဘုရား၊အစ်ကိုရင်းတစ်ယောက်လိုလည်း ခင်ခဲ့တာပါ၊ဒါကြောင့်
သူ့ကို ဘယ်မှာ တွေ့နိုင်မလဲလို့ပါ ဘုရား"

"ဒကာက ဘယ်ကတုန်း"

"တပည့်တော် နိုင်ငံခြားက ပြန်လာတာပါ၊ စိုးလတ်လို့
ခေါ်ပါတယ်၊ နိုင်ငံခြားထွက်သွားပြီးကတည်းက အဆက်အသွယ်
ပြတ်နေလို့ ခုမှ လိုက်လာခဲ့တာပါ၊ သူနဲ့တွေ့မှကို ဖြစ်မှာမို့ပါ
ဘုရား"

"အမှုအခင်းကိစ္စများလားကွဲ့"

"မဟုတ်ပါဘူးဘုရား၊ တပည့်တော်က ပေးဆပ်စရာရှိလို့
တွေ့ချင်တာပါ"

"အေး၊ ဘုန်းကြီးဆီ မလာတာလည်း ဆယ်နှစ်ကျော်သွား
ပြီ၊ အဲဒီတစ်ခါ တွေ့ပြီးကတည်းက ပြန်မလာတော့တာ ယနေ့
အထိပဲ"

"ဆယ်နှစ်ကျော်က ဟုတ်လား၊ ဆယ်နှစ်ကျော်က ဘာ
လာလုပ်တာလဲ ဘုရား"

"သူ့မိဘများ ဘုန်းကြီးဆီကို အပ်ခဲ့တဲ့ အမွေပစ္စည်းထုပ် လာယူတာ"

"ကိုပြည့်စုံမွန်အတွက် အမွေပစ္စည်းလား ဘုရား"

"မဟုတ်ဘူးလေ၊ သူ့မိဘက သူ့ကို အမွေဖြတ်ခဲ့ပြီးမှ ကွယ်လွန်ခဲ့ကြတာ"

"ဒါ . . . ဒါဖြင့် အမွေပစ္စည်းဆိုတာက ဘာကိုပြောတာလဲ ဘုရား"

"ဦးအိုက်မွန်နဲ့ ဒေါ်ခင်စောတို့ရဲ့ တစ်ဦးတည်းသော မြေး လေး မနွေသဥ္ဇာအတွက် ထားခဲ့တဲ့ ပစ္စည်းထုပ်"

ကိုစိုးလတ်သည် သူ၏ကိုယ်ပိုင်မိသားစုကိစ္စ၊ မိမိကိုယ်တိုင် အတွင်းရေးကဲ့သို့ ချောက်ချားတုန်လှုပ်စွာ ခံစားလိုက်ရသည်။ နှလုံးခုန်နှုန်းက မြန်လာပြီး လည်ချောင်းနှင့် အာခေါင်ပါ ပူလာ၏။ အခြေအနေအရပ်ရပ်ကို ရိပ်မိစွာဖြင့် . . .

"နွေသဥ္ဇာ အသက် ဆယ့်နှစ်နှစ်ပြည့်မှ ပေးဖို့မှာခဲ့တဲ့ ပစ္စည်းလား ဘုရား"

အပိုင် မေးချလိုက်သည်။ ထင်ထားသည့်အတိုင်းပါပင်။

"ဟုတ်တယ်၊ ကလေး ဆယ့်နှစ်နှစ် ပြည့်ပြီးတဲ့ နောက်နေ့ မနက်ပဲ ရောက်လာကြတာ၊ သူ့မိဘတော့ မပါဘူး။ သူ့ဦးလေး ပြည့်စုံမွန်နဲ့ပဲ လာကြတာ"

"ကလေးက၊ နွေသဥ္ဇာက ဘာပြောလဲဘုရား၊ နွေသဥ္ဇာဆိုတာရော သေချာလား ဘုရား"

"ကလေးကို ဘုန်းကြီး နှစ်တိုင်းနီးပါး မြင်ဖူးနေတာပဲ၊

ဒကာက ဘာဖြစ်နေတာလဲ၊ ဘယ်လို ပတ်သက်လို့လဲ”

“ဘာ . . . ဘာမှ မဟုတ်ပါဘူးဘုရား၊ ဆက်ပြီးတော့သာ မိန့်ပါဘုရား”

“အေး၊ သူ့အမေက အတော်နေမကောင်းနေလို့တဲ့၊ သူ့အဖေကလည်း ယောက္ခမရဲ့အမွေပစ္စည်းကို လိုက်ယူရမှာမျက်နှာပူစရာမို့တဲ့၊ ကိုတောက်ထွန်းလည်း ချမ်းသာနေပြီ ဆိုပဲ”

“မှန်ပါ့ဘုရား”

“ပြည့်စုံမွန်ကလည်း မခမ်းမွန်တို့နဲ့ အတူနေပြီး အတူစီးပွားလုပ်ကြတာတဲ့၊ ဒါကြောင့် နွေသဥ္စာအတွက် ထားခဲ့တဲ့ စိန်ရွှေအထုပ်ကို လာယူကြတာဆိုပဲ”

ကိုစိုးလတ် မျက်နှာမပျက်အောင် ဟန်ဆောင်ရင်း ဆက်လက် နားထောင်ရပါ၏။

“ဘုန်းကြီးလည်း ဝန်ပေါ့သွားပြီပေါ့ကွယ်၊ နို့မို့ ဒါကြီးအတွက် ကြောင့်ကြနေရတာ၊ ဒီကလေး အရွယ်မရောက်ခင် မသူတော် လက် ပါသွားမလားလို့ စိုးရိမ်နေရတာ”

“အထုပ်ထဲမှာ ဘာတွေပါလဲဘုရား”

“ဘုန်းကြီး မှန်သောသစ္စာစကား ပြောမယ်၊ လုံးဝ ဖွင့်မကြည့်ဘူး၊ အထုပ်က တော်တော်တော့ လေးတယ်၊ အဲဒါကို ဖွင့်ကြည့်မိရင် လောဘစိတ် ဖြစ်သွားတတ်တယ်၊ ဘုန်းကြီး ဘာမှ မလိုချင်ဘူး။ ဘာမှလည်း မသိချင်ဘူး၊ ဘုန်းကြီးဆီမှာ နွေသဥ္စာရဲ့ မွေးနေ့သက္ကရာဇ် ရှိတယ်လေ၊ ဒါကြောင့် နွေသဥ္စာ ဆယ့်နှစ်နှစ်ပြည့်မှ၊ သူကိုယ်တိုင် လာယူမှ ပေးပါလို့ မှာခဲ့တဲ့

အတိုင်း ဆယ့်နှစ်နှစ်ပြည့်တာနဲ့ လာယူလို့ ပေးလိုက်တယ်၊ ဒါပါပဲ ဒကာ”

“နွေသဉ္ဇာနဲ့ ကိုပြည့်စုံမွန်တို့ နှစ်ယောက်တည်း လာတာလား ဘုရား”

“မိန်းမဖော်တစ်ယောက်၊ ကားမောင်းသူ တစ်ယောက် ပါလာတယ်။ နွေသဉ္ဇာလည်း လမ်းမှာ ဖျားလာလို့တဲ့ ခပ်ခွေခွေလေး ပါလာတယ်”

ကိုစိုးလတ် ဆက်မေးစရာစကား ကုန်သွားပါပြီ။ ဆရာတော်ကပင် . . .

“သူတို့လည်း နောက်ထပ် ပေါ်မလာကြတော့ဘူး၊ မခမ်းမွန်လည်း ဆုံးသွားပြီလို့ ကြားတယ်၊ ဟုတ်လား”

“ဟုတ်ပါတယ်ဘုရား”

“အေးလေ၊ ဒီနေရာက ဝေးခေါင်တော့ သတင်းဆက်တွေပြတ်နေတယ်၊ ဘုန်းကြီးကလည်း စာဝါတောင် မချတော့ဘူး။ တရားပဲ အားထုတ်နေတော့ ဘာမှ မသိဘူးကွယ့်”

“မှန်ပါ့ဘုရား”

“ဒကာ ဒီမှာတည်းမှာ မဟုတ်လား၊ ထမင်းစားဆောင်သွားလေ၊ ထမင်းစားပြီးမှ အနားယူပေါ့”

“နေပါစေတော့ဘုရား၊ တပည့်တော် ခရီးဆက်စရာ ရှိသေးလို့ ပြန်ခွင့်ပြုပါဦးဘုရား”

“ခရီးဝေးကလာပြီး ချက်ချင်းကြီး ပြန်မလို့လား ဒကာ”

“ပြန်မှ ဖြစ်မှာမို့ပါ ဘုရား”

"ဘုန်းကြီး ဘာလုပ်ပေးရမလဲ၊ ဘာသိချင်သေးလဲ"

"ကိုပြည့်စုံမွန်နဲ့ နွေသဥ္ဇာ မွေးနေ့ပြီးနောက်ရက်မှာ ရောက်လာတာ သိခွင့်ရလို့ တပည့်တော်အတွက် အားလုံးပြည့်စုံပါပြီ ဘုရား"

"သြော် အေး အေး"

ကိုစိုးလတ် ဆရာတော်ဘုရားကို ရိုသေစွာ ရှိခိုး၍ ပြန်ခဲ့သည်။

ဤမြို့မှလည်း မိရာကားဖြင့် သူအမြန်ဆုံး ပြန်မှဖြစ်မည်။

သူ ပထမဆုံး ပြန်လည်ဆက်သွယ်ရမည့်သူက ဦးတောက်ထွန်း။

II II II

သူငယ်ချင်း "လင်းနိုင်" ၏ဖခင် သေဆုံးသည်ဟု ကြားမိသော်လည်း သတင်းမေး မသွားဖြစ်ခဲ့။ ယခု တစ်လပြည့်ဆွမ်းသွတ်ခြင်းအတွက် နံနက်စာ လာစားပါဟု ဖိတ်ကြားသဖြင့် ဦးမောင်မောင်မြတ်ဦး လာဖြစ်သည်။

ကွယ်လွန်သူ ဖခင်ကလည်း အသက်ရှစ်ဆယ်ကျော်၊ လင်းနိုင်ပင်လျှင် ငါးဆယ်တွင်းမို့ ပူဆွေးညှိုးနွမ်းမှု မမြင်ရ။ လာသမျှ ဧည့်သည်များကို ပြုံးရွှင်တက်ကြွစွာ ကြိုဆိုနေရာချပေးနေရာမှ . . .

"လာ သူငယ်ချင်း၊ ဒီမှာထိုင်၊ ဒါက ဒီက မြို့နယ်ဆရာဝန်ကြီး ဦးမြတ်သူရ၊ ဒါက သူ့ဇနီး ဒေါ်ဘက်တီ၊ ဒေါက်တာ ဒါ ကျွန်တော့်သူငယ်ချင်း မောင်မောင်မြတ်ဦးတဲ့၊ စခန်းမြိုင်မြို့က၊ ဒီမှာလည်း သူတို့ခြံနဲ့တိုက် ရှိလို့ လာလည်ကြတာ"

"စခန်းမြိုင်မြို့က မောင်မောင်မြတ်ဦးဆိုတာ စိမ်းမြမြရဲ့ခင်ပွန်း မဟုတ်လား"

"ဪ ဟုတ်ပါတယ်ခင်ဗျ"

"စိမ်းမြမြက ကျွန်မနဲ့ ကျောင်းနေဘက်ပါ၊ ကျွန်မက ကိုကိုနဲ့လက်ထပ်ပြီး ကျွန်မတို့ရဲ့ ဇာတိမြို့ ထင်းရှူးမြိုင်ကိုပဲ ခေါ်ခဲ့တာလေ၊ အဲဒီမြို့မှာ ဖက်စ်ပိုစတင်ပဲ၊ ပြီးတော့မှ တခြားနယ်တွေပြောင်း၊ အခု နောက်ဆုံးကျတော့မှ ညောင်ပင်သာမြို့ရဲ့ ဆေးရုံအုပ်ကြီး အဖြစ်နဲ့ ပြောင်းခဲ့ကြတာပါ၊ စိမ်းမြမြက လက်ထပ်ပြီး စခန်းမြိုင်ကို လိုက်သွားတယ်လေ"

"ဟုတ်ပါတယ် ခင်ဗျ"

"ဟိုက မြို့ပိုကြီးလို့ ဟိုမှာပဲ သူ မွေးဖွားမယ်ထင်တာ၊ ကျွန်မတို့မြို့ကိုပဲ ပြန်လာပြီး မွေးတာ"

"သူ့မိဘလည်း ရှိလို့ ပြန်ချင်တယ် ဆိုလို့ပါ"

ထိုအချိန်က ကိုမောင်မောင်မြတ်ဦးသည် မိန်းမမီးနေကိစ္စကို သူမလိုက်နိုင်၊ ချစ်၍ ယူရသည်လည်း မဟုတ်။ မိဘပေးစား၍ ယူရသော ဇနီး ဖြစ်သည့်အပြင် . . .

သူ့ချစ်သူနှင့် ဖြစ်ပျက်၊ ကိုယ်ဝန်ပါလာသည်ဟု ယူဆသဖြင့် လုံးဝ မမြတ်နိုးခဲ့ပါ၊ ယခုသည်အကြောင်းများကို ပြန်၍ မကြားချင်သော်လည်း အလိုက်အထိုက် နေလိုက်ရပါ၏။

"ကလေးနာမည်ကို နောင်ဘုန်းတည်လို့ မှည့်ထားတယ်ဆို"

"ဟုတ်ပါတယ်၊ အငယ်က ညီဘုန်းငယ်ပါ"

"ကလေးက ထွားရဲ့လား"

"ခင်ဗျာ"

"သြော် . . . ခုနစ်လနဲ့ မွေးထားလို့ မွေးကာစက သေးသေးလေး၊ ငါးပေါင်တောင် မပြည့်ဘူး ထင်တယ်နော် ကိုကို"

"ဟုတ်တယ်၊ တိုက်နယ်ဆေးရုံဆိုတော့ ကိရိယာမစုံဘူးလေ၊ ဖန်ပေါင်းချောင်ထဲ ထည့်ထားစရာတွေ ဘာတွေလည်း မရှိလို့ ခင်ဗျားရဲ့သား ခုနစ်လသားကို အသက်ရှင်အောင် မနည်းမွေးခဲ့ရတာ ခု ကျန်းကျန်းမာမာပဲ မဟုတ်လား၊ ထွားလာရဲ့လား"

"ဟုတ် . . . ဟုတ်ကဲ့ခင်ဗျ"

ကလေးဆိုတာ ကိုးလကျော် သန္ဓေတည်ပြီးမှ မွေးဖွားရသည်။ စိမ်းမြမြနှင့်သူ လက်ထပ်ပြီး ရှစ်လအကြာမှာ ကလေးက မွေးလာသည်။

ခုနစ်လနှင့်မွေးသည်ဟု ပြောသော်လည်း သူလက်မခံ၊ မယုံကြည်၊ ထင်းရှူးမြိုင်သို့လည်း သူလိုက်မသွားဖြစ်။ ကလေး လေးလရပြီးမှ စိမ်းမြမြကို သူ့မိခင်က လာပို့သည်။

"ငါ့သားမဟုတ်"

"ငါ့မြေးမဟုတ်"

ဟူ၍ သူတို့သားအမိနှစ်ယောက်စလုံးက ခံယူကာ နောင်ဘုန်းတည်ကို မချစ်ခဲ့ကြ၊ စိမ်းမြမြကို စိတ်နာနာနှင့် အပြင်မှာ အပျော်ရှာခဲ့သည်မှာ တစ်ယောက်ပြီးတစ်ယောက်၊ ယခုနောက်ဆုံး ခင်သစ္စာ အထိပင်။

လုံးဝ ယုံကြည်ထိုက်သော ဆရာဝန်နှင့် စိမ်းမြမြ၏ သူငယ်ချင်း ဆရာဝန်ကတော်တို့ကို သူ ရဲရဲပင် မကြည့်ဝံ့သလို ဖြစ်လာ၏။

"တကယ်ပဲ ခုနစ်လနဲ့ မွေးတာပေါ့နော်"

ချောက်ချားစိတ်နှင့် မထင်မှတ်ဘဲ လွှတ်ခနဲ ပြောလိုက်မိပါ၍ . . .

"အဲဒီတုန်းက ခင်ဗျား မလာဘူးလား၊ ကျွန်တော် ကိုယ်တိုင် စိမ်းမြမြကို ခုနစ်လနဲ့ မွေးပေးခဲ့ရတာ၊ ဆေးရုံတစ်ခုလုံး သိတယ်၊ခင်ဗျား ဘာဖြစ်လို့ ဒီမေးခွန်းကို မေးရတာလဲ ကိုမောင်မောင်မြတ်ဦး"

"အာ . . . အဲ . . ၊ မဟုတ်ပါဘူးခင်ဗျ၊ အဟဲ . . .ဟဲ ဘာမှ မဖြစ်ပါဘူး"

သူ့ကို ဒေါက်တာ ဦးမြတ်သူရက သံသယမျက်ဝန်းနှင့် ကြည့်နေကြောင်း သိသဖြင့် ခဏသာ ဆက်၍ ဟန်ဆောင်နေခဲ့ရပြီး သူ အားလုံးကို နှုတ်ဆက်ကာ ပြန်လာခဲ့ရသည်။

"စိမ်း ကလေးကို ခုနစ်လနဲ့ မွေးတာ တကယ်ပါပဲလား"

"ငါနဲ့လက်ထပ်လို့ ရှစ်လကျော်ပြီးမှ မွေးတာ"

"စိမ်းဟာ ကသစ်နီစံအိမ်မှာ ၂၄ နာရီပတ်လုံး အမြဲရှိတာပါ"

"ဒါဆိုရင် ဘယ်လိုလုပ်ပြီး တခြားလူရဲ့ကလေး ဖြစ်နိုင်တော့မှာလဲ"

"ငါ့ကလေး၊ ငါ့သား၊ နောင်ဘုန်းတည်ဆိုတာ ငါ့ရဲ့ ရင်သွေး အစစ်ပါလား"

နှစ်ပေါင်း ဆယ့်ရှစ်နှစ်ကျော်ကြာမှ အမှန်တရားကို မထင်မှတ်ဘဲ သိလိုက်ခွင့် ရလိုက်ပါသည်။

ခုနစ်လနဲ့ မွေးတာ ဟုတ်သလား ဟူ၍ လုံးဝ မစုံစမ်းဘဲ ခပ်ကင်းကင်း တမင်နေခဲ့ကြသဖြင့်လည်း အမှန်တရားသည် ကာလကြာမြင့်စွာ တိမ်မြုပ်ပျောက်ဆုံးနေခဲ့ရခြင်း ဖြစ်လေသည်။

ဦးမောင်မောင်မြတ်ဦး၏ ရင်ထဲမှာ တကယ့်ကို လှိုက်လှဲ စူးနစ် နက်ရှိုင်းစွာ ကြေကြေကွဲကွဲ ခံစားလိုက်ရပြီးသည့်နောက်မှာ . . .

"အို . . . ငါ့သားကြီးကို ငါ အစွမ်းကုန် ပြန်ချစ်မယ်၊ ပြန်

ဂရုစိုက်မယ်"

"ပြီးတော့ သိပ်လိမ္မာတဲ့ ခင်ဦးဟာလည်း ငါ့ရဲ့ သမီးကြီး၊ သိပ်အားကိုးရမယ့် သမီးကြီးပါ၊ ခုလည်း သိပ်ပျော်နေရှာတယ်"

"အငယ်ကောင် ညီ ဘယ်လောက်ဆိုးဆိုး၊ ငါ့မှာ လိမ္မာတဲ့၊ ကျိုးနွံတဲ့ သမီးကြီး ခင်ဦးနဲ့ သားကြီး နောင် ရှိနေပြီပဲ"

"ဒါ ကြေကွဲစရာ မဟုတ်ဘူး၊ ပျော်ရွှင်တက်ကြွရမယ့် အဖြစ်"

"ခင်ဦးဆိုတာ ငါ့သမီးလို့ အားလုံးကို ကြေညာမယ်၊ သားကြီးနောင်ရဲ့ ကိစ္စကိုတော့ ဘာမှမပြောဘဲ ငါ ပစ်ထားခဲ့သမျှ အစားထိုးပြီး ချစ်မယ်၊ ဂရုစိုက်မယ်"

"ငါလည်း အသက်ကြီးလာပြီ၊ အပျော်တွေ ရပ်တန့်ပြီး၊ သားတွေ၊ သမီးတွေနဲ့ ဘဝကို အေးငြိမ်းတည်ငြိမ်စွာ ဆောက်တည်တော့မယ်"

"ဒီည အိမ်မှာ တစ်ယောက်တည်း ကျန်ခဲ့ရှာတဲ့ သားကြီး နောင့်ဆီ တယ်လီဖုန်း ဆက်ရမယ်"

# ။ ။ ။

"ဟယ်လို . . .ဟယ်လို . . . ဖေဖေလား၊ ကြားရတယ်ဖေဖေ"

"အေး၊ သားကြီး၊ ဖေဖေလည်း ဖုန်းခေါ်ထားတယ်"

"သား ညနေတည်းက ခေါ်နေတာ၊ ခေါ်လို့ မရလို့"

"ဖေဖေလည်း နေ့ခင်းကတည်းက ဘွတ်ကင်လုပ်ထားတာ၊ ဘာလဲ သား၊ ပြော"

အဆက်အသွယ်ဝေးသော တောင်ပေါ်မြို့လေးမို့ တယ်လီဖုန်းလိုင်းတွေက သိပ်ပြီး မကြည်လင်။

ဦးမောင်မောင်မြတ်ဦး အနေနှင့် "သားတစ်ယောက်ကို ဆက်သွယ်ခြင်း"အဖြစ် ပထမဆုံး ဆက်သွယ်ခြင်းသာဖြစ်သည်။ အကြောင်းထူးမရှိပါ။ နောင်ဘုန်းတည်ဘက်ကဖြင့် ပြောစရာ ရှိပုံရသည်။

"ဖေဖေ. . .ဖေဖေ ကြားလား"

"အေး၊ ကြားတယ် သား၊ ပြော ပြော"

"ဘွားဘွားတို့ အဖမ်းခံရလို့"

"ဟာ၊ ဘာ . . .ဘာ"

"မူးယစ်ဆေးဝါးတွေနဲ့ အတူမိလို့တဲ့၊ မြို့ကြီးမှာ ဖမ်းထားပြီတဲ့၊ သား ဘာမှမလုပ်တတ်ဘူး၊ ဖေဖေ အမြန်ပြန်လာပါ"

"အေး လာမယ် သား၊ လာမယ်၊ သူတို့အားလုံးကို ဖမ်းထားတာလား"

"မဟုတ်ဘူး၊ မေမေက ဆက်တာ၊ မေမေ့ဆီမှာ ဘာမှ မမိဘူးတဲ့၊ ဘွားဘွားကြီးနဲ့ ညီတို့ သယ်သွားတာ မိတာတဲ့။ မေမေလည်း ငိုနေတယ်"

"အေး ကောင်းပြီ၊ ဖေဖေ ချက်ချင်း ထွက်လာခဲ့မယ်။ မကြောက်နဲ့နော် သား၊ ဖေဖေ ပြန်လာတော့မယ် သိလား"

"ဟုတ်"

"ဒါပဲလား သား"

"ဘွားလေးသိုက်နဲ့ မမဦးရော"

"ရှိတယ်သား၊ ဘာလုပ်မလို့လဲ"

"မမဦးနဲ့ ပြောချင်လို့"

ဦးမောင်မောင်မြတ်ဦး၏ အနားမှာ ရှိနေသော ခင်ဦးက လည်း ထိတ်ထိတ်ပျာပျာ တယ်လီဖုန်း ကိုင်ပြီး စောစောက နောင့် စကားများကို ပြန်ကြားရသဖြင့် ခင်ဦးလည်း လန့် ထိတ်စွာ . . .

"မမဦးတို့ကလည်း သွားနေလိုက်ကြတာဗျာ၊ အိမ်မှာ နောင် တစ်ယောက်တည်း"

"မမဦးတို့ အမြန်ဆုံး ပြန်လာတော့မယ်လေ၊ နောင်တစ် ယောက်တည်း ကြောက်မနေနဲ့နော် သိလား၊ မမဦးလေ..."

ဦးမောင်မောင်မြတ်ဦးသည် တစ်ဖက်က သားနှင့်မိခင် အတွက် ပူပန်စိုးရိမ်ခြင်း ကြီးစွာ ဖြစ်နေရသလို . . .

နောင်နှင့် ခင်ဦးက အဖေတူ အမေကွဲ မောင်နှမအရင်းဆို သည်ကို သူတို့နှစ်ယောက်လုံး မသိကြသေးသော်လည်း သွေးက စကားပြောနေကြသည့်အတွက် ဦးမောင်မောင်မြတ်ဦးတစ်ဖက်က ရင်ငြိမ်းရပါသည်။

"ကဲ... အားလုံး ပြန်ကြမှ ဖြစ်မယ်၊ ကံကြီးမောင်လည်း ကသစ်နီပဲ ပြန်လိုက်ခဲ့တော့လေ"

"သူ ရဟန်းဝတ်ချင်လို့တဲ့၊ ဦးစန္ဒောဆီတောင် လျှောက် ပြီးပြီ၊ သူ ပဥ္စင်းတက်ပြီးမှ ရဟန်းဝတ်နဲ့ထားခဲ့ပြီး ဘွားလေးသိုက်

ပြန်လိုက်လာခဲ့မယ်လေ ဖြစ်မလား”

“ဖြစ်ပါတယ်။ နေခဲ့ကြပေါ့၊ ကျွန်တော်တို့ သားအဖပဲ ပြန်ရုံပေါ့”

သူ့အပေါ် တစ်သက်လုံး နှိမ်ထားသော အစ်မဖြစ်သူ ဒေါ်ခင်မျိုးထိုက် အဖမ်းခံရခြင်းထက် ယခုမှ ထောင်ကထွက်လာပြီး ပြန်တွေ့ကာစ သူ့သားကိစ္စကို ပို၍ အရေးပေးနေသည်မှာလည်း မိခင်မေတ္တာ၏ ပြယုဂ်တစ်ခုမို့ . . .

ဦးမောင်မောင်မြတ်ဦး အပြစ်မတင်လိုတော့ပါဘဲနှင့် ငွေလုံလုံလောက်လောက် ပေးခဲ့ရတော့သည်။

ဒေါ်ခင်မျိုးသိုက်သည် ကသစ်နီစံအိမ်ကြီး၏ကိစ္စအပေါင်းနှင့် အနှိမ်ခံဘဝမှ ရုန်းထွက်ကာ သား ဦးပဥ္စင်းနားမှာနေ၍ တရားဓမ္မရိပ်တွင်ခိုလှုံတော့မည်။ ကသစ်နီသို့ ပြန်လာတော့မည်မထင်။

“သူတို့ သားအမိ နေခဲ့ကြပါစေ၊ တို့သားအဖပဲ ကသစ်နီကို အမြန်ဆုံးပြန်ပြီး မေမေ ဒေါ်ခင်မျိုးထိုက်ရဲ့အမှုကို အတတ်နိုင်ဆုံး နည်းလမ်းများနဲ့ လိုက်လံဖြေရှင်းရတော့မှာပေါ့လေ”

“သမီးကြီးခင်ဦး၊ တို့သားအဖ သားလေးနောင်ရှိနေတဲ့ ကသစ်နီစံအိမ်ကို ခုပဲ ပြန်ကြရအောင်၊ ပြင်ဆင်တော့ သမီးရေ”

II II II

ဦးတောက်ထွန်း၏ လက်များ အေးစက်နေသည်။ ဒီထက်ပို၍ ခံစားရလျှင် မေ့မြောလဲကျသွားနိုင်လောက်၏။

"ဖြစ်ပါ့မလား"

ဆိုသောအပြောကို စိတ်ကရော နှုတ်ကပါ ပြောဆိုနေကြောင်း ကိုစိုးလတ် သိသည်။

"ဦး မှန်ပြောင်းနဲ့ အသေအချာ ကြည့်ပြီးပြီလေ၊ ဦးစောရန်ရှင်းဆိုတာ ကိုပြည့်စုံမွန်ပဲ သေချာတယ်ဆို"

"ဒါပေမယ့် သမီး . . . သမီးကို မမြင်ရသေးဘူး"

"ဦး သိပ်စိတ်လှုပ်ရှားနေတယ်၊ ခဏလေး နားနေလိုက်၊ ကျွန်တော် စခန်းမှူးနဲ့ သွားတွေ့လိုက်ဦးမယ်"

ကိုစိုးလတ် ဝင်သွားချိန်မှာ စခန်းမှူးက တယ်လီဖုန်း ပြောနေရာမှ လက်ဆန့်၍ ထိုင်ရန် ညွှန်ပြသည်။ ခဏကြာသည်နှင့် ဖုန်းချပြီး . . .

"အတော်ပဲ ကိုစိုးလတ်၊ ဦးစောရန်ရှင်းကို ရုတ်တရက် ဝင်ဖမ်းဆီးလို့ ရပြီ"

"ဆောင်းဆည်းဆာဆိုတဲ့ ကောင်မလေးဟာ နွေသဉ္ဇာ မဟုတ်ဘဲ သူ့ရဲ့ တကယ့်သမီးဖြစ်နေရင် ကျွန်တော့်တိုင်ချက်ကြောင့် စခန်းမှူးတို့ တာဝန်မကင်းတာမျိုး ဖြစ်နေမလား"

"အဲဒါတွေ ဘာမှ တွေးစရာ မလိုတော့ဘူး၊ ခု အထက်က အမိန့်ရပြီ၊ ဦးစောရန်ရှင်းဆိုတဲ့ လူကို ဖမ်းကိုဖမ်းရမယ်၊ ဆတ်ချ်ဖောင်(မ်)ပါ ယူသွားပြီး သူ့တစ်အိမ်လုံးကို သက်သေလူကြီးတွေနဲ့ ရှာရမယ်"

"ဘာအတွက်လဲ ခင်ဗျာ"

"မြို့ကြီးမှာ မိထားတဲ့ ဒီစခန်းမြိုင်က သူဌေးမကြီး ဒေါ်ခင်မျိုးထိုက်ရဲ့ ထွက်ဆိုချက်အရ သူနဲ့ စောရန်ရှင်းတို့ အတူလုပ်တာတဲ့ဗျ"

"ဖြစ်ရလေ၊ အဘွားကြီးကလည်း အသက်ကြီးမှ"

"လောဘလေ၊ ဒီအဘွားကြီးက လောဘရော၊ မာနရော သိပ်ကြီးတာ၊ ဦးစောရန်ရှင်းက နောက်က ကြိုးကိုင်ပြီး သူက ရှေ့ထွက်နေပုံရတယ်"

"ဦးစောရန်ရှင်းကလည်း ဘယ်ထွက်ရဲမလဲ၊ အခု ကျွန်တော် တိုင်ချက်ဖွင့်ထားတဲ့အတိုင်း သူဟာ နွေသဥ္စာကို ဘဝပြောင်းထားရုံမဟုတ်ဘဲ သူကိုယ်တိုင်လည်း ဘဝအသစ် တစ်ခုဖန်တီးထားတဲ့ နွေသဥ္စာရဲ့ ဦးလေးအရင်း ပြည့်စုံမွန်ဖြစ်နေလို့ပဲ"

"မကြာခင်မှာ အားလုံး အဖြေပေါ်မှာပါ၊ ကျွန်တော်တို့ တပ်ဖွဲ့တွေ စုစည်းလိုက်တော့မယ်၊ အိပ်ခ်ျကျူစ်နော်"

"ကျွန်တော် နောက်ဆုံးအနေနဲ့ တစ်ခု ပြောပါရစေ"

"ပြောပါ"

"စိန်ပန်းမြိုင်ရပ်မှာနေတဲ့ ဒေါက်တာမျိုးဝေလို့ အမည်ခံထားတဲ့ အမျိုးသားသူနာပြု ကိုမျိုးဝေကိုလည်း ဖမ်းဆီးစစ်ဆေး

စေချင်ပါတယ်”

“ကျွန်တော်တို့လည်း သတင်းရထားတယ်။ သူ ဆေးထိုး အပ်ကိုင်ပြီး ဒေါက်တာရမ်းကု လုပ်နေတယ်တဲ့”

“ကျွန်တော် တိုင်ချင်တာက ဆောင်းဆည်းဆာကို သူ ဘယ်လိုနည်းမှားတွေနဲ့ ကုသထားသလဲဆိုတာ သိချင်တဲ့အတွက် ကိုမျိုးဝေဆိုသူကို ရဲစခန်း ခဏခေါ်ပြီး စစ်ဆေးပေးစေချင်ပါ တယ်”

“ကောင်းပြီ၊ ဒီကိစ္စတွေအားလုံး ကျွန်တော်တို့ ဒီညပဲ အပြီး ဆောင်ရွက်ပါ့မယ်”

။ ။ ။

ပြည့်စုံမွန်ကို မိခင် ဒေါ်ခင်စောက မတရားသဖြင့်ကို အလိုလိုက်ခဲ့သည်။ ဖခင်မသိအောင် ငွေတောင်းသမျှ ရစေခြင်း သည် ပြည့်စုံမွန်၏ ပျက်စီးရာလမ်းကြောင်းကို လမ်းဖောက်ပေး လိုက်သည်နှင့် တူ၏။

ပျက်စီးသည့်လူငယ် ကိုးဆယ်ရာခိုင်နှုန်းခန့်မှာ အလိုလိုက် အကြိုက်ဆောင် ပေးတတ်လွန်းသော မိဘများ၏ သားသမီးများ သာ ဖြစ်တတ်ကြသည်။

တောင်းသလောက် မရသည့်အခါ ကိုယ့်အိမ်ကပစ္စည်း

ကိုယ်ပြန်ခိုးသော အဆင့်ရောက်ခဲ့သည်။ စည်းကမ်းကြီးသော ဦးအိုက်မွန် သိသွားသည့်အခါ ပိတ်ဆို့တားဆီးခြင်းခံလိုက်ရ၍

တွေ့သမျှလူတွေဆီက ငွေချေးလိုက်၊ ပြန်မပေး၊ နောက် ဆုံး ဖခင်ကြီးနှင့် စီးပွားပြိုင်ဘက်များထံမှ လိမ်လည်ချေးငှား အလွဲသုံးစားလုပ်သဖြင့် အကြီးအကျယ် အရှက်ကွဲခဲ့သည်။

ထိုငွေများကို ဦးအိုက်မွန်က ပေးလျော်ပြီးနောက်မှာ . . .

"သားအဖြစ်မှ စွန့်လွှတ်ခြင်း" နှင့်

"သူနှင့်ပတ်သက်သမျှ တာဝန်မယူပါ"

ဆိုသော ကြေညာချက်များ ပါရှိလာပြီးနောက် အမှန် တကယ်ကို သူ၏အသက်ထက်ဆုံး စွန့်လွှတ်သွားတော့သည်။

ပြည့်စုံမွန်သည် ဖခင်ကို စိတ်နာနာနှင့် တစ်ဖက်နိုင်ငံ နယ်စပ်သို့ သွားရောက်ပြီး ဒုစရိုက်သမားများနှင့် ဆက်သွယ်၍ ဥပဒေ၏အပြင်ဘက်မှ လုပ်ကိုင်စားသောက်သည်။

"ကယ်ရီလုပ်ရုံနဲ့တော့ ငါဘယ်တော့မှ မကြီးပွားနိုင်ဘူး၊ လောပန်းတွေ လုပ်သလို ငွေထုတ်နိုင်မှ ကြီးပွားမှာ"

ဆိုသောအသိဖြင့် မိဘများထံပြန်ပြီး ရှိခိုးတောင်းပန်၍ ငွေတောင်းမည်၊ မရလျှင် ပွဲကြမ်းမည်။ ဒါမှမရလျှင် ဓားပြတိုက် သလို လုယူမည်။ သူလည်း ရခွင့်ရထိုက်ရှိသူပဲ ဟူသော မိုက်မဲ သည့် အကြံအစည်ဖြင့် ကျွန်းပင်သာမြို့လေး သို့ ပြန်လာခဲ့ ချိန်မှာ . . .

"ဒေါ်ခင်စော ဆုံးတာ သုံးနှစ်ကျော်သွားပြီ"

"ဦးအိုက်မွန်က မနှစ်က ဆုံးတယ်"

"ပစ္စည်းတွေ ဘုန်းကြီးဆီ အပ်ခဲ့တယ်လို့ ကြားတာပဲ"

ဆိုသော သတင်းစကားကြောင့် ပြည့်စုံမွန်သည် ရွာဦးကျောင်းဆရာတော် ဦးသီလစာရထံ သွား၍ . . .

"တပည့်တော်တို့အတွက် အမွေပစ္စည်းတွေ အရှင်ဘုရား ထံ အပ်ခဲ့တယ်ဆို"

"မင်းတို့အတွက် မပါဘူး"

"ဒါဖြင့် ဘယ်သူ့ အတွက်လဲ"

"ခမ်းမွန်က မွေးတဲ့ သူ့မြေးလေး နွေသဉ္ဇာကို ပေးလိုက်ပါလို့မှာခဲ့တယ်။ အဲဒါလည်း နွေသဉ္ဇာ အသက်ဆယ့်နှစ်နှစ်ပြည့်ပြီးမှ နွေသဉ္ဇာကိုယ်တိုင် လာယူရမယ်လို့ မှာခဲ့တယ်"

"တပည့်တော်လည်း သားပဲ ဘုရား၊ နည်းနည်းပါးပါး ခွဲပေးပါလား"

"ငါ့ကျောင်းဒကာ မှာခဲ့တဲ့အတိုင်း လုပ်ရမှာပဲ၊ ဘယ်သူ့ မှ မပေးနိုင်ဘူး၊ မင်းနေနိုင်ရင် မင်းတိုက်မှာ ပြန်လာနေပေါ့။ ခမ်းမွန်တို့လည်း ဟိုမှာ သူဌေးဖြစ်နေပြီလို့ ကြားတယ်။ သူတို့ ပြန်လာမှာ မဟုတ်ဘူး။ မင်းနေပါလား ပြည့်စုံ"

"တိုက်ကြီးပေါ်မှာ နေပြီး အရင်းအနှီးမှ မရှိရင် ဘာသွားလုပ်စားမှာလဲ၊ တပည့်တော်ပြန်မယ်ဘုရား"

ဆရာတော်ဘုရားကို စိတ်ဆိုးဆိုးနှင့် ရှိခိုးဖို့ပင် သတိမရဘဲ ထ၍ ပြန်လာခဲ့သည်။

"နွေသဉ္ဇာ ဆယ့်နှစ်နှစ်ပြည့်ပြီးရင် ရမယ်"

"နွေသဉ္ဇာ ဆယ့်နှစ်နှစ်ပြည့်ပြီးရင် ရမယ်"

ဆိုသောအကြောင်းသည်သာ သူ့ခေါင်းထဲမှာ နှစ်ပေါင်းများစွာ စွဲငြိနေတော့သည်။

ထိုကာလသည်အတွင်းမှာ မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်းအဖွဲ့များနှင့် ပူးပေါင်းမိပြီး စီးပွားဖြစ်သင့်သလောက် ဖြစ်လာခဲ့၏။

ပြည့်စုံမွန်မှာ လူကလည်း လူချောလူဖြောင့်၊ ထက်မြက်သော ဉာဏ်ရည်ကိုလည်း မကောင်းမှုထဲမှာ အသုံးချထားသဖြင့် အောင်မြင်ခဲ့သည်။

နွေသဉ္ဇာ ဆယ့်နှစ်နှစ်ပြည့်မြောက်မည့် နေ့ လ ရက်အတိအကျကို ရှာဦးဆရာတော် သိသလို သူလည်း သိသည်။

ထို့ကြောင့် ဦးတောက်ထွန်းတို့ နေထိုင်သော ကသစ်မြိုင်မြို့လေးနှင့် အနီးဆုံးနေရာမှာ သူစတည်းချပြီး ထိုအမှုခင်းကြီးကို သူအကွက်ချ၍ စီစဉ်ခဲ့ခြင်း ဖြစ်သည်။

ပြည့်စုံမွန်တို့အဖွဲ့က ဒုစရိုက်သမားများမို့ လျင်ပြီးသား။

ကိုယ့်ကိုယ်ကို အထင်ကြီးနေသော ဓားပြမှုနှင့်ထောင်ထွက်သိန်းမြင့်ကို တယ်လီဖုန်းနှင့် ဆက်သားနှင့်သာ ဆက်သွယ်ပြီး နွေသဉ္ဇာကို ဆောင်ယူစေသည်။

ကြိုတင်အကွက်ချ၍ ကြံစည် စီစဉ်သည့်အတိုင်း ကွက်တိဝင်ခဲ့ပါသည်။

သို့သော် . . .

II II II

“ကျွန်တော့်အစ်မကို သတ်ပစ်ဖို့ အစီအစဉ်ထဲမှာ လုံးဝ မပါဘူး”

“တူမလေးကို ညတွင်းချင်း ကျွန်းပင်သာမြို့ကို ခေါ်သွားမယ်၊ သူ့ကို ခြိမ်းခြောက်ပြီး သင်ထားမယ်၊ ဘုန်းကြီးဆီက ပစ္စည်းထုပ် သွားယူမယ်”

“ဆက်ပြောလေ စောရန်ရှင်း”

“ပစ္စည်းရရင် နွေသဉ္ဇာကို ပြန်ပို့မယ် သို့မဟုတ် တစ်နေရာရာမှာ ထားခဲ့ပြီး အစ်မတို့ဆီကို ဘယ်နေရာမှာ လာခေါ်ဖို့ ဖုန်းနဲ့ ပြောပြီး ကလေးကို ထားခဲ့မယ်”

“ဟုတ်ပြီ ဆက်ပြောပါ”

“ပြီးရင် ဒီပစ္စည်းထုပ်ကို ပိုက်ပြီး ကျွန်တော် နယ်စပ်ကို လစ်မယ်။ ဟိုမှာ အရင်းအနှီးကြီးကြီးနဲ့ လုပ်ကိုင်စားမယ်၊ ဒါ ကျွန်တော့်ရဲ့ အစီအစဉ် အမှန်ပဲ၊ ဒါပေမယ့် . . .”

အားလုံးက ‘စောရန်ရှင်း’ ဟု ခံယူထားသော ‘ပြည့်စုံမွန်’ ၏ ပြောစကားကိုသာ ဆက်လက်ကြားနာဖို့ စောင့်နေကြရ၏။

“အင်း ဒါပေမယ့် တိုးမောင်ဆိုတဲ့ကောင်က ကျွန်တော့် အစ်မကို သတ်ပစ်ခဲ့တယ်တဲ့ဗျာ၊ အစ်မ ခမ်းမွန်က သိပ်စိတ်ကောင်းတာရှိတာ”

"ခုမှ လွှမ်းပြမနေနဲ့၊ ခင်ဗျားသာ နွေသဥ္စာကို မခိုးခိုင်း
ရင် ခင်ဗျားရဲ့အစ်မ သေစရာအကြောင်း မရှိဘူး"

"ဟုတ်ပါတယ်၊ ကျွန်တော့်အမှားပါ၊ ဒါပေမယ့် အဲဒီ
နေရာမှာ ရပ်ထားလို့ မဖြစ်တော့ဘူးလေ၊ ဆက်မှားမှပဲ ဖြစ်
တော့မယ်"

"အဲဒါ လူမိုက်စကားခေါ်တယ်၊ သူပြောတာ ကိုစိုးလတ်
ဆက်နားထောင်"

"ဟုတ်ကဲ့ စခန်းမှူး"

"ကဲ၊ ဆက်ပြော"

"တူမလေးကို အိပ်ဆေးနဲ့ စိတ်ငြိမ်ဆေးတွေ တိုက်ထား
လို့ ကလေးက ပျော့ခွေနေပြီ၊ အမှုကလည်း လူခိုးမှုမဟုတ်တော့
ဘဲ လူသတ်မှုကြီး ဖြစ်သွားလို့ ကျွန်တော် မလုပ်ရဲတော့ဘူး၊
နောက်တစ်ခု မှန်တာ ဝန်ခံဦးမယ်"

"ပြော"

"အစ်မ မရှိတော့တဲ့အတွက် တူမလေးကိုလည်း ပြန်မပို့
ချင်တော့ဘူး၊ သံယောဇဉ်ရှိတာလည်း ပါ,ပါတယ်။ ဒါပေမယ့်
နွေသဥ္စာ အရွယ်ရောက်နေပြီ၊ သူ့ဦးလေးလုပ်တာလို့ ပြောမှာ
သေချာတယ်၊ နွေသဥ္စာလွတ်သွားရင် ကျွန်တော့်သေတွင်း
ကျွန်တော်တူးတာပဲ၊ ဒါကြောင့် နွေသဥ္စာကို ကျွန်တော် အမြဲ
ခြိမ်းခြောက်ထားရတယ်"

"ဘယ်လိုလဲကွ၊ ခြိမ်းခြောက်တယ်ဆိုတာ"

"သမီးရဲ့မေမေကို သတ်လိုက်တာ သမီးရှေ့တင်နော်၊ ခု

သမီးဖေဖေလည်း အသတ်ခံလိုက်ရပြီ၊ နောက်ပြီး သမီးကိုလည်း သတ်ဖို့ လိုက်ရှာနေကြတယ်၊ ဒါကြောင့် သမီး ဦးလေးဆီမှာပဲ ပုန်းနေ၊ ဘယ်မှ မထွက်နဲ့နော်၊ ထွက်တာနဲ့ အသတ်ခံရမှာ ဆိုပြီး ခြောက်ထားတော့ တကယ်ပဲ ကြောက်နေရှာတယ်”

“နောက်တော့လည်း ဒေါက်တာမျိုးဝေနဲ့ တိုင်ပင်ပြီး စိတ်ငြိမ်ဆေးနဲ့ အိပ်ဆေးတွေ အချိုးကျတိုက်ထားပြီး အားရှိတာတွေ ကျွေး၊ အားဆေးလည်း ထိုးပါတယ်။ ဒါကြောင့် နွေသဉ္ဇာဟာ ကိုယ်ခန္ဓာကျန်းမာပေမယ့် ဆေးရှိန်ကြောင့် ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွ လုံးဝ မရှိတော့ဘဲ အိမ်ထဲမှာပဲ ပုန်းပြီး နေခဲ့တာ ဆယ်နှစ်လုံးလုံး”

“နွေသဉ္ဇာကိစ္စတော့ ပြည့်စုံလောက်ပြီ၊ ဒေါ်ခင်မျိုးထိုက်နဲ့ ဘယ်လို ဆက်သွယ်မိကြတာလဲ”

“ကျွန်တော်က စ ဆက်သွယ်တာပါ၊ ဒီအဘွားကြီးက မှင်မောင်းကောင်းတယ်၊ သူ့ဌေးမကြီးဆိုတဲ့ ဟိတ်ဟန်ရှိတော့ မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြားတွေ သူကတစ်ဆင့် ဖြန့်ရင် ပြန့်နိုင်တယ် ဆိုပြီး ဆက်သွယ်ကြည့်တော့ အလွယ်တကူပဲ လက်ခံတယ်။ အရှယ်နဲ့မလိုက်အောင် လုပ်နိုင်ကိုင်နိုင်တယ်၊ လောဘသိပ်ကြီးတော့ ငွေရမယ်ဆိုရင် သူ ဘာမဆိုလုပ်တယ်၊ သူ့ကြောင့် အလွမ်းပြေမြေဝယ်ပြီး ဟိုတယ် ဖွင့်ထားလိုက်တာ၊ သူလည်း ရှယ်ယာပါတယ်လေ”

“ဆက်ပြောပါ”

“ပြောစရာကတော့ ကုန်သလောက်ရှိပါပြီ၊ နယ်စပ်တွေ

မှာလည်း နိုင်ငံတော်က ဖွံ့ဖြိုးရေးတွေလုပ်ပြီး တရားဥပဒေ
စိုးမိုးရေးပါ ဆောင်ရွက်နေတော့ ကျွန်တော် ပြန်မသွားဖို့ ဆုံး
ဖြတ်လိုက်တယ် . . .

ပြည့်စုံမွန်ဆိုတဲ့ ဘဝကို ဖျောက်ပစ်လိုက်ပြီး စောရန်ရှင်း
အဖြစ်နဲ့ သေဆုံးပြီးသား လူတစ်ယောက်နေရာကိုအစားဝင်ပြီး
ရှင်သန်နေခဲ့တာပါ၊ တစ်ဖက်က ဟိုတယ်လုပ်ငန်း လုပ်သလို
တစ်ဖက်ကလည်း မူးယစ်ဆေးဝါး ဖြန့်ဖြူးတယ်၊ ဒါတောင်
အရင်လောက် လုပ်တော့တာ မဟုတ်ဘူး။ သက်ဆိုင်ရာက
စေ့စေ့စပ်စပ် ရှာဖွေဖမ်းဆီးလို့ သိပ်မချောင်ဘူး၊ ဒါပေမယ့်
အန်တီထိုက်က ဒီတစ်ခါ သူကိုယ်တိုင်သယ်မယ်၊ သူ့ဆို
မဖမ်းဘူးဆိုတဲ့ သူ့ကိုယ်သူ အထင်တကြီးနဲ့ သယ်ချသွားတာ၊
တကယ်ဆိုးတဲ့ အဘွားကြီး၊ သူမိလည်း သူခံပေါ့၊ ကျွန်တော့်
ကိုပါ ဆွဲခေါ်သွားသေးတယ်”

“ငွေတွေ သိန်းချီမြတ်ကြတုန်းကလည်း အတူ ခွဲယူကြ
တာပဲ မဟုတ်လား၊ ပြစ်ဒဏ် ခံရတော့လည်း အတူတူခံကြပေါ့၊
မင်းတို့အမှုက အနှစ်နှစ်ဆယ်ထက် မနည်းဘူး”

“ကျွန်တော် သိပါတယ်”

“သိလျက်နဲ့ ကျူးလွန်ရဲတာ အံ့ပါရဲ့ကွာ၊ ဓားပြတိုက်
ယူတာကမှ လူတစ်ဦး၊ မိသားစုတစ်ခုပဲ ထိခိုက်တာကွ၊ အခုလို
စိတ်ကိုပြောင်းလဲစေနိုင်တဲ့၊ ရူးသွပ်စေနိုင်တဲ့ ဆေးပြားတွေဖြန့်
ဖြူးတာကတော့ ရက်စက်ယုတ်မာလွန်းတယ်၊ အညွန့်တလူလူနဲ့
တက်ကြွနေတဲ့ ကျောင်းသားလူငယ်နဲ့ လူရွယ်လေးတွေ အညွန့်

တိုးစေတဲ့ဆေးကွ နားလည်လား၊ ထုတ်လုပ်တဲ့ကောင်တွေက လည်း ယုတ်မာတယ်။ မြန်မာအချင်းချင်း သုံးစွဲဖို့ ဖြန့်ဖြူးတဲ့ ကောင်တွေက ပိုယုတ်မာသေးတယ်။ အဲဒါတွေကို ဆိုင်ရာဆိုင်ရာ တွေကလည်း လုံးဝ လာဘ်မစားဘဲ ပြတ်ပြတ်သားသား နှိမ်နင်းသင့်တယ်”

ပြည့်စုံမွန် သို့မဟုတ် စောရန်ရှင်းက ဇက်ကြိုးကျ မတတ်ခေါင်းငုံ့ရင်းက . . .

“ဆောင်းဆည်းဆာလို့ အမည်ပေးထားတဲ့ တူမလေး နွေသဥ္စာကို သူ့အဖေ ကျွန်တော့်ယောက်ဖလက် အပ်ခဲ့ပါရစေ၊ ပြီးရင် ကျွန်တော့်ကို အချုပ်ထဲ ပို့ပါတော့ဗျာ”

“မင်း အပ်နေစရာ မလိုပါဘူး၊ မျိုးဝေဆိုတဲ့ ရမ်းကုကို လည်း ဖမ်းပြီး စစ်နေပြီ၊ ဘာဆေးတွေ တိုက်လဲ၊ ထိုးလဲ ဆိုတာ ဆေးရုံမှာ ဝန်ခံနေလောက်ပြီ၊ ဦးတောက်ထွန်းလည်း ဆေးရုံပေါ်မှာ သူ့သမီးလေးကို ပြုစုနေလောက်ပြီ၊ မင်းသာ မင်းရဲ့ ဒုစရိုက်မှုတွေအတွက် ကျန်သက်တမ်းကို ထောင်ထဲမှာပဲ ကုန်လွန်စေတော့ပေါ့ကွာ”

ပြည့်စုံမွန် ဘာမှ ပြန်မပြောဘဲ ခေါင်းငုံ့ထား၏။ ရဲအရာရှိငယ် တစ်ဦးက . . .

“လေးဆယ်ကျော်အရွယ် စောရန်ရှင်းကမှ ကံကောင်းရင် ပြန်လွတ်လာနိုင်ဦးမယ်၊ ဟို အသက်ခြောက်ဆယ်ကျော်အဘွား ကြီးတော့ ထောင်ထဲမှာပဲ ကြွရမှာ”

“ခံပေါ့ကွာ၊ မြန်မာအမျိုးသမီး ဂုဏ်ကိုမှ မထောက်တဲ့

အဘွားကြီး”

ပြည့်စုံမွန်ကို လက်ထိပ်ခတ်ပြီး ခေါ်သွားကာနီး . . .

“ကျွန်တော် ပိုင်ဆိုင်သမျှအားလုံးဟာ ငွေသဉ္စာရ , ရမယ့် အမွေတွေပါ၊ ဆရာတို့ အားလုံး မသိမ်းဘူးဆိုရင် ဆောင်းဆည်း ဆာလို့ မှည့်ထားတဲ့ ငွေသဉ္စာကိုပဲ အားလုံး ပြန်ပေးလိုက်စေ ချင်ပါတယ်”

“အဲဒါတွေအားလုံး တရားရုံးကပဲ တရားသဖြင့် ဆုံးဖြတ် လိမ့်မယ် ကိုပြည့်စုံမွန်”

II II II

ဆေးရုံခုတင်ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျ နေသော ဆောင်းဆည်းဆာ ဆိုသူလေး၏ မျက်နှာကို ဦးတောက် ထွန်း သေသေချာချာ စိုက်ကြည့်နေသည်။

ဆွတ်ဆွတ်ဖြူသော အသားအရည်အပြင် သွေးအားနည်း လွန်းသော အမှတ်အသားဖြင့် နှုတ်ခမ်းလေးတွေပါ ဖြူဖျော့ နေသည်။ အရပ်ရှည်ရှည် သွယ်သွယ်လေးနှင့် မျက်နှာလေးက ထိရက်စရာ မရှိအောင် နုဖတ်နွဲ့ပြေစွာ လှပလွန်းနေသည်။

ဦးတောက်ထွန်းသည် အပြင်မှာ သီးခြား ဤမိန်းကလေး ကို တွေ့ခွင့်ရခဲ့လျှင် . . .

"ဒါ ငါ့သမီး"

ဟု ပြောနိုင်မှာ မဟုတ်တာ သေချာသည်။

ယခု ကိုစိုးလတ်၏ စွမ်းဆောင်မှုကြောင့် ကွေ့ကောက်ရှုပ်ထွေးနေသောဝက်ပါကြီးထဲမှ အားလုံး ရှင်းလင်းစွာထွက်ခွင့်ရခဲ့ပြီ ဖြစ်၍သာ။

ဝဲဘက်မျက်ခုံးထူထူလှလှထဲမှ မှည့်ညိုကြီးကို ဦးတောက်ထွန်းက ရှရှလေး စမ်းကာ ကိုင်ကြည့်ပြီးမှ . . .

"သမီးလေး . . .သမီးလေး၊ ဖေဖေ့သမီးလေး နွေသဉ္ဇာရယ်"

ဦးတောက်ထွန်းမှာ သားပျောက်မိခင်ကြီးတစ်ယောက်ကဲ့သို့ပင် ရှိုက်၍ရှိုက်၍ ငိုနေရှာသဖြင့် ...

"**It's over** အန်ကယ်လ်၊ အားလုံး ပြီးသွားပါပြီ၊ ဒီအချိန်မှာ အန်ကယ်လ် မျှော်လင့်ခဲ့တာ ကြာပြီလေ၊ အခု ဝမ်းသာရမယ့်အချိန်ပါ"

"ကျေးဇူး မောင်စိုးလတ်"

သူ့တိုက်ပုံထဲမှ လက်ကိုင်ပဝါကို ထုတ်သုတ်ရင်း စကားကိုပင် ပြီးဆုံးအောင် မပြောနိုင်ရှာ။

သူခဏလေး ငြိမ်သက်၍ အသက်ကို ပြင်းပြင်းရှူသွင်းပြီးမှ စကားဆက်၏။

"ဆယ်နှစ်လုံးလုံး ဒုက္ခခံစားနေရတဲ့ သမီးလေးကို သနားလွန်းလို့ပါကွယ်"

"အန်ကယ်လ် ဝမ်းသာတယ် မဟုတ်လား"

"ဝမ်းသာလွန်းလို့ ရင်ထဲမှာ ဆို့နေတယ်၊ သနားလွန်းလို့ ရင်ထဲမှာ နင့်နေတာပါကွယ်"

ဦးတောက်ထွန်းသည် သမီးလေး အတွက် ခံစားမှုက ပြင်းပြလွန်းစွာ မွေးနေ့ရှင်မရှိဘဲ မွေးနေ့တွေလုပ်၊ တမ်းတပြနေသည်မှာ အသက်ငါးဆယ်ကျော် ယောကျ်ားကြီးတစ်ယောက် ဖြစ်သင့်တာထက် ပိုကဲပြနေသည်ဟု ထင်မိ၍ . . .

"ဦးတောက်ထွန်း ကိုယ်တိုင် သူ့သမီးကို ဝှက်ထားတာလား"

"တစ်စုံတစ်ခုသော ကောက်ကျစ်စဉ်းလဲမှုကြောင့် သူ့လူတွေကို ဖိတ်ကြားပြီး သည်းပြနေတာလား"

ဟု ထင်ရလောက်အောင် အဖြစ်သည်းခဲ့သည်။

ယခု သူ၏ သမီးလေးခုတင်ဘေးမှာ မိန်းမကြီးတစ်ယောက်လို သမီးလေးကို မထိရက်ရက်၊ ထိရက်ရက်ဖြင့် ကိုင်လိုက်၊ ငိုလိုက်နှင့် ရူးမတတ် ခံစားနေရရှာသည်ကို မြင်ရတော့မှပင်။

"သြော် သူ့ခမျာ သူ့သမီးလေးကို တကယ် ချစ်ရှာတာပါလား၊ တကယ် တမ်းတရှာတာပါလား"

ဟူ၍ သိလာခဲ့ရပါပြီ။ ကွယ်လွန်သူ ဇနီးကို အဘယ်မျှတမ်းတနေသည် ဟူသော သက်သေအဖြစ် ဦးတောက်ထွန်း နောက်အိမ်ထောင် မပြုခဲ့။ ဘယ် မိန်းမနှင့်မှ မပတ်သက်ခဲ့။ ဆယ်နှစ်လုံးလုံး ဇနီးသည်ကို တမ်းတရင်း သမီးလေးကို မျှော်လင့်ရင်း အသက်ရှင်နေရှာသည့် အံ့ဖွယ် ယောကျ်ားမြတ်ကြီးပါလား။

ယောက်ျားအများစု၊ ပြောရလျှင် ကိုးဆယ်ရာခိုင်နှုန်းလောက် ဇနီးရှိလျက်၊ သားသမီးရှိလျက်၊ "ရင်ခုန်သံအသစ်"ကို ရှာတတ်ကြသည်လေ။

ကိုစိုးလတ်မှာ ဦးတောက်ထွန်းကို လေးစားကြည်ညိုစိတ်ဖြင့် ဖေးမပြီး သက်ဆိုင်ရာ ဆရာဝန်နှင့်ပါ ဆွေးနွေးသည့်အခါ

"ကိုမျိုးဝေဆိုတဲ့ လူကလည်း အားလုံး ဖွင့်ဟဝန်ခံပြီးပါပြီ၊ သူတိုက်ကျွေးတာကတော့ အများသုံးလေ့ရှိတဲ့ အိပ်ဆေး၊ ငိုက်မြည်းစေတဲ့ ဆေး၊ စိတ်ဓာတ်ကျစေတဲ့ ဆေးများ ဖြစ်တဲ့ ဒေါ်စီပင်၊ ဖရီဇီယမ်၊ ဗေလီယမ်ထိုးဆေးတွေသာ သုံးတာပါတဲ့၊ လူပြိန်း အသိနဲ့ လျှောက်လုပ်နေတာလေ၊ ပြီးတော့ . . ."

"ဟုတ်ကဲ့ ဒေါက်တာ"

"ဆောင်းဆည်းဆာ၊ အဲလေ၊ နွေသဥ္ဇာရဲ့ အသိမှာက သူ ဆယ့်နှစ်နှစ်အရွယ်က သွေးပျက်ခဲ့ရတဲ့ညမှာ၊ သူမမေ့မြော ခင်လေးမှာ သူ့အမေကို ဓားနဲ့ ထိုးချလိုက်တာ သူ ရှင်းရှင်းလင်းလင်းကြီး မြင်လိုက်ရသတဲ့၊ အဲဒါကို အလန့်ကြီးလန့်သွားရာက မေ့ဆေးရှိန်ပါ ရောပြီး နွေသဥ္ဇာ မေ့သွားခဲ့တယ်ပေါ့နော်"

"ဟုတ်ပါတယ်"

"သူသတိရလာချိန်မှာ ကြောက်တယ်၊ ကြောက်တယ်။ မသတ်ပါနဲ့လို့ အော်တာကို သူ့ဦးလေးက အကွက်ကောင်း ယူပြီး . . ."

"နွေသဥ္ဇာတို့ကို လူဆိုးတွေက လိုက်သတ်နေတာ၊ အခု မမဒေါ်ခမ်းမွန်သေတာ နွေသဥ္ဇာ့ ရှေ့တင်နော်၊ ဇရစ်ကွေ့မှာ

လည်း ကိုတောက်ထွန်းကို သေနတ်နဲ့ ပစ်သတ်လိုက်ကြပြီတဲ့ လို့ ပြောတယ်”

“အဲဒါ ကိုပြည့်စုံမွန်က ပြောတာလား”

“ဟုတ်ပါတယ် ကိုစိုးလတ်၊ ဒီမြို့မှာတော့ ဦးစောရန်ရှင်း ပေါ့ဗျာ”

“ဆက်ပြောပါဦး ဒေါက်တာ”

“ဒီတော့ နွေသဥ္စာကိုလည်း လာသတ်ကြလိမ့်မယ်၊ ဘုန်းကြီးဆီမှာ ရှိတဲ့ ပစ္စည်းထုပ် အမြန်ပြေးယူပြီး တို့တူအရီး ထွက်ပြေးကြမယ်လို့ နွေသဥ္စာကို စည်းရုံး ပူးပေါင်းလိုက်တယ်တဲ့”

“ကလေးကတော့ ယုံမှာပေါ့ကွယ်”

“ဟုတ်ပါတယ် ဦးတောက်ထွန်း၊ နွေသဥ္စာ ဘာကြောင့် ထွက်မပြေးဘဲ နေသလဲဆိုတာ ရှင်းပြီပေါ့နော် ကိုစိုးလတ်”

“ဟုတ်ကဲ့၊ အဖေရောအမေပါ အသတ်ခံလိုက်ရပြီ၊ သူ့ကိုလည်း လာသတ်ကြလိမ့်မယ်၊ ဒါကြောင့် သူရော ဦးလေးပါ နာမည်ပြောင်းပြီး တခြားမြို့မှာ အခြေချရင်း သွားရောက် ပုန်းအောင်းနေရမယ်လို့ နွေသဥ္စာ ကိုယ်တိုင်က လက်ခံယုံကြည်ထားလို့သာ နွေသဥ္စာ ဆယ်နှစ်လုံးလုံး ပျောက်ဆုံးနေတာပါ”

“ကိုပြည့်စုံမွန် ဆိုတဲ့လူက သိပ်ပြီး ကောက်ကျစ်သလို သိပ်လည်း တော်တဲ့လူပါပဲ၊ ဒီစခန်းမြိုင်မြို့လေးမှာ လာပြီး မြို့မျက်နှာဖုံးလို ဖြစ်နေတဲ့ လောဘအိုးကြီး ဒေါ်ခင်မျိုးထိုက်နဲ့ ပူးပေါင်းမိရာက သူ နယ်စပ်နဲ့ပြန်ဆက်ပြီး မူးယစ်စိတ်ကြွဆေးတွေ အဖွားကြီးကို ဖြန့်ခိုင်းတယ်၊ အဲဒီမှာတင် သိပ်စီးပွားဖြစ်

လာခဲ့တာပါ"

"သမီးလေးအခြေအနေက စိုးရိမ်စရာများရှိလားခင်ဗျာ"

ဒေါက်တာသန့်စင် ရှင်းပြနေသည်ကို ကိုစိုးလတ်လို စိတ်ဝင်စားခြင်း မရှိသော ဦးတောက်ထွန်းက သူ့ရင်မှ သောကအပူမီးတောက်ကိုသာ ဖွင့်လှစ်ပြနေရှာ၍ . . .

"လုံးဝ စိုးရိမ်စရာ မရှိပါဘူးခင်ဗျာ၊ မကြာခင် နိုးလာပြီး ပုံမှန်ဖြစ်သွားမှာပါ၊ အခုချိတ်ထားတဲ့ ဂလူးကို့စ်နဲ့ အားဆေးတွေ သူ့ ကိုယ်ထဲ အားလုံးဝင်သွားရင် အကောင်းပကတိ ပြန်ဖြစ်လာမှာပါ"

"ဆရာရယ် ကျွန်တော့်သမီးလေး ကိုယ်တိုင်ကပါ ပုန်းနေတာပေါ့နော်၊ ပြည့်စုံမွန်ရဲ့ စကားကိုသာ မယုံခဲ့ရင် ကျွန်တော့်ကို ဆက်သွယ်မှာပါ၊ ဆယ့်နှစ်နှစ်အရွယ်ဆိုတာ မှတ်မိနေပါပြီ၊ သူ ဖုံးနံပါတ်တွေ လိပ်စာတွေလည်း သိရဲ့နဲ့၊ ကသစ်မြိုင်တိုက်မှာလည်း စောင့်တဲ့လူတွေ ရှိနေတာပါ"

"ဟုတ်ပါတယ်၊ နွေသဉ္ဇာရဲ့အသိမှာ အဖေရော အမေရော အသတ်ခံလိုက်ရပြီ၊ သူ့ကိုပါလိုက်သတ်နေပြီ၊ ဒါကြောင့် သူတို့ တူအရီး ပြေးနေရတာ၊ ပုန်းနေရတာလို့ယုံကြည်လို့ ကိုစောရန်ရှင်းအဲ၊ ထားပါတော့၊ ကိုပြည့်စုံမွန်ပြောတဲ့အတိုင်း နေနေတာပါ၊ အဆိုးဆုံးက . . ."

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

"သူ့မိခင်ကို ဓားနဲ့ထိုးချလိုက်တာ သူကိုယ်တိုင်မြင်လိုက်ရလို့ ကလေးက သိပ်ချောက်ချားသွားတာပါ၊ ဒါပေမယ့် ကျွန်

တော်တို့ အားလုံး စစ်ဆေးစမ်းသပ်ပြီးပါပြီ။ စိုးရိမ်စရာမရှိပါဘူး၊ ညနေလောက်မှာ နွေသဥ္ဇာ ကြည်ကြည်လင်လင် နိုးလာပါလိမ့်မယ်”

“ကျွန်တော့် သမီးလေးကို ကျွန်တော် ပွေ့ထားပါရစေ ဆရာရယ်”

“နေဦးလေ၊ ဒရစ်(ပ)တန်းလန်းကြီးနဲ့”

ဒေါက်တာသန့်ဇင်နှင့် ကိုစိုးလတ်တို့ အကြည့်ချင်းဆုံပြီး ရယ်ချင်စိတ်ကိုအားနာစိတ်ဖြင့် ထိန်းချုပ်ထားလိုက်ကြရသည်။ သူတို့နှစ်ယောက်လုံး လူပျိုတွေလေ၊ဖခင်တစ်ယောက်၏နက်ရှိုင်းသိမ်မွေ့လွန်းသော မေတ္တာတရားကို နားမလည် နိုင်သေးတဲ့ လူပျိုတွေ . . .

သိပ်ချောတဲ့ အပျိုမလေးကို ပွေ့ထားချင်သည် ဆိုသော ဖခင်၏ အဖြစ်သည်းမှုကို သူတို့ မစာနာတတ်သေး . . .

မိဘဆိုသည်မှာ သားသမီး ဘယ်အရွယ်ရောက်ရောက် မိဘအတွက်တော့ သားသမီးသည် အမြဲ ရင်ခွင်ပိုက်ကလေးငယ်ပါပဲ...။

သည်နေ့ညနေ ဆည်းဆာအချိန်မှာ ဆောင်းဆည်းဆာဆိုသည့် လူမမာသည်လေး၏ဘဝ လုံးလုံးလျားလျား ပျောက်ဆုံးသွားပြီး . . .

သူဌေးကြီး ဦးတောက်ထွန်း၏ တစ်ဦးတည်းသော သမီးလေး နွေသဥ္ဇာအဖြစ်နှင့် ဘဝမှန်သို့ ပြန်လည် ရောက်ရှိလာတော့မည်။

သားအဖနှစ်ယောက် အဖြစ်မှန်ကို ရင်ဖွင့်ကြပြီးနောက် ပြန်လည်ဆုံဆည်းခန်းမှာ သေချာသည်က ဦးတောက်ထွန်းကသာ ပို၍ ငိုလိမ့်မည်ဟု . . .

ဒေါက်တာသန့်ဇင်နှင့် ကိုစိုးလတ်တို့ နှစ်ယောက်လုံး ကြိုတင်သိရှိခဲ့ကြသည်မို့၊ နွေသဥ္စာ၏ ခုတင်ကို ကျောခိုင်းကာ အပြုံးများဖြင့် ထွက်ခွာခဲ့ကြရပါ၏။

။ ။ ။

ခင်ဦး ကသစ်နီစံအိမ်သို့ ပြန်လည်ရောက်ရှိလာချိန်မှာ ယခင်လို ခေါင်းလေးငုံ့၊ လက်ပျဉ်လေးကုန်းပြီး မီးဖိုချောင်ထဲ တန်း၍ ဝင်သွားရခြင်းမျိုး မဟုတ်တော့ပါ။

"ဦးမောင်မောင်မြတ်ဦး၏ သမီးကြီး"

အဖြစ်နှင့် ခပ်မတ်မတ် မော့မော့ ဝင်ရောက်လာနိုင်ခဲ့ပါပြီ။

မြို့ကြီးမှ ပြန်ရောက်လာပြီဖြစ်သော ဇနီးသည်၏ သစ္စာတရားကို လေးစား ယုံကြည်စွာဖြင့် ဦးမောင်မောင်မြတ်ဦးက ဒေါ်စိမ်းမြမြကို နွေးထွေးစွာ ကြိုဆိုသည်။

'နောင်ဟာ ငါ့သား မဟုတ်ဘူးလို့ တစ်သက်လုံး ထင်ခဲ့လို့ နောင့်ကိုလည်း မချစ်၊ မင်းကိုလည်း ဥပေက္ခာပြုမိတာတွေကို အခုအချိန်ကစပြီး ဖခင်ရဲ့ မေတ္တာ၊ ခင်ပွန်းတစ်ယောက်ရဲ့ သစ္စာနဲ့

နောင်နဲ့ စိမ်းကို ကြင်နာမြတ်နိုးပြီး နေပါတော့မယ်ကွာ”ဟူသော ဦးမောင်မောင်မြတ်ဦး၏ ရင်တွင်းဆန္ဒကိုဖြင့် လုံးဝ ထုတ်ဖော်ပြောကြားခြင်း မပြုပါ။ ဘယ်သောအခါမှလည်း ပြုမည်မဟုတ်ပါ။ ဆောင်ရွက်မှုများဖြင့်သာ သက်သေပြပါတော့မည်။

သူ၏ပြောင်းလဲခြင်းသည် ခင်ဦးကို သမီးရင်းဟုသိရှိဖော်ပြပြီးနောက်မှာ သူ့သမီးကိုလည်းချစ်စေရန်၊အသိအမှတ်ပြုစေရန်အတွက် စိတ်ပျော့ပြောင်းစွာ ပြောင်းလဲလာသည်ဟု ဒေါ်စိမ်းမြမြထင်ပေလိမ့်မည်။ ရှိစေတော့ . . .

မည်သို့ပင်ဆိုစေ ဒေါ်စိမ်းမြမြက စိတ်နှလုံးသားနူးညံ့သိမ်မွေ့ပြီးသူမို့ . . .

ခင်ဦးလေးနဲ့ စိမ်းဟာ မေမေထိုက်ကို သိပ်ကြောက်ကြရသူချင်းမို့ အရင်ကတည်းက ချစ်ခင်စည်းလုံးပြီးသားပါ၊ ခုလိုကိုကိုဦးရဲ့ သမီးရင်းလို့ သိရချိန်မှာ စိမ်း မနာလို မဖြစ်တဲ့အပြင် ငါ့သားလေးတွေမှာ အစ်မရင်းတစ်ယောက် ရှိတယ်ဆိုပြီး စိမ်းအားတက်ဝမ်းသာရမှာပါ။

ဝမ်းသာမည်ဆိုသော ဒေါ်စိမ်းမြမြ မျက်ရည်ကျ၏။

“သူ့မမဦးကို သိပ်ချစ်ရှာတဲ့ သားကြီးနောင့်အတွက် ဝမ်းသာရသလောက် ထောင်ထဲရောက်တော့မယ့် သားလေးအတွက်တော့ စိမ်း ရင်ကွဲရပါတယ် ကိုကိုရယ်”

“သူ သယ်ခိုင်းတာပါ၊ သူ့မြေး ဘာမှ မသိပါဘူးလို့ မေမေက ထွက်ဆိုပြီး အပြစ်တွေအားလုံး သူ့အပေါ်ပုံကျအောင် ထွက်ဆိုထားပါတယ်ကွယ်။ သားလေး ညီဘုန်းငယ်က ပြစ်ဒဏ်

နည်းမှာပါ၊ အင်း . . . မေမေ၊ မေမေကသာ . . .”

အားလုံးဆိတ်ငြိမ်သွားကြသည်။

အရွယ်နှင့်မမျှအောင် တရားဓမ္မမလိုက်စားဘဲ ဝတ်စားပလွှား မော်ကြွားမောက်မာလွန်းသော အဘွားကြီး တစ်ယောက်၏ ဇာတ်သိမ်းက မလှပနိုင်ပါလား။

ဘယ်အရွယ်ပဲဖြစ်ဖြစ်၊ အထူးသဖြင့် ဒေါ်ခင်မျိုးထိုက်လို အသက်ခြောက်ဆယ်ကျော်အရွယ်မျိုးမှာ ဘာသာတရားလိုက်စားသင့်လှသည်။

ဘုရား၏အဆုံးအမဖြစ်သော တရားတော်ထဲမှ လိုက်နာရန်များ၊ ရှောင်ရှားရန်များကိုသာ ဆောင်ရွက်နိုင်ခဲ့လျှင်ဤအဖြစ်ဆိုးမျိုးနှင့် ကြုံရမည်မဟုတ်ပါ။ ဗုဒ္ဓဘာသာဝင်ဟု ခံယူထားသူတိုင်း နေ့စဉ်ဘုရားရှေ့မှာ ငါးပါးသီလခံယူပြီး လုံခြုံအောင်နေသင့်သည်။ ဘုရားရှေ့မှာ မိမိလိုရာဆုတောင်းသကဲ့သို့သတ္တဝါ အပေါင်းလည်း ဘေးရန်ခပ်သိမ်းငြိမ်းကြပါစေ၊ ချမ်းသာသုခနှင့် ပြည့်စုံကြပါစေဟူသော မေတ္တာတရားကို ရင်ထဲမှာ နက်ရှိုင်းစွာထားရှိပြီး မေတ္တာပို့ခဲ့ပါလျှင် ပထမဆုံးမိမိကိုယ်တိုင်ငြိမ်းချမ်းခြင်းကိုဆောက်တည်နိုင်ပါလိမ့်မည်။

မိမိ၏ချမ်းသာခြင်းအတွက် သူတစ်ပါးကို ဒုက္ခရောက်စေသော စီးပွားရှာဖွေမှုသည် လောက၏ဥပဒေအဆုံးအမကိုခံရပြီး နောင်သံသရာမှာလည်း ကောင်းကျိုးချမ်းသာ ဘယ်သောအခါမှ ရှိနိုင်မည် မဟုတ်ပါချေ။

ဗုဒ္ဓသည် ကယ်တင်ရှင်မဟုတ်သလို ဖန်ဆင်းရှင်လည်း

မဟုတ်ပါ။

'သည်လမ်းက ကောင်း၍ သည်လမ်းက ဆိုးသည်' ဟူ၍သာ ဟောပြော ညွှန်ပြသွားခဲ့သည်။

မိမိပြုလုပ်သမျှ မိမိကိုယ်ကိုသာ အကျိုးသက်ရောက်မှု ရှိသည်။ ဘုရားသခင်က ဝင်၍ ကယ်တင် မပေးနိုင်ပါ။ ဗုဒ္ဓ၏ အဆုံးအမသည် လောကဥပဒေ ကဲ့သို့ပင် ကိုယ်လုပ်ကိုယ်ခံရုံသာ။ မိမိပြုလုပ်သမျှသည် မိမိ၏ ကိုယ်ပိုင်ပစ္စည်းသာ ဖြစ်သည့်အတွက် . . .

ဒေါ်ခင်မျိုးထိုက်မှာ ယခုဘဝ၌လည်း ဆင်းရဲဒုက္ခရောက်မည်။ သံသရာ၌လည်း မြင့်မြတ်သောဘဝနှင့် မကျင်လည်နိုင်။ သူနှင့်အတူ ဒါန သီလ ဘာဝနာ ဟူသော သံသရာတွင် သုံးစွဲရန် ပစ္စည်းဥစ္စာ ဘာမှ ပါမသွားရှာပေ။

ဒေါ်စိမ်းမြမြနှင့် ခင်ဦးတို့သည် ဒေါ်ခင်မျိုးထိုက်ကိုရှိသေကြောက်ရွံ့ခြင်းမျိုးမဟုတ်၊ ရွံ့ရှာကြောက်ရွံ့ရခြင်းဖြစ်၍ ယခုလို ဒေါ်ခင်မျိုးထိုက် အလုံးစုံသော စွန့်လွှတ်ခြင်းဖြင့် ဤ ကသစ်နီစံအိမ်မှ ထွက်ခွာသွားသည့်အခါတွင် ဝမ်းမြောက်ဝမ်းသာ မရှိမိကြပါသော်လည်း ဝမ်းနည်းကြေကွဲခြင်းမျိုး အထိ မဖြစ်မိကြပါ။

သို့သော် စိတ်ထား နူးညံ့ကြသော မိန်းမသားနှစ်ဦးမို့ 'သနားစရာပဲ' ဟူသော ခံစားမှုမျိုးဖြင့် ဖြစ်ထွန်းခဲ့ကြပါသည်။

ကသစ်နီတွင် . . .

ဒေါ်ခင်မျိုးသိုက်လည်း မနေတော့ပါ။ သူ့သားကံကြီးမောင် ဘုန်းကြီးဝတ်သည့်နေရာမှာပင် နေတော့မည်။

ဒေါ်ခင်မျိုးထိုက်ကလည်း ပြန်လာနိုင်ဖို့ မျှော်လင့်ချက် သိပ်ဝေးသည်။

ညီဘုန်းငယ်ကဖြင့် မကြာမီမှာပင် လွတ်လာနိုင်လောက် သည်။

ဤသို့ဖြင့် . . .

ကသစ်နီစံအိမ်ကြီးတွင် ဦးမောင်မောင်မြတ်ဦး၊ ဒေါ်စိမ်းမြ၊ နောင်ဘုန်းတည်နှင့် သမီးကြီးခင်ဦးဆိုသော 'မိသားစု' အစုအဖွဲ့ လေး အဖြစ်နှင့် ဆက်လက် နေထိုင်ကြပေတော့မည်။

II II II

မလွမ်းမူသည် စာနှစ်စောင် ကိုင်၍ ရောက်ရှိလာသည်။

တစ်စောင်က . . .

ခင်သစ္စာ အမည်ရသော ဦးစောရန်ရှင်း၏ မွေးစားသမီး ဖြစ်သူမှ ဦးမောင်မောင်မြတ်ဦးထံ လျော်ကြေးသုံးသိန်း တောင်း သည့်စာ . . .

ဤငွေရလျှင် သူဘယ်သောအခါမှ မနှောင့်ယှက်တော့ပါ ဟူသော ဝန်ခံချက်ကြောင့် ဦးမောင်မောင်မြတ်ဦးက သူ၏ 'ချစ်ဇနီး' သို့ . . .

"ကိုကို ငွေသုံးသိန်း ပေးလိုက်တော့မယ် စိမ်း၊ အဲဒါဟာ

ကိုကိုနဲ့ပတ်သက်ပြီး နောက်ဆုံး ဆုံးရှုံးရမှုပါလို့ စိမ်း ယုံကြည်
ပါနော်၊ ကိုကို စိမ်းအပေါ်မှာ ဘယ်သောအခါမှ သစ္စာမပျက်စေ
ရတော့ပါဘူးလို့ ကတိပေးပါတယ်ကွယ်”

အိမ်ထောင်သက် အနှစ်နှစ်ဆယ် နီးပါး တစ်လျှောက်
လုံးမှာ ဤမျှ ကြည်နူးကျေနပ်ရသော အပြုံးမျိုး၊ ဤမျှလင်းလက်
တောက်ပရသော မျက်ဝန်းမျိုး၊ ဒေါ်စိမ်းမြမြ တစ်ခါမှ မဖြစ်
ထွန်းခဲ့ရသေးပါ။

နောက်စာတစ်စောင်မှာ . . .

*သက်ဆိုင်သူများရှင့်–*

*ကျွန်မဟာ ဦးစောရန်ရှင်းနဲ့ တရားဝင်
လက်ထပ်ထားသော ဇနီးမဟုတ်ပါ။ ဝန်ထမ်းတစ်ဦး
သာ ဖြစ်ပါသည်။ ယခုအမှုများသည် ကျွန်မနှင့်
လုံးဝ မသက်ဆိုင်ပါ၍ ကျွန်မ တစ်နေရာသို့ ထွက်
သွားပါပြီ။ သူ့ပစ္စည်းများကိုလည်း ကျွန်မဘာတစ်ခု
မှ ယူမသွားပါ။ ကျွန်မကို အမှုမလုပ်ရန် တောင်းပန်
ပါသည်။*

*အားလုံးကို လေးစားလျက်*
*ဒေါ်နီလာခင်*

“ကဲ၊ ဒေါ်နီလာခင်ကိစ္စကတော့ ရှင်းသွားပြီ၊ မလွှမ်းမှု
ကရော အလွှမ်းပြေပေါ်မှာ ဘယ်လို သဘောထားသလဲ”

“ကျွန်မ ဘယ်လိုမှ သဘောထားစရာ မလိုဘူး၊ကျွန်မ
နဲ့လည်း ဘာမှ မပတ်သက်ဘူးရှင့်၊ အလွှမ်းပြေ ဆက်ဖွင့်ပြီး

ကျွန်မကို ဆက်ခန့်ရင် ကျွန်မ စန္ဒရား ဆက်တီးမယ်၊ မခန့်ရင် ပြန်မယ်၊ ဒါပါပဲရှင့်”

“ဦးစောရန်ရှင်းက မလွှမ်းမှူးရဲ့ ဦးလေးဆို”

“အမှန်ကတော့ မတော်ပါဘူး၊ ကျွန်မက ရိုးသားတယ်၊ ဒါကြောင့် အားလုံးကလေးစားအောင် ဦးလေးတော်တယ်လို့ပြော ထား ဆိုလို့ပါရှင့်”

အားလုံးစုံစုံညီညီရှေ့မှာ ရိုးရိုးသားသား ဝန်ခံနေရှာသော မလွှမ်းမှူးကို ဝိုင်းကြည့်နေကြသည်။

“ပထမဦးဆုံး ကျွန်မကိုခေါ်တာ ရွှေလည်တိုင်သီချင်းကို တီးပြရမယ်။ မိန်းကလေးတစ်ယောက် နားထောင်ဖို့ အတွက် ဆိုပြီး ခေါ်တာပါရှင့်”

“ဒါပေမယ့် အဲဒီမိန်းကလေးရှေ့မှာ တစ်ခါမှ မတီးရပါဘူး၊ ညဘက်ကျမှသာ ကျွန်မအလွှမ်းပြေကနေ ညတိုင်းတီးရတယ်ရှင့်။ အလွှမ်းပြေကနေ ဟိုဘက်ခြံအထိ စပီကာကြိုးသွယ်ထားပြီး ကောင်မလေးတစ်ယောက်က နားထောင်တယ်လို့ သိရတာပါ ရှင့်၊ အဲဒီကောင်မလေးဟာ အခု ကျွန်မရှေ့မှာရှိနေတဲ့ ဆောင်း ဆည်းဆာဆိုတာ ခုမှ သိခွင့်ရတာပါရှင်”

“ဦးရဲ့ သမီးက ဆောင်းဆည်းဆာ မဟုတ်ဘူးကွယ့်၊ နွေသဥ္ဇာပါ”

မလွှမ်းမှူးက ခေါင်းညိတ်ပြပြီး နေရာမှ ထ၍ . . .

“အဲဒီငွေသုံးသိန်း ခင်သစ္စာကို ပေးလိုက်မယ်ရှင့်၊ ကျွန်မ ပြန်မယ်ရှင့်”

"အခုလောလောဆယ်တော့ အလွမ်းပြေမှာပဲ နေလိုက်ဦး
လေ၊ အခု ခဏပိတ်ထားတာပါ၊ ပြန်ဖွင့်ဖြစ်ရင် မလွမ်းမူ
မပြန်ရပါဘူး"

"ဟုတ်ကဲ့ရှင့်၊ ကျေးဇူးတင်ပါတယ် ဦးမောင်မောင်မြတ်ဦး
ရှင့်၊ ကျွန်မ ပြန်လိုက်ပါဦးမယ်ရှင့်"

မလွမ်းမူ ပြန်ထွက်သွားချိန်မှာ ကိုစိုးလတ်က . . .

"မလွမ်းမူကို ကျေးဇူးတင်ရမယ် အန်ကယ်လ် ဦးတောက်
ထွန်း၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီရွှေလည်တိုင်သီချင်းကို ညစဉ်
စန္ဒရားတီးခတ်တယ်ဆိုတဲ့ မိန်းကလေးကို ကျွန်တော် နွေသဥ္ဇာ
လားဆိုပြီး ခြေရာခံစုံစမ်းရာက တစ်ဆင့်ပြီးတစ်ဆင့် ဆောင်း
ဆည်းဆာကို ရှာဖွေတွေ့ရှိတာပါ"

"နွေသဥ္ဇာပါကွယ်"

"ဖေဖေကလည်း ဘယ်လိုပဲဖြစ်ဖြစ် ပြောပါစေ၊ ကိုစိုး
လတ်ကြောင့် သမီး ဘဝမှန် ပြန်ရောက်တာ၊ ဖေဖေနဲ့ ပြန်ဆုံခွင့်
ရအောင်လုပ်ပေးတဲ့ ကိုစိုးလတ်ကို သမီးတို့ ဘယ်လိုကျေးဇူးဆပ်
ကြမလဲဟင် ဖေဖေ"

"ကျေးဇူးဆပ်ဖို့ကတော့ သိပ်ခဲယဉ်းမယ် မထင်ပါဘူး၊
သားအဖြစ် မွေးစားလိုက်ပေ့ါဗျာ မဟုတ်ဘူးလား ၊ ဟား ...
ဟား ... ဟား"

သားမက်တော်လိုက်ပေ့ါဟု ပြောခြင်းနှင့်အတူတူဖြစ်သော
'ဦးယုဆိုင်'၏ စကားကို အားလုံးက ဝိုင်းရယ်ကြသော်လည်း၊ ဤ
လူစုရှေ့မှာ မရယ်နိုင်သူက ကိုစိုးလတ်နှင့် ခင်ဦး ...

ကလေးနှင့်တူသော ဟူ၍ သူ မတင်စားချင်။

နွေသဥ္ဇာ၏ တစ်ကိုယ်လုံးကို ပန်း၏ ပွင့်ဖတ်နှင့် ဝတ်မှုန်ကလေးများ ပေါင်းစုရောနှောပြီး လူအဖြစ် ဖန်ဆင်းထားသလိုပင်။ နွေသဥ္ဇာ၏အလှက ဝင်းမွတ်နုအိနေပေသည်။

မျက်နှာလေးကလည်း အလှတွေတစ်ခုချင်း ကောက်ယူပြီး မျက်ခုံး၊ မျက်လုံး၊ နှာတံနှင့် နှုတ်ခမ်းလေးများကို တပ်ဆင်ထားလေသလားဟု ထင်ရလောက်အောင် အပြစ်မဲ့စွာ ပြည့်ပြည့်စုံစုံ လှလွန်းသော နွေသဥ္ဇာ . . .

သို့သော် . . .

ဤအလှရှင်သည် ကိုစိုးလတ်၏ နှလုံးအိမ်ကို မမွှေ့လျော်စေနိုင်၊ မညွတ်နူးစေနိုင်ပေ။

ဦးမောင်မောင်မြတ်ဦး၏ ဘေးမှ လှသည်ဟု ပြောနိုင်ရုံသာရှိသော အသားညိုစိမ့်စိမ့်နှင့် ခင်ဦးဆိုသော ကောင်မလေးကိုသာ တမ်းမက်မြတ်နိုးစွာ ရှိနေပါကြောင်း၊ သူ့ခံစားမှုကို သူ့ရင်ထဲမှာသာ ထာဝရ သိမ်းထားသင့်ပါသလား . . .

ခင်ဦးလည်း စိုးရွံ့သော မျက်ဝန်းဝိုင်းဝိုင်းလေးနှင့် ကိုစိုးလတ်ကို ငေးကြည့်နေရှာသည်။

ပြီးပြည့်စုံခြင်းများဖြင့် ဖွဲ့စည်းထားသော နွေသဥ္ဇာကို ကိုစိုးလတ် ရွေးချယ်ပေလိမ့်မည်ဟု အားငယ်ကြေကွဲစွာ တွေးနေကြောင်း ခင်ဦး၏ မျက်ဝန်းလေးက အထင်းသား . . .

ခင်ဦးကို ဖွင့်ပြောပြခွင့် မရနိုင်သေးသော်လည်း နှလုံးသားချင်း အပြန်အလှန် နားလည်မှုရှိနေတတ်ကြသည်မှာ၊ ချစ်ခြင်း

မေတ္တာတရား၏ လျှို့ဝှက်နက်ရှိုင်းသော ခံစားမှုတစ်မျိုးဖြစ်၍ နှုတ်မှ မဖွင့်ဟရဘဲ သိနေတတ်ကြသည်။

"မောင်စိုးလတ်ကို အားလုံးက ဝိုင်းပြီး ကျေးဇူးတင်နေကြပေမယ့် မောင်စိုးလတ် ဘယ်သူဆိုတာ မသိကြသေးဘူးနော်"

ဦးယုဆိုင်၏စကားကြောင့် အားလုံးခပ်ကြောင်ကြောင်ဖြစ်သွားကြသည်။ နှံ့၍ အေးသော ဒေါ်စိမ်းမြမြက . . .

"ကိုစိုးလတ်ဆိုတာ ကိုစိုးလတ်ပဲ မဟုတ်ဘူးလား"

"စိမ်းကလည်းကွာ၊ ဦးယုဆိုင် ပြောတာ အဓိပ္ပာယ်ရှိတယ်၊ ကျွန်တော် မှန်းဆမိပါပြီ"

"ဘာကို မှန်းဆမိတာလဲ ကိုမြတ်ဦးရဲ့"

"ကိုစိုးလတ်ဟာ စုံထောက်တစ်ယောက် ဆိုတာကိုပါ"

"ဟာ . . . ကိုစိုးလတ်က စုံထောက်"

ခင်ဦးက အံ့ဩမှုကိုမထိန်းနိုင်တော့ဘဲ ပြောချလိုက်မိသည်။

အားလုံး ငြိမ်သက်သွားကြချိန်မှာ ကိုစိုးလတ်နှင့် ဦးယုဆိုင်တို့က အားရပါးရ ရယ်လိုက်ကြပြီး . . .

"မြန်မာပြည်မှာ အလွတ်စုံထောက်ဆိုတာ မရှိပါဘူးဗျာ။ အစိုးရတာဝန်ထမ်းတဲ့ စုံထောက်လည်း မဟုတ်ရပါဘူး၊ အဲ... ဒါပေမယ့် . . ."

"ဟုတ်တယ်။ သူ့ဒါပေမယ့်ကို ကျွန်တော်ကပဲ ဆက်ပြောမယ်"

ဦးယုဆိုင်စကားကို အားလုံး စိတ်ဝင်စားနေကြ၏။

"မောင်စိုးလတ်က နိုင်ငံခြားက ပြန်လာတဲ့ ကျွန်တော့်

သူငယ်ချင်းရဲ့သားပါ၊ နိုင်ငံခြားမှာ ဘွဲ့ရပြီးပါပြီ၊ ဒါပေမယ့် သူ့မိဘတွေကလည်း သိပ်ချမ်းသာပါတယ်၊ အင်းလျားမြိုင်လမ်းမှာ နေတယ်။ သားလေးက တစ်ယောက်တည်း ဆိုတော့ ဒီ မြန်မာပြည်မှာပဲ ကုမ္ပဏီတစ်ခုခုဖွင့်ပြီး နေပါလို့ ပြောတာနဲ့ ပြန်လာတာပါ။ ခုနပြောသလို မောင်စိုးလတ်ဟာ စုံထောက်လုပ်ခဲ့တာ အမှန်ပဲ။ ဒါပေမယ့် ကျွန်တော်ခိုင်းလို့ လုပ်ပေးရတဲ့ စုံထောက်ကလေး စိုးလတ်ပါ"

"ဦးယုဆိုင်ရဲ့ စုံထောက်"

"ဟုတ်တယ်။ ကျွန်တော် အားလုံးရှေ့မှာ ဝန်ခံပါ့မယ်။ ဦးတောက်ထွန်းကို ကျွန်တော် သိပ်ကြည့်မရခဲ့ဘူး။ ကျွန်တော် ရက်(ပ်) အဲ၊ ကိုယ်စားလှယ်ရ ရမယ့် နိုင်ငံခြားကုန်တွေ သူ ရ ရသွားတာကိုစိတ်ထဲမှာမကျေမနပ်ဖြစ်မိတယ်၊ ဒါနဲ့သူ့ကိုကြည့် မရတဲ့အချိန်မှာ မွေးနေ့ရှင်မရှိတဲ့ မွေးနေ့ပွဲတွေ ကျင်းပပြီး သူ့သမီးကိုတမ်းတနေတတယ်ဆိုတာ ကျွန်တော်သိပ်မယုံချင်ဘူး၊ ဒါနဲ့ ပြီးခဲ့တဲ့ 'နွေသဉ္ဇာရဲ့မွေးနေ့ပွဲကို ဘလူးစတားကုမ္ပဏီရဲ့ ဝန်ထမ်း တစ်ယောက်အနေနဲ့ မင်းတက်စမ်းကွာ၊ အဲဒီ ကိစ္စ တကယ်ဟုတ် မဟုတ်စုံစမ်းစမ်း၊ ဦးတောက်ထွန်း မဟုတ်တာတွေ လုပ်နေရင် ဖော်ထုတ်မယ်' ဆိုပြီး ကျွန်တော်က စုံထောက်အဖြစ် စခန့်လိုက်ရာက ခုလိုအားလုံးပြေလည်တဲ့အထိ ဖြစ်ခဲ့ရတာပါပဲ။ကိုတောက်ထွန်း ကျွန်တော့်ကို ခွင့်လွှတ်ဗျာ။ ကျွန်တော်အထင်မှားခဲ့တယ်"

"ခွင့်လွှတ်ရုံဘယ်ကမလဲ၊ ကျွန်တော့်သမီးလေး ပြန်တွေ့လို့ ထိုင်တောင် ရှိခိုးချင်နေတာပါဗျာ"

"ဟာ ခင်ဗျားရှိခိုးရမှာက ကျွန်တော့်ကို မဟုတ်ဘူးလေ၊ မောင်စိုးလတ်ကို"

"ဟာဗျာ၊ အန်ကယ်လ်တို့ကလည်း"

"မောင်စိုးလတ်ကိုတော့ သမီးအနေနဲ့ ထိုက်ထိုက်တန်တန် ကန်တော့ခိုင်းရမှာပဲကွယ်"

"ကိုတောက်ထွန်း"

"ပြောပါ ဦးယုဆိုင်"

"မောင်စိုးလတ်ရဲ့ ပညာရော၊ စာရိတ္တရော၊ အရည်အချင်းရော ကျွန်တော် အာမခံတယ်ဗျာ၊ ခင်ဗျား သားမက်မတော်နိုင်ဘူးလား"

"ဟာဗျာ"

ဦးတောက်ထွန်းက 'ဟာဗျာ' ဟုဆို၏။ နွေသဥ္ဇာက ခေါင်းငုံ့နေ၏။ သို့သော် သူတို့သားအဖ နှစ်ယောက်လုံးပြုံးလို့ပါလား။

ကိုစိုးလတ်က အားလုံးကို ဝေ့၍ ကြည့်လိုက်သည်။

ဦးမောင်မောင်မြတ်ဦး၊ ဒေါ်စိမ်းမြမြ၊ နောင်နှင့် ခင်ဦး၊ ပြီးတော့ ဦးယုဆိုင်၊ ဦးတောက်ထွန်းနှင့် နွေသဥ္ဇာ . . .

ကိုစိုးလတ်သည် အမေရိကန်နိုင်ငံမှ ပြန်လာသူ တစ်ယောက်မို့ ရှက်ရွံ့သိုဝှက်လိုစိတ်ကင်းစွာဖြင့် ခါးကို မတ်မတ်ထား၍ ထိုင်လိုက်ပြီးမှ . . .

"ကဲ၊ လူအားလုံးစုံတုန်း ကျွန်တော့်ခံစားချက်အစစ်အမှန်ကို ဖွင့်ဟဝန်ခံရင်း တောင်းဆိုပါရစေခင်ဗျာ"

သူ ခင်ဦးကို တစ်ချက် လှမ်းကြည့်လိုက်သည်။

အလွန့်အလွန် စိုးရိမ်ထိတ်လန့်သော မျက်ဝန်း ဝိုင်းဝိုင်းလေးနှင့် သူ့ကို စိုးရွံ့အားငယ်စွာ ကြည့်နေရှာသည်။ ယခင် မီးဖိုချောင်ထဲက အိမ်ဖော်မလေး ခင်ဦး ပြန်ဖြစ်သွားရှာပြီ။

ကိုစိုးလတ် စတင် စွဲလန်းကြင်နာခဲ့ရတာ သည်မျက်နှာလေးပါ။

"ပြော၊ မောင်စိုးလတ်၊ မင်း ဘာပြောချင်တာလဲ"

ဦးယုဆိုင်သို့ ခေါင်းညိတ်ပြပြီး . . .

"ဟုတ်ကဲ့၊ ကျွန်တော်ပြောပါ့မယ်၊ ကျွန်တော့်ရဲ့ တစ်စိတ်တစ်ဒေသစွမ်းဆောင်ချက်ကြောင့် ခုလို နွေသဉ္ဇာတို့ပြန်ဆုံဆည်းရတာ ဝမ်းသာပါတယ်"

"အဲဒါ မင်းပြောမယ်ဆိုတဲ့ ဖွင့်ဟဝန်ခံ တောင်းဆိုမယ်ဆိုတာ မဟုတ်နိုင်သေးဘူး"

"ကျွန်တော် ဆက်ပြောပါမယ်၊ ကျွန်တော့်စကားအတွက် ဦးလေး ဦးမောင်မောင်မြတ်ဦးက အဓိက ခွင့်လွှတ်ပေးရမယ့်သူမို့ ကျွန်တော့်ကို ခွင့်လွှတ်နိုင်ပါစေလို့ အရင် ဆုတောင်းပါတယ်"

"ဘာများလဲကွယ့်"

"ကျွန်တော်၊ ဦးရဲ့သမီး မခင်ဦးကို တောင်းရမ်းပါရစေ၊ တရားဝင် လက်ထပ်ခွင့်ပြုပါ"

"ဟာကွာ"

"ကျွန်တော် မခင်ဦးကို ချစ်မိတာ အခုမှ မဟုတ်ပါဘူးဆိုတာကိုတော့ မခင်ဦးအပါအဝင် အားလုံး ယုံကြည်ကြပါလို့ ပြောပါရစေ၊ ကျွန်တော် သစ္စာဆိုရဲပါတယ်။ မခင်ဦးကိုချစ်တာ

အိမ်ကြီးရဲ့ နောက်ဆောင်မှာ နေခဲ့ရတဲ့ မခင်ဦးအဖြစ်နဲ့ ချစ်ခဲ့တာပါ။ ပထမအခေါက် ကျွန်တော် ဒီ ကသစ်နီမှာ လာတည်းကတည်းက ချစ်ခဲ့ရတာပါ၊ အဲဒါကြောင့် . . .”

ဦးယုဆိုင်ကပင် ကြားဝင်၍ . . .

“တော် . . . တော် မောင်စိုးလတ်၊ ဆက်မပြောနဲ့ အန်ကယ်လ်ပဲ မောင်စိုးလတ် ဖခင်ကိုယ်စား ပြောမယ်။ သမီးတောင်းတယ်ဗျာ၊ ကဲ ကိုမောင်မောင်မြတ်ဦး သဘောတူတယ် မဟုတ်လား”

“ဟာဗျာ၊ ချက်ချင်းကြီး . . .”

“အချိန်သာ ညှိယူကြလေဗျာ၊ သဘောတူလား မတူလားသာ ပြော”

ခင်ဦး၏ နှလုံးသည်းပွတ်ကို ဆွဲကိုင်ခါရမ်းခြင်း ခံလိုက်ရသလို သိမ့်သိမ့်ခါသွား၍ ဆက်လက်မထိုင်ရဲတော့ပါဘဲ ထ၍ ထွက်ပြေးသွားတော့သည်။

“မောင်စိုးလတ်က နိုင်ငံခြား ပြန်သွားမှာလား”

“ကျွန်တော် မြန်မာပြည်မှာ နေချင်လို့ ပြန်လာတာပါ၊ ဒါပေမယ့် အခြေအနေအရပါပဲ၊ အလုပ်အကိုင်ကောင်းကောင်း ရှိမယ် ဆိုမှပါ”

ဤတွင် ဦးမောင်မောင်မြတ်ဦးက . . .

“အလွမ်းပြေနဲ့ ဟိုခြံကြီးကို ပိုင်ဆိုင် အုပ်ချုပ်ရမယ့်ဆိုရင်ရော”

“ဟာ . . .၊ ကိုမောင်မောင်မြတ်ဦး ဒီလိုတောင် အလုပ်

အပ်နေမှတော့ သားမက်တော်ဖို့ အဆင်သင့် ဖြစ်နေပြီပေါ့လေ၊ ဟုတ်လား”

“ဟာ . . .၊ ဦးတောက်ထွန်းကလည်းဗျာ”

အားလုံး ဝိုင်းရယ်နေချိန်မှာ နောင်သည် သူ၏အစ်မရင်း ဖြစ်သွားသော ခင်ဦးကို နှမြောသည့်မျက်နှာလေးနှင့် ရှိနေဆဲ ဦးယုဆိုင်က . . .

“ကဲ၊ မောင်စိုးလတ်၊ မင်းကိုအပ်မယ့်အလုပ်ကို အန်ကယ်လ် လက်ခံထားလိုက်မယ်၊ မင်္ဂလာရက်ပါ ရွေးလိုက်မယ်၊ ဒါပေမယ့် မင်းလုပ်ရမှာက ဒီမှာ ထိုင်နေဖို့ မဟုတ်ဘူး”

“ဗျာ!”

“ရှက်လို့ ထွက်ပြေးသွားတဲ့ မခင်ဦးနောက်ကို လိုက်သွားတော့လေကွာ”

သည်တစ်ခါတော့ နွေသဥ္စာကပါ ဟက်ဟက်ပက်ပက်ကလေး ရယ်မောသည်။

ကိုစိုးလတ် ပြေးဝင်လာချိန်မှာ ပထမပိုင်းဆီက ဆုံဆည်းခဲ့ရသော ကသစ်နီစံအိမ်ကြီး၏ နောက်ဘက်အဆောင်မှ ထမင်းစားပွဲဘေးမှာ ရပ်နေသော ခင်ဦး။

“အားလုံးပြေလည်ပြီ မခင်ဦးရဲ့။ ဟောဒီ မျက်ဝန်းလေးတွေကလည်း ကိုယ့်ကို မမုန်းဘူးဆိုတာ ကိုယ်သိတယ် သိလား”

“လူကြီးတွေ ရှေ့ကျမှ ဘာလို့ ပြောရတာလဲ”

“ခင်ဦးလေးရဲ့ ပထမဘဝတုန်းက ပြောကာနီးမှာ အခွင့်မသာခဲ့ဘူးကွယ်။ သူဌေးသမီးလေး ဖြစ်သွားမှ ပြောတယ်လို့

ထင်မှာစိုးလို့”

“မဆိုင်ပါဘူး”

“မဆိုင်ဘူး ဟုတ်လား၊ ချမ်းသာတာ ဆင်းရဲတာနဲ့ မဆိုင်ဘူးလို့ ဆိုလိုတာလားဟင် ... ဟင် .. ခင်ဦးလေး”

“ဒါပေါ့”

“ကြည့်စမ်းကွာ၊ ဘယ်လောက်များ ချစ်ဖို့ကောင်းလိုက်တဲ့ ချစ်သူလေးလဲလို့”

သူတို့နှစ်ဦး၏ အနာဂတ်မိုးကောင်းကင်သည် မြူတိမ် ကင်းကာ ထာဝရ လင်းလက်တောက်ပစွာဖြင့် . . . ။ ။

Ⅲ Ⅲ Ⅲ

**ပြီးပါပြီ။**

**ကလျာ** (ဝိဇ္ဇာ–သိပ္ပံ)

**15:4:2001**